
www.burmeseclassic.com

# နှတ်သမီး

## လှပသောအနုပညာ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

နတ်သမီး

လှပသောအနုပညာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)

အမှတ်-၅၂၀(က)၊ အင်း၀ (၄)လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြံသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုဇင်ဦးနှင့်ညီများ

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ မတ်လ

တန်ဖိုး-၁၀၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

ဖြန့်ချိရေး

ဖျူးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၉၆

နတ်သမီး

လှပသောအနုပညာ

ဖျူးစာပေ၊ ၂၀၁၆။

၂၇၂-စာ၊ ၁၂ x ၁၈ စင်တီ။

(၁) လှပသောအနုပညာ

## အခန်း (၁)

"အရက်ကိုကြိုက်လို့ သောက်တဲ့သူ၊ စိတ်ပျော်တတ်လို့သောက်တဲ့သူ၊ သောက်ပစ်လိုက်မယ် အရက်များများ။ ဒန့်ဒန့်ဒန့် ဒန်ဒန်ဒန့်"

"အဖေ ညဥ့်ကနက်နေပြီ၊ သိပ်မအော်ပါနဲ့ အဖေရယ်၊ လမ်းထဲကလူတွေ ဘာဖြစ်တာလဲလို့ လန့်ဖျပ်ပြီး နိုးလာပါဦးမယ်"

"ဟားဟား သားရယ်၊ ဒီအချိန်ဒီရပ်ကွက်ထဲကလူတွေ သိုးနေအောင်အိပ်နေပါပြီကွ၊ ဒါကြောင့်မို့ အဖေ စိတ်လွတ်လက်လွတ် သီချင်းတွေဆိုပြီး အော်နေတာပါ။ မဟုတ်ရင် အဖေလို အနုပညာရှင်တစ်ယောက်ကသူသိအောင် လူမြင်အောင်နေလို့မှ မရတာ၊ ယမကာကြိုက်တာတောင်အိမ်မှာခွက်ပုန်းချရတယ်၊ ဒီလို နိုက်ဆင်းအ်ရိုက်ရတဲ့နေ့ လူခြေတိတ်ချိန်အိမ်ပြန်ရမှ အော်ချင်အော် ဟစ်ချင်ဟစ် လွတ်လွတ်လပ်လပ်နေခွင့်ရှိတာ၊ အနုပညာသမားက သာမန်လူတွေလို မလွတ်လပ်ပါဘူးကွာ၊ အကျယ်ချုပ်အကျဉ်းချခံထားရသလိုပါပဲ"

ဖျူးစာပေ

အဖေက အနုပညာရှင် အနုပညာသမားဆိုတာနှင့် စကားကြီး စကားကျယ်တွေ ပြောနေသည်။ တကယ်တော့ အဖေက မင်းသားမဟုတ်ပါ။ အဖေခန်း ဦးလေးခန်း သူဌေးဖြစ်ချင်တဲ့အခါဖြစ်လိုက်၊ လူမိုက်ခေါင်းဆောင်ဖြစ်ချင်ဖြစ်လိုက်ရ။ ဖိုးသူတော်ကပွဲယ၊ ရွာလူကြီး စွယ်စုံရ ဇာတ်ပို့ဇာတ်ရံတစ်ယောက်ပင်။ ဒါပေမဲ့ စကားလုံးကိုတော့ အကြီးကြီးတွေပဲ သုံးသည်။ အနုပညာရှင်ဆိုတာကို ဂုဏ်ယူဝံ့ကြွားစွာသုံးစွဲရင်း ကြွကြွရွရွ သေသေသပ်သပ်နှင့်နေသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအဖွဲ့ဝင်ဆိုသည့် ကဒ်ပြားကို အိတ်ကပ်ထဲမှာ အမြဲဆောင်ထားပြီး ရင်ထိုးကို ဘယ်ကိုသွားသွား ရင်ဘတ်တည့်တည့်မှာ ထိုးထားတတ်သည်။ ရပ်ကွက်ထဲမှာဆို အဖေ့ကို မသိသူမရှိ။

ရုပ်ရှင်ထဲမှာပါတဲ့လူကြီး၊ ဗီဒီယိုကားထဲမှာပါတဲ့လူကြီးဆိုပြီး အဖေ့ကို ကလေးလူကြီးမြင်မြင်သမျှ လက်ညှိုးထိုး၍ ဝိုင်းအုံကြည့်ကြ၏။

ဒါကိုပဲ အဖေက ဂုဏ်ယူကာ အနုပညာသမားမို့ ဒီလိုလူကြည့်ခံရတာကွဟု ပြောတတ်၏။ သူလည်း အဖေ့အတွက် ဂုဏ်ယူရပါသည်။

အဖေပါသည့်ကားဆို ရပ်ကွက်အခွေငှားဆိုင်က မလွတ်တမ်း ငှားကြည့်၏။ မင်းသား မင်းသမီး ဇာတ်ညွှန်းရေးဆရာ ဒါရိုက်တာ၊ အဓိက ဇာတ်ဆောင်တွေဆိုလျှင် ရုပ်ရှင်ထုတ်လုပ်ရေးသူဌေးတွေ မန်နေဂျာတွေက ဇာတ်ကားခွေလက်ဆောင်ပေးတတ်ကြပေမယ့် အောက်ခြေလူကြမ်းဇာတ်ပို့ ဇာတ်ရံတွေကိုတော့ လူတွေအကုန်ပေးရလျှင် သူဌေး မွဲသွားမှာပေါ့။ ကိုယ့်ဘာသာဆိုင်ကသာ ငှားကြည့်ပါဟု ပြောတတ်၏။

အဖေက စိတ်လည်းမဆိုး ငြိုလည်းမငြိုငြင်ပေ။ ဟုတ်သားပဲ





ကားခွေတွေကြောင့် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်သူ သူဌေးတွေ အဆင်မှမပြေကြတာ။ အားပေးရာရောက်အောင် အဖေပါတဲ့အခွေလေး သွားငှားလိုက်ပါ သားရယ် ပြောတတ်သည်။

"ဟား လောကကြီးက မှောင်မည်းလို့ပါလား"

"တစ်လမ်းလုံး မီးတွေပြတ်နေတာ အဖေရဲ့"

အဖေ့အော်သံကြောင့် အတွေးတွေပြတ်တောက်သွားပြီး ပြန်ပြောလိုက်ရသည်။ အဖေက သူ့ကိုတွဲထားလျက်နှင့်

"မီးကတစ်ရက်မှ အချိန်ပြည့်လာတယ်ဆိုတာ မရှိဘူး၊ မြန်မာနိုင်ငံကတော့ လိုအပ်တာချည်းပဲ၊ ဘယ်သူပဲတက်လာလာ ပြည့်စုံအောင်လုပ်ပေးနိုင်မယ် မထင်ပါဘူးကွာ"

"အဖေကလည်း အနုပညာသမားက အနုပညာသမားလိုနေတာ မဟုတ်ဘူး၊ နိုင်ငံရေးက ပါလာပြန်ပြီ"

"ဟ သားရ၊ ဒီနိုင်ငံမှာနေရင် ဒီနိုင်ငံရဲ့အကြောင်းတော့ ပြောရမှာပေါ့ကွ၊ ဒီမိုကရေစီနိုင်ငံလေ၊ လွတ်လပ်စွာ ပြောဆိုခွင့်ရှိတယ်၊ လွတ်လပ်စွာ ရေးသားခွင့်ဆန္ဒပြခွင့် တောင်းဆိုပိုင်ခွင့် အားလုံးရှိတယ်"

"ဘာတွေရလို့လဲ၊ တောင်းချင်တဲ့သူတောင်း ပြချင်တဲ့သူပြ၊ ဖမ်းချင်တဲ့အချိန် သူတို့လည်း ဒီမိုကရေစီနည်းလမ်းကျကျ တပ်ချင်တဲ့ပုဒ်မတပ်ပြီး ဖမ်းနေတာပဲ"

"မှန်လိုက်တာ မှန်လိုက်တာ သား၊ ငါ့သားလည်း နိုင်ငံရေးအကြောင်း သိတာပဲကွ၊ ဘယ်ဆိုးလို့လဲ"

"ကဲပါ အဖေရယ်၊ အိမ်ရောက်မှ စကားဆက်ပြောရအောင်။"



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ရင်း ပြောနေရတာ မကောင်းပါဘူး''

''အေး သား၊ အဖေနောက်ကျတဲ့နေ့တိုင်း သား လာကြိုတာကို အဖေ ကျေးဇူးတင်တယ်''

''ဒီအချိန် ကားမှတ်တိုင်ကနေ အိမ်ကိုပြန်ရောက်ဖို့ ဆိုက်ကားတွေမှမရှိတော့တာ၊ အဖေက ဒီလိုနေ့ဆို မူးကမူးလာသေးတယ်၊ သား စိတ်မချလို့ပါ''

''အေးပေါ့ကွ၊ သားသမီးဆိုတာ မိဘကိုကရုစိုက်ရမှာပေါ့၊ အဖေကတော့ သားလိုသားတစ်ယောက်ကို ပိုင်ဆိုင်ထားရတဲ့အတွက် ကျေနပ်တယ် တခြားဘာအရာမှ မပိုင်ဆိုင်ရလည်း ဘာဖြစ်လဲ''

''ကဲ ဟုတ်ပါပြီ၊ အိမ်နားရောက်တော့မယ် အဖေ မြန်မြန်လျှောက်လိုက်''

အနုပညာသက်တမ်း သုံးဆယ်နီးပါးမှာ ပိုင်ဆိုင်မှုဆိုလို့ ဆယ်ဆေးအိမ်လေးတစ်လုံးသာရှိသည်။ သူ့ပညာရေးအတွက်လည်း အပြည့်အဝ ထောက်ပံ့ပေးနိုင်ခဲ့တာ မဟုတ်ပါ။

ယုတ်စွအဆုံး အမေကျန်းမာရေး မကောင်းတုန်းကတောင် ဆေးကောင်းကောင်းကုမပေးနိုင်ခဲ့ပေ။

''ဟော မီးလာပြီ''

အိမ်အဝင်မှာပင် မီးဖျတ်ခနဲ လာလိုက်၍ ကံကောင်းသွားသည့် အဖေ့ကို အိမ်ပေါ်ထိတွဲတင်ပြီး ဆက်တီခုံလေးပေါ် ထိုင်စေပြီးမှ

''အဖေ ထမင်းစားဦးမလား၊ ထမင်းပွဲကပြင်ပြီးသား၊ အဆင်သင့်''

''ဘာဟင်းလဲ သား''





''ငါးပိရည်တို့စရာ ဘဲဥချဉ်ဟင်းပေါ့ အဖေ၊ နောက်နေ့ကျရင်တော့ သား ဟင်းကောင်းချက်ကျွေးပါ့မယ်''

''ရပါတယ် သား၊ အဖေက ရှုတင်ကျရင်တော့ ဟင်းကောင်းစားရပါတယ်၊ အခုတောင် ဒံပေါက်ဆွဲခဲ့ရတာ၊ သားအတွက် ယူလာချင်ပေမယ့် အဖေတို့ထက် မပြည့်စုံတဲ့သူက အများသားကွ၊ အဖေ နည်းနည်းပဲစားပြီး စက်အဖွဲ့ကမိသားစုနဲ့ အဆင်မပြေတဲ့ကောင်ကိုပဲ ပေးလိုက်တယ်''

''ပေးလိုက်ပါ အဖေရယ်၊ ဘာပဲဖြစ်ဖြစ် အဖေတို့လူကြမ်းအဖွဲ့''

''လူကြမ်းအဖွဲ့မဟုတ်ပါဘူး သားရဲ့၊ ကိုလူချောအဖွဲ့ပါ၊ အရမ်းကို ချစ်စရာကောင်းတဲ့အဖွဲ့၊ ပရဟိတနဲ့ပတ်သက်ရင် ငွေကြေးမတတ်နိုင်ပေမယ့် ခွန်အားနဲ့ရှေ့ဆုံးက ထမ်းပိုးနိုင်းသမျှ မငြိုမငြင်လုပ်၊ ပေးသလောက်ယူ လှူသမျှကို သာဓုခေါ်စားနေကြတာ''

''ဟုတ်ပါပြီ အဖေရယ်၊ စက်မှုအလှာအခြေခံအလှာကိုလူချောအဖွဲ့ဆိုတာတွေက ရုပ်ရှင်ဗီဒီယိုထဲမှာ ဘယ်လောက်ပဲပါပါ မိသားစုတွေမှာ အဆင်မပြေမှုတွေနဲ့ တော်တော်ကို အခြေအနေဆိုးပါတယ်၊ ရတဲ့နေ့စားခလေးတွေက သွားတဲ့ပြန်တဲ့လမ်းစရိတ်နဲ့ လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ် အရက်ကလေးသောက်လိုက်တာနဲ့ အိမ်စရိတ်တောင် အနိုင်နိုင်''

''အေး သားရယ် သားလိုမျိုး ထုတ်လုပ်သူသူဌေးတွေ မန်နေဂျာတွေ မင်းသား မင်းသမီးတွေ နားလည်ပေးကြရင် ကောင်းမှာပဲ''

''ဘာလို့ သူတို့ကို နားလည်ခိုင်းနေတာလဲ အဖေ''

''ဩော် မင်းသားတွေကျတော့ သူတို့ဈေးကွက်နဲ့ ခွေဖြန့်ရတာဆိုပြီး ဗီဒီယိုတစ်ကားကို သိန်းခြောက်ဆယ် သိန်းရှစ်ဆယ် သိန်းတစ်ရာ

www.burmeseclassic.com



ပေးရတယ်၊ မင်းသမီးကျတော့လည်း သိန်းလေးဆယ် ငါးဆယ်၊ သူတို့နှစ် ဦးတည်းတင် သိန်းတစ်ရာငါးဆယ်ဝန်းကျင်ရှိသွားပြီ၊ သိန်းနှစ်ရာတန် ဗီဒီယို တစ်ကားရိုက်တော့မယ်ဆိုရင် ကျန်တဲ့သိန်းငါးဆယ်ထဲက ဇာတ်လမ်းဇာတ် ညွှန်းခ ဒါရိုက်တာကြေး စက်ပစ္စည်းဖိုးပါဝင်မယ်, အက်တာကြေး ထမင်းဖိုး အဲဒါတွေကို မျှသုံးရတော့ သားရေ အဖေတို့လို လူတန်းစားတွေက မင်းသား မင်းသမီးအိမ်က ခွေးစာလောက်တောင် မစားရတော့ဘူးပေါ့"

"အဲဒီလိုတွေ သိနေရင်လည်း ဒီလောကထဲက ထွက်လိုက်ပါလား အဖေ"

အဖေ ပျာပျာသလဲ ခေါင်းခါ၏။

"ဒီလောကထဲကတော့ အဖေသေတဲ့ထိ ထွက်လို့ဖြစ်မှာမဟုတ် ဘူး သား၊ အဖေတို့မှာ ဂုဏ်ဆိုလို့ ဒီအနုပညာရှင်ဆိုတဲ့ဂုဏ်လေးတစ်ခုပဲ ရှိတယ်၊ သွားလေရာမှာ ရုပ်ရှင်ဗီဒီယိုထဲမှာပါတဲ့လူကြီးဆိုပြီး လူတွေအသိ အမှတ်ပြု ဝိုင်းကြည့်တာ ခံရတယ်၊ သာမန်ဆိုရင် လုပ်ငန်းရှင်သူဌေးသူကြွယ် ဖြစ်ဖြစ် ဆရာဝန် အင်ဂျင်နီယာ၊ လွှတ်တော်အမတ်ဖြစ်ဖြစ် ဘယ်သူက ဒီလူကဘာပါဆိုပြီး ဂရုတစိုက်ကြည့်ကြလို့လဲ"

"အဖေကလည်း လူကြည့်ခံချင်တာနဲ့ပဲ"

"အဲဒါတင် မဟုတ်သေးဘူးလေ၊ ဒီလို အနုပညာအလုပ်ဆိုတာကို လူတိုင်းလုပ်နိုင်လို့လား၊ တကယ်ကို ဝါသနာရော ပါရမီရောပါမှဖြစ်တာ၊ ဒီပိုးပါတဲ့သူက တခြားအလုပ်မလုပ်တတ်ဘူး၊ ဒီအလုပ်မလုပ်ရရင်လည်း သေမှာပဲ"

"အဖေရယ် ဒီလောက်တောင်ပဲလား"





အနုပညာကို ဒီလောက်ထိ မြတ်နိုးသော အဖေ့ကို သနားမိသည်။ ဘာအကျိုးခံစားခွင့် ဘာအကျိုးအမြတ်မှ မရှိ၊ ဘာပိုင်ဆိုင်မှုမှ မက်လောက် စရာလည်းမရှိပါဘဲ ထိုအနုပညာဆိုတာကိုပဲ မက်မောတွယ်တာနေခဲ့သည်။

"အဖေ အိပ်လိုက်တော့လေ၊ မနက်ဖြန်ရှုတင်ရှိသေးတယ် မဟုတ် လား"

"အင်း လေဘေးထည်အပုံထည်လေးတော့ ဝယ်ချင်သားကွ၊ ဒီတစ်ခါ ဘိန်းဖြူဂိုဏ်းခေါင်းဆောင်သူဌေးကြီးနေရာက သရုပ်ဆောင်ရတာ၊ မင်းသမီးရဲ့အဖေနေရာကဆိုတော့ အဝတ်အစားက လျော့လို့မရဘူး၊ အဝတ် အစားနွမ်းရင် မင်းသမီးက ပြောဆိုနေတာ၊ ကျွန်မအဖေက ဒီလောက်စုတ် ပြတ်နေရင် ကျွန်မရိုးလိုက်ကျတယ်တဲ့၊ သူတို့ ငြိုငြင်လို့ ဒါရိုက်တာကို နောက် တစ်ခါ အဖေ့ကိုခေါ်မသုံးနဲ့လို့ ပြောလိုက်ရင် သွားပြီကွ"

"အဖေရာ၊ မနက်ဖြန် သားစုထားတဲ့ပိုက်ဆံလေးနဲ့ အဖေ့အတွက် သွားဝယ်ပေးပါ့မယ်၊ ဘာမှစိတ်မပူနဲ့ အဖေ"

"အေးပေါ့ သားကိုပဲ အားကိုးရတော့မှာပဲ၊ ကျေးဇူးပဲ သားရယ်"

အနုပညာရှင်သမားကြီး အဖေကို သူပဲ ပံ့ပိုးဖြည့်ဆည်းနေရတာပါ။ အသက်ကြီးလာသော်လည်း အဖေက ပါရမီနှင့်ဝါသနာကို မစွန့်လွှတ်နိုင်။ အမေနှင့်သူ့ကို ဆိုက်ကားနင်းကျွေးခဲ့ရင်တောင် ဒီလောက်ထိ ဆင်းရဲချို့တဲ့ မဟုတ်။ အမေကလည်း အဖေ့ ပြည့်စုံအောင် မထားနိုင်ခဲ့တာကို မငြို ငြင်ခဲ့။

သရုပ်ဆောင်အလုပ်လုပ်သော အဖေ့ကို အထင်ကြီးလေးစားနေ သော် ငါ့ယောက်ျား ဘယ်လိုတော်လိုက်တာ၊ မင်းသားအဖေလုပ်ရတယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးဦးလေးလုပ်ရတယ်နှင့် ရပ်ကွက်ထဲလည်ပြောပြီး ဂုဏ်ယူနေခဲ့သည်။

သူကတော့ ဒီလောကထဲ ဘယ်တော့မှဝင်ဖို့ မစဉ်းစား။ အိမ်မှာ ထမင်းငတ်နေတာတောင် အပြင်မှာ အလုပ်ထွက်လုပ်ကိုင်စားလို့ မဖြစ်သည့် ဘဝ။ ဟူး အဖေမို့ စိတ်မကုန်တာ်ယ်။

■ ■ ■



## အခန်း (၂)

"လှိုင်ဘွား ဟဲ့ လှိုင်ဘွား"

ခပ်သုတ်သုတ်လှမ်းနေသောခြေလှမ်းတို့က ခေါ်သံကြောင့် နောက်လှည့်ကြည့်ရင်း ရပ်တန့်သွားရသည်။

"ဩော် သီရိ နင် ရုံးသွားမလို့လား။ စောများစောနေသလားလို့"

"အေး ဟုတ်တယ်၊ ဝင်စရာနေရာလေးရှိလို့ နင်ကတော့ အိမ်ကနေ ပုံမှန်ထွက်နေကျအချိန်ပဲထင်တယ်၊ အိမ်မှာလည်း ရှုပ်ယှက်ခတ်ဖြစ်နေ တာနဲ့"

"နည်းနည်းတောင် နောက်ကျသေးတယ်ဟ၊ အဖေ့ကိုလုပ်ပေး စရာရှိတာလုပ်ပေးနေရလို့လေ၊ နင့်အိမ်ကရော ဘာတွေရှုပ်ပြန်ပြီလဲ"

"ထုံးစံအတိုင်းပေါ့၊ မပြည့်စုံမှုဆိုတာကို မယားငယ်ဆိုတဲ့အမျိုးက ဘယ်သည်းခံပါ့မလဲ၊ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနေရမလားလို့ မှဆိုးပို့ ဘာလေးအဖေကိုယူမိတာ၊ သူတို့စားဖို့သောက်ဖို့နဲ့တစ်အိမ်လုံး ကုန်းရုန်းလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေရတယ်၊ အိမ်ဖော်ကျနေတာပဲဆိုတာနဲ့ အစချိတာပဲ၊ တစ်ခါတလေ အိမ်ကိုတောင် ပြန်မလာချင်ဘူး''

''နင့်ဒုက္ခလည်း တစ်မျိုးပဲဟာ သီရိရာ''

ကားမှတ်တိုင်ရောက်ဖို့ လမ်းလျှောက်ရင်း ပြောရသည်။ သီရိနှင့်က ကျောင်းနေဖက်သူငယ်ချင်းဆိုပေမယ့် ဆယ်တန်းအောင်တော့ သီရိက တက္ကသိုလ်ကို ဒေးတက်ပြီး သူကတော့ အဝေးသင်နဲ့သာ ဘွဲ့ရအောင်ယူခဲ့သည်။ တစ်ဖက်က ဝင်ငွေရသောအလုပ်ကိုလုပ်မှ အဖေ့ကိုထောက်ပံ့ပေးလို့ရမှာမဟုတ်လား''

''နင့်အလုပ်အကိုင်ရော အဆင်ပြေလား လှိုင်ဘွား''

''အင်း ဒီလိုပါပဲ၊ အဆင်မပြေလည်း ဒီပုံနှိပ်စက်မှာတော့မြဲအောင်လုပ်ရမှာပေါ့၊ ငယ်ငယ်က သတင်းစာဂျာနယ်ရောင်းရင်း အဆက်အသွယ်ရလာတဲ့ ဒီအလုပ်က ငါနဲ့အဖေစားဖို့နေဖို့တော့ လုံလောက်ပါတယ်၊ ဒီထက်ဝင်ငွေကောင်းတဲ့မြင့်မားတဲ့အလုပ်ဆိုတာလည်း ငါ့ပညာနဲ့က မျှော်မှန်းလို့မရဘူးလေ၊ နင်ရော နင့်အဖေသွင်းပေးထားတဲ့အစိုးရဝန်ထမ်း ရုံးစာရေးမအလုပ်က အဆင်ပြေရဲ့လား''

''ဘာလုပ်ငန်းဖြစ်ဖြစ် ဘယ်နေရာဖြစ်ဖြစ် အတိုက်အခိုက်ကတော့ရှိတာပါပဲဟယ်၊ အဖေ အလုပ်သွင်းပေးတယ်ဆိုတာလည်း ငါကဘွဲ့ရပြီးလို့ အဖေကလည်း အထက်လူကြီးတွေကို ပေါင်းတတ်လို့ပေါ့၊ အဲဒါကို မီထွေးက သူ့မောင်တွေ ညီမတွေကိုပါ အလုပ်သွင်းပေးစေချင်တာ၊ သူ့မောင်တွေ ညီမတွေကဖြင့် ဆယ်တန်းကိုသုံးနှစ်ကျ နှစ်နှစ်ကျနဲ့ ဘယ်သူမှ လက်ကြေးလည်းမတင်းဘူး၊ အဲဒါ အဖေက အလုပ်သွင်းမပေးလို့ဆိုပြီး ပြဿနာရှာ





တာကတစ်မျိုး၊ တကယ်နားပူနားဆာနိုင်တဲ့ ဘွားတော်ပဲဟာ၊ ငါတော့ တကယ်စိတ်ကုန်တယ်''

''အေး နင်စိတ်ညစ်မယ်ဆိုလည်း စိတ်ညစ်စရာကြီးဟာ''

''နင်ကတော့ နင့်အဖေနဲ့နှစ်ယောက်တည်း ပျော်စရာကောင်းနေမှာပေါ့''

''အင်း အဲဒီလိုပဲ ပြောရမယ်၊ အဖေက သူ့အလုပ်သူလုပ်တယ်၊ ငါက ဖြည့်ဆည်းပေးနိုင်သလောက် ဖြည့်ဆည်းပေးလိုက်တယ်၊ အဖေက အမေသေသွားလည်း နောက်အိမ်ထောင်ပြုဖို့ မစဉ်းစားဘူး၊ သူ့ဝါသနာနဲ့ အနုပညာထဲမှာပဲ နစ်မျောနေတယ်၊ အဲဒါကပဲ စိတ်ချမ်းသာစရာလား မသိတော့ပါဘူးဟာ''

မင်းလှိုင်ဘွား ပြောတာကို နှင်းသီရိ သဘောကျစွာရယ်သည်။

''အေးဟယ် နင့်အဖေက ဘာပဲပြောပြော တော်ပါတယ်၊ သူ ဝါသနာပါတဲ့အလုပ် သူလုပ်ပြီး ဘယ်သူ့မှ စိတ်ဒုက္ခမပေးဘူး၊ နောက်အိမ်ထောင်မပြုတာကိုက နင့်အတွက်စိတ်ချမ်းသာစရာပဲ''

''ငါလည်း အဲဒါပဲ စိတ်ချမ်းသာနေရတာ၊ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ် အဖေရတာ အဖေသုံး၊ လိုအပ်တာကို ငါကဖြည့်ဆည်းပြီး ဝါသနာပါတဲ့ အလုပ်ကိုလည်း မတားတော့တာလေ''

''နင့်အဖေက တော့ပ်တန်းမဝင်ပေမယ့် သရုပ်ဆောင်ကောင်းတစ်ယောက်ပါ၊ မအောင်မြင်ပေမယ့်လည်း သူ ဇာတ်ကားတွေတော့ ရိုက်နေရတာပဲ''

''အဖေကလည်း ပြောတယ်၊ အရင်တုန်းက ကားရိုက်နည်းပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ပိုက်ဆံလေးက လောက်လောက်ငင သုံးစွဲလို့ရသေးတယ်၊ အခုက ကားရိုက်များလည်း အဝတ်အစားဖိုးတောင်လုံလောက်အောင် မရဘူး။ မိသားစုကိုထောက်ပံ့နိုင်ဖို့တော့မပြောနဲ့တော့တဲ့၊ အရင်တုန်းက လူငယ်သရုပ်ဆောင်ဆိုတော့ မင်းသားရဲ့သူငယ်ချင်း ညီအစ်ကိုခန်းပါမှလေ၊ အခုလူကြီးသရုပ်ဆောင်ဆိုတော့ အဖေက စွယ်စုံလည်းလုပ်နိုင်တော့ ကားရိုက်တော့မဆိုးဘူးပြောရမှာပဲ၊ ဒါပေမဲ့ အဖေက ဘဝတူအဆင်မပြေတဲ့သူတွေကို ကူညီချင်သေးတာ၊ ပြီးတော့ အရက်ကလေးကလည်း တမြမြသောက်ချင်သေးတာဆိုတော့ သူရတာနဲ့ သူသုံးတာ ဘယ်လိုလုပ်လောက်မှာလဲ''

''အေးဟယ် အကျိုးစီးပွားတွက်တွက်မယ်ဆိုရင် နှင့်အဖေအနုပညာအလုပ်ကြီးက မမိုက်ပါဘူး။ ဒါပေမဲ့ ငါတို့ရပ်ကွက်ထဲမှာ ရုပ်ရှင်ဗီဒီယိုထဲမှာပါတဲ့သရုပ်ဆောင်တစ်ယောက်ရှိတာတော့ ဂုဏ်ယူစရာဟဲ့၊ တစ်ခါတလေ နှင့်အဖေဆီ လူကြမ်းတွေအလည်လာရင်လည်း တစ်ရက်ကွက်လုံး ဝိုင်းကြည့်ကြတာ အုန်းအုန်းကိုထနေတာပဲ''

နှင်းသီရိစကားကြောင့် မင်းလှိုင်ဘွား ရယ်လိုက်မိသည်။ ကားမှတ်တိုင်လည်း ရောက်လာပြီမို့

''သီရိ ငါသွားတော့မယ်၊ နင်ရော ချိန်းထားတာတစ်ခုရှိလို့ဆို ဘယ်သူနဲ့ချိန်းထားတာလဲ ရည်းစားရနေပြီလား''

''ကောင်စုတ် ငါက ရည်းစားရစရာလား၊ ယောကျ်ားတွေများစိတ်ကုန်လွန်းလို့၊ မောင်တစ်ယောက်ရှိပါတယ် အဖေနောက်မိန်းမယူတာအရွဲ့တိုက်သလိုလို အရက်သမားလုပ်နေတယ်၊ အဖေကလည်း ဘာထူးလဲ မိန်းမက ဘယ်လောက်ပြောပြော အရက်ကလေးကသောက်ချင်တာပဲ၊ အ





ကပါ ယောကျ်ားပြောမရလို့ဆိုပြီး သူပါသောက်တယ်တဲ့၊ အိမ်မှာတော့ ောင်းကိုဆန်နေတာပဲ၊ ကဲ နင်နဲ့တွေ့တော့ စကားတွေကပြောလို့ကောင်း က်တာ၊ ဟဲ့ ခိုင် ဆန်းဒေးဆိုအလုပ်ပိတ်တယ်နော်၊ ငါတို့ လက်ဖက်ရည် ိုင်မှာ တွေ့ရအောင်''

''အေး အေး တာ့တာ သီရိ''

''တာ့တာ လှိုင်ဘွား''

နှစ်ယောက်သား တစ်ယောက်စီလမ်းခွဲထွက်မှ စကားစပြတ်သွား သည်။ တွေ့တိုင်း သူ့အကြောင်းကိုယ့်အကြောင်း စကားတွေက ပြောလို့ န်ပါ။ အဖေက သီရိကိုတော့ခင်သည်။ အိမ်လာလည်တိုင်း ချွေးမလေး စနောက်တတ်၏။

သီရိကလည်း စိတ်မဆိုးပါ။ ဦးလေးရဲ့သားပဲ ကြိုက်ပါစေဦးဟု ြ၍စနောက်တတ်သည်။ သီရိနှင့်က ငယ်ပေါင်းကြီးဖော်တွေမို့ ပြောမနာ နာပါ။ သူငယ်ချင်းဆိုတာလည်း များများစားစား မရှိတာမို့ အလုပ်အား တိုင်းတော့ နှစ်ယောက်သားတွေ့ဖြစ်ကြသည်။

''ဟာမစ်တစ် ရွှေဂုံတိုင် ဆူးလေ''

လိုင်းကားပေါ် တိုးခွေ့တက်လိုက်သည်။ အသက်နှစ်ဆယ်ကျော် ယ့်ငါးနှစ်အတွင်း ဖြစ်လာလို့လည်း ဘဝက ပြောင်းလဲမသွားပါ။ အသက် ယ်ကျော်အဖေတောင် ဘာမှမပြောင်းလဲသေးတာမို့ ချမ်းသာပြည့်စုံဖို့ ဘာ မျှော်လင့်လို့တောင် ဖြစ်ပါဦးမလား။

ဒီဘဝ ဒီအခြေအနေနှင့် ချမ်းသာအောင်ရော ဘယ်လိုကြိုးစား လဲ၊ ပြည့်စုံသည့်သူတွေက ထားစရာမရှိအောင် ပိုလျှံလို့နေပြီး ချို့တဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



သူတွေက ဘာကြောင့်များ မျှော်လင့်ချက်တွေတောင် ပျောက်ဆုံးနေရတာလဲ။ လူ့ဘဝအကျိုးပေးဆိုတာ ဘာကိုခေါ်တာလဲ။

အတိတ်ကံအကြောင်းတရားလား။ ဒီဘဝရဲ့ကြိုးစားမှုရလဒ်လား။ ကြိုးစားဖို့တောင် အခွင့်အရေးမရှိသည့်လူတွေအတွက်ကျတော့ ဘယ်လိုများ။

■ ■ ■



## အခန်း (၃)

"ပြောရတော့ မကောင်းဘူး၊ ကျွန်မက ဒီအိမ်မှာ အိမ်ဖော်လာလုပ်နေတာ မဟုတ်ဘူးကိုသောင်းစိန်၊ ရှင်တို့သားအဖ သုံးယောက် စားဖို့သောက်ဖို့ချက်ပြုတ်ပေးရတယ်၊ သီရိ အဝတ်အစားကလွဲပြီး ရှင်တို့သားအဖနှစ်ယောက်အဝတ်အစားတွေ ဖွတ်လျှော်ပေးရ မီးပူတိုက်ရ အိမ်သန့်ရှင်းရေးလုပ်ရနဲ့"

"ရတဲ့လစာ အကုန်အပ်တာတော့ မပြောဘူး သန္တာရယ်၊ ကိုယ်က မိန်းမယားတစ်ယောက်လို သတ်မှတ်လို့ ရတဲ့ငွေကို အပ်တယ်ဆိုရင် မင်းကလည်း မိသားစုဝင်တွေလို့ သတ်မှတ်ပြီး အိမ်ဖော်လို့ ကိုယ့်ကိုယ်ကိုယ် အောက်မေ့ပါနဲ့လား၊ မိသားစုအတွက် လုပ်ပေးရတာကို မင်း အဲဒီလိုကြီး ပြောနေတော့ ဘယ်လိုလုပ်ကောင်းမလဲ"

"ဩော် ကိုသောင်းစိန် ရှင်အပြောကောင်းတယ်နော်၊ ရှင့်လစာ အကုန်အပ်တယ် ဟုတ်လား၊ ရှင်အပ်တဲ့ပိုက်ဆံက မိသားစုအကုန်စားဖို့



www.burmeseclassic.com

www.burmeseclassic.com



မျိုးဖို့ဈေးဝယ်တာနဲ့တောင် မလောက်ဘူး၊ အဲဒီပိုက်ဆံထဲက ကျွန်မအတွက် ပါတီတိဝမ်းဆက်ဖိုးမပြောနဲ့ ဖိနပ်တစ်ရံဖိုးတောင်မကျန်တာ၊ အိမ်ဖော်ကမှ လုပ်ခလစာရလို့ မိဘတွေ မွေးချင်းသားချင်းတွေကို ထောက်ပံ့နိုင်ဦးမယ်၊ ကျွန်မက အိမ်ဖော်ထက်အကြောင်းဆိုးတယ် ကိုသောင်းစိန်၊ သူ့ထက်သာတာဆိုလို့ ရှင်နဲ့အတူအိပ်ရတာပဲ ပိုသွားတာ မဟုတ်လား''

''သန္တာရာ ကလေးတွေကြားသွားပါဦးမယ်ကွာ''

''ကြားကြားတော် ကြားအောင်ကို တမင်ပြောတာ''

ဦးသောင်းစိန် သက်မကြီးချလိုက်မိသည်။ ကလေးတွေ အမေ မဟုတ်ဘဲ မိထွေးဖြစ်နေတော့လည်း မိထွေးစိတ်ပဲဟု အောက်မေ့လိုက်မိသည်။ သားသမီးတွေရဲ့အမေသာဆို ဘယ်ငြိုငြင်ပါ့မလဲ။ ပေးတဲ့အပ်တဲ့ငွေလေးကို သေချာစည်းစနစ်ကျကျ သုံးစွဲပြီး သားနှင့်သမီးကို ကျောင်းပါထားနိုင်ခဲ့သည်၊ ကိုယ့်ကိုအဆင်မပြေလို့ဆိုပြီး အပိုငွေရှာခိုင်းတာ ညည်းညူပြတာမျိုး မရှိ။ လောက်ငအောင် ချွေတာစီစစ်ရင်း သားသမီးတွေနှင့်ကိုယ့်ကို အဝတ်အစား ဖိနပ်လေးတွေကအစ မနွမ်းအောင် ဝယ်ဆင်ပေးခဲ့သည်။

အခုဆို အရင်ကထက် လစာသုံးဆလောက်တောင်တိုးရထားတာပါ။ ရသမျှလည်း အကုန်အပ်တာပါပဲ။ ကိုယ်သောက်တယ် စားတယ်ဆိုတာကလည်း တပည့်တွေက အရက်ပုလင်းမပြတ်အောင် ကန်တော့ထားလို့ပင် သန္တာခင်ကို ဘာမှမပြောတော့ဘဲ စားပွဲပေါ် အရက်ပုလင်းထောင်လိုက်သည် မီးဖိုချောင်ဘက် ဖန်ခွက်သွားယူရင်း အုပ်ဆောင်းကိုလှန်ကြည့်လိုက်၏ ငါးပိရည် တို့စရာနှင့်ပဲပြုတ်။

ဒီနေ့ဈေးဖိုးက ဘယ်ရောက်သွားလို့ အသားငါးဟင်းတစ်ခွက်





တောင် မပါရတာလဲ။ ကိုယ်အပ်တဲ့ငွေက တစ်လနှစ်သိန်း။ တစ်နေ့ကို ဈေးဖိုးခုနစ်ထောင်နီးပါးသုံးလို့ရသည်။ အိမ်ရဲ့မီတာခ ရေဖိုး တခြားကုန်ကျစရိတ်များက သမီးက တာဝန်ယူထားတာ။ သားကတော့ ထားတော့။

သူရတာသူသုံး။ အိမ်ကိုထောက်ပံ့ဖို့ထက် မိန်းမယူချင်လို့ စုချင်တယ်ဆိုသော်လည်း အစိုးရဝန်ထမ်းအလုပ် ဝါသနာမပါဘူးဆိုပြီး အပြင်အလုပ်လုပ်တော့လည်း လက်ကြောမတင်း။

''သန္တာ ဟင်းက ဒါပဲလား၊ ဈေးဖိုးပိုက်ဆံတွေ ဘယ်ရောက်သွားလို့လဲ''

အမြည်းမပါဘဲ ဖန်ခွက်ချည်းယူလာရင်း မေးလိုက်တော့ သန္တာခင် နှုတ်ခမ်းရွဲ့သွား၏။

''မောင်လေးက သူ့ကလေးနေမကောင်းလို့ ဆေးခန်းပြချင်တယ်ဆိုပြီး ပိုက်ဆံလာတောင်းလို့ ပေးလိုက်တယ်၊ ဘာလဲ ရှင်က ဒါလေးတောင် မသထာဘူးလား၊ မောင်လေး အလုပ်အကိုင်ရှိနေရင် ဒီလိုအဆင်မပြေဖြစ်ပါ့မလား၊ အလုပ်ကလေးသွင်းပေးပါဆိုတော့လည်း ဝေ့လည်ကြောင်ပတ်နဲ့''

''သန္တာ မင်းကို ဘယ်နှစ်ခါပြောရမလဲ၊ အစိုးရဌာနကို အလုပ်သွင်းပေးရအောင် မင်းရဲ့မောင်က ဆယ်တန်းတောင် အောင်လို့လား၊ ရုံးဝန်ထမ်းလုပ်တယ်ဆိုတာ အနည်းဆုံး ဘွဲ့လေးတစ်ခုတော့ ရမှကွ''

''အို အဲဒီလို ပြောကြေးဆို နိုင်ငံခြားကနေ စက်ရုံတွေအလုပ်ရုံတွေကဖွင့်တာ ဘွဲ့ဘယ်နှစ်ဘွဲ့ရမှတို့ ဘာပညာတွေတတ်မှတို့ မပါပါဘူး၊ အလုပ်သင်နဲ့ဝင်ပြီး သူတို့ခိုင်းတာလုပ်နိုင်ရင်ရပြီ၊ ကိုယ့်နိုင်ငံကကျမှပဲ ဘွဲ့ရမှ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်မှန်း ဘွဲ့ရတွေတစ်ပုံကြီး ရိုက်သတ်လို့မကုန်ရှိနေတာကျတော့လည်း ဘာအလုပ်မှ ပေးစရာရှိတာမဟုတ်ဘဲနဲ့ ရှင့်သမီးတောင် ရှင့်အကပ်နဲ့ အလုပ်ရသွားတာ မဟုတ်လား။ သူ့အကပ်နဲ့သူပဲ နေရာတွေပေးနေကြတာ၊ တခြားသူစိမ်းဝင်စရာနေရာ ဘယ်ကျန်ပါတော့မလဲ''

''သန္တာရယ် မင်းကလည်း ပွစိပွစိနဲ့ အလုပ်ကပြန်လာရင် နားအေးပါးအေးကို နေရတယ်မရှိဘူး''

''ဩော် ရှင် နားအေးပါးအေးနေချင်ရင် ဘုန်းကြီးကျောင်းသွားနေပါလား။ ဘာလို့ အိမ်ပြန်လာနေသေးလဲ''

''ဟ ဘုန်းကြီးကျောင်းသွားနေချင်မှတော့ မိန်းမယူနေပါတော့မလား''

''အာဗျာ အဖေတို့ကလည်း နားကိုငြီးနေတာပဲ၊ ပြောစရာမရှိ အပေါက်ရှာပြောနေကြတယ်၊ အဲဒါကြောင့် အိမ်မှာမနေချင်တာ၊ မိန်းမတောင်းပေးဖို့ ပိုက်ဆံသာ ရှာထားကြ''

''သား''

အိမ်ပေါ်ကနေ အောင်မင်းသက် တဒုန်းဒုန်း ဆင်းချသွားသည်။ အသံအားလုံးကို ကြားနေရတာ နားထဲမှာမသက်သာ။ နေ့စဉ် ဒီလိုပဋိပက္ခအသံတွေချည်း ကြားနေရတော့ ပို၍ငြီးငွေ့လာသည်။

အံ့သက်ကြီးလာသော အဖေနှင့်မိထွေးတို့ဆီက ဘုရားတရားသံဆိုတာ တစ်ခါမှမကြားရဘူးပေ။ ဘုရားသွားကျောင်းတက်ဆိုတာမျိုးလည်း မရှိ။ ဒီလိုလူကြီးတွေဆီက ဘာတွေများ အတုခိုးရပါ့မလဲ။

''ဘယ်သွားမလို့လဲ သမီး''





အခန်းထဲကနေ အပြင်ထွက်လာသော သူမကို အဖေ မေးလိုက်ခြင်းဖြစ်သည်။ မျက်စောင်းဝင့်ကြည့်နေသော မိထွေးကို ခပ်တင်းတင်းပင် ပြန်ကြည့်လိုက်ပြီး

''အိမ်မှာမနေချင်လို့ အပြင်သွားမလို့ အဖေ''

''နေဝင်လို့ မိုးပဲချုပ်တော့မယ် ဘယ်ကိုသွားဦးမလို့လဲ''

''ထုံးစံအတိုင်း နားငြီးတာအကြောင်းပြပြီး သူ့အကောင်အိမ်ပဲသွားမှာပေါ့၊ ရှင်အပိုလုပ်မေးမနေနဲ့''

''အဒေါ် စကားကိုကြည့်ပြောပါ၊ ပါးစပ်ကထွက်တိုင်း စကားဆိုပြီး ပြီးရောပြောမနေနဲ့၊ ဆင်ခြင်သင့်တဲ့နေရာကို ဆင်ခြင်ပါ''

''အံမယ် ငါက ဘာတွေမဟုတ်တာပြောနေလို့လဲ''

''ကဲပါ သန္တာရယ်၊ မင်းက လျှာကိုရှည်တယ်၊ သမီးသွားစရာရှိတာသွား''

''ဟွန်း ဖအေကလည်း ကြည့်ပါလား၊ ဘာမဟုတ်တဲ့ကောင်ကိုများ အလိုတူအလိုပါနဲ့၊ ဒီလိုဖအေမျိုး ကြုံဖူးပေါင်တော်''

''ဟင်း''

သူမစိတ်ကို တော်တော်လေး လျှော့ချလိုက်ရသည်။ မိထွေးလိုမြှာချင်တိုင်းသာ စိတ်ကိုလွှတ်ပြီး ပြောလိုက်ရလျှင် ရပ်ကွက်ထဲမှာ အုတ်အော်သောင်းတင်း ဖြစ်သွားနိုင်၏။ ရပ်ကွက်ထဲကလူတွေက ဒီမိန်းမအကြောင်းသိကြသည်ဆိုပေမယ့် သူမတို့ဘက်က ရှိုင်းစိုင်းမှုရှိလျှင်တော့ ဝေဖန်ပြစ်တင်ခြလိမ့်မည်။

ဒီဘဝကတော့ အဖေသေတောင် ကျွတ်မှာလွတ်မှာမဟုတ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟ ဘာဖြစ်လာတာလဲ၊ မျက်နှာကလည်းရှုပ်လို့၊ နေဝင်ကာနီး လငပုပ်ဖမ်းလာတာလား"

"မပြောချင်တော့ဘူး လှိုင်ဘွားရေ၊ ငါလည်း သေချင်နေပြီ"

ဆက်တီခုံပေါ် ဆောင့်ခနဲ ဝင်ထိုင်ရင်း ပြောလိုက်တာကြောင့် လှိုင်ဘွား မျက်လုံးပြူးသွားသည်။

"နှင်က ဘာလို့သေချင်ရတာလဲ၊ အသက်ငယ်ငယ်လေးနဲ့ ယောကျ်ားတောင် ရဖူးသေးတာမဟုတ်ဘူး၊ ငှက်ပျောတုံးထည့်ပေးနေဦးမယ်"

"မနောက်စမ်းပါနဲ့ လှိုင်ဘွားရယ်၊ ငါ့မှာ အိမ်ထဲနေလည်း မကောင်း အပြင်ထွက်လည်းမကောင်း၊ မိထွေးကို အပြတ်ဆော်ပြီးတော့သာ ပေါက်ကွဲလိုက်ချင်တော့တယ်"

"နှင့်မိထွေးကလည်း အမြဲပြဿနာရှာနေတော့တာပဲ၊ အခု ဘာ





ဖြစ်ပြန်ပြီလဲ"

"ဘာဖြစ်ရမလဲ၊ ဈေးဖိုးဝယ်ရမယ့်ပိုက်ဆံကို သူ့တူမလေး နေမကောင်းတာ သူ့မောင်က ပိုက်ဆံလာတောင်းလို့ ပေးလိုက်တယ်တဲ့၊ ဘယ်နှစ်ရက်စာဘယ်လောက်ပေးလိုက်တယ်ဆိုတာတော့ မသိဘူး၊ အဲဒါ အိမ်မှာ ဟင်းချက်မထားဘူးလေ၊ သူ့ကိုအပြစ်တင်မှာစိုးတော့ အကုန်လုံးကို သူက ကြိုပြီးရမ်းတာပေါ့"

"ဒါဆို နှင် ထမင်းမစားခဲ့ရသေးဘူးပေါ့"

"ဘယ်ကစားရမှာလဲ၊ ဟင်းကြည့်ပြီး စားချင်စိတ်မရှိလို့ကို ထွက်လာတာ၊ အဲဒါကို နှင့်ဆီသွားမှာသိလို့ ပါးစပ်သရမ်းပြီး သမုတ်လိုက်သေးတယ်၊ မပြောလိုက်ချင်ဘူး၊ ပါးစပ်ကို စည်းကမ်းမရှိတာ"

"ကဲပါဟာ ငါ့အိမ်ကသာ ထမင်းစားသွားပါ"

"နှင်က ဘာချက်လို့လဲ"

"အဖေ့ကို ဟင်းကောင်းချက်မကျွေးရတာကြာလို့ဟ၊ ဒီနေ့တော့ အလုပ်ကအပြန် ဈေးဝင်ပြီး ဝက်သားဝယ်ချက်ထားတယ်၊ ချဉ်ဟင်းရယ် ရေတ်သီး ငံပြာရည်ကြော်လေးရယ်ဆိုတော့ နှင်ကြိုက်တယ်မဟုတ်လား"

"ကြိုက်တာပေါ့၊ နှင်ကယောကျ်ားလေးဖြစ်ပြီး အစပ်အဟပ်တည့်အောင် ချက်တတ်သားပဲ"

"အဖေ့ကို အမေ ဖွယ်ဖွယ်ရာရာ ချက်ကျွေးတတ်တာလေးတွေ ကြည့်ထားတာလေ၊ အမေက အဖေပိုက်ဆံမအပ်အပ် သူ့ဘာသာ ဟိုအလုပ် ဒီအလုပ်ကလေးရှာကြလုပ်ပြီး ရတဲ့ငွေလေးနဲ့ အဖေ့ကိုဟင်းကောင်းအရှင် ချက်ကျွေးချင်တာ၊ အဖေ့ကိုချစ်လိုက်တာမှလည်း တုန်နေတာပဲ၊ ညမည်



www.burmeseclassic.com

www.burmeseclassic.com



တောင်ခေါ်တာမဟုတ်ဘူး။ မင်းသား မင်းသားနဲ့ ပါးစပ်ဖျားကမချသူး။ အဖေကလည်း အမေ့ကိုချစ်လို့သာ နောက်မိန်းမ မယူတာပေါ့”

သူများမိသားစုဘဝ အားကျစရာကောင်းလှသည်။ အဖေ ဒီမိန်းမကိုယူတော့ သူမ တက္ကသိုလ်ပထမနှစ်ပါ။ မောင်လေးက ရှစ်တန်းအောင်လို့ ကိုးတန်းတက်ရုံရှိသေး။

အဖေရယ် သားသမီးတွေလည်း အရွယ်ရောက်လို့ အသက်တွေရလာပါပြီ၊ နောက်မိန်းမမယူပါနဲ့လို့ ဘယ်လိုမှ ပြောမရ။ အဖေက အလုပ်နဲ့ပဲ အချိန်ကုန်နေတာ၊ သားနဲ့သမီးကို အုပ်ထိန်းဖို့ မိခင်လိုတယ်တဲ့၊ သမီးတို့ အရွယ်ရောက်လို့ အိမ်ထောင်ပြုသွားရင် အဖေ့အတွက်လည်း ဆေးပေးမီးယူဆိုတာ လိုတာပဲတဲ့။ အခုတော့ ဆေးမပေးဘဲ မီးတွေပေးနေတာ၊ အဖေ ခံနိုင်ရည်ရှိလို့ပဲ တော်သေးသည်။

“ဟင်း”

“ဟ သီရိ ဘာတွေသက်ပြင်းချနေတာလဲ၊ ထမင်းစားမယ်ဆို၊ ငါ့ကိုနည်းနည်းကူပေးဦးလေ”

“အေးပါ”

လှိုင်ဘွားတို့အိမ်က ထမင်းစားခန်းဆိုတာ သပ်သပ်မရှိပါ။ တစ်ထပ်ပျဉ်ထောင်အိမ်လေးပဲမို့ ဧည့်ခန်းက ဆက်တီစားပွဲဝိုင်းမှာပဲ ထမင်းပွဲပြင်လိုက်ကြသည်။

“နင့်အဖေကို ထမင်းစားမစောင့်တော့ဘူးလား လှိုင်ဘွား”

“အဖေက နိုက်ဆင်းရှိရင် ရွာတင်မှာပဲ စားလာတာဟ၊ မရှိရင်လည်း ဘော်ဒါတွေနဲ့ ဆိုင်တစ်ဆိုင်ဝင်သေးတာဆိုတော့ နောက်ကျတတ်တယ်၊





ဘယ်မှမဝင်လို့ အိမ်ကိုရောက်လာရင်လည်း ခွက်ပုန်းထည့်သေးတာ”

“နင့်အဖေလည်း တစ်မျိုးပဲနော်၊ ဒါပေမဲ့ နင့်ကိုတော့ စိတ်ဆင်းရဲအောင် မလုပ်ဘူး”

“အေးပေါ့ဟာ ငါတို့သားအဖနှစ်ယောက်ဘဝကတော့ သိပ်အပူအပင်မရှိပါဘူး၊ ရတာလေးနဲ့ရောင့်ရဲနေတော့လည်း စိတ်ချမ်းသာရတာပေါ့၊ ဒါပေမဲ့ ငါ ဒီအတိုင်းကြီးတော့ တစ်သက်လုံးနေမသွားချင်ဘူး”

“ဒီလို မနေချင်တော့ နင်က ဘာလုပ်မလို့လဲ”

“ဘာလုပ်ရမှန်းမသိလို့ပေါ့ဟာ၊ လုပ်ငန်းလုပ်တယ်ဆိုလည်း ငွေအများကြီးရင်းနှီးမြှုပ်နှံနိုင်မှလေ၊ ငါ မျှော်လင့်ထားတာတော့ အကြီးကြီးတွေချည်းပဲ၊ ဖြစ်လာအောင်မလုပ်နိုင်တာပဲဆိုးတာ”

“နင် မင်းသားလုပ်ပါလား၊ ရုပ်လည်းချောတယ်၊ နင့်အဖေရဲ့မျိုးရိုးဗီဇလည်းရှိတယ်”

“ဟား ဟား”

ထမင်းပန်းကန် မနိုက်သေးဘဲ လှိုင်ဘွား ရယ်ချလိုက်တော့ သီရိအံ့အားသင့်သွားသည်။

“ဟဲ့ နင်က ဘာရယ်တာလဲ”

“နင်ပဲ မင်းသားလုပ်ဆို”

“အေးလေ နင်ငယ်ငယ်တည်းက နင့်အဖေ ရွာတင်တွေဆို လိုက်သိုက်သွားတယ်မဟုတ်လား၊ ဒီလောကနဲ့ စိမ်းတာမှမဟုတ်တာ၊ မြန်မာနိုင်ငံမှာတော့ ရုပ်ရှင်မင်းသားတွေလောက် ဝင်ငွေကောင်းတဲ့သူ ဘယ်သူမှမရှိဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မင်းသားဆိုတာရော ဖြစ်ချင်တိုင်းဖြစ်လို့လားဟာ၊ ကံတွေ စန်းတွေ နောက်ခံအင်အားတွေပြည့်စုံနေမှ အောင်မြင်တဲ့မင်းသားတစ်လက်ဖြစ်တာ၊ အဖေလိုဆိုရင် ဘယ်လိုလုပ်မလဲ၊ ငယ်ငယ်က အဖေလည်း ချောတာပဲ၊ အစတုန်းကဆိုရင် စက်အဖွဲ့ထဲမှာ မီးထိုးမှန်ထိုးနဲ့တောင် နေရာမရဘူး၊ သူတို့ရုပ်ရှင်အဖွဲ့တွေ ဟိုပြောင်းဒီပြောင်း ပြောင်းရင် ပစ္စည်းထမ်းပေး၊ ပစ္စည်းသိမ်းပေး၊ ဒါရိုက်တာကို ဖားယားပြီး နှိပ်နယ်ပေး၊ ခိုင်းတာလုပ်၊ အဲဒီလိုနေရာမှာ ဆယ်နှစ်လောက်တောင် နေခဲ့ရတာတဲ့၊ နောက်မှ မင်းသားရဲ့သူငယ်ချင်းနေရာကလုပ်လိုက် အထိုးအကြိတ်ခံနေရာကလုပ်လိုက်၊ ဖြတ်လျှောက်နေရာပါလိုက်နဲ့၊ အခု အသက်ကြီးမှ လူကြီးခန်းလေး နည်းနည်းပါးပါး ပါရသေးတာရှိသေးတယ်"

"နင့်အဖေက သရုပ်ဆောင်ပညာတော်ရဲ့သားနဲ့နော်၊ သူပါရတဲ့အခန်းတွေဆို အိုက်တင်အရမ်းကောင်းတာ"

"အေး ဒီလောကမှာက တော်တိုင်းတတ်တိုင်း နေရာရတာမဟုတ်ဘူး၊ အကာပ်ကောင်းလည်း စေတနာမေတ္တာနဲ့ မြေတောင်မြှောက်ပေးတဲ့သူရှိဦးမှ၊ ကိုယ်တင်လို့ဖြစ်သွားရင် ခြေစုံကန်စော်ကားသွားမှာပဲဆိုပြီး မနာလိုစိတ်တွေနဲ့ အပေါ်ယံပဲ ဆက်ဆံနေကြတဲ့သူကများတယ်၊ ငွေကြေးလည်းစိုက်ထုတ်နိုင် ကြိုးစားမှုလည်းရှိ၊ ပေါင်းသင်းဆက်ဆံရေးလည်းကောင်းနေရာရမှာ၊ ငါလို ဘာမှမရှိတဲ့ကောင်ကတော့ မြောင်းထဲပဲရောက်မှာ၊ ငါကတော့ အဖေ့ကိုကြည့်ပြီး ဒီလောကကို စိတ်ကုန်လွန်းလို့ဟာ"

"နင်ကလည်းဟယ် စစ်မရောက်ခင်က မြားကုန်နေပြန်ပြီ ကြိုးစားဖြင့်မကြည့်ရသေးဘဲနဲ့၊ စပွန်ဆာလေးဘာလေးရှာပါလားဟဲ့၊ မင်းသားဖြစ်အောင်"

"တော်ပါဟာ ကဲ စကားများမနေနဲ့၊ စားမှာသာစား၊ ရှော့ဝက်သားပေါင်သား ကြိုက်တယ်မဟုတ်လား၊ အဆီအခေါက်လေးနဲ့"

လှိုင်ဘွားက သီရိပန်းကန်ထဲ ဟင်းတွေထည့်ပေးသည်။ သီရိလည်း အိမ်မှာဟင်းကောင်းငတ်နေတာ ကြာပြီမို့ အားမနာတမ်း ဆွဲလိုက်၏။

"နင် တကယ် ဟင်းချက်လက်ရာကောင်းတယ် သီလား လှိုင်ဘွား၊ နင် မိန်းမရရင် အဲဒီလို ချက်ကျွေးမှာလား"

"ချက်ကျွေးမှာပေါ့၊ ငါချစ်တဲ့မိန်းမကိုရရင် သူ့အလုပ်ကိုယ့်အလုပ်ခွဲခြားဘဲ အေးအေးချမ်းချမ်း ကြင်ကြင်နာနာလေး နေသွားမှာ"

"နင်က ယောကျ်ားကောင်းပါပဲဟယ်၊ နင်ရတဲ့မိန်းမတော့ ကံကောင်းမှာပဲ၊ နင် ဘယ်လိုမိန်းမမျိုးယူမှာလဲဟင်"

"အင်း ဘယ်လိုပြောရမလဲ"

ထမင်းလုပ်ကို ပါးစပ်ထဲခွံ့ရင်း လှိုင်ဘွား စဉ်းစားခန်းဝင်သွား၏။ ပြီးမှ ရေတစ်ဖန်ခွက်နှင့် မျောချပြီး

"ငါ ဘယ်လိုမိန်းမမျိုး လိုချင်လဲဆိုတာ မစဉ်းစားရသေးဘူးဟ၊ အခု ငါ့စိတ်ထဲဖြစ်နေတာက ဒီလိုမပြည့်စုံတဲ့ဘဝနဲ့တော့ အဆုံးမသတ်ချင်ဘူး၊ အနည်းဆုံး တိုက်နဲ့ကားနဲ့ နေချင်တယ်၊ ပြီးမှ ငါချစ်တဲ့မိန်းမ ငါချစ်တဲ့မိသားစုနဲ့ အေးအေးချမ်းချမ်းလေးပေါ့၊ အရာရာ ပြည့်စုံနေမှ မိသားစုဘဝဆိုတာလည်း စိတ်ချမ်းသာစရာကောင်းတာလေ"

"အဲဒါတော့လည်း ဟုတ်တယ်၊ ပြည့်စုံမှုမရှိရင် မိသားစုဆိုတာသည်း စည်းလုံးမှု စည်းရုံးမှုမရှိတော့ဘူး၊ အဲဒါတွေ မရှိတော့ နွေးထွေးမှု







www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း မရှိတော့ဘူးပေါ့ဟာ၊ မိသားစုဆိုတာ ဘာလဲလို့မေးရတော့ မလိုတောင် ဖြစ်နေပြီ''

''ဒါကြောင့် ငါ ချမ်းသာချင်တာဆိုတာထက် အဖေဆိုရင် အခု အသက်ကြီးနေပြီ၊ နောက်ကျန်းမာရေးကောင်းလို့နေရရင်တောင် ရာယ်နှစ် ဆယ့်ငါးနှစ်ပေါ့၊ ဒါပေမဲ့ အခုချိန်ထိ ဘဝမှာ ပြည့်စုံတယ်ဆိုတာ မရှိဘူး၊ ဝါသနာတစ်ခုအပေါ်မှာပဲ တွယ်တာပြီး ဘဝကို အနစ်မွန်းခံလာခဲ့တယ်၊ မသေခင်အချိန်လေးမှာ လှူဖို့တန်းဖို့၊ ကျန်းမာရေးအတွက်နဲ့ စုဖို့ဆောင်းဖို့ ဘာရည်ရွယ်ချက် ရည်မှန်းချက်မှမရှိဘူး၊ အရင်ကလူကြီးတွေပြောခဲ့သလို၊ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာ၊ အဲဒီအသိတွေ သတိလက်လွတ်ဖြစ်နေတာမျိုး ငါတော့ မဖြစ်ချင်ဘူး''

''အေးပေါ့ နင့်စကားတွေလည်း နားထောင်လို့ကောင်းတယ်၊ ထမင်းလည်း စားလို့ကောင်းတယ်၊ နောက်လည်း ငါလာစားမယ်နော် လှိုင်ဘွား''

ထမင်းစားခြင်းကို လက်စသတ်ပြီး သီရိ ထမင်းပန်းကန်တွေ ထဆေး၏။ လှိုင်ဘွားလည်း ထမင်းစားလို့ပြီးပြီမို့ ပန်းကန်တွေသိမ်းလိုက်သည်။

''လာစားပါဟာ၊ တစ်ယောက်စာနှစ်ယောက်စာတော့ ဒုက္ခခံပြီး ပိုမချက်ရပါဘူး၊ တစ်ခါတလေ ငါက အဖေ စားစေချင်လို့ ချက်ထားပေမယ့် အဖေက ရုံးတင်မှာ စားလာခဲ့တာ အပြင်မှာ စားလာခဲ့တာနဲ့၊ ဟင်းတွေက ပိုပြီး မနက်ကျမှ ငါထမင်းချိုင့်ထည့်သွားရတယ်၊ အဲဒါကြောင့် တစ်ခါတလေ





တော့လည်း ဘာမှမချက်ဖြစ်ဘူး၊ ဒီနေ့ နင်ကံကောင်းသွားတာ''

''အေးပါဟယ် နင့်အိမ်လာမှပဲ ငါက ကံကောင်းတော့တာ၊ အိမ်မှာတော့ ငရဲကျနေတာပဲ၊ အမြဲတမ်း နားပူနေတာ၊ မနက်ဆို အဖေနဲ့ငါ အလုပ်သွားတာ ထမင်းချိုင့်ထဲ ဟင်းပါချင်မှပါတာ၊ ပဲပြုတ်နဲ့ကြက်ဥဘဲဥနဲ့ တစ်ခါတလေ ကန်စွန်းရွက်ကြော်၊ ပဲပြားချက်၊ အပ်ရတဲ့ပိုက်ဆံနဲ့ မတန်ပါဘူး၊ အမေသာဆို အဲဒီလိုလုပ်မှာမဟုတ်ဘူးလို့ တွေးမိတယ်''

''အေးပေါ့ဟ ဘယ်လုပ်ပါ့မလဲ၊ သူ မစားရရင်နေပစေ နင်တို့ကို ကောင်းတာလေးတွေ ချက်ကျွေးမှာပေါ့၊ ဒါပေမဲ့လည်း ကံတရားလို့သာ သဘောထားလိုက်ပါတော့ဟာ၊ နင့်အဖေက ဒီမိန်းမကို ပြတ်မှာမှမဟုတ်တာ''

''ငါလည်း ဘယ်လိုရုန်းထွက်ရမှန်း မသိတော့ပါဘူးဟယ်''

''ယောကျာ်းယူလိုက်ပေါ့''

''ရည်းစားတောင် မူးလို့ ရှူစရာမရှိတာ ဘယ်ယောကျာ်း သွားယူရမှာလဲ''

''ရှာပေါ့''

''ငါတော့ အစွမ်းအစမရှိဘူး၊ နင် ရှာပေးရင်ပေးမှပဲ''

''မထူးပါဘူးဟာ၊ ငါ့ကိုပဲ ယူလိုက်ပါတော့''

''ကောင်စုတ်''

ရင်ခုန်သံနွေးနွေးလေးဖြင့် ရက်စနိုးလေးဖြစ်သွားခဲ့တာ မရိုးသားသည့်စိတ်ကြောင့်လား မသိပါ။ ငယ်စဉ်တည်းက သူငယ်ချင်းတွေဆိုသည့် အသိစိတ်ကြောင့် ဟိုလို ဒီလို မရိုးမသားတွေ မဖြစ်ခဲ့ကြဘူးဆိုသော်လည်း



www.burmeseclassic.com

အရွယ်လေးတွေရောက်လာတော့ စိတ်ကလေးတွေက ယိမ်းယိုင်ချင်လာသည်လို့ပဲ ပြောရမလားမသိ။

ခဏခဏတွေ့ကာ စကားပြောချင်သည့်ဆန္ဒလေးတွေကြောင့် ခဏခဏလည်းတွေ့ဖြစ်ကြသည်။ အရင်းနှီးဆုံးဆိုလို့လည်း ဒီနှစ်ယောက်သာ။ ပန်းကန်တွေဆေးကြောသိမ်းဆည်းပြီးသောအခါ လှိုင်ဘွားက သီရိခေါင်းလေးကိုလှမ်းပုတ်ပြီး

"ထမင်းစားပြီး အချိုတည်းဦးမလား၊ ကိတ်တို့ အသီးအနှံတို့တော့ မရှိဘူး၊ ထန်းလျက်ခဲရှိတယ်၊ ထမင်းစားပြီးရင် အဖေစားတတ်လို့ ဝယ်ထားတာ"

"မစားတော့ပါဘူးဟယ်၊ ဒီမှာ ထမင်းစားကောင်းကောင်းနဲ့ စားတာ ဗိုက်တင်းသွားပြီ"

"အဖေနဲ့တွေ့အောင်ရော စောင့်ဦးမလား"

"မတွေ့တော့ပါဘူး၊ နင့်အဖေက မိုးချုပ်ချင်ချုပ်နေမှာ၊ နားရက်မှ သပ်သပ်လာလည်မယ်လေ"

"အေး အဖေကလည်း တွေ့ချင်နေတာ လာခဲ့ဦးလေ၊ အခု နင့်ကို အိမ်ပြန်လိုက်ပို့ရဦးမလား၊ ငါလည်း အိမ်မှာအားနေတာ"

"နင်ကလည်း ငါ့ကို ဖွတ်ပြန်စေချင်နေတော့တာပဲ"

"မဟုတ်ပါဘူးဟ၊ ထမင်းစားချင်လို့ နင်ပြန်ချင်ပြီလားလို့ပါ"

"အိမ်ကိုတော့ တစ်သက်လုံးကို မပြန်ချင်တာ၊ အခုချိန်ပြန်ရင် မိထွေးက အဖေနဲ့အရက်ဝိုင်းထိုင်ပြီး ပိုပြီးတော့တောင် ရစ်ဦးမယ်"

"နင့်မိထွေးအဲဒီလို သောက်တတ်တာတော့ ဆိုးတယ်ဟာ၊ ခေတ်





မီအောင် စတိုင်လုပ်နေတာလား"

"အရင်တုန်းကတော့ စတိုင်ပေါ့၊ အခုတော့ ကိုရီးယားယဉ်ကျေးမှုကို အတုခိုးတာလေ၊ ကိုရီးယားမှာ အမျိုးသမီးတွေ အရက်သောက်လို့ ကျန်းမာရေးကောင်းတာ အသားအရေလှတာဆိုပဲ မဟုတ်တာတော့ တို့မြန်မာတွေက အတုခိုးပြန်သလား မမေးနဲ့"

"ဟုတ်တယ် လင်ငယ်မယားငယ်နေတာ အရင်က ထင်ထင်ပေါ်ပေါ် မဟုတ်ပေမယ့် အခုတော့ ကိုရီးယားတွေကြည့်ပြီး အတိအလင်း ခေါ်တင်ကိုဖြစ်နေကြတော့တာပဲ၊ သူတို့ဆီက ရှန်းကန်မှုတွေ အရှက်တရားတွေ၊ အလုပ်မရှိတဲ့သူတွေရဲ့သိမ်ငယ်မှုတွေကျတော့ အတုမခိုးကြဘူး၊ ကိုရီးယားကားမှာလည်း ကြည့်တတ်ရင် အတုခိုးစရာကောင်းတဲ့အရာတွေ အများကြီးပါ"

"နင်က ကိုရီးယားကား ကြည့်တယ်ပေါ့"

"ငါက အဖေ့ကိုကြည့်ပြီး အဲဒီလောကကို စိတ်သာကုန်တာ၊ နင်ပြောသလို အဖေ ဗီဇသွေးတော့ပါတယ် ထင်တယ်၊ ရုပ်ရှင်ဗီဒီယိုကြည့်ရင် စိတ်ကိုနှစ်ကြည့်ချင်တယ်၊ မင်းသားတွေ အိုက်တင်မကောင်းရင် ငါသာဆို ဘယ်လိုလုပ်လိုက်မှာဆိုတဲ့စိတ်မျိုး ဝင်တယ်၊ ဘယ်လိုဇာတ်အိမ် ဘယ်လိုဇာတ်လမ်းမျိုးမှာ ဘယ်လိုသရုပ်ဆောင်လိုက်ရင် ပေါက်နိုင်တယ်၊ ဒါရိုက်တာတွေရဲ့ ပေါ့လျော့မှု ဇာတ်ညွှန်းရဲ့လိုအပ်မှုတွေကအစ ငါလေ့လာတယ်၊ တကယ် လက်တွေ့လုပ်ပြပါဆိုရင်လည်း ငါလုပ်ပြနိုင်လောက်တယ်ထင်တယ်"

လှိုင်ဘွား အလေးအနက်ပြောနေခြင်းအတွက် သီရိ ယုံကြည်သွား

www.burmeseclassic.com



မိသည်။ လှိုင်ဘွား ပခုံးလေးကို ပုတ်လိုက်ပြီး

"အေး နင်လုပ်ရင် ဖြစ်မှာပါ လှိုင်ဘွား။ အခုအတိုင်းက မဖြစ်နိုင်ဘူးဆိုပေမယ့် အခွင့်အရေးပေးလာခဲ့ရင်တော့ လက်လွှတ်မခံနဲ့ သိလား ဖြစ်ချင်စိတ်တစ်ခုပဲရှိဖို့လိုတာပါ၊ တစ်ချိန်ချိန်ကျရင် မဖြစ်ဘူးလို့ပြောနိုင်မလား"

"အဟား ယုံကြည်တယ်ပေါ့လေ"

"ငါကတော့ နင့်ကို ဘာမဆို ယုံကြည်တယ်"

"ငါကတော့ အဖေ့ကိုကြည့်ပြီး စိတ်ကုန်တယ်၊ ဘာအကျိုးအမြတ် ခံစားခွင့်မှ မရှိဘဲ ဒီလောကကြီးထဲမှာ နစ်မျောပျော်ဝင်နေတာကိုပေါ့၊ အဖေက ဝါသနာတင်မဟုတ်ဘူး။ ဒီလောကသားတွေကိုပါ သားသမီးလို ခင်တွယ်နေတာ၊ ငါ့အတွက်သာ ရှုတင်ကနေ ဟိုဟာဒီဟာ ပါမလာတာ၊ သူ့လူတွေအတွက်တော့ ငွေရော စားစရာရော ပေးပစ်ခဲ့ လှူပစ်ခဲ့ရမှာ လက်မတွန့်ဘူး မနှမြောဘူး။ အဲဒီလောကက ကောင်းကျိုးတွေ အဖေ့ကို မသေခင်ခံစားသွားစေချင်ပါသေးတယ်ဟာ"

"နင့်အဖေကတော့ အိုဟာဟောင်း ဒိတ်အောက်နေပြီ၊ ဘယ်လိုမျှော်မှန်းလို့လည်း မရတော့ဘူး။ ကံတရားက မျက်နှာသာပေးလို့ နင့်အလှည့်ဆိုတာမျိုးရှိလာရင်သာ နင့်အဖေကို ခေါင်းပေါ်ရွက်ထားပေတော့"

"အေးပါ နင့်အားပေးစကားတွေက ဒီအချိန်မှာ ဘာမှမဖြစ်နိုင်တော့ ငါရယ်ပဲရယ်ချင်နေတယ်"

"ကောင်စုတ် ငါက အကောင်းပြောနေတာကို၊ ငါ့ကိုပြန်လိုက်နှိုးတော့"

"အိုကေ"





နှစ်ယောက်သားအိမ်ရှေ့လမ်းမပေါ်ရောက်လာခဲ့သည်။ မညီညာသော လမ်းလေးပေါ် အတူယှဉ်တွဲကာ ခဏခဏ လျှောက်ဖူးသော်လည်း ရင်ခုန်သံတွေအတွက် အချိန်မပေးနိုင်ခဲ့ကြသေးပေ။

လက်ကလေးလွှဲကာ လျှောက်တတ်သော သီရိရဲ့လက်ကလေးကို တစ်နေ့နေ့မှာ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်နိုင်ဖို့ သီရိကို သူ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''သီရိ လာသွားတာလား သား''

''ဟုတ်ကဲ့ အဖေ၊ အခုပဲ သီရိကို လိုက်ပို့ပြီး ပြန်လာတာ''

သီရိကို လိုက်ပို့ပြီးအပြန်မှာ အဖေနှင့်အိမ်ရှေ့မှာ ဆုံတာမို့ အဖေက မေးလိုက်ခြင်းဖြစ်သည်။ အဖေ ဒီနေ့ အရက်မူးမလာသလို မျက်နှာလည်း မကောင်းပေ။ အိမ်ထဲကို အတူဝင်ခဲ့ကြပြီး အဖေက ဆက်တီခုံမှာ ခြေပစ် လက်ပစ် ဝင်ထိုင်၏။

''အဖေ အဖေ ဘာဖြစ်လာတာလဲ၊ နေမကောင်းဘူးလား''

''အင်း မကောင်းဘူးပဲ ပြောရမလား၊ ကောင်းတယ်ပဲ ပြောရမလား သွေးနည်းနည်းတိုးနေတယ် ထင်တယ် သားရဲ့၊ နေ့လယ်က ခေါင်းတွေ လို့ အိုက်တင်တွေတောင် မှားတယ်''

''ရှုတင်မှာ ပြဿနာဖြစ်လာသေးလား အဖေ''

အဖေမျက်နှာမကောင်းလွန်းတာမို့ မေးလိုက်မိခြင်းဖြစ်သည်။ တော





ရှုံတန်ရုံနှင့် အဖေက မျက်နှာပျက်တတ်သူမျိုး မဟုတ်ပါ။ အဖေငြိမ်သက်နေတော့ ပို၍ စိတ်မကောင်းဖြစ်ရသည်။

''အဖေ ဘယ်သူနဲ့ ဘာဖြစ်လာလို့လဲ၊ သားကိုပြောပြပါ''

''မင်းသမီး သူဌေးမနဲ့ ပြဿနာတက်လာလို့ပါ သားရယ်''

''မင်းသမီးသူဌေးဆိုတော့''

''အရမ်းကိုအောင်မြင်နေတဲ့ မေ့မှူးမာန်လေ၊ သူက ဒီဇာတ်ကားကို သူ့ဘာသာထုတ်ရိုက်တာ၊ သူက ထုတ်လုပ်ရေးတိုက်ထောင်ထားတော့ ဒီဇိုင်းရော ရုပ်ရှင်ရော တော်တော်ရိုက်တယ်၊ သူ့ဘာသာထုတ်ရိုက်မှ မင်းသမီးက စည်းကမ်းရှိလိုက်တာ အချိန်တိကျလိုက်တာ မပြောပါနဲ့တော့သားရယ်၊ သူများကားတွေလိုက်ရိုက်ပေးတဲ့အချိန်တုန်းကတော့ ဟိုရှုတင်ကူးလိုက် ဒီရှုတင်ကူးလိုက် သူ့ကိုပဲ တစ်ဖွဲ့လုံးကစောင့်ရိုက်နေရတာ၊ အဲဒီတုန်းက မျက်နှာက သူ့ကိုခေါ်မရိုက်တော့မှာစိုးလို့ ချိုမြပြုံးဖြီးနေတာပဲ၊ အခုကျတော့ တင်းသန်လိုက်တဲ့မျက်နှာ၊ တစ်ဖွဲ့လုံး သူကျွေးမှစားရမယ့်ပုံစံမျိုးနဲ့''

''အဲဒီလိုဖြစ်နေလည်း ဘာလို့ သူနဲ့ဆက်လုပ်နေသေးလဲ အဖေရယ်၊ ဒီကားမရိုက်နိုင်တော့ဘူးဆိုပြီး ပြန်လာခဲ့ပါလား''

''သူနဲ့အလုပ်တွဲလုပ်ရမှာ ဒီတစ်ကားတည်းမှ မဟုတ်တာ သားရယ်၊ ရှေ့ဆက်ပြီး သူ့တိုက်နဲ့အဖေတို့ကားတွေ ဆက်ရိုက်ရဦးမှာ၊ စကားတွေ ပြောထားပြီးပြီ''

''ဒီလိုလူမျိုးနဲ့များ အလုပ်လုပ်ချင်သေးတယ် အဖေရယ်၊ တခြားသဘောကောင်းတဲ့ထုတ်လုပ်ရေးတိုက်တွေ အများကြီးပါ''

''များတယ်ဆိုတာလည်း လက်ချိုးရေလို့ရပါတယ် သားရယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလက်ချိုးရေရလို့ရတဲ့တိုက်တွေကလည်း အဖေတို့ကို ခေါ်သုံးဦးမှကိုး။ အဖေတို့က ကားတိုင်းမှာဝင်ဆံ့တော့တဲ့အရွယ်မဟုတ်တော့ဘူး၊ ခေါ်သုံးမယ့်သူရှိပါစေပဲ ဆုတောင်းနေရတာ၊ အဲဒါကြောင့် ဒါရိုက်တာဇာတ်ညွှန်းရေးဆရာကို ကပ်ရ ဖားရ၊ ရှုတင်မန်နေဂျာကို အပို့အခံပေးလေးနဲ့ စည်းရုံးရ၊ ကားတစ်ကားရိုက်လို့ ကိုယ်ပါရတယ်ဆိုရင် ဘယ်လောက်တောင် အပေါင်းအသင်းတွေကြားမှာ ဂုဏ်ယူရလဲ၊ ကားမရိုက်ရလို့ သုံးဆယ့်ငါးလမ်း လက်ဖက်ရည်ဆိုင်မှာငေါင်ပြီး ထိုင်နေကြတဲ့ဘဝတူ ဘော်ဒါတွေကို လက်ဖက်ရည်တိုက် ဆေးလိပ်လေးတိုက်ပြီး ဆရာအခေါ်ခံရတာကိုက အရသာ သားရဲ့”

“သြော် အဖေရယ် ဒုက္ခပဲ၊ ဒါနဲ့ မင်းသမီးနဲ့က ဘယ်လိုပြဿနာဖြစ်ခဲ့တာလဲ”

အဖေ ငိုင်ကျသွားပြီး ပါးကိုပွတ်၏။ အခုမှ အဖေ့ပါးကို သေချာကြည့်မိသည်။ အနည်းငယ်နီရဲကာ ယောင်နေသလို ထင်ရ၏။

“အဖေ့ပါးက”

“အဖေက မင်းသမီးရဲ့ပထွေးနေရာက သရုပ်ဆောင်ရတယ်၊ သူ့အမေမရှိတုန်း သူ့ကိုပြီတီတီ ရိတိတိလုပ်တော့ ပါးရိုက်ခံရတာပေါ့၊ အဲဒါ အဖေက သွေးနည်းနည်းတိုးပြီး ခေါင်းမူးနေတော့ သူရိုက်တာကို မရှောင်ဘဲ အရိုက်ခံရတာ၊ အဲဒါက ရီဟာဇယ်ပဲရှိသေးတော့ အဲဒီအိုင်ဒီယာကြိုက်တယ်ဆိုပြီး ထပ်ရိုက်တယ်၊ ဒီတစ်ခါကျတော့ အဖေက လုပ်နေကျအတိုင်း ထိချင်ဟန်ဆောင်ပြီး ရှောင်လိုက်တယ်၊ မင်းသမီးက အဲဒီလိုမကြိုက်ဘူး ခုနက တကယ်အရိုက်ခံလိုက်မှ ပီပြင်မှာထပ်လုပ်ဆိုတော့ အဖေ သုံးခါလောက်ထိပြီး မဟန်နိုင်တော့တာ”





“ထုံးစံမရှိတာ အဖေရယ်၊ ဒီလိုပဲ ဇာတ်ဝင်ခန်းထဲမှာ တကယ်မထိဘဲ ထိချင်ဟန်ဆောင်ပြီး ပီပီပြင်ပြင်ရိုက်နေကြတာပဲ”

“အဲဒါကို ဒါရိုက်တာရော စက်အဖွဲ့သားတွေကရော အဖေ့ဘက်က ဝိုင်းပြောပေးကြပါသေးတယ်၊ သိပ်လည်းနေမကောင်းပါဘူး ပုံမှန်အတိုင်းပဲလုပ်ပါပေါ့၊ မင်းသမီးက မဟုတ်ဘူး သူပိုက်ဆံထုတ်ရိုက်တဲ့ကားမို့ ပရိသတ်ကို အပီအပြင်ပေးဆပ်ချင်တယ်၊ ပရိသတ်ကျွေးတဲ့ထမင်းကိုစားနေတာမို့ ပရိသတ်ကို လိမ်ညာဟန်ဆောင်တာမျိုး မလုပ်ချင်ဘူးတဲ့”

“သူ့ပဲပြောတတ်တယ်၊ သူ့ကိုတကယ်ရိုက်ရတဲ့အခန်းပါရင် ပရိသတ်ကို ပေးဆပ်တဲ့အနေနဲ့ တကယ်အရိုက်ခံမလား မေးကြည့်ပါလား”

“သားရယ် သူငွေထုတ်ရိုက်တဲ့ကားမို့ ပါဝါတွေပြနေတာပါ၊ တခြားထုတ်လုပ်သူတွေက ငွေပေးရိုက်တဲ့ကားတွေ သူဘာလုပ်သွားလဲ သားလည်းသိမှာပေါ့၊ အောင်မြင်နေတဲ့သူဆိုတော့လည်း ဘာလုပ်လုပ် စန်းထနေတာပဲလေ၊ သူတို့ဘာလုပ်လုပ် ကောင်းနေတာပဲပေါ့”

“သူတို့ခေတ်မို့ သူတို့လုပ်ချင်တာလုပ် လွှတ်ထားလို့တော့ မဖြစ်ဘူး အဖေ၊ အဖေလည်း ရုပ်ရှင်ခေတ်တည်းက လုပ်လာတဲ့သရုပ်ဆောင်တစ်ယောက်ပဲ၊ အခုမှ သူတို့က စန်းထပြီး အောင်မြင်နေတာ”

“ပရိသတ်က ဘာသိမှာလဲ သား၊ ပရိသတ်အတွက် ပေးဆပ်ဖို့ သူတို့ကြိုးစားနေတယ်၊ ပရိသတ်ကြီးကို ဘယ်လောက်ချစ်ပါတယ်လို့ သူတို့ပြောလိုက်ရင် ပရိသတ်တွေက အဟုတ်ထင်နေကြတာလေ၊ သူတို့ပရိသတ်အတွက် ပေးဆပ်ချင်တယ်ဆိုပြီး ထုတ်လုပ်သူတွေ တွက်ခြေကိုက်အောင် ပိုက်ဆံမယူဘဲ အလကားရိုက်ပေးတဲ့ကားရှိလို့လား၊ ထုတ်လုပ်သူတွေဆီက



www.burmeseclassic.com

www.burmeseclassic.com



အရင်အကြွေးမရမှာစိုးလို့ အရှုံးခံ၊ အရင်းအတိုင်းရမယ့်ကားကို အရင်းအတိုင်းရိုက်ပြီး အနစ်နာခံနေကြရတာ၊ မင်းသား မင်းသမီးကဈေးမလျှော့တဲ့အပြင် ရိုက်ချင်ရိုက် မရိုက်ချင်နေ ခပ်တင်းတင်းပဲ၊ ပြောလိုက်ရင်တော့ ပရိသတ်အတွက် ပရိသတ်အတွက်နဲ့ အကြီးကြီးတွေချည်းပဲ၊ ထမင်းကျွေးနေတဲ့ ကျေးဇူးရှင်တွေဆိုတာက ပါသေးတယ်၊ တကယ်တမ်း သူတို့ပထမဦးဆုံး ကျေးဇူးတင်ရမှာက သူတို့ကိုခေါ်ရိုက်တဲ့ ထုတ်လုပ်သူသူဌေးတွေ၊ အဲဒီ ထုတ်လုပ်သူသူဌေးတွေသာ မရိုက်ရင် သူတို့ကို ဘယ်ပရိသတ်က ကြည့်မှာလဲ၊ သူတို့ဘယ်လောက်တော်တော် ရိုက်မယ့်သူရှိမှ ဖြစ်တာ''

အဖေ့ရဲ့ပေါက်ကွဲမှုတွေအပေါ် သူလည်း ထောက်ခံမိသလို ခေါင်းညိတ်လိုက်ကာ

''အဲဒါကတော့ ဟုတ်တယ် အဖေ၊ သူတို့စန်းနဲ့ကံနဲ့ တိုက်ဆိုင်တဲ့အချိန်မှာ အောင်မြင်နေတယ်ဆိုတာလည်း ရိုက်တဲ့သူရှိလို့သာပေါ့၊ အဲဒါကို ထုတ်လုပ်သူ သူဌေးတွေက ငါတို့ကားကို ဖြန့်တာ အမြတ်အစွန်းရလို့လုပ်တာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီပဲ ဘာမှကျေးဇူးတင်စရာမလိုဘူး၊ ငါတို့မအောင်မြင်ရင် သူတို့တိုက်နားတောင် ကပ်လို့ရတာမဟုတ်ဘူး၊ ခေါ်သုံးတာမဟုတ်ဘူးနဲ့ အဲဒီလို မတွေးကြရင် ကောင်းမှာပဲ၊ ဒါမှလည်း အကျဘက်ရောက်နေတဲ့ ရုပ်ရှင်ဗီဒီယိုခေတ်ကြီးကို အဖတ်ဆယ်လို့ရမှာ၊ အားလုံး ညီညီနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်လုပ်ကြရင် ကောင်းတာပေါ့၊ အခုတော့ မိုးရွာတုန်းရေခံရတာဆိုပြီး သူတို့က တင်းနေတော့ ထုတ်လုပ်သူတွေလည်း ခံနိုင်ရည်ရှိမှာမဟုတ်တော့ဘူး''

''အဲဒါ အမှန်ပေါ့ သား၊ အဖေတို့အောက်က ဇာတ်ပို့ဇာတ်ခ





စဝို့တင်းတွေက ထုတ်လုပ်သူတွေပေးသလောက်ယူပြီး အနာခံနေကြပေမယ့် မင်းသား မင်းသမီးက သူတို့ဈေးကွက်နဲ့မှ ရောင်းလို့ရတာဆိုတာဆိုပြီး မာန်တင်းနေတော့ မခက်ဘူးလား၊ ဒါပေမဲ့ ဒါတွေက အဖေတို့ဝေဖန်နေလို့ ဖြစ်တဲ့ ကိစ္စတွေမဟုတ်ပါဘူး သားရယ်၊ အဖေတို့က ခိုင်းတာလုပ် ကျွေးတာစား ပေးသလောက်ယူ၊ ဒါမှ ကိုယ်ဝါသနာပါတဲ့အလုပ်ကလေး မပြတ်အောင် လုပ်ရမှာ၊ လူ့အောက်ကျို့လို့ လူပီသတယ်ဆိုတာမှ မရှိဘဲ သားရယ်''

''သားကတော့ အဲဒီ မေ့မှူးမာန်ဆိုတဲ့ မင်းသမီးကို မကျေနပ်ဘူး အဖေ၊ သူ့အဖေအရွယ်လောက်ရှိတဲ့သူကို ရိုက်တာပီပြင်ဖို့ ပါးတကယ်အရိုက်ခံရမယ်တဲ့လား၊ သူက အဲဒီအတွက်နစ်နာကြေး ဘယ်လောက်ပေးမှာမို့လဲ''

''ဒါကတော့ သားရယ်''

''ပေးခဲ့ရင်တောင် လုပ်စရာမလိုဘူး အဖေ၊ သူက ဘယ်လောက်တောင် လျှမ်းလျှမ်းတောက် အောင်မြင်နေလို့လဲ၊ အောင်မြင်နေလည်း အဲဒီလောက်မာန်တက်စရာ မလိုဘူး အဖေ၊ အဖေ အဲဒီကားဆက်မရိုက်နဲ့တော့ဗျာ''

''မရိုက်လို့ ဘယ်ရမှာလဲ သားရယ်၊ မင်းသမီးရဲ့ပထွေးလုပ်ရတာ အဓိကနေရာက ပါရတာပဲ၊ အဖေ ပီပြင်အောင် သရုပ်ဆောင်နိုင်ရင် နောက်ကားတွေလည်း ခေါ်သုံးမှာ သားရဲ့၊ ဒီကားအတွက်လည်း အဖေက ပိုက်ဆံယူထားပြီးပြီ၊ ပြောမနေပါနဲ့ သားရယ်၊ ဒီလောကမှာက ဒါမျိုးတွေ ဖြစ်နေကျပါ''

''ဟင်း အဖေနဲ့ ခက်ပါတယ်''

အဖေ့ကို ဘယ်လိုမှ ပြောမရတော့ သူ စိတ်ကုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားက ဇာတ်ဝင်ခန်းထဲမှာ မှိန်ဝင်သွားလို့ အထိုးခံအကန်ခံရ ဖိုက်တင်ချရင်း ထိခိုက်ရတာနှင့် အဖေ့မှာ အနာဒဏ်ရာလည်းမကင်းပါ။

ဒါရိုက်တာက အအော်ခံရ အချင်းချင်း ဆရာလုပ်တာခံရ။ ဘာဖြစ်ဖြစ် အဖေကတော့ ပျော်နေတာပင်။ သူ အဖေအတွက် ဘာလုပ်ပေးရမလဲ။

"အဖေ သွေးတိုးနေတယ်ဆိုရင် ဆေးခန်းသွားရအောင်လေ၊ ဒီအချိန်ဖွင့်တဲ့ဆေးခန်းတွေရှိဦးမှာပါ"

"မလိုတော့ပါဘူး သားရယ်၊ အဖေ ရမ်နှစ်ပက်လောက်ပက်ခဲ့လို့ကောင်းသွားပါပြီ"

"သွေးတိုးတဲ့လူက အရက်သောက်လို့ ပြန်ကောင်းသွားတာ မကြားဖူးပါဘူး အဖေရယ်"

"တကယ်ပြောတာပါ သားရဲ့၊ အဖေ သက်သာပါတယ်"

"သက်သာတယ်ပြောမနေနဲ့ အဖေ့မျက်နှာကြီးက အရိုက်ခံရတာနဲ့ရောပြီး ယောင်အမ်းနေတာပဲ၊ မနက်ကျ ရှုတင်မသွားနိုင်ရင် မသွားနဲ့အဖေ"

"မသွားလို့တော့ မဖြစ်ပါဘူး သားရယ်၊ မင်းသား မင်းသမီးကြောင့် ရှုတင်ဖျက်ရတာ ကိစ္စမရှိပေမယ့် ကိုယ့်ကြောင့် ရှုတင်ဘရိတ်ရရင် အပြစ်ပြောလို့ဆုံးမှာမဟုတ်ဘူး"

"ဒါဆို သား မနက်ဖြန် အလုပ်ပိတ်တယ် ရှုတင်လိုက်ခဲ့မယ်အဖေ့အခန်းပြီးတာနဲ့ တန်းပြန်ပြီး ဆေးခန်းပြရအောင်"

"အင်း သားလိုက်မယ်ဆို ကောင်းတာပေါ့ကွ၊ အဖေကလည်း





အဖေ့မှာ သားအချောအလှရှိတယ်ဆိုတာ ကြွားချင်နေတာ၊ အဖေ့ဘော်ဒါတွေကလည်း သားနဲ့မတွေ့ရတာကြာလို့ တွေ့ချင်နေတာ သားရဲ့၊ အိမ်လာလည်ချင်တာတော့ ညည့်ခံရမှာ ရှုပ်တာနဲ့ မခေါ်တော့တာ"

"ကဲ အဖေလည်း နားတော့လေ၊ ပင်ပန်းလာတာမဟုတ်လား။ သားနှိပ်ပေးရဦးမလား အဖေ"

"ရတယ် ရတယ် သား၊ အနှိပ်အနင်းထက်ကောင်းတဲ့ ဆေးဝါးကို အဖေမှီဝဲလာပါတယ်၊ ဖြစ်တယ် သား၊ သားလည်း အိပ်တော့လေ"

"ဟုတ်ကဲ့ အဖေ"

အဖေ့ကို အိပ်ရာခြင်ထောင်ပြင်ဆင်ပေးပြီးမှ သူလည်း အိပ်ရာဝင်လိုက်တော့သည်။ ခေါင်းအုံးပေါ် ပက်လက်လှန်နေရင်းက ခြင်ထောင်အမိုးကိုကြည့်လိုက်တော့ နှင်းသီရိရဲ့မျက်နှာလေး ပေါ်လာသည်။

ဘဝနှင့်မလိုက်ဖက်သော မျက်နှာလေးက နုဖတ်ချောမွေ့နေ၏။ အရွယ်တင်ရင့်ကျက်လာသော အလှတရားများက ငယ်စဉ်ကနှင့်မတူတော့၊ ပြေပြစ်သွယ်လျသော မျက်နှာကျ၊ ဖူးရွှသော နှုတ်ခမ်း၊ ရှန်ပူရန့်အမြဲတမ်းသင်းနေသည့် ဆံနွယ်များက သူငယ်ချင်းဆိုသော စည်းကိုကျော်ချင်လာအောင် ဖြားယောင်းနေသည်ဟု ထင်မြင်မိလာသည်။

ဘဝခရီးလမ်းမှာ သူမလက်ကလေးကို နွေးထွေးစွာ ဆုပ်ကိုင်ပြီးလျှောက်လှမ်းဖို့ဆိုလျှင် သူ့ဘက်မှာ အရာရာပြည့်စုံဖို့က အရေးကြီးသည်။

အဲဒီလို ဖြစ်လာမယ့်တစ်နေ့မှပဲ သိရှိရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မနေ့ကကဒ် ပြန်ရိုက်မယ်"

"ဗျာ"

"မော်နီတာမှာ ပြန်ကြည့်တာ လုံးဝအဆင်မပြေဘူး၊ ကျွန်မ အဲဒီထက်ပိုပြီး မာန်ထည့်ဖို့လိုနေတယ်၊ ပထွေးက စော်ကားမယ်ကြံတာကို ကျွန်မ အဲဒီလောက်ပျော့နေရင် အလိုတူအလိုပါပုံစံလို့တောင် ပရိသတ်က ထင်သွားလိမ့်မယ်၊ ဒါရိုက်တာကြီး အဲဒီဆင်းန် ပြန်ရိုက်ပေးပါ"

"ဟုတ်ကဲ့ပါ မင်းသမီး"

ဒါရိုက်တာလည်း နောက်ကားခေါ်မသုံးမှာစိုး၍ စာဒကမတက်ရဲ၊ စက်အဖွဲ့သားတွေလည်း မီးထိုးမှန်ထိုး အသံချိန်ဖို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ အဖေ့မျက်နှာကို သူလှမ်းကြည့်လိုက်တော့ အဖေက လက်မ ထောင်ကာ ခပ်ပြုံးပြုံးပင်။

"ကိုသာအောင် အဆင်ပြေရဲ့လား"





"ပြေပါတယ် ဆရာ"

"ရယ်ဒီလား"

"ရယ်ဒီပါ ဆရာ"

"ကဲ ဆင်းနန်ပါတ် တစ်ဆယ် ရိုက်မယ်၊ အားလုံး ရယ်ဒီနော်၊ ဖိုက် ဖိုး သရီး တူး ဝမ်း အက်ရှင်"

အခန်းတစ်ခုလုံး အပ်ကျသံမကြားအောင် ငြိမ်သက်သွားသည်။ ဗီလိန်တစ်ယောက်လို သရုပ်ဆောင်နေသော အဖေ့ပုံစံကို မကြည့်ရဲ၊ အဖေ့ကို မုန်းတီးရွံရှာ စက်ဆုပ်စွာကြည့်နေသော မေ့မှူးမာန်ရဲ့မျက်လုံးများကိုလည်း သူ ရင်မဆိုင်ချင်ပေ။

"ဖြောင်း ဖြောင်း"

"အ"

"ကဒ်"

ရိုက်ချက်ပြင်းလား မပြင်းလား မေးစရာမလို၊ ဖြောင်း ဖြောင်းဆိုသည့်ပါးနှင့်လက်ဝါးထိရိုက်သံက ကျယ်လောင်လှသလို အဖေ့ဆီက အားခနဲ ညည်းညူသံတောင် ထွက်သွား၏။ ဒါရိုက်တာက ကဒ်လို့အော်လိုက်သော်လည်း မင်းသမီးက ကျေနပ်ပုံမရသေးပေ။

ရွံမုန်းနေသော မျက်လုံးများက အသက်ဝင်နေပြီး ဒါကြောင့်လည်း အကယ်ဒမီတန်းဝင် မင်းသမီးဖြစ်နေဟန်တူ၏။

"ဖြောင်း"

"ဟာ"

"မင်းသမီး ဒါဘာလုပ်တာလဲ၊ ဒီမှာ ကဒ်လို့ အော်ပြီးပြီလေ၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အဆင်ပြေတယ်"

"သူဘာလုပ်တာလဲ မေးကြည့်ဦး"

"ကျွန်တော် ဘာလုပ်လို့လဲ မင်းသမီးရယ်"

"ရှင် ကျွန်မအသားကို ထိလိုက်တာလေ၊ ရှင် ဘယ်လိုဟန်ဆောင် လုပ်ရမယ်ဆိုတာ နားမလည်ဘူးလား၊ အဲဒီလို နားမလည်ရင် ရိုက်ကွင်းကို ဘာလို့ လာနေသေးလဲ"

"ဟို ဟို ကျွန်တော့်ကို ပိုပြီး ပြင်းပြင်းထန်ထန် ရွှမ်းသွားအောင် လို့ပါ၊ မင်းသမီးက ရိုက်တာမပီပြင်ဘူး ဖြစ်နေလို့"

"အခု ရှင် ဘာမှားသွားတယ်ဆိုတာ ရှင်သိတယ်နော်၊ ကျွန်မ အခုရိုက်တာ ရှင်ကျေနပ်ရဲ့လား"

"ကျေ ကျေနပ်ပါတယ်"

အဖေက ခေါင်းလေးငုံ့လျှိုးကာ ကျေနပ်တယ်ပြောနေပေမယ့် သူ မကျေနပ်နိုင်ပေ။ ဒါကြောင့်မို့ ခြေလှမ်းတို့က မင်းသမီးအနားရောက်သွား ကာ

"ခင်ဗျား မလွန်လွန်းဘူးလား မင်းသမီး၊ မနေ့က တစ်နေကုန် အဖေ့ပါးကိုရိုက်တာ မပီပြင်လို့ သဘာဝမကျလို့ဆိုပြီး ဒီနေ့ဆက်ရိုက်တယ် ပရိသတ်ကို မစော်ကားမိအောင် သိပ်ကိုမက်ဆေ့ချ်ကောင်းကောင်းပေးချင် နေတယ်မဟုတ်လား၊ အဖေ ပီပြင်သွားတော့ ရိုက်ကွင်းနဲ့မဆိုင်ဘဲ သပ်သပ် ရိုက်တယ်၊ အဲဒါ ခင်ဗျားအဖေကို စော်ကားလိုက်တာပဲ"

"ဒါ ဘာကောင်လဲ သူ ဘယ်သူလဲ၊ မင်းဘာတွေလာပြောနေတာ လဲ"





"သား သား ကျွန်တော့်သားပါ"

"ဘာသားလဲ အားလုံး သူ့ကိုဆွဲထုတ်စမ်း၊ မင်းက ဘာနားလည် လို့ ရိုက်ကွင်းထဲ ဝင်လာတာလဲ၊ နောက်ဆို ဘယ်သူ့သားသမီးဖြစ်ဖြစ် ရိုက်ကွင်းနားတောင်မကပ်စေနဲ့"

"ခင်ဗျား မာန်တက်မနေနဲ့၊ ခင်ဗျားကိုယ်ခင်ဗျား ငါမင်းသမီးပဲ၊ ငါပရိုဂျူဆာပဲဆိုပြီး ဘဝင်မြင့်မနေနဲ့ မင်းသား မင်းသမီးဆိုတာ အချိန်အခါနဲ့ စန်းကုန်သွားရင် ဘာမှသုံးစားမရတော့ဘူး နားလည်လား"

"ဟ စကားပြောရဲတင်းလှချည်လား၊ သူ့ကိုဆွဲမထုတ်သေးဘူး လား၊ ဘာလုပ်နေကြတာလဲ၊ နောက်ကားတွေမှာ ဒီသားအောင်ဆိုတဲ့လူကို မခေါ်နဲ့၊ ဒီလူပါမယ်ဆိုရင် ဘယ်ကားမှ မရိုက်ဘူး၊ တခြားထုတ်လုပ်သူတွေကို ပါ ပြောလိုက်၊ ကြားလား မန်နေဂျာ"

"ဟုတ် ဟုတ်ကဲ့"

"သား သား လာပါကွာ"

သူ ရှူးရှူးရှားရှားဖြစ်ပြီး စိတ်တိုနေတာကို အဖေက ဆွဲခေါ်ထုတ် သည်။ တခြားသူတွေကလည်း သူ့ကိုရိုက်ကွင်းအပြင်ရောက်အောင် ဆွဲခေါ် သွားကြ၏။

"မင်းသမီးကို ဘာမှတ်လို့ သွားချိုးနေတာလဲ မသိဘူး၊ ရဲစခန်း ရောက်တာ ကံကောင်း"

"သူ့အဖေတော့ သွားပြီ၊ မင်းသမီး မှေမှူးဟန်ပါတဲ့ကားတိုင်း ရိုက်ရတော့မှာ မဟုတ်ဘူး"

"ရိုက်ကွင်းတိုင်းမှာ ဒါမျိုးတွေက ရှိနေပြီ၊ ရှေ့တိုးထိုးရကြိုဘဲ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ဆို သူတို့ကိုမသိအောင် ဟန်ဆောင်နေရတာ၊ သူတို့က ပရိသတ် အကြိုက် ပီပြင်အောင်ပေးဆပ်တော့မယ်ဆို ငါတို့က တကယ်ဖူးယောင်နေအောင် အထိုးခံရတာ၊ ခြေကျိုးလက်ကျိုး ခေါင်းပေါက်တဲ့အခါတွေတောင် ရှိတယ်''

''ဒီလောကက မနေတတ် မစားတတ်ရင် လမ်းဘေးရောက်မှာ၊ ဦးသာအောင် သနားပါတယ်''

''မင်းသမီးကိုလည်း ဒါမျိုးချိုးတဲ့သူ ရှိဦးမှပဲ၊ မင်းသမီးက အရမ်းကို မာန်တက်နေတာ၊ ဂျာနယ်မဂ္ဂဇင်း အင်တာဗျူးပြီဆိုရင်တော့ ဘယ်လို ပရဟိတလုပ်ရတာ ဝါသနာပါတယ်၊ လူတွေကို ဘယ်လိုသနားကြင်နာတတ် ပါတယ်၊ ကုသိုလ်တွေအများကြီးလုပ်တယ်၊ မွေးနေ့တိုင်း ရုပ်ရှင်အဖွဲ့သား တွေကို မိသားစုလိုဖြစ်နေလို့ အစားအသောက်တွေကျွေးပါတယ်နဲ့၊ သူ့ အကြောင်း မသိတဲ့ ပရိသတ်တွေကတော့ ယုံနေကြမှာပေါ့''

''ဘာဖြစ်ဖြစ် မင်းသမီးကို ဒီနေ့ ဦးသာအောင် သားလုပ်လိုက်တာ ငါတော့ ကျေနပ်တယ်''

''မင်းပါ လမ်းဘေးရောက်ချင်လို့လား၊ မင်းသမီးလူတွေက နေရာ အနှံ့ရှိတယ် ထမင်းငတ်သွားမယ်နော်''

တစ်ယောက်တစ်ပေါက် ပြောနေတာတွေက လိုသူတွေရော မလို သူတွေရော ရှိသည်။ ကျေနပ်သူ မကျေနပ်သူကြားမှာ အဖေကတော့ ဗျာများနေ၏။

''သားရယ် မင်းသမီးကို ဘာလို့ အဲဒီလိုတွေ သွားပေါက်ကွဲလိုက် ရတာလဲ၊ မင်းသမီးက ဒီလောက်ပြန်ပြောလိုက်ရတာကို ကျေနပ်လိုက်ပြ





ဆင်လား သား၊ ဘေးမှာ ဂျာနယ်လစ်တွေရှိနေမယ်ထင်လို့ ဒီလောက်နဲ့ အိန်းလိုက်တာ''

''သူလုပ်ချင်ရာလုပ် အဖေရာ သားမကြောက်ဘူး၊ သူ့ကိုယ်သူ ဆောလိဝုဒ်တွေ ဘောလိဝုဒ်တွေထိ ကမ္ဘာကျော်နေတဲ့မိန်းမလို့ ထင်နေလား၊ သူ ဘာကြီးဖြစ်နေနေ သား ဂရုမစိုက်ဘူး အဖေ''

''သားရယ် သားဂရုမစိုက်ပေမယ့် အဖေက ဂရုစိုက်ရမယ်လေ၊ သူ ခုနကပြောလိုက်တာ ကြားတယ်မဟုတ်လား၊ အဖေပါမယ်ဆိုရင် သူ ရိုက်တော့ဘူးတဲ့၊ အဖေကဘာမို့လို့လဲ၊ အဖေက ဈေးကွက်ရနေတဲ့ နာမည် ရှင်သားတစ်ယောက်မှမဟုတ်တာ၊ အဖေနေရာမှာ အစားထိုးလို့ရတဲ့သူတွေ ပုံနေတာပဲ၊ မင်းသမီးကိုပဲ ငှားကြမှာ၊ အဖေ့ကိုတော့ စာရင်းထဲတောင် ထည့်ကြတော့မှာမဟုတ်ဘူး''

''မရိုက်ရတော့ရော ဘာဖြစ်လဲ အဖေ၊ သားလုပ်ကျွေးနေတာပဲ အဖေ ထမင်းမငတ်ပါဘူး''

''ဒါတော့ ဒါပေါ့ သားရယ်၊ ကိုယ်ဝါသနာပါတဲ့အလုပ်ကို မလုပ် ရတော့ဘူးဆိုရင် ထမင်းငတ်တာထက်ဆိုးတယ် သား၊ အဖေတို့ဇာတ်ပို့ ဇာတ်ရံတွေဆိုတာ ဒီအလုပ်ကို ထမင်းနပ်မှန်လို့ ပိုလို့လျှံလို့ ကြီးပွားချမ်းသာ ဖို့ တွယ်ကပ်ပြီးလုပ်နေကြတာမှ မဟုတ်တာ၊ လမ်းစရိတ်ထမင်းဖိုး ကွမ်းဖိုး ဆေးလိပ်ဖိုး လက်ဖက်ရည်ဖိုး အိမ်က အကုန်ခံယူလာပြီး သုံးဆယ့်ငါးလမ်း ထဲမှာ လာထိုင်၊ ဘယ်ရှူတင်က လာခေါ်မလဲမျှော်လင့်၊ လာခေါ်မယ့်သူ မရှိတော့လည်း ညနေကျ အိမ်စရိတ်မပါဘဲနဲ့ပြန်၊ ဒီလိုပဲ ရုန်းကန်နေကြတာ ဝါသနာကြောင့်ပေါ့ သားရယ်''



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ အဖေရာ၊ အိမ်ပြန်ရအောင်၊ အဖေ သိပ်နေကောင်းတာ မဟုတ်ဘူး။ ဆေးထိုးရဦးမယ်"

"အဖေ ဘယ်ပြန်လို့ဖြစ်မှာလဲ သား။ နောက်အခန်းတွေ ဆက်ရိုက်ရဦးမယ်၊ အဖေ့ကြောင့် ရှုတင်ပျက်သွားလို့ မဖြစ်ဘူး သား"

အဖေ့ကို သူ ဘယ်လိုပြောရမှန်းမသိ။ သူသာ ဒီရှုတင်ရိုက်ကွင်းထဲမှာ လူဆိုးလူသွမ်း လူရမ်းကားကြီးဖြစ်သွားရသည်။ မေ့မှူးမာန်ဆိုသော မိန်းမကို သူ တကယ်မကျေနပ်ပါ။ သူ့ကိုယ်သူ ပရိဂျူဆာမင်းသမီးဆိုပြီး မာန်တက်နေတာ။ ဒီအခြေအနေက ဘယ်လောက်ထိ တည်မြဲမှာမို့လဲ။ ဖြစ်နိုင်လျှင် ထိုမာန်တွေကို အပိုင်းပိုင်းချိုးပစ်လိုက်ချင်သည်။

ဒါပေမဲ့ သူ့မှာ ဘာအင်အားမှမရှိပါ။

အဖေ့ကိုလည်း ခေါ်မရနှင့် ထိုင်နေ့က။

■ ■ ■



## အခန်း (၇)

"ငါ အဲဒီမိန်းမကို ဇုံးဝကို မကျေနပ်တာ၊ သတ်ပစ်ချင်လောက်အောင်ကို မုန်းတယ်ဟာ"

"နင်က ရိုက်ကွင်းသွားပြီး ဘာလိုက်လုပ်တာလဲ၊ ငါ့မှာတော့ နင်အိမ်မှာရှိမယ်မှတ်လို့ အိမ်ကိုလာနေတာ"

"အဖေ သိပ်နေမကောင်းတာနဲ့ စိတ်မချလို့လိုက်သွားတာ၊ အဖေ အခန်းပြီးရင် ရှုတင်ကပြောပြန်မလို့၊ ဆေးခန်းဝင်ရမယ်လေ၊ အဲဒါကိုပြီးသနာ ဆက်တာတောင် အဖေက ပြန်လိုက်မလာဘူး။ အဲဒီ မိန်းမအရမ်းကို လူပါးဝတယ်၊ သတ်ပစ်ချင်လောက်အောင်ကို မုန်းတယ်"

ရှုတင်မှာ ပေါက်ကွဲလို့မရသမျှ နှင်းသီရိ ရှေ့မှ မျက်နှာနီနီဖြင့် လှိုင်ဘွား ပေါက်ကွဲနေသည်။ ပြောစရာဆိုလို့လည်း တခြားသူမရှိပါ။ သီရိက နင့်သိမ့်သလို လှိုင်ဘွား ပခုံးလေးကို ပုတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“နင်နဲ့ပတ်သက်စရာအကြောင်းလည်းမရှိဘဲနဲ့ မေ့လိုက်စမ်းပါဟယ်၊ နင့်အဖေ ရှုတင်နောက်လိုက်မသွားနဲ့ပေါ့”

“ငါလိုက်ချင်လို့ လိုက်သွားတာ မဟုတ်ဘူး၊ အဖေ နေမကောင်းလို့ စိတ်မချလို့သာ လိုက်သွားတာ”

“အေးလေ နောက်လိုက်မသွားတော့ရင် ပြီးပြီပေါ့၊ နင် ဒေါသမထွက်တတ်ဘဲ ထွက်နေတော့ ငါတောင် မနေတတ်တော့ဘူး”

“မဟုတ်ပါဘူးဟာ၊ ငါ အဲဒီမိန်းမကို စိတ်တိုလို့ပါ၊ ရှုတင်တစ်ခုလုံးကို ဝုန်းပစ်လိုက်ချင်တာ၊ မနည်းစိတ်ထိန်းထားရတယ်”

“နင် မထိန်းရင် နင်မှားသွားမှာပေါ့၊ နင့်အဖေတစ်သက်လုံး လုပ်စားမရ ဖြစ်သွားမယ်၊ အခုရော ရှုတင်က နှင်မထုတ်လိုက်ဘူးလား”

“ငါ့ကိုနှင်ထုတ်တာ၊ အဖေ့ကိုနှင်ထုတ်ရင် ဆင်းနိ်တွေကို အစကပြန်ရိုက်ရလို့ ငွေတွေထပ်ကုန်မှာပေါ့၊ သေချာတယ် နောက်ကားတွေတော့ လုံးဝခေါ်သုံးတော့မှာ မဟုတ်ဘူး”

“အဲဒီလို ဖြစ်မယ်မှန်းသိရဲ့နဲ့ဟယ် နင့်အဖေ နင့်ကိုစိတ်မဆိုးဘူးလား”

“ဆိုးတော့မဆိုးပါဘူး၊ နောက်ကားတွေ မရိုက်ရရင်တော့ အဖေ စိတ်မကောင်းဖြစ်လိမ့်မယ်ထင်တယ်၊ အဖေက အနုပညာကို သားတစ်ယောက်ထက်တောင် ပိုချစ်တဲ့သူ”

“ဒါကတော့ သူ့ဝါသနာနဲ့သူပေါ့ဟယ်၊ ဒီအနုပညာကိုချစ်လွန်းလို့ ဘဝတွေအချိန်တွေကို အဆုံးရှုံးခံနေတာပေါ့၊ နင်ကပဲ နားလည်ပေးလိုက်ပါ”

“နားလည်ပေးလို့ပဲ ငါ့ကိုလူတန်းစေ့မထားနိုင်တာကို မနာကြည်





တာပေါ့ဟာ၊ တကယ်ဆို တခြားလုပ်ငန်းတစ်ခုခုနဲ့သာ ငါနဲ့အမေကို လုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့မယ်ဆိုရင် ဒီလောက်ထိ ချို့တဲ့ပါမလား၊ အမေဆိုသေတဲ့အထိ ပြည့်စုံတဲ့ဘဝနဲ့နေမသွားရရှာဘူး၊ အမေလည်း သေသာသေသွားတယ် ဒီလောကကိုမိသားစုထက် ချစ်မြတ်နိုးတဲ့အဖေ့ကို တစ်ချက်ကလေး ငြိုငြင်မသွားရှာဘူး”

“နင့်အမေကလည်း ပါရမီဖြည့်ဘက်ကောင်းပေါ့”

ဒါတော့ သူ လက်ခံသည်။ အဖေ ရှုတင်ကပြန်လာလို့ ပိုက်ဆံပါမလာလည်း အမေ မငြိုငြင်ခဲ့ပေ။ ဆီဖိုး ဆန်ဖိုးလိုလို့ အိမ်အသုံးစရိတ်၊ သာရေးနာရေးလိုလို့ ရှင်ပိုက်ဆံရအောင်ရှာခဲ့ပါလို့ အမေ တစ်ချက်ကလေးမှ မမှာခဲ့ပေ။

အဖေပါသော ဗီဒီယိုဇာတ်ကားတွေ ပိုက်ဆံပေးငှားကြည့်ပြီး တစ်ရပ်ကွက်လုံးကို ကြွားကာ ဂုဏ်ယူကျေနပ်နေခဲ့သူ။ တစ်နှစ်မှ တစ်ခါ အစည်းအရုံးက အဖွဲ့ဝင်မိသားစုတွေအတွက် ကျောင်းသုံးပစ္စည်း မဖြစ်စလောက်လေးတွေ ထောက်ပံ့ပေးတာကိုပဲ ပီတိဖြစ်နေသူ။

“ဟဲ့ လှိုင်ဘွား ဘာဖြစ်သွားတာလဲ၊ စွာနေရင်းက ငြိမ်သွားလိုက်တာ အသက်တောင် ပျောက်သွားပြီလားလို့”

“မဟုတ်ပါဘူးဟာ၊ နင့်အမေအကြောင်းပြောလိုက်တော့ သတိရသွားလို့ပါ၊ အမေလည်း တော်တော်ဒုက္ခများခဲ့တာ၊ အဖေက မိသားစုမျက်နှာတောင်မကြည့်နိုင်အောင် ချစ်မြတ်နိုးနေတယ်”

“နင်လည်း နင့်အဖေ့ကို တစ်သက်လုံးအပြစ်မတင်ခဲ့ဘဲနဲ့ အခုမှ ငြိုငြင်ချင်တဲ့စကားတွေ ပြောမနေပါနဲ့ဟာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမိန်းမကြောင့် ငါစိတ်တိုနေတာပါဟာ၊ အဖေတို့က အဲဒီလို ပေးဆပ်မှုတွေနဲ့ အနုပညာကို ချစ်မြတ်နိုးခဲ့တာ၊ သူတို့က ခေတ်ကောင်း လို့ ပေါ်ပင်လုပ်စားနေတာ၊ ပြောရရင် ပရိသတ်ကိုရော အနုပညာကိုရော ချစ်ချင်ဟန်ဆောင်နေတာ"

"ပရိသတ်က လက်ခံနေသရွေ့ သူတို့အောင်မြင်နေတာပဲလေ နင်က ဘာလို့ သူ့ကိုမနာလိုဖြစ်နေတာလဲ"

"မနာလိုစရာအကြောင်းမရှိပါဘူး၊ ဓာတ်ဝင်ခန်းနဲ့မဆိုင်တဲ့ အငြိ နဲ့ အဖေ့ကိုပါးရိုက်လိုက်တာ မကျေနပ်တာ၊ သူကျတော့ ပရိသတ် အစစ်အမှန် အပီအပြင်ပေးဆပ်ချင်လို့ဆိုပြီး အဖေ့ကိုပါးရိုက်တဲ့အခန်း အကြိမ်ကြိမ်အခါခါ ပြန်ရိုက်တယ်၊ အဖေကျတော့ သူ့ကိုကိုင်တာတွယ်တ ပီပြင်သွားလို့ ဒါရိုက်တာက ကဒ်လို့အော်ပြီးမှ သက်သက်မဲ့ ထပ်ရိုက်တယ ဘယ်လောက် လူမဆန်တဲ့မိန်းမလဲ"

"အေး နင် အဲဒီလို မပေါက်ကွဲရအောင် နောက်တစ်ခါဘယ်တေ မှ နင့်အဖေရှုတင်ကို မလိုက်သွားနဲ့တော့"

"အဖေ့ကြောင့်သာမဟုတ်ရင်တော့ အဲဒီလိုနေရာမျိုး ဘယ်တော ငါမသွားဘူး၊ စိတ်ချ၊ မင်းသား မင်းသမီးလောက်ပဲ လူလို့ထင်ကြ ကျန်တဲ့လူတွေဆို အဆင့်အတန်းခွဲ ဆက်ဆံတာ မုန်းလွန်းလို့"

"ဟဲ့ ဒါဆိုလည်း နင် မင်းသားဖြစ်အောင်လုပ်ပေါ့"

"တော်စမ်းပါ၊ စိတ်ကုန်လွန်းလို့"

လှိုင်ဘွားရဲ့ဖြစ်ပျက်သွားသော မျက်နှာကြီးကိုကြည့်ကာ ဒါ ရယ်ချင်သွားသည်။ ဒါပေမဲ့ လှိုင်ဘွား စိတ်မတိုစဘူးတိုနေတာမို့ ပြော





သလို ပြောင်သလို မရယ်ရက်ပေ။

"ကဲ နင် ဈေးတော့ဝယ်လာပြီး စိတ်တိုနေတာနဲ့ ဘာမှမချက်ရ သေးဘူးမဟုတ်လား၊ ငါ ကူချက်ပေးရမလား လှိုင်ဘွား"

"နင်က ချက်တတ်လို့လား"

"မိန်းကလေးပဲ မချက်တတ်ဘဲနေမလားဟဲ့၊ မနက် ငါ ရုံးသွားပြီ ဆို မိထွေးက ညကတည်းက ဟင်းချန်မထားရင် ငါ့ဘာသာအိမ်မှာရှိတာ ချက်ယူသွားရတာ၊ အမေရှိတုန်းကလည်း အမေ့ဆီက ငါသင်ထားပါတယ် နော်၊ ငါ့ကိုမချက်တတ်မပြုတ်တတ် မိန်းမမပီသဘူးလို့တော့ မထင်လိုက်နဲ့"

"ဟား ဟား အဲဒီလိုလည်း ငါမပြောရသေးပါလား၊ ကဲ လုပ်စမ်း ဦး၊ အမြဲတမ်း ငါ့လက်ရာပဲ စားနေတာ၊ ဒီတစ်ခါ နင့်လက်ရာ စားကြည့် အောင်"

"အဟင်း ငါ့အစွမ်းပြရသေးတာပေါ့"

မီးဖိုခန်းထဲ နှစ်ယောက်သား ဝင်လာခဲ့ကြသည်။ မိန်းကလေးမရှိ သော အိမ်ဆိုပေမယ့် အိုးခွက်ပန်းကန်လေးတွေကအစ သန့်သန့်ရှင်းရှင်း တောက်တောက်ပြောင်ပြောင် သေသေသပ်သပ်ပါ။

"ဟဲ့ နင်က ဈေးကဘာတွေဝယ်လာတာလဲ လှိုင်ဘွား"

"ငါ့ဘာသာဆို ငါးပိရည်တို့စရာနဲ့ ပြီးတယ်၊ အဖေက သိပ်နေ ကောင်းတော့ ဘာချက်ကျွေးရမှန်းလည်းမသိဘူး၊ ဒီနေ့က နိုက်ဆင်းနဲ့ တော့ ပြန်လာမှာကတော့ သေချာတယ်၊ အဲဒါနဲ့ ကြက်သားတော့ ယ်လာတယ်ဟ"

"အေး အဲဒါလေး ဆီပြန်တစ်ခွက်ချက်လိုက်လေ၊ ချဉ်ရည်ဟင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်ချက်ပြီး ငါးပိရည်တို့စရာဆို တော်ပြီပေါ့''

''လုပ်လေ နင်ချက်မယ်ဆို၊ ငါဘေးကနေ ထိုင်ကြည့်မယ်''

''ဘာမှကို ကူမလုပ်တော့ဘူးလား''

''အင်း''

''နေပေါ့ ငါချက်ပြမယ်''

လှိုင်ဘွားက သီရိရဲ့အစွမ်းအစကို သိချင်တာကြောင့် တမင် ဘာမှ ကူမလုပ်ဘဲကို ထိုင်ကြည့်နေသည်။ သီရိက တကယ်ကိုမိန်းကလေး ပီပီသသ သေသပ်စွာ လုပ်ကိုင်သွား၏။ သီရိကိုကြည့်ရင်း လှိုင်ဘွား ဘာ ကြောင့် ရင်တွေခုန်လာမိသလဲ မသိပေ။

သီရိအနား ထသွားမည်လုပ်ပြီးမှ အဖြူရောင်ကြိုးလေးကို ဖြည် တောက်မိမှာစိုး၍ နေရာမှာပဲ ပြန်ထိုင်နေလိုက်ရသည်။ တစ်ခုချင်း မြန်မြန် ဆန်ဆန် ဖယ်ဆက်သလို လုပ်ကိုင်သွားသော သီရိက သူ့အဖြစ်ကို သ ထားမိပုံမပေါ်။

''လှိုင်ဘွား ဟဲ့ ဘာတွေငေးနေတာလဲ၊ ဟင်းတွေကျက်ပြီ၊ ဓ ပွဲပေါ်ပြင်ထားမှာလား၊ နင်ရော ထမင်းစားတော့မှာလား''

''နေပါဦး အဖေ ပြန်လာခါနီးပါပြီ၊ အဖေရောက်မှ ငါတို့ထမင်း စားတာပေါ့''

''အဲဒါဆို ငါမစောင့်တော့ဘူးလေ၊ ငါ ပြန်မှဖြစ်မယ်၊ ငါနေ့လယ် စားပြီးတည်းက အိမ်ကထွက်လာတာ၊ တစ်ပတ်နှစ်ရက် ရုံးနားရတာ ငါ သေချင်စော်ကိုနံနေတာပဲ၊ မိထွေးက မိုးမလင်းခင်တည်းက ပွစိပွစိနဲ့ ဘာ လုပ်လုပ် အကောင်းမထင်တော့ အိမ်မှာကို မနေချင်တော့ဘူး''





''နင်လည်း အိမ်မှာ မနေချင်တဲ့အကြောင်းပဲ ပြောနေတော့တာ၊ ငါ့အိမ်မှာ လာနေလိုက်ပါလား''

''မလုပ်ပါနဲ့ဟယ်၊ အခုတောင် မိထွေးက နင်နဲ့ငါ့ကို သမုတ်လို့ ဆုံးတာမဟုတ်ဘူး၊ ငါတို့ချင်း ရိုးသားကြပါတယ်ပြောတာလည်း မရဘူး၊ သူက ငါတို့မောင်နှမနှစ်ယောက်လုံးကို အိမ်ထောင်ကျပြီး အိမ်ကထွက်သွား စေချင်နေတာ၊ ပြီးရင် သူ့အမျိုးတွေ အိမ်ပေါ်ခေါ်တင်မယ်လေ၊ သူ့အကြံ အစည်က အဲဒီလို''

''စိတ်ညစ်စရာကြီးဟာ၊ အဲဒီလို မိထွေးမျိုးနဲ့ မတွေ့အောင် မိန်းမ မယူတဲ့အဖေကို ကျေးဇူးတင်ရမယ်၊ ဒါနဲ့ နင်နဲ့ငါ့ကို အဲဒီလို နင့်မိထွေး သမုတ်တော့ နင့်ရင်ထဲ ဘယ်လိုခံစားရလဲ''

''ဘာကိုခံစားရမှာလဲ''

''ငါနဲ့ပတ်သက်ပြီး''

''ဩော် နင်နဲ့ငါက သူငယ်ချင်းပဲ၊ ဘာကိုခံစားရမှာလဲ''

''ဟို တခြားစိတ်လေး ဘာလေးများ မဝင်ဘူးလား''

''ဟဲ့ လှိုင်ဘွားရယ်၊ နင်က ငါ့ကိုဘာမှမပြောဘဲ ငါက ဘာစိတ် တွေဝင်ရမှာလဲ၊ နင့်ကိုပဲ ရည်းစားစကားစပြောရတော့မှာလား''

''အဟား''

သီရိ စကားကို လှိုင်ဘွား သဘောကျစွာ ရယ်ပစ်လိုက်သည်။ သီရိနှင့်သူက အဲဒီလို ပွင့်လင်းစွာ ပေါင်းလာသည့်သူတွေပါ။ ဒါပေမဲ့ အချစ် ရေးမှာတော့ နှစ်ယောက်လုံး သိသိပ်ခဲ့ကြသည်ပဲ ပြောရမလား။

ဖြူစင်မှုလေးတွေ ပျောက်ဆုံးသွားမှာစိုး၍ ထိန်းချုပ်ခဲ့ကြသည်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောရမလား။

"အဟမ်း_အဟမ်း"

"ဟာ အဖေ လာပြီ"

နှစ်ယောက်သား အိမ်ရှေ့ထွက်ခဲ့ကြသည်။ အဖေက ပြုံးစိစိမျက်နှာပေးနှင့် ကြည့်နေပြီး

"မီးဖိုခန်းထဲမှာ နှစ်ယောက်သား ဘာလုပ်နေတာလဲကွ"

"ဟို ဘာမှမလုပ်ပါဘူး အဖေ၊ သီရိက သူဟင်းချက်ပေးမယ်ဆိုပြီး ချက်နေတာပါ"

"ဟ ဒါဆို ဒီနေ့ အဖေ စောပြန်လာတာ အဆင်ပြေသားပဲ၊ ချွေးမလေးလက်ရာ စားရတော့မှာပေါ့"

"အာ အဖေကလည်း"

"ဘာအဖေကလဲ၊ ခုနက သားကို သီရိက ရည်းစားစကားပြောတော့မယ်ဆိုတဲ့စကား အဖေ ကြားလိုက်ပါတယ်"

"ဟာ ဦးလေး သီရိတို့ အဲဒီလို မဟုတ်ပါဘူး၊ အလကား စနေကြတာပါ"

"ဘာကိုစတာလဲ၊ အတည်လုပ်လိုက်ကြပေါ့၊ အလကား အချိန်တွေဖြုန်းနေကြတယ်၊ ဒီကောင် အဖေလို ခြေသွက်လက်သွက် မရှိဘူး မင်းအမေကို အဖေက အခုရည်းစားစကားပြော အခုကောက်ယူလိုက်တာကွ၊ မင်းအမေကလည်း အဖေ့ကို ဗီဒီယိုကားထဲမှာပါတဲ့လူကြီးဆိုပြီး အထင်ကြီးပြီး ဟန်တောင်မဆောင်ဘူး ဟား ဟား"

အဖေ့စကားကြောင့် သူရော သီရိရော ရယ်မိကြသည်။ သိန်





မျက်နှာလေး နီနေတာကတော့ ရှက်နေတာကြောင့်ဖြစ်မည်။

"အဖေ ထမင်းစားတော့မလား။ ထမင်းပွဲပြင်လိုက်မယ်၊ ပြီးရင် အဖေ ဆေးခန်းသွားရမယ်လေ"

"အဖေ့ရောဂါက ဆေးခန်းသွားလို့ မပျောက်ဘူး၊ အရက်သောက်မှ ပျောက်မှာကွ၊ အဖေ အရက်ဝယ်လာတယ် ဖန်ခွက်ပဲပေး"

"အဖေ အခုလည်း သောက်လာတယ် မဟုတ်လား၊ သွေးတိုးချင်နေတဲ့အချိန်မှာ အရက်တွေအများကြီးသောက်လို့ မကောင်းပါဘူး အဖေရယ်၊ နော် မသောက်ပါနဲ့တော့"

"အဖေ စိတ်ညစ်လို့ပါ သား၊ သွေးတိုးတယ်ဆိုတာ အသက်အရွယ်ကြောင့်ပါ၊ ရောဂါက ဒီလောက်မဟုတ်ပါဘူး၊ အဖေ ဒီလောက်လန်းနေတာ သားရယ်၊ မင်းက စိုးရိမ်လွန်းတယ်၊ ကဲပါ အဖေ့ကို ဖန်ခွက်ပေး။ သမီး ဆောရီးနော်၊ ဦးလေး နည်းနည်းသောက်မယ်၊ သမီးတို့ထမင်းစားကြလေ"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဆိုပြီး သီရိ နောက်ဘက်ဝင်သွားကာ ဦးသာအောင်အတွက် အမြည်းအရင်လုပ်ပေးလိုက်သည်။ ကြက်သားချက်နှင့် ချဉ်ရည်ဟင်းပန်းကန်ကို မြင်တော့

"ငါ့ချွေးမက ဟုတ်လှချည်လား၊ အေး အဲဒီလို အလိုက်သိတတ်တော့ ချွေးမမြန်မြန်တော်ချင်ပြီ၊ သားရေ အစွမ်းအစပြတော့ကွာ"

"အဖေရယ် အဲဒီလိုကြီး မစပါနဲ့၊ သီရိကို အားနာစရာကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ အလကားစနေတာ မဟုတ်ဘူး သား၊ သီရိကို တကယ် ချွေးမတော်ချင်တာ၊ သားနဲ့အသင့်တော်ဆုံးပဲ၊ ဟုတ်တယ်နော် သမီး"

သီရိ ဘာမှမပြော။ ဦးသာအောင်စကားတွေကို ရယ်၍သာနေသည်။ လှိုင်ဘွားက အားနာပြီး ထမင်းပွဲတွေ ရှူးခပ်ပြင်ဆင်ပေး၏။

"သီရိ စားလေ၊ နင်လည်းပြန်ရမှာ မိုးချုပ်နေပြီ"

"အေးပါ ဟို ငါ စားတောင် မစားချင်တော့ဘူး"

"စားလိုက်ပါ သမီးရယ်၊ မိသားစုလက်ဆုံစားတယ်လို့ သဘောထား၊ သမီးကို အိမ်မှာမြင်လိုက်ရတော့ ရှုတင်မှာ စိတ်ညစ်လာတာတွေတောင် ပျောက်သွားတယ်ထင်တယ်"

"အဖေ မေ့မှူးမာန်နဲ့ ပြဿနာဆက်ဖြစ်လာသေးလား"

"တစ်နေကုန် အဖေ့ကို မျက်မှန်းကျိုးပြီး တင်းနေတာလေ၊ အဖေ ပါတဲ့အခန်းက နောက်နှစ်ရက်ဆို ပြီးပြီ၊ နောက်ကားတွေမှာ ဘယ်တော့မှလည်း မခေါ်တော့ဘူးတဲ့"

"စိတ်မကောင်းတာတွေ ဝမ်းနည်းတာတွေ ဖြစ်မနေပါနဲ့ အဖေ မင်းသမီးက သူတစ်လက်တည်းမဟုတ်ပါဘူး၊ ရုပ်ရှင်တိုက်ဆိုတာလည်း သူ့တစ်တိုက်တည်းမဟုတ်ပါဘူး၊ အဖေ့ကို ခေါ်သုံးမယ့်တိုက်တွေ အများကြီးပါ"

"ပြောရတာက လွယ်တယ် သား၊ တခြားတိုက်တွေက ဈေးကွက်ရနေတဲ့သူ့ကို ခေါ်သုံးတဲ့ကားဆိုရင် အဖေ ပါလို့မရတော့ဘူးလေ၊ သားလည်း ဒီအကြောင်းတွေ နားလည်ပါတယ်"

"သားကြောင့်ဖြစ်သွားတာ သား စိတ်မကောင်းပါဘူး အဖေ"





"ဒီလိုဖါပဲ သားရယ် သားကြောင့်လို့ အဖေ အပြစ်မတင်ပါဘူး၊ ဘဲ အဖေ စိတ်မကောင်းစရာတွေ ပြောနေတာနဲ့ သမီးလေး ထမင်းစားမဝင်တော့ဘူးထင်တယ် စား စား သမီး"

"သီရိ စားလေ"

အဖေ့စကားတွေ နားထောင်ပြီး သီရိ စိတ်မကောင်းဖြစ်နေမှာစိုး၍ သီရိ ပန်းကန်ထဲ ဟင်းတွေထည့်ကာ ထမင်းစားဖို့တိုက်တွန်းလိုက်ရသည်။ သီရိ အိမ်အပြန်မှာတော့ သီရိတို့အိမ်နားထိ လိုက်ပို့ပေးဖြစ်၏။

နှစ်ယောက်အတူတွဲကာ လျှောက်ရတိုင်း ရင်ခုန်သံနွေးနွေးကို သူ မြတ်နိုးခုံမင်လာတတ်ခဲ့သည်။

တစ်ချိန်ချိန်မှာ အတူလက်တွဲလျှောက်ခွင့်ရဖို့ဆိုလျှင်တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ရှင့်သမီးကို ဒီအတိုင်းလွှတ်ထားမှာလား၊ အဲဒီကောင်နဲ့ပေးစားမှာလား ပြောဦး ကိုသောင်းစိန်၊ ညအချိန်မတော်ထိ ယောကျ်ားလေးတစ်ယောက်တည်းရှိတဲ့အိမ်မှာ သွားနေတယ်၊ ပြန်လာတော့ ညမိုးချုပ်အတူတူတွဲလို့၊ ပတ်ဝန်းကျင်ကလည်း အတင်းတုပ်နေကြပြီ၊ စောစောစီးစီး ပေးစားမှာဆို ပေးစားနော်၊ ဗိုက်ကြီးမှ အားလုံးအရှက်ကွဲကုန်မယ်"

"သန္တာ မင်းစကားပြောတာ စည်းလွတ်ဝါးလွတ်နိုင်လိုက်တာ၊ ငါ့သမီးက အဲဒီလို စည်းကမ်းမဲ့တဲ့ မိန်းကလေးမဟုတ်ဘူးကွ၊ သူတို့က သူငယ်ချင်းတွေမို့ ပေါ်ပေါ်တင်တင် သွားလာနေကြတာပေါ့၊ ချစ်သူရည်းစားသာဆို နီးကြောင်နီးဂုက် မသိနိုးနား တိတ်တိတ်ပုန်း လူမသိသူမသိ နေကြမှာပေါ့ကွ"

"အခုခေတ်က မသိနိုင်ဘူးလေ၊ စပ္ပန်ဆာထား အငယ်အနှောင်းထားတာတောင် လူရှေ့သူရှေ့ ပေးတင်ဖြစ်နေကြတာ၊ သူတို့ချစ်သူရည်းစား





မဟုတ်ပါဘူးပြောတာရော ယုံရလား၊ အဲဒီလိုကနေ ဗိုက်ထွက်လာရင်"

"သန္တာ"

ဦးသောင်းစိန် ဒေါ်သဖြစ်ကာ အော်လိုက်သော်လည်း ဒေါ်သန္တာကတော့ ဂရုမစိုက်သလို နှုတ်ခမ်းကိုရွဲ့ပစ်ကာ

"ဘာလဲ ကျွန်မက ဖြစ်တတ်တဲ့သဘာဝကို ရှင့်သမီးအတွက် စိတ်ပူပြီးပြောတာ၊ ဘာပဲဖြစ်ဖြစ် မိန်းကလေးဘက်က နစ်နာပြီးသားပဲ၊ ဟိုအကောင်က ဘာမှသာမဟုတ်တာ ဗိုက်ကြီးမှ မယူရင် ဘယ်လိုလုပ်မလဲ"

"ဒေါ်လေးတို့အဲသိုက်အဝန်းက အကျင့်စရိုက်တွေအတိုင်း ဖြစ်လာမယ်ထင်ပြီး ပြောချင်ရာပြောမနေပါနဲ့ ဒေါ်လေး"

"သမီး"

သူမနားနှင့်ဆက်ဆက်ကြားနေရတာတွေ မခံနိုင်လွန်း၍ ဝင်ပြောလိုက်ရခြင်းဖြစ်သည်။ သူမ အမှတ်မထင်ရောက်လာတာမြင်တော့ အဖေနှင့်မိထွေး အံ့အားသင့်သွားကြသည်။ အဖေနှင့်မိထွေးက အပြိုင်စားရင်းသောက်ရင်း သူမအကြောင်းကို ဝေဖန်နေကြခြင်း ဖြစ်၏။

အဖေက သူမဘက်က ကာကွယ်နေသော်လည်း မိထွေးကတော့ အပုပ်ချ ရှုတ်ချနေခြင်းသာဖြစ်သည်။ အခုလည်း သူမရောက်လာလို့ အားတုံ့အားနာဖြစ်သွားခြင်းမရှိပါ။ မျက်နှာတစ်ခုလုံး အမြင်ကတ်လောက်အောင်ရှုံ့လျက်

"ဟဲ့ ငါက ညည်းအတွက် စေတနာနဲ့ပြောနေတာ၊ ညည်းတို့ယူကြမှာဆိုလည်း ယူကြ၊ မယူဘဲ တတွဲတွဲလုပ်နေရင် မိန်းကလေးပဲ ခံနာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်နာရအောင် ကျွန်မတို့က ဘာတွေဖြစ်နေကြ ဘာတွေလုပ်နေကြလို့လဲ၊ ဒေါ်လေးစကားကို စည်းမရှိကမ်းမရှိ လက်လွတ်စပယ် မပြောပါနဲ့ ကျွန်မတို့က သူငယ်ချင်းအပေါင်းအသင်းလို ရိုးရိုးသားသား ခင်မင်ကြရုံပါ"

"ယောက်ျားလေး မိန်းကလေး သူစိမ်းနှစ်ယောက် အတူသွားအတူလာနေတာ ရိုးရိုးသားသား ခင်မင်ရုံလို့ ပြောလို့ရမလား၊ ညည်းတို့ချင်း ဘာမှမဖြစ်တောင် ပတ်ဝန်းကျင်ကတော့ အမြင်စောင်းသွားပြီလေ၊ ညည်းကိုယ့်ကိုကိုယ်အတွက် မတွေးဘူးလား၊ ဘာမှမဖြစ်ဘူးဆိုရင် ဘာမှမပတ်သက်နဲ့၊ ပတ်သက်မှဖြစ်မယ်ဆိုလည်း အချိန်ဆွဲမနေနဲ့ ယူလိုက်ကြ"

"ချစ်သူရည်းစားမဖြစ်ဘဲ ဒီလိုတွဲနေရုံနဲ့ ယူလိုက်လို့ဖြစ်မလား တစ်ယောက်နဲ့တစ်ယောက် ချစ်ကြကြိုက်ကြတာ မဟုတ်ဘဲ ဒေါ်လေးတို့ မျိုးရိုးထဲမှာ ဗိုက်ကြီးအောင်နေကြသလား ဒေါ်လေး"

"ဟဲ့ ညည်းဘာပြောတာလဲ၊ ရိုင်းလှချည်လား"

"ကျွန်မကို မရိုင်းစေချင်ရင် ဒေါ်လေးလည်း ယဉ်ယဉ်ကျေးကျေး ပြောတတ်အောင် လေ့ကျင့်ထားပါ၊ ဒေါ်လေး စော်ကားတာခံရအောင် ကျွန်မ အကျင့်စာရိတ္တပျက်စီးနေတဲ့မိန်းကလေး မဟုတ်ပါဘူး၊ အဖေ့ကြောင့် သည်းခံနေတာကို ရောင့်တက်မလာပါနဲ့"

"ကြည့်စမ်း ကိုသောင်းစိန် ရှင့်သမီးပြောနေတာကို ကျွန်မက မအေနေရာကနေတောင် ဆုံးမလို့မရဘူးလား"

"မင်းက မအေနေရာကနေ ဆုံးမသွန်သင်နေတာမျိုးမှ မဟုတ်တာ၊ မိထွေးပီပီ ဖြစ်တင်ရှုတ်ချနေတော့ သမီးက ဘယ်ခံတော့မှာလဲ"

"ကြည့်စမ်း ရှင်ကပါ ကျွန်မကို အဲဒီလို မြင်နေတာပေါ့လေ





ဲဆို ကျွန်မက ဒီအိမ်မှာ အိမ်ဖော်လောက် ကျွန်လောက်ပဲ အသုံးဝင်တယ် ဆို၊ ဘယ်သူမှ ဘာမှပြောပိုင်ခွင့်မရှိဘဲ ရေငုံနှုတ်ပိတ်နေရမယ်ပေါ့၊ ဘာလို့များ သားစုဝင်ဖြစ်အောင်ဆိုပြီး ရှင် ကျွန်မကို ယူခဲ့သေးလဲ ကိုသောင်းစိန်၊ ခင်ပြောတော့ ရှင့်သားနဲ့သမီးက ကျွန်မကို မအေတစ်ယောက်လို ဆက်ဆံရပါမယ်၊ ဆုံးမသွန်သင်တာ နာခံစေရပါမယ်ဆို"

အဖေ သက်ပြင်းချသည်။ သူမလည်း အကောင်းမြင်စိတ်မရှိ၊ အပြစ်ပဲမြင်တတ်သော မိထွေးကို စိတ်ကုန်စိတ်ပျက်နေမိ၏။ ငြိုငြင်ပြီးမပြော ချင်တော့တာမို့ အခန်းထဲဝင်မည်ပြင်တော့

"တွေ့လား ပမာမခန့်နဲ့၊ စကားပြောလို့မပြီးခင် ရှောင်ထွက်သွား ချင်တယ်"

"တစ်ယောက်နဲ့တစ်ယောက် အကောင်းမှ မမြင်ကြတာ၊ မျက်နှာ ချင်းမဆိုင်ရတော့ မကောင်းဘူးလား သန္တာရယ်"

"ရှင့်သား မင်္ဂလာဆောင်မယ့်ကိစ္စ မပြောတော့ဘူးလား၊ ရှင် ်ကချေးငွေထုတ်ရမယ့်ကိစ္စ အကုန်မပေးနိုင်ဘူးနော် ပြောထားပြီးသား၊ ကျွန်မမှာ အမေ့အသုဘတုန်းက ရှင်ငွေထုတ်မပေးနိုင်လို့ ချေးထားတဲ့ငွေ ပြန်ဆပ်ရမှာရှိသေးတယ်၊ ရွှေလေးဘာလေးလည်း ဝတ်ဖူးတယ်ရှိအောင် ်တ်ကြည့်ပါရစေဦး၊ ရှင့်သားသမီးတွေပညာရေး ဘာရေးညာရေးပဲ အကုန်ခံ ာတာ၊ အခု သားမင်္ဂလာဆောင်ဖို့ အကုန်ပေးလိုက်မယ်ဆိုရင်တော့ ကျွန်မ အိမ်ပေါ်ကဆင်းသွားပြီလို့သာ အောက်မေ့လိုက်"

"အေးပါကွာ သမီးနဲ့ငါ တိုင်ပင်ပါဦးမယ်၊ သမီး ထိုင်ပါဦး"

မိထွေးပြောပုံဆိုပုံ မကြိုက်ပေမယ့် အဖေက တားတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်တီခုံမှာ ဝင်ထိုင်လိုက်ရသည်။ အဖေက အရက်ခွက်ကိုကောက်မော့ပြီးမှ

"ဒီလို သမီး သမီးမောင်လေးက အခု အိမ်ထောင်ပြုချင်တယ်။ အဲဒါ သူယူမယ့်မိန်းကလေးကလည်း မပြည့်စုံတော့ အဖေတို့ဘက်က အကုန်တာဝန်ယူစေချင်တာ၊ အခုခေတ်မင်္ဂလာဆောင်တယ်ဆိုတာလည်း နည်းတဲ့ကုန်ကျစရိတ်မဟုတ်ဘူးလေ၊ လက်ဖွဲ့ငွေကျတော့လည်း မိန်းကလေးဘက်ကကလေးတွေအဆင်ပြေစေချင်လို့ပါဆိုပြီး အကုန်တောင်းတယ်၊ အဲဒါ အဖေလည်း များများစားစား မတတ်နိုင်ဘူး သမီး၊ သမီးမှာ စုဆောင်းထားတာဘယ်လောက်ရှိလဲ၊ မောင်လေးအတွက် သမီးလည်း တာဝန်ယူနိုင်သလောက်ယူပါဦး"

"မောင်လေးလည်း လွန်လွန်းတယ် အဖေ၊ တကယ်ဆို သူမိန်းမယူမှာ သူလည်းစုဆောင်းထားသင့်တာပေါ့၊ သူ အလုပ်လုပ်လို့ရတဲ့ငွေကို သမီးကိုတောင် အိမ်စရိတ်ထောက်ပံ့ရတာမျိုး မရှိဘူး"

"ငါလည်း အဲဒါပြောတာပေါ့အေ၊ ချက်ပြုတ်ထားပြီးသား အဆင်သင့်စားတယ်၊ သူရသမျှကျတော့ သောက်စားသုံးဖြုန်းပစ်တယ်၊ မင်္ဂလာဆောင်ဖို့ကျတော့၊ အိမ်ကတောင်းတယ်"

"မိဘဆိုတာ သားသမီးကို တင့်တောင့်တင့်တယ် လက်ထပ်ထိမ်းမြားပေးဖို့ ဝတ္တရားရှိတာပဲကွာ"

"ရှင့်မှာရော အဲဒီလိုလုပ်ပေးအောင် ဘယ်လောက်များစုဆောင်းထားတာရှိလို့လဲ၊ ရတဲ့လစာအကုန်အစိတယ်သာပြောတာ၊ အခုခေတ် ကုန်ဈေးနှုန်းနဲ့ ထမင်းကို ရေဆမ်းစားရလိမ့်မယ်သာမှတ်၊ လစာက တစ်ဆင့်





ကုန်ဈေးနှုန်းက နှစ်ဆတက်၊ အစိုးရကလည်း သူ့လစာတိုးပေးတာကိုသာအသိယူနေတာ၊ ပြည်သူတွေအတွက် ဘာတွေလုပ်ပေးလိုက်ပါတယ်နဲ့၊ ကုန်ဈေးနှုန်းကျတော့ မထိန်းနိုင်ဘူး။ အစိုးရဝန်ထမ်းမဟုတ်တဲ့ လက်လုပ်လက်စားပညာမဲ့တွေကတော့ မွဲပြီးရင်းမွဲပြာကျပြီးရင်းကျပဲ၊ ဘယ်တော့မှအဆင်ပြေလာတယ်၊ ကြီးပွားတိုးတက်လာတယ်ဆိုတာ ရှိမှာမဟုတ်ဘူး"

"မင်းကလည်းကွာ စကားပြောလိုက်ရင် နိုင်ငံရေးကပါလာပြီ၊ ပြည်သူတွေမွဲတယ်လို့သာပြောတာ၊ အရင်က ဖုန်းမကိုင်နိုင်ဘူး၊ အခု ဖုန်းကိုင်နိုင်တယ်၊ အရင်က ရပ်ကွက်က ဗီဒီယိုရုံမှာပဲ တိုးခွေ့ပြီးသွားကြည့်ရတာ၊ အခုတဲစုတ်လေးနဲ့နေတဲ့သူကအစ အိမ်တိုင်းမှာ တီဗွီရှိတယ်၊ ရောင့်ရဲတတ်ရင်ကျေနပ်စရာတွေချည်းပါ"

"ရှင်ပဲနေရတာကာ ရောင့်ရဲတင်းတိမ်နေ၊ ကျွန်မတို့တော့ မပြည့်စုံ ချို့တဲ့တဲ့ဘဝကို မရောင့်ရဲနိုင်ဘူးတော်ရေ"

"ကဲ မရောင့်ရဲနိုင်တော့ မင်းက ဘာလုပ်မှာလဲ၊ ဓားပြတိုက်မလို့လား ချမ်းသာတဲ့သူဌေးအိမ်တွေကို အနုကြမ်းဝင်စီးမလို့လား၊ ဘဏ်တွေကိုဖောက်မလို့လား၊ မင်းရှေ့ကသွား ငါနောက်ကလိုက်မယ် လုပ်စမ်းကွာ"

"ကဲပါ အဖေတို့ရယ် အရေးမရအဖတ်မရ ဘာတွေပြောနေကြမှန်းမသိဘူး၊ အခုမောင်လေးကို အဖေတတ်နိုင်သလောက်နဲ့ မင်္ဂလာဆွမ်းကျွေးလောက်ဖြစ်ဖြစ် လုပ်ပေးလိုက် အဖေ၊ သမီးစုထားတဲ့နှစ်သိန်းကို သူတို့အလုပ်စားစား လက်ဖွဲ့အဖြစ်ပေးလိုက်မယ်"

"အင်း အဲဒါလည်း ကောင်းသားပဲ သမီး"

ဒီတစ်ခါတော့ မိထွေးမျက်နှာ ပြုံးယောင်သမ်းသွားသည်။ ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



သွားသလိုဖြင့် အရက်ခွက်ကို ငွပ်ခနဲ မော့သောက်၏။

"ဟား အဲဒီလိုဖြစ်ရမှာ၊ မိဘမှာ ဝတ္တရားရှိတယ်ဆိုလည်း ပညာ တွေသင်ပေးပြီးမှတော့ ကျန်တာ သူတို့ဘဝသူတို့ ကျောင်းကြပေါ့၊ မိဘ တစ်သက်လုံး လိုက်ပြီး တာဝန်ယူရမယ်ဆိုတာတော့ ဘယ်ဟုတ်မလဲ"

"အဲဒါတော့ မပြောပါနဲ့ ဒေါ်လေး၊ ဒါက မောင်လေးအတွ အဖေ့ဘက်က အများကြီးမတတ်နိုင်တဲ့အခြေအနေမို့ပါ။ သားသမီးနဲ့မိ တစ်သက်လုံးတာဝန်မယူရဘူးဆိုရင် ဒေါ်လေးက မောင်နဲ့ညီမ အိမ်ထော သည်တွေကို အခုထိ ဘာလို့ ထောက်ပံ့ပေးကမ်းနေသေးလဲ"

"ဟဲ့ ဒါက သူတို့မှာ မိဘမရှိတော့ဘူး၊ ငါက အစ်မကြီးအမိအ ဒီလောက်တော့ လုပ်ပေးရမှာပေါ့၊ အသက်ကြီးတဲ့ ညည်းတို့အဖေကိုယူ တာ ဒီလောက်တော့ အားကိုးရဦးမှပေါ့အေ၊ ညည်းတို့တစ်မိသားစုလုံ အိမ်ဖော်လို လုပ်ကိုင်ပေးနေရတဲ့ အဖိုးအခတောင် မရှိပါဘူးအေ၊ ဒါလေ တော့ ငြိုငြင်ပြီး မပြောပါနဲ့"

မိထွေးက သူ့ဘက်သူတော့ ယက်တတ်သည်။ ဒီလင်ကိုယူ ဒီလင်ရဲ့သားသမီးတွေကို ကိုယ့်သားသမီးလိုမအောက်မေ့နိုင်မှတော့ ဒီမိသ ဘဝက ဘယ်လိုလုပ်နွေးထွေးမှု ရှိပါတော့မလဲ။

ရေစက်ဆုံပြီးမှတော့ တစ်သံသရာလုံး မချစ်သော်လည်း ပြ နေရတော့မည်။ အဖေကတော့ ဝဋ်ကြွေးလို့အောက်မေ့ပါရဲ့လား သူမအတွက်တော့ ကြီးမားသော ဝဋ်ကြွေးတစ်ခုပါပဲ။

■ ■ ■



## အခန်း (၉)

"အဖေ အဖေ အဖေ"

အိမ်တံခါးပွင့်နေသည့်အတွက် အဖေရှိနေသည်ဆိုတာသိတာ ကြောင့် သူ ဝမ်းသာအားရ အော်ခေါ်လိုက်သည်။ ညနေတောင်မစောင်း သေး။

ဆက်တီခုံမှာ အရက်ပုလင်းထောင်နေသော အဖေက ထိတ်လန့် သလို ဖြစ်သွားလျက်

"ဘာဖြစ်လာတာလဲ သား၊ အလန့်တကြားရှိလိုက်တာ"

"အဖေ ဒီနေ့ ရွတင်ပြန်တာ စောလိုက်တာ၊ ဘာဖြစ်လို့လဲ အဖေ"

"အဖေပါတဲ့ဆင်းနှ်တွေက နေ့လယ်ကတည်းက ပြီးတာလေ၊ အဲဒါ အဖေ့ကို ညနေထိတောင်မနေခိုင်းဘဲ မင်းသမီးက ပြန်ခိုင်းလိုက်တာ"

"အာ ဒီမိန်းမ တော်တော်လူပါးဝတာပဲ၊ နောက်လည်း ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



မသုံးတော့မယ့်အတူတူ ကိုယ့်ကိုပါးရိုက်ထားတဲ့အကြွေး ပြန်ဆပ်ခဲ့တာ မဟုတ်ဘူး အဖေရာ၊ ဒီမိန်းမ အရမ်းကြောတယ်''

''မလုပ်ပါနဲ့ကွာ သူကျွေးထားတဲ့ထမင်းစားထားတာလည်း ရှိတယ်လေ သားရဲ့၊ လောကမှာ ဘယ်သူမကောင်းကောင်း ကိုယ်ကောင်းအောင်နေတတ်ဖို့ အရေးကြီးတာ၊ မုန်းစရာရှိလည်းထောက်စရာ မျက်နှာထောက်ရမှာပေါ့ သား''

''အဖေကတော့ သူတော်ကောင်းကြီးလုပ်နေ၊ သားကတော့ အဲဒီမိန်းမကို အရမ်းမုန်းတယ် အဖေ''

''ကဲပါ သားရယ်၊ ခုနက သား ဘာဖြစ်လာတာလဲ ပြောပါဦး''

''အဟဲ ဒီလို အဖေရ''

အပြုံးဖြဲဖြဲဖြင့် အဖေ့နားမှာ ဝင်ထိုင်လိုက်သည်။ အဖေက သူ ဘာပြောမလဲ သူ့မျက်နှာကြည့်ကာ မျှော်လင့်နားစွင့်နေ၏။

''ပြောလေ သား''

''ဟုတ်ကဲ့ပါ အဖေရဲ့၊ ဒီလို အဖေရေ၊ သားတို့ ပုံနှိပ်စက်ရုံက ပိုစတာပြက္ခဒိန် ဗလာစာအုပ်တွေ ထုတ်တယ်မဟုတ်လား၊ နှစ်တိုင်းလည်း မင်းသားမင်းသမီးတွေနဲ့ ကြော်ငြာတယ်လေ''

''အင်း အဲဒါ ဘာဖြစ်လဲ''

''ဒီနေ့ ကြော်ငြာရိုက်ဖို့ မင်းသား မင်းသမီးနဲ့ ရုပ်ရှင်အဖွဲ့တွေ ရောက်လာတယ် အဖေရ၊ သားတို့လည်း ဝင်ရိုက်ရတယ်''

''ဟင် သားတို့က ဘာရိုက်ရတာလဲ''

''ဩော် အဖေရယ် သားတို့စက်ရုံကမွှထာက ထုတ်တဲ့ပစ္စည်းကို





တန်းစားမရွေး လူတိုင်းသုံးစွဲပါတယ်၊ အနောက်တိုင်းနဲ့ပြည်နယ်အကုန်လုံး ခင်းသားတွေပါ သုံးစွဲပါတယ်ဆိုတာ တစ်စက်ရုံလုံးမှာရှိတဲ့လူတွေ အကုန် အင်အားပြတာပါ ဝင်နိုင်းတာပေါ့ အဖေရာ''

''ဟုတ်လား သားက အိုက်တင်လုပ်တတ်လို့လား''

''အဖေ့သားပဲ၊ သူတို့နိုင်းတာလုပ်တတ်တာပေါ့''

''သားက ဘာတွေလုပ်ရတာလဲ''

''မင်းသားနဲ့ အပြိုင်လုပ်ရတယ်လို့တောင် ပြောလို့ရတယ်နော် အဖေ လျှော့တော့မတွက်နဲ့၊ ကျန်တဲ့ကောင်တွေနိုင်းတာ အဆင်မပြေလို့ဆို ဒါရိုက်တာက သားကို ကရင် ရခိုင် ရှမ်း အကုန်လုပ်နိုင်းတာ၊ နောက်ပြီး နဲ့ပစ္စည်းတွေလိုက်ပို့တာလည်း ရိုက်တယ်၊ နောက်ကဒ်တွေကို မနက် ဆက်ရိုက်ဦးမှာ၊ အဝတ်အစားကောင်းတာ ဝတ်ခဲ့ပါလို့ မှာလိုက်သေး ယ်''

''ဟုတ်လားကွ သားရ၊ အဲဒီကြော်ငြာပေါက်ပြီး ငါ့သားကို ထုတ် သူတွေ ဒါရိုက်တာတွေ သတိထားမိသွားရင်ကောင်းမှာပဲ''

အဖေ ပြောတော့ သူ ပိုပြီး ဘဝင်မြင့်သွား၏။ ကော်လံကိုလက် ကော်ဖြင့် ထောင်မလိုက်ပြီး

''အဲဒီ ဒါရိုက်တာက ပြောသွားပါတယ် အဖေရယ်၊ မင်းရုပ်လည်း တယ်၊ စတိုင်လည်းရှိတယ်၊ အင်ဝရက်ရှင်လည်းကောင်းတယ်၊ မင်းသား ပါလား၊ စိတ်ဝင်စားရင် ငါ့ဆီဆက်သွယ်ဆိုပြီး လိပ်စာကဒ်တောင် ပေး သွားတယ်''

''ဟုတ်လား သား၊ အဲဒီ ဒါရိုက်တာနာမည် ဘယ်သူလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါရိုက်တာ မြင့်မိုရ်ထွန်းတဲ့ အဖေ"

"ဟာ အဖေသိတာပေါ့၊ အဖေနဲ့အရမ်းရင်းနှီးတယ် အရမ်းသဘော ကောင်းတယ်၊ စိတ်ရင်းစိတ်ထားကောင်းတယ်၊ သူ မြေတောင်မြှောက်ပေးလို့ အောင်မြင်သွားတဲ့ မင်းသားမင်းသမီးက များတယ်၊ ဇာတ်ပို့ဇာတ်ရံတွေအပေါ် လည်း ညှာတာမှုရှိတယ်၊ ပညာမာန်နဲ့ ဘယ်သူ့ကိုမှလည်း မနှိမ်ဘူး စိတ်ဓာတ်ပြည့်ပါတယ်လို့ လက်ချီးရေလို့ရတဲ့ ဒါရိုက်တာတွေထဲမှာ မြင့်မိုရ် ထွန်းက ထိပ်ဆုံးကပဲ၊ သား မင်းသားလုပ်ချင်ရင် အဖေသူ့ကို ပြောပေးမယ်"

"အာ မလုပ်ချင်ပါဘူး အဖေရာ၊ အခုတောင် စက်ရုံမှူးက မပါမနေ ရပါနိုင်းလို့သာ သားကလုပ်လိုက်တာ၊ အဖေ့ဗီဇပိုးလေးရှိနေတော့ သား ကောင်းကောင်းလုပ်လိုက်တာပါ အဖေရာ၊ ဝါသနာပါလားမပါလားဆိုတာ တော့ အဖေ့ကိုစိတ်ကုန်ပြီး စဉ်းကိုမစဉ်းစားတာ"

"သားရယ် အခွင့်အရေးပေးလာရင်တော့ လက်လွှတ်မခံပါနဲ့ကွာ အနုပညာရှင်ဆိုတာ လူတိုင်းဖြစ်နိုင်တဲ့အရာ မဟုတ်ဘူး"

"အရာရာ ပြည့်စုံနေပြီး ကိုယ့်ဘာသာငွေထုတ်ရိုက်နေတဲ့သူတွေ တောင် အခုခေတ်မှာဖြစ်ဖို့ ခဲယဉ်းနေတာ၊ သားလိုအဝတ်အစားဖိုးတောင် မတတ်နိုင်တဲ့ကောင်က အကြီးကြီးတွေမျှော်လင့်လို့ဖြစ်ပါ့မလား အဖေ၊ သား ရှုးချင်ရင် ရှုးမယ်၊ ဒါပေမဲ့ ကိုယ့်ဘဝကိုယ်မသိတဲ့ကောင်တော့ မဖြစ်ချင်ဘူး"

သားပြောတော့လည်း ဟုတ်တာပဲ။ သားမှာအဝတ်အစားဆိုလို့ ပေါ်ပင်ဝတ်နိုင်လောက်အောင် သစ်သစ်လွင်လွင် ရှိတာမဟုတ်။

ဖအေအတွက်သာ ဇာတ်ဝင်ခန်းမှာဝတ်ဖို့ ဝယ်ပေးနေတာ။ ကိုယ် ကတော့ သားအတွက် ဘာမှမလုပ်ပေးမိပေ။ ကိုယ့်ဝါသနာနဲ့ကိုယ် ကိုယ့်





အဖွဲ့အစည်းနဲ့ကိုယ် ပျော်အောင်ပဲနေနေခဲ့တာ။

သားကို ကရုဏာသက်စွာ ပခုံးလေးကို ဖိဆုပ်ညှစ်၍ နှစ်သိမ့်မိ သည်။

"မနက်ဖြန် အဆင်ပြေတဲ့အဝတ်အစားလေးတွေ ယူသွားပြီး အ ကောင်းဆုံး လုပ်လိုက်ပါ သားရယ်၊ ဒါရိုက်တာက မျက်စိကျတယ်ဆိုတာ လည်း နည်းတဲ့ကုသိုလ်မဟုတ်ဘူး၊ မင်းသားနဲ့မင်းသမီးက ဘယ်သူလဲ သား"

"နေတိုးနဲ့ဝတ်မှုံရွှေရည်ပါ"

"အင်း သူတို့လည်း အသစ်တွေကို လက်တွဲခေါ်ချင်တဲ့စေတနာ လေးတွေ ရှိကြပါတယ်၊ ပြည့်တဲ့အိုးတွေက ဘောင်ဘင်မခတ်ဘူး၊ မပြည့်တဲ့ အိုးတွေကသာ ဘောင်ဘင်ခတ်တတ်ကြတာ၊ ဒီလောကမှာက ပိုဆိုးတယ်၊ ကိုယ့်ထက်သာမှာ အရမ်းကြောက်ကြတာ၊ ဒါပေမဲ့ ကံနဲ့စန်းတက်လာပြီဆို ရင်တော့ ဘယ်သူမှ တားမရပ်ါဘူးလေ၊ အဖေကတော့ သားကို အရမ်းကို မင်းသားဖြစ်စေချင်တာပဲ"

"ကဲ အဖေ အဲဒါတွေ ပြောမနေနဲ့တော့၊ သား ရေချိုးလိုက်ဦး မယ်၊ ဒီနေ့တော့ သား ဈေးလည်းမဝယ်လာမိဘူး၊ အဖေ ဘာစားချင်လဲ၊ သား ဈေးသွားလိုက်ရဦးမလား"

"မနက်ကကျန်တဲ့ ဟင်းလေးတွေ အဖေ နွှေးထားပါတယ် သား၊ အဖေ ထမင်းလည်းစားချင်စိတ် မရှိပါဘူးကွာ"

"ဘာဖြစ်လို့လဲ အဖေ၊ အဖေ နေမကောင်းဘူးလား၊ ဆေးခန်း သွားမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သွားစရာမလိုပါဘူး သားရယ်၊ အဖေ ဖြစ်ပါတယ်၊ စိတ်ထဲ ရင်ထဲမကောင်းတာပဲ ရှိတာပါ"

"ဘာကိုမကောင်းတာလဲ အဖေ"

"တိုက်နှစ်တိုက်က အဖေနဲ့ကားရိုက်ဖို့ပြောထားတာ မဖြစ်တော့ဘူးတဲ့၊ လူစားထိုးလိုက်ပြီလို့ ဖုန်းဆက်တယ်"

"ဟိုမိန်းမပါနေလို့ မဟုတ်လား အဖေ"

"သူက မင်းသမီးလေ၊ ဖာတ်သွားပေးတဲ့အခါမှာ အဖေပါတာ သိလို့ မရိုက်နိုင်ဘူးပြောလိုက်မှာပေါ့"

"တောက် အဲဒီမိန်းမကွာ"

မေ့မှုံးမာန်မျက်နှာကို မြင်ယောင်ကာ အသံတိတ်ကျိန်ဆဲပစ်လိုက်မိသည်။ တကယ်ကို အကြင်နာတရား စာနာတရားမရှိသည့်မိန်းမ။

သူတို့လို မင်းသမီးတွေအတွက် တစ်ကားမရိုက်ရရုံမက ဆယ်ကားမရိုက်ရလည်း ဘာမှမဖြစ်သွားနိုင်ပေမယ့် အဖေ့အတွက်တော့ ငွေကြေးရော စိတ်ဓာတ်ရော ဆုံးရှုံးသွားတာ ဒီမိန်းမ သိမှာမဟုတ်။

ညှိုးငယ်စိတ်ဓာတ်ကျကာ အရက်ခွက်ကိုကောက်မော့နေသည့် အဖေ့လက်ကို အားပေးသလို ဆုပ်ကိုင်လိုက်ပြီး

"စိတ်ဓာတ်မကျပါနဲ့ အဖေ၊ အဖေက အသက်ကြီးပြီ၊ စိတ်ဓာတ်ကျရင် ရောဂါပါရလိမ့်မယ်၊ သူမပါတဲ့ တခြားတိုက်ကတော့ အဖေ့ကို ခေါ်ရိုက်မှာပါ"

"ဒါကို နာမည်ပျက်တစ်ခုလို လုပ်ပစ်လိုက်ရင်တော့ သွားပြီပေါ့ သားရယ်၊ အဖေ့အခန်းပြီးတော့ ရှုတင်ကနေ နှင်ထုတ်လိုက်တာ အဖေ





အခန်းကို ရှက်သွားတယ်၊ တခြားဖာတ်ပို့ဖာတ်ရံတွေ စက်အဖွဲ့တွေကို သူချောအဖွဲ့တွေ ဂျာနယ်လစ်တွေတောင် ရှိသလား မသိပါဘူး။ နောက်တစ်ခါ ရှုတင်ရှိတဲ့နေရာတွေ ခြေဦးတောင် မလှည့်နဲ့တဲ့၊ ရှင့်လိုလူမျိုး ရုပ်ရှင်လောက မှာရှိတာ ရုပ်ရှင်လောကကြီး ဂုဏ်သိက္ခာကျတယ်၊ ရှင့်လို ငနဲ့မတစ်ကောင် ကြောင့် ရုပ်ရှင်လောကသားတွေ နာမည်အပျက်မခံနိုင်ဘူးတဲ့လေ"

"သူက ဘာကြောင့် အဲဒီလို ပြောရတာလဲ၊ ဖြစ်ပျက်သွားတဲ့ ကိစ္စက ဘယ်လောက်တောင်ကြီးလို့လဲ"

"မသိဘူး လူအများကြားထဲမှာ အဲဒီလိုကြီးပြောတော့ သူ ဘယ်လို ညည်ရွယ်ချက်နဲ့ ပြောတာလဲ စဉ်းတောင်မစဉ်းစားနိုင်ဘဲ အရမ်းရှက်ပြီး ကိုယ့်အထုပ်ကိုယ်ဆွဲ ပြန်လာခဲ့ရတာ"

"ကျွတ် အဖေရာ"

ယောကျ်ားကြီးတန်မဲ့ အရှက်တရားတွေဖြင့် အထုပ်ဆွဲပြန်လာရသော အဖေ့အဖြစ်ကို မြင်ယောင်ကာ မေ့မှုံးမာန်ကို ပို၍မုန်းတီးနာကြည်းသွားရသည်။ ဒီမိန်းမကို ဘယ်လိုလက်တုံ့ပြန်ရမလဲ အကြံအစီအစဉ်တွေ ရင်ထဲမှာ အမြစ်တွယ်ကိန်းအောင်းသွား၏။

ငွေကြေးပစ္စည်းဥစ္စာ ပညာတွေရှိလို့ မာန်တက်လို့ရပေမယ့် လူတစ်ယောက်ကို အသားလွှတ်စော်ကားနှိမ့်ချလို့ မရဘူးဆိုတာ ဒီမိန်းမ ဘာကြောင့် မသိရတာလဲ။

အဖေ့မျက်နှာကို မကြည့်ရက်တော့သလို မျက်နှာလွှဲလိုက်ရင်း အံကိုတင်းတင်းကြိတ်ထားမိသည်။ အဖေ့အတွက် တစ်နေ့ပေးဆပ်ခွင့်ကြုံလျှင်တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟိုကောင်လေး လှိုင်ဘွားလား။ မင်းအဝတ်အစားတစ်စုံလဲလိုက် စမ်းကွာ၊ မင်းကိုတစ်ကဒ်ထပ်ရိုက်ကြည့်မယ်၊ မင်းသားက ပြန်သွားပြီ၊ မင်းနဲ့ မင်းသမီးနဲ့ စာအုပ်လာဝယ်ရင်း အကြည့်ချင်းဆုံတာလေးပဲ၊ မင်းမျက်လုံး အကြည့်ကို ဆရာလိုချင်တာ ဟုတ်ပြီနော် သဘောပေါက်ရဲ့လား"

"ဟုတ် ဟုတ်ကဲ့ ဆရာ"

ဒီနေ့တစ်နေ့လုံး ဒါရိုက်တာကြီးက သူ့ကိုပဲ အာရုံစိုက်နေသည်ဟု ထင်မိသည်။ သူ့ကို ဟိုလိုဒီလို ရီဟာဇယ်လုပ်ခိုင်းပြီး ဓာတ်ပုံနှင့်မှတ်တမ်း တင်သလို ဗီဒီယိုလည်း ရိုက်ထားသည်။ အဖေက သူလိုက်ပါရသော ဖွတ်တောင်းဆိုဖ်၍ စက်ရုံမှူး မန်နေဂျာကြီးဆီ ခွင့်တောင်းကာ ခေါ်လာခဲ့ သည်။

အဖေပါလာတော့ ဒါရိုက်တာကြီးက အဖေ့သားမှန်းသိပြီး သူ့ ပိုဂရုစိုက်တာလည်း ဖြစ်နိုင်၏။





"ဗိုက်ဗိုးသရီးတူးဝမ်း အက်ရှင်၊ ဟုတ်ပြီ အဆင်ပြေတယ်၊ လှိုင် ဘွား မျက်လုံးကို ပိုပြီးအားထည့်ကြည့်၊ စာအုပ်တွေကိုရော ကောင်မလေး ကိုရော တကယ်ကို ချစ်မြတ်နိုးနေတဲ့ပုံစံဖြစ်ရမယ်နော်၊ အိုကေ အိုကေ အဲဒီအတိုင်းကောင်းတယ်၊ အားလုံးငြိမ် ကဒ်"

"ဖြောင်း ဖြောင်း ဖြောင်း"

ဒါရိုက်တာကြီးက ကျေနပ်အားရကာ လက်ခုပ်ပါတီး၏။ ဦးသာ အောင်ဘက်လည်း လှည့်လိုက်ကာ

"ကိုသာအောင် ခင်ဗျားသား မင်းသားဖြစ်နိုင်တယ်ဗျ၊ ဖအေ အတိုင်းပဲ အိုက်တင်ကတော့ နှစ်ခါပြောစရာမလိုဘူး"

"ဟုတ်ပါ့ ဆရာရယ်၊ ကျွန်တော့်သားကို ကျွန်တော် အဲဒီလောက် လုပ်တတ်လိမ့်မယ် လုပ်နိုင်လိမ့်မယ်လို့ ထင်မထားဘူး"

"အဖေတူသား နဂိုဗီဇတော်ခံပါရမီပါလို့ပေါ့ဗျ၊ သရုပ်ဆောင်တာကို ရှက်ကိုးရှက်ကန်း ဖြစ်မနေတာကိုက တစ်နေ့အောင်မြင်တဲ့စန်းရှိတဲ့ သရုပ် ဆောင်မင်းသားတစ်လက် ဖြစ်နိုင်တယ်ဆိုတဲ့နိမိတ်ပဲ"

"ဆရာရယ် သား အဲဒီလို ဖြစ်ဖို့ဆို ဆရာ့ကိုပဲ အားကိုးရမှာပါ၊ ကျွန်တော့်အခြေအနေက သားကို ဘာမှမပံ့ပိုးနိုင်တဲ့ အနေအထားဆိုတာ ဆရာလည်း သိပါတယ်"

"ကျွန်တော် တင်ချင်တိုင်းလည်း မဖြစ်ဘူးဆိုတာ ကိုသာအောင် လည်း သိမှာပါ၊ ထုတ်လုပ်သူတွေကို ကမ်းလှမ်းပေးဖို့တော့ တာဝန်ယူပါ တယ်၊ ခက်တာက ဒီဘက်ခေတ်မှာ ထုတ်လုပ်သူတွေလည်း မင်းသားသစ် တင်ပြီး ကံမစမ်းရဲကြတော့ဘူးဗျ၊ ဈေးကွက်ရပြီးသား မင်းသား မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ ဘယ်လောက်ရင်းရင် ဘယ်လောက်မြတ်မယ် လုပ်နေကြရတာ၊ ဒါတောင် နယ်ကိုယ်စားလှယ်တွေဆီက အရင်အကြွေးတွေ မြှုပ်နှံထားရင်းက နောက်အကြွေးလည်း အကျေမရလို့ အမြတ်မပေါ်ဘဲ အရင်းထဲကပါတဲ့ အရှုံးဆိုတာက ရှိသေးတယ်၊ ကိုယ့်ဘာသာ ကုမ္ပဏီထောင် ငွေကြေးရင်းနှီး မြှုပ်နှံပြီး မင်းသားလုပ်တဲ့သူတွေတောင် မအောင်မြင်ရင် အရင်းရှုံးတာပဲလေ၊ အောင်မြင်သွားရင်တော့ တစ်သက်စာစားပေတော့ပေါ့''

"ကျွန်တော်လည်း အဲဒါပြောတာပေါ့ ဆရာ၊ ကိုယ့်က သားကို မင်းသားဖြစ်စေချင်ပေမယ့် ဘာမှလည်းအထောက်အပံ့လုပ်မပေးနိုင်ဘူး၊ ကျွန်တော်အသုံးမကျခဲ့တာတွေ အများကြီးပါ ဆရာ''

အဖေ ထိုသို့ပြောနေတော့ အနားကနေ နားထောင်နေရင်း စိတ်မကောင်းဖြစ်ရသည်။ အဖေမျှော်လင့်ချက်တွေ ဖြည့်ဆည်းပေးချင်သော်လည်း သူလည်း တတ်နိုင်သည့်ကိစ္စမဟုတ်ပါ။ ဒါရိုက်တာကြီးလည်း စိတ်မကောင်းဖြစ်နေဟန်တူပြီး အဖေ့ပခုံးကို နှစ်သိမ့်သလို ပုတ်၍

"ဖြစ်ရမယ်လို့ အာမမခံနိုင်ပေမယ့် ခင်ဗျားသားအတွက် အတတ်နိုင်ဆုံး ကြိုးစားပေးပါမယ်လို့တော့ ကတိပေးပါတယ်၊ ဒီကြော်ငြာကြည့်ပြီး သူ့ကိုသတိထားမိတဲ့ ပရိုဂျူဆာတွေလည်း စိတ်ဝင်စားကြလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ပြီးတော့ လုပ်ငန်းရှင်နဲ့တိုင်ပင်ပြီး သူ့ကာဒ်တွေ ကျွန်တော်ရိုက်ထားသေးတယ်၊ မသိတဲ့သူအနေနဲ့တော့ သရုပ်ဆောင်မဆိုးတဲ့တက်လန်းရှိတဲ့ မင်းသားသစ်လေးလို့ ထင်သွားလောက်တယ်လေ၊ ခင်ဗျားသားလုပ်သွားတာလည်း ခင်ဗျားအမြင်ပဲ''

"အားကိုးပါတယ် ဆရာရယ်၊ ကျွန်တော့်သားအဖနှစ်ယောက်





လုံး ဆရာ့ကျေးဇူးကိုမမေ့ပါဘူး၊ ကျွန်တော်က ကျလှူဖြစ်နေပြီ၊ ဆရာလည်း သတင်းတွေကြားမှာပေါ့၊ ကျွန်တော် ရှေ့လျှောက်လုပ်စားလို့ရဖို့ မလွယ်လောက်တော့ဘူး''

"အေးဗျာ တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကျွန်တော်လည်း ကြားပါတယ်၊ ဒီနေ့ဆို အင်တာနက်ပေါ်တောင် တက်လာတယ်ပြောတယ်''

"ဗျာ အင်တာနက်ပေါ်တက်လာတယ် ဘာအကြောင်းလဲ ဆရာ''

ဒါရိုက်တာကြီး အနီးနားပတ်ဝန်းကျင်မှာ လူတွေမရှိတော့မှ

"ခင်ဗျားအကြောင်းပဲ ကိုသာအောင်၊ မင်းသမီးက ဂျာနယ်လစ်တွေရှေ့မှာ သူ့အပြစ်လွတ်အောင် ခင်ဗျားအပေါ် အပြစ်တွေပုံချလိုက်တာပဲ''

"ဗျာ ကျွန်တော်က အပြစ်လုပ်တယ်''

"မသိတဲ့သူတွေကတော့ ခင်ဗျား အကျင့်မကောင်းလို့ မင်းသမီးက ချက်ပြီးတုံ့ပြန်လိုက်တယ်ပေါ့၊ သိတဲ့သူတွေကတော့ ခင်ဗျားဘယ်လိုနစ်နာသွားရတယ်ဆိုတာ သိကြပါတယ်''

"ဟာ အ အဖေ့ကို အဲဒီလိုတောင် လုပ်ချလိုက်တာလား၊ ဒီမင်းသမီးတော်တော်ယုတ်မာတာပဲ''

သူ အသားတွေတဆတ်ဆတ်တုန်သွားသည်။ ပြဿနာဖြစ်မြစ်ကိုမသိသော ဒီလောကသားထဲကလူတချို့နှင့် ပရိသတ်တွေက အဖေ့ကို ဘယ်လောက်တောင် ရွံမုန်းသွားကြမလဲ။

အဖေ့မျက်နှာလေးက ရှက်စိတ်များဖြင့် ဆီးရွက်သာသာမျှသာ ရှိသွက်

"ကျွန်တော့်ကံပေါ့ ဆရာရယ်၊ ကိုယ်က ရှင်းမယ်ဆိုတော့ နောက်



www.burmeseclassic.com

www.burmeseclassic.com



ခံအင်အားလည်းမရှိ၊ ကိုယ့်ဘက်ရပ်တည်အားမခံပေးရဲမယ့်သူလည်း မရှိနဲ့၊ ကိုယ်ပဲ့ရွှံ့မှာ ထပ်ပြီးအရှက်ရမှာ''

''မရှင်းပါနဲ့ ကိုသာအောင်၊ ရှင်းရလောက်တဲ့ပြဿနာကြီးလည်း မဟုတ်ပါဘူး။ သူ့ဘာသာ ဘယ်လိုပဲ ပုံကြီးချဲ့ချဲ့ သိပ်မကြာခင် မေ့ပျောက်သွားမယ့်ကိစ္စပါ''

''ဒါပေမဲ့ ပရိသတ်တွေကတော့ ကျွန်တော်ပါတဲ့ကားဆို ရှုံမုန်းပြီး ဘယ်ကြည့်ချင်တော့မလဲ ဆရာ၊ ကျွန်တော်တို့အနုပညာကို ဘယ်လောက်ပဲ ဝါသနာကြီးကြီး ကြည့်တဲ့ပရိသတ်ရှိလို့ ချပြလို့ရတာပါ ဆရာ''

''ဒါတော့လည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ်ကမာန်တက်လို့ရတဲ့ အခြေအနေမဟုတ်ဘူးလေ၊ သူတို့က လုပ်တိုင်းတင့်တယ်နေတဲ့အချိန်၊ ကိုယ်က အမှန်တရားအတိုင်းပါလို့ တုံ့ပြန်လည်း အရာရောက်မှာမဟုတ်ဘူး အဲဒီတော့ ဒီအတိုင်းငြိမ်နေလိုက်တာ အကောင်းဆုံးပါပဲ ကိုသာအောင်ရာ''

လက်သီးဆုပ်ကို သူ တင်းနေအောင်ဆုပ်ထားမိသည်။ သူ ပေါက်ကွဲချင်နေသည်ဆိုတာ အဖေက သိနေကာ

''သားရယ် အဖေ ဘာမှမဖြစ်ပါဘူး။ သားသာ တစ်ခုခုဖြစ်အောင် လုပ်ပါ၊ အခု ဒီဆရာကို သားရဲ့ဆရာရင်းတစ်ယောက် ဖခင်တစ်ယောက်လို သဘောထားရမယ်၊ ကြားလား သား''

''ဟုတ်ကဲ့ပါ အဖေ၊ ဆရာလည်း ကျွန်တော့်ကို သားတစ်ယောက်လို ဆုံးမသွန်သင်ပြီး စောင့်ရှောက်ပေးပါ ဆရာ''

''အေးပါကွာ ငါလည်း ဝါသက်တမ်းတစ်လျှောက် တွေ့လာတဲ့ ကောင်တွေကို ဘယ်ကောင်ကတော့ မင်းသားဖြစ်နိုင်တယ်၊ ဘယ်သူကတော့





မဖြစ်နိုင်ဘူး၊ second လောက်ရောက်မယ်၊ အရံတော့ဖြစ်နိုင်တယ်ဆိုတာ ခန့်မှန်းလာသမျှတော့ မှန်လာတာပဲ၊ ဒီအချိန်ထိ မလွဲသေးဘူးဆိုရင်တော့ မင်းက မင်းသားဖြစ်ကို ဖြစ်ရမှာကွ၊ ဒါပေမဲ့ ကံတရားပေါ့ကွာ၊ ငါအတတ်နိုင်ဆုံး ကြိုးစားပေးမှာဆိုပေမယ့် မင်းရဲ့ကံက မင်းသားဖြစ်ဖို့ကံ ပါလာဦးမှ တိုးကွ ဟုတ်တယ်မဟုတ်လား''

''ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်ကတော့ အရမ်းကြီးဖြစ်ချင်လှတယ်တော့ မဟုတ်ပါဘူး၊ အဖေဆန္ဒရှိရင်တော့ ကြိုးစားကြည့်ရမှာပေါ့၊ ဒါပေမဲ့ ကျွန်တော်အရမ်းကြီးမျှော်လင့်မထားပါဘူး ဆရာ၊ ကိုယ်က မပြည့်စုံတော့ ဒီလောကထဲဝင်ဖို့ ခက်ခဲမယ်ဆိုတာ နားလည်ပါတယ်''

''အေးပါကွာ အဲဒီ နားလည်မှုလေးရှိထားရင် မင်း သိပ်မပင်ပန်းတော့ဘူးပေါ့၊ ကဲ ကိုသာအောင် ခင်ဗျားလည်း စိတ်မာတ်မကျပါနဲ့၊ ကျွန်တော် ရိုက်တဲ့ကားမှာ မေ့မှူးမာန်မပါရင် ခင်ဗျားကို ခေါ်ရိုက်မှာပေါ့ဗျာ''

''ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးတင်ပါတယ်''

အိမ်ပြန်လမ်းမှာတော့ သားအဖနှစ်ယောက်လုံး မျှော်လင့်ချက်လေးတွေကိုယ်စီဖြင့် စိတ်ပျော်ရွှင်လာခဲ့ကြသည်။ ဒါပေမဲ့လည်း မေ့မှူးမာန်ရဲ့ သုပ်ရပ်ကိုတော့ ဘယ်လိုမှပင် အခဲမကြေနိုင်ပါ။ လူတစ်ယောက်ရဲ့သိက္ခာ အရေးနှင့် ကိုယ်ကျင့်တရားကို စော်ကားတာ။

ဒီမိန်းမ တစ်နေ့ ပြန်ပေးဆပ်ရမှာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

"နင်က မင်းသားလုပ်တော့မယ် ဟုတ်လား လှိုင်ဘွား၊ အမယ်လေး ဒီလောကကို စိတ်ကုန်တယ်ပြောတဲ့သူကလည်း အံ့ဩစရာ"

"ဖြစ်ချင်လှတယ်တော့ မဟုတ်ပါဘူး၊ ဖြစ်လာမလားဆိုတာလည်း မသိသေးပါဘူး။ နင်သိတဲ့အတိုင်းပဲလေ ငါ့မှာက မင်းသားဖြစ်ဖို့ဘာအရည်အချင်းရှိလို့လဲ၊ အထောက်အပံ့ဆိုတာလည်း ရှိတာမဟုတ်ဘူး"

"အဲဒါကြောင့် နင့်ကိုငါပြောတာပေါ့၊ စပွန်ဆာ ရှာပါလို့"

"နင်ကလည်းဟာ ပြောတော့မယ်"

လှိုင်ဘွားမျက်နှာ နီနီဖြစ်သွားတာကို သီရိက ရယ်သည်။

"နင်က ဘာရယ်တာလဲ"

"နင်ဖြစ်သွားတဲ့ပုံပါ၊ စပွန်ဆာရှာခိုင်းတာပဲ ရှက်သွားရလား၊ အခုခေတ်က ဒါမျိုးတွေပဲ ခေတ်စားနေတာ၊ မိန်းကလေးလည်း ရှာတာပဲ၊ ယောကျ်ားလေးလည်း ရှာတာပဲ၊ ဘာထူးဆန်းလို့လဲ"





"ငါတော့ အဲဒီလို မလုပ်ချင်ဘူး၊ ရိုးရိုးသားသား ကြိုးစားချင်တာ၊ မှန်ကန်တဲ့နည်းလမ်းနဲ့ပဲ အပေါ်ရောက်ချင်တာ"

"အချိန်ကြာမှာပေါ့ လှိုင်ဘွား၊ နင့်မှာပိုက်ဆံဘယ်လောက်ရှိလို့လဲ၊ မိဘကရော ဘယ်လောက်ထောက်ပံ့ပေးနိုင်လို့လဲ၊ အသိုက်အဝန်းကရော ကောင်းလို့လား၊ ဘာတစ်ခုမှ ကောင်းတာမရှိဘဲနဲ့ နင် ဘယ်နေရာကို သွားချင်ချင် ဘာတွေဖြစ်ချင်ချင် ရောက်မှာ ဖြစ်မှာမဟုတ်ဘူး လှိုင်ဘွား၊ တစ်ခုခုတော့ နင်ပေးဆပ်ရမှာပဲ"

လှိုင်ဘွား တွေဝေသွားသည်။ ဘာမှမရှိသော ဘဝမှာ ဘာဖြစ်ချင်လို့ရမှာလဲ။ ဘဝနဲ့ဆန္ဒတစ်ထပ်တည်းကျဖို့ ကံတရားက မျက်နှာသာ မပေးသေး။

"ငါ အဖေ့ကို သနားတယ်ဟာ"

"နင့်အဖေက ဘာဖြစ်နေလို့လဲ"

"ကားမရိုက်ရဘဲ အိမ်မှာပုန်းနေတော့ စိတ်ဓာတ်တွေကျနေတာပေါ့၊ ဟိုမင်းသမီး ဝုန်းထားတာက အဖေ့ကိုတော်တော်ထိတယ်၊ လမ်းထွက်ရင် ဆောင် လူတွေကြည့်တဲ့အကြည့်က တစ်မျိုးဖြစ်နေပြီ"

"ကြာတော့ ပြီးသွားမယ့်ကိစ္စပါဟာ ဂရုစိုက်မနေပါနဲ့၊ ကားမရိုက်ရတာလည်း ဟိုဒါရိုက်တာ အားပေးထားတာပဲမဟုတ်လား၊ အသေးအမွှား ကိစ္စလောက်ကို စိတ်ဓာတ်ကျနေရင် ကြီးကြီးမားမားကိစ္စတွေကို ဘယ်လို ရင်ဆိုင်မှာလဲ"

"အဖေ့ကိုလည်း ငါပြောပါတယ်၊ ဒါပေမဲ့ ဒါကြီးက ဂုဏ်သိက္ခာနဲ့ကိုယ်ကျင့်တရားကိုစော်ကားခံရတာ မဟုတ်လား၊ အလုပ်လုပ်ဖို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခက်သွားပြီဆိုတော့ နှစ်ခုလုံးအတွက် အဖေ စိတ်ဆင်းရဲနေတာ ငါ အဖေ့ နလန်ထူအောင် ပြန်လုပ်ပေးချင်တယ်ဟာ''

''အေး နင်က ဖအေချစ်ဆိုတော့ နင်ပါရောပြီး စိတ်ဆင်းရဲနေ တာပေါ့၊ ဒါပေမဲ့ လှိုင်ဘွားရယ် နင်ပါ စိတ်ဓာတ်ကျပြနေရင် နင့်အဖေပိုဆိုး သွားမှာပေါ့၊ နင်က ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးနေ၊ နင်အလုပ်တော့ မထွက်သေးဘူးမဟုတ်လား''

''ဘယ်ထွက်လို့ဖြစ်ဦးမှာလဲ၊ ဒီဘက်က ဘာမှလည်းသေချာသေး တာလည်းမဟုတ်ဘဲနဲ့ အလုပ်မလုပ်ရင် ထမင်းငတ်သွားမှာပေါ့၊ ဒီဘက်က အလုပ်က ညသန်းမှာ အပ်ပျောက်ရှာသလို မျှော်လင့်ချက်နည်းပါတယ်''

''ဖြစ်လာခဲ့ရင် ငါ့ကိုမေ့သွားမှာလား လှိုင်ဘွား''

''ဟင်''

ဖြစ်မလာနိုင်တာမို့ ကြိုတွေးမထားမိခဲ့သည့်ကိစ္စပါ။ သီရိကို လှမ်း ကြည့်လိုက်တော့လည်း အလေးအနက်မေးနေတာက သိသာသည်။

''နင် ငါ့ကို ဖြစ်လာလိမ့်မယ်လို့ ထင်နေလား သီရိ''

''နင်က စိတ်ရင်းစေတနာကောင်းတဲ့သူပဲ၊ ဘယ်သူ့အပေါ်မှ မ ယုတ်မာဘူး။ အဲဒီအတွက် နင့်ကံကောင်းကို ကောင်းလာမှာပါ၊ ငါယုံကြည် တယ်''

''အဲဒီလို အားပေးတာတော့ ငါတကယ်ကျေးဇူးတင်ပါတယ်ဟာ အဖေ့ကြောင့်မို့ ငါ ဖြစ်ချင်စိတ်တော့ ရှိပါတယ်၊ ဖြစ်လည်းဖြစ်ချင်တယ် တကယ်လို့ ဖြစ်လာခဲ့မယ်ဆိုရင်လည်း ငါ နင့်ကိုဘယ်တော့မှ မေ့မသွား ဘူး သီရိ၊ ငါ တကယ်ပြောတာ နင်က ·ငါ့အတွက်''





လှိုင်ဘွား စကားမဆက်ဘဲ သီရိ မျက်နှာလေးကို ခပ်ငေးငေးလေး ကြည့်နေပြီးမှ

''ဒီအချိန်မှာ ဒီလိုစကားတွေ မပြောချင်သေးပါဘူးဟာ၊ မပြည့်စုံ ခင်ပြောတဲ့စကားတွေက အလေးအနက်တန်ဖိုးထားတဲ့စကားတွေ ဖြစ်လာမှာ မဟုတ်ဘူး။ ဆင်းရဲတွင်းထဲ ခွဲနစ်တဲ့အဖြစ်မျိုးတော့ တကယ်အဖြစ်မခံနိုင် ဘူးပါ''

''လှိုင်ဘွား နင်ဘာတွေပြောနေတာလဲ ငါနားမလည်ဘူး''

''ငါ နင့်ကိုချစ်တဲ့အကြောင်း ဒီအချိန်မှာ မပြောသေးဘူးလို့ ပြော တာ''

''ဘာ''

''ဟုတ်တယ်လေ ဒီအချိန်မှာပြောရင် ငါ နင့်ကိုတန်ဖိုးထားရာ ရောက်ပါ့မလား၊ ငါက ဘာကောင်မှလည်း မဟုတ်သေးဘူး၊ ပြည့်လည်း ပြည့်စုံသေးဘူး၊ ငါ အရာရာပြည့်စုံတဲ့အချိန်မှပဲ ငါ နင့်ကို ဘယ်လောက် ချစ်တဲ့အကြောင်း၊ မြတ်နိုးရတဲ့အကြောင်း တန်ဖိုးထားပြီး အလေးအနက် ပြောတော့မယ်''

''သြော် ဒုက္ခပဲ လှိုင်ဘွားရယ်''

ရင်ပဲခုန်ရတော့မှာလား၊ စိတ်ပဲဆိုးရတော့မှာလား မသိနိုင်။

အားလုံးသိစေပြီးမှ နောက်မှပဲပြောတော့မည်တဲ့။ ဘာပဲပြောပြော စိတ်ထဲမှာ ကျေနပ်သလို ရှက်သလို ရင်ခုန်နွေးနွေး ရှိန်းတိမ်းဖိန်းတိမ်း ဖြစ်သွားရတာတော့ အမှန်ပင်။

သူ ဒီလိုပြောတာကို ဘာကြောင့်များ စိတ်မဆိုးရက်နိုင်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမကရော သူ့ကို ချစ်နေမိလို့လား။ လှိုင်ဘွားက သူမ မျက်နှာလေးကို ငုံ့ကြည့်ပြီး

"သီရိ နင့်မျက်နှာက ဘာလို့ နီသွားတာလဲ"

"အလိုက်ကန်းဆိုးမသိလိုက်တာ လှိုင်ဘွားရယ်၊ ငါ့မျက်နှာနီနီ မနီနီ နင်နဲ့ဘာဆိုင်လို့လဲ၊ သွား ငါ့မျက်နှာကိုကြည့်မနေနဲ့ ဘာမှန်းလည်း မသိဘူး"

"ဟား ဟား နင်ရှက်သွားတာမဟုတ်လား သီရိ၊ ရည်းစားစကား အပြောခံလိုက်ရပြီထင်ပြီးတော့လေ"

"ကောင်စုတ် သေနာ"

လှိုင်ဘွား အရမ်းရယ်နေတော့ ကျိန်ဆဲရင်းကနေ သူမလည်း ရောယောင်ရယ်လိုက်မိသည်။ သူငယ်ချင်းသံယောဇဉ်များကြောင့် စိတ်ဆိုးစရာ နာကျင်စရာအကြောင်းများလည်း မရှိပါ။ ချစ်တယ်ဆိုသည့် စကားအတွက်တော့ မရိုးမသား ရင်ခုန်မိနေတာ အထူးအဆန်းပင်။ ဒီအချိန်မှာ ပွင့်လင်းစွာ ပြောလိုက်တော့ရော ဘာဖြစ်မှာမို့လဲ။

"ငါပြန်တော့မယ် လှိုင်ဘွားရယ်၊ နင်တွေ့ချင်တယ်ဆိုလို့သာ လာတွေ့တာ၊ အိမ်မှာ ဒီနေ့ မောင်လေးမင်္ဂလာကိစ္စအတွက် လူကြီးချင်းတွေ့ပြီး စီစဉ်ကြမှာ၊ ငါက ရှောင်ထွက်သလိုဖြစ်နေရင် မကောင်းဘူး"

"အေးလေ ငါက အဲဒါကိုမသိဘဲ ခေါ်လိုက်မိတယ်၊ ငါလည်း ငါ့အကြောင်းကို နင်ကလွဲပြီး ပြောစရာမရှိဘူးဟ၊ စက်ရုံမှာတော့ ခင်ရတဲ့ သူငယ်ချင်းတွေရှိပါတယ်၊ ဒါပေမဲ့ နင့်လောက်မရင်းနှီးတော့ ကိုယ်ရေးကိုယ်တာအကြောင်းတွေ မပြောချင်ဘူး"





"အေးပါဟယ် ငါလည်း မောင်လေးကိစ္စရှိနေလို့ပါ၊ မဟုတ်ရင် နင်နဲ့အကြာကြီး စကားပြောချင်ပါတယ်"

"နင့်မောင်လေးက မင်္ဂလာဆောင်ပြီးရင် ယောက္ခမနဲ့ အတူတူ သွားနေမှာလား"

"အိမ်ခွဲနေမှာလို့ ပြောတာပဲ၊ ယောက္ခမတွေကလည်း မောင်လေး ချိုက် သိပ်မကြိုက်ဘူးလေ၊ အိမ်ခွဲနေပြီး ကိုယ့်အိမ်ထောင်ရေးသာယာအောင် ကြိုးစားလို့ လွှတ်ချထားတာ၊ မောင်လေးက လက်ကြောမတင်းချင်တော့ ဒီတိုက်ကိုမှီချင်တာလေ၊ အဖေကတော့ ပြောထားတယ်၊ အိမ်ထောင်ကျ သို့ လုပ်သင့်တာလုပ်ပေးပြီးသွားရင်တော့ ပေးတာကမ်းတာ ထောက်ပံ့တာ အိမ်မှာလာပြီးမှီခိုနိုင်းတာတွေ သိပ်မလုပ်နဲ့လို့၊ မိထွေးနဲ့လည်း ပြဿနာတက် မှာ သူလည်း မှီခိုလို့ရနေရင် မိသားစုအခံပါ တာဝန်မဲ့တတ်တဲ့သူ ဖြစ်သွား မယ်လေ"

"နင်လည်း ထောက်ပံ့လိုက်ရသေးတယ်မဟုတ်လား"

"စုထားတဲ့သုံးသိန်း ပေးလိုက်တယ်၊ အစ်မတစ်ယောက်အနေနဲ့ ဒီလောက်တော့ တာဝန်ကျေပေးသင့်တယ်ထင်လို့ပါ၊ တကယ်ဆို သူရော ငါရော အရွယ်ရောက်နေပြီ၊ ပညာဆုံးခန်းတိုင်တယ်ဆိုတာလည်း အဖေ တာဝန်ကျေလို့ပဲလေ၊ အဲဒါကြောင့် မိထွေးနဲ့ကိစ္စကို အတိုက်အခံသိပ်မလုပ် ခဲ့တာ၊ ဒါပေမဲ့ မိထွေးပါးစပ်စည်းကမ်းမရှိရင်တော့ တစ်ခါတလေ ပြောသင့် သလောက်တော့ ပြန်ပြောပစ်လိုက်တယ်၊ သူက စည်းလွတ်ဝါးလွတ် မိုးမျှော်ချိုး ပြောတတ်လွန်းလို့လေ"

"ငါနဲ့ပတ်သက်ပြီးတော့ပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဘွား မေးတာကို မညာချင်တာကြောင့် ခေါင်းညိတ်ပြလိုက်သည်။ လှိုင်ဘွားလည်း သိသင့်သလောက်တော့ သိထားပြီးပြီပဲ မဟုတ်လား။

"ရိုးရိုးသားသားပဲ ခင်မင်တာပါဆိုတာကို မယုံဘူး၊ အိမ်က ကော် ထုတ်ချင်နေတာဆိုတော့ နင်နဲ့ငါ့ကို ယူပဲယူစေချင်နေတာ"

"အေးဟာ ငါလည်း အဖေ့အတွက်တင်မဟုတ်ဘူး။ နင့်အတွက်ပါ ကြိုးစားဖို့ အခွင့်အရေးရလာခဲ့ရင် ကောင်းမှာပဲ"

"ငါ့အတွက်က ဘာလဲ"

"နင့်ကိုငါ လက်ထပ်ယူရင် တင့်တောင့်တင့်တယ် ထားနိုင်အောင် လို့ပေါ့ဟာ။ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်ပြီး ဘာမှဖြစ်မလာတာမျိုးတော့ မဖြစ်ချင်ဘူး။ အဲဒါကြောင့် နင့်ကို အခုချိန်မှာ ဖွင့်မပြောချင်သေးတာ"

"အေး ထားလိုက်ပါတော့၊ နင်ဖွင့်မပြောသေးဘူး၊ နင်ချစ်တယ် ဆို ငါမသိရသေးဘူးလို့သာ သဘောထားလိုက်ပါတော့ဟယ် ကဲ ငါသွားပြီ"

သူမ ဖွတ်ထွက်လာတော့ လှိုင်ဘွား ထလိုက်လာသည်။

"ငါ လိုက်ပို့မယ်လေ"

"မိုးမချုပ်သေးဘူး လင်းလင်းချင်းချင်းကြီး ရှိသေးတယ်၊ ငါ့ဘာသာ သွားလိုက်တော့မယ်၊ နင်သာ အဲဒီလက်ဖက်ရည်ကုန်အောင်သောက်ပြီး နေခဲ့"

"ငါလည်း မနေခဲ့ရပါဘူးဟာ၊ အဖေ့အတွက် အရက်ဝယ်ပြီး ပြန်ရမှာဟ"

သီရိက ရှေ့ကထွက်သွားသည်။ လှိုင်ဘွားက လက်ဖက်ရည်ဖိုး





ရှင်းပြီးမှ အရက်ပုလင်းဝယ်ဖို့ ထွက်လာခဲ့သည်။

အဖေ့အတွက်က ဒီပုလင်းလေးပါမှ အဖေနေသာထိုင်သာ ရှိမည်၊ ဘဝတွေက မရေရာသေးစွာနှင့်ပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဟာ ဆရာ"

အိမ်ရှေ့မှာ ကားတစ်စီးရပ်ထားတာတွေ့လို့ အံ့ဩနေတာ၊ အိမ်ထဲရောက်မှ ဒါရိုက်တာကြီးကိုမြင်လိုက်ရတော့ ပို၍ အံ့ဩသွားကာ ဆက်တီခုံမှာ ဝင်ထိုင်လိုက်သည်။

"ဆရာ ဘယ်ချိန်တည်းက ရောက်နေတာလဲ၊ အဖေကလည်း ဆရာလာတယ်ဆိုရင် စက်ရုံကို ဖုန်းဆက်လို့ရတာပဲ၊ သားကိုဆက်လိုက်တာမဟုတ်ဘူး။ ဆရာ့ကိုဧည့်ခံဖို့ တစ်ခုခုဝယ်လာလို့ရတာပေါ့"

"ခုနလေးကမှ ရောက်တာကွ၊ မင်းကိုဖုန်းဆက်ရင်လည်း မင်းက စက်ရုံမှာမရှိလောက်တော့ဘူးဆိုတာနဲ့ ဆရာက မဆက်ခိုင်းတာပါ။ ဒီမှာ မင်းအဖေအတွက် အရက်ရော အမြည်းတွေရော ဝယ်လာပါတယ်ကွ၊ ပွဲပြင်ပေးလိုက်ပါ"

"ဆရာလည်း နည်းနည်းပါးပါး လုပ်တတ်တယ် သား။ သေချာလေးလုပ်လာခဲ့"





"ဟုတ်ကဲ့ အဖေ"

ဒီလောကမှာ ဒီလိုစေတနာကောင်းသည့်သူတော်ကောင်းမျိုးလည်း ရှိပါသေးလား။ အရက်ပုလင်းအကောင်းစားနှင့် အကြော်အလှော် အမြည်းတွေ ဝယ်လာလိုက်တာ မနည်းမနောပင်။ ပန်းကန်တွေနှင့် သေချာပြင်ဆင်ပြီး စားပွဲပေါ်မှာ တင်ပေးလိုက်သည်။ ဆရာ အကြောင်းမရှိဘဲ ဒီကိုရောက်လာနိုင်။

"ဆရာ သုံးဆောင်ပါ ဆရာ၊ ဆရာပါလာတာနဲ့ ဧည့်ခံရတော့မယ်၊ အားနာပါတယ် ဆရာ"

"ဘာအားနာစရာလိုလဲကွာ၊ မင်းအဖေကို ဧည့်ခံချင်လို့ကို ဝယ်လာခဲ့တာ၊ ငါ ဒီလောကထဲရောက်တော့လည်း မင်းအဖေ ကျေးဇူးမကင်းပါဘူးကွ၊ မင်းအဖေက ရက်ရောတဲ့သူဆိုတော့ မင်းအဖေ ကျွေးတာမွေးတာ စားခဲ့ရဖူးတယ်ကွ၊ ပညာလေးမတောက်တခေါက်နဲ့ ဝင်လာခါစက သိမ်ငယ်မှုတွေရှိတော့ မင်းအဖေကပဲ အားပေးခဲ့တာ"

"ဒီလောက်ကြီးလည်းမဟုတ်ခဲ့ပါဘူး ဆရာရယ်၊ ကျွန်တော်က အနုပညာကိုချစ်တဲ့သူမှန်သမျှကို လေးစားတတ်လို့ပါ၊ ပြီးတော့ ဒီလောကထဲ စရောက်ခါစ ယောင်တောင်တောင်ဖြစ်နေတဲ့သူတွေကိုလည်း အားပေးချင်တဲ့စေတနာရှိတယ်"

"အဲဒါ လူတိုင်းမထားနိုင်တဲ့စိတ်မျိုးပဲ၊ အသစ်ဆိုရင် ဘယ်လိုလူမျိုးဖြစ်ဖြစ် အထင်သေးချင်တယ် နှိမ်ချချင်ကြတယ်၊ ခင်ဗျားလိုလူမျိုးနဲ့တွေ့တော့ အားရှိသွားကြတာပေါ့ဗျာ၊ ဒါကြောင့် ကျွန်တော်လည်း ကျွန်တော်နဲ့ပတ်သက်တဲ့သူမှန်သမျှကို အတတ်နိုင်ဆုံး ကူညီနိုင်သလောက်တော့ ကူညီပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပဲ၊ အခုလည်း လှိုင်ဘွားအတွက် အကြောင်းထူးတာလေးတွေရှိလို့ ကျွန်တော် လာခဲ့တာ''

''ဟုတ်ကဲ့ ဆရာ၊ ဖြည်းဖြည်းသုံးဆောင်ပြီးမှ ပြောပါ''

''ကဲ သြိုးယားစ်ဗျာ ကိုသာအောင်''

အဖေတို့ခွက်ချင်းတိုက်ပြီးမှ သောက်ကြ၏။ အသက်အရွယ်အရဆို ဒါရိုက်တာကြီးက အနည်းငယ် ငယ်လောက်ပေမယ့် အဖေ့ကို တလေးတစား ဆက်ဆံပေးတတ်တာက ဒါရိုက်တာကြီးရဲ့ပြည့်ဝဖြူစင်သော စိတ်ဓာတ်ဖြစ်မည်။ ဒါရိုက်တာကြီးက သူ့ဘက်လှည့်ကြည့်ပြီး

''လှိုင်ဘွားက မသောက်ဘူးလားကွ ချလေ''

''ကျွန်တော် မလုပ်တတ်ပါဘူး ဆရာ၊ အကျင့်ဖြစ်သွားမှာစိုးလို့ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့တွေ့ရင်တောင် မလုပ်ပါဘူး''

''အေး ကောင်းတယ်ကွာ၊ အဲဒီလို မလုပ်တတ်တာ အကောင်းဆုံးပဲ၊ ငါလည်း အရင်က မလုပ်တတ်ဘူး။ ဒီလောကထဲရောက်မှ အပေါင်းအသင်း မိတ်ဆွေနဲ့ ဒင်နာပါတီ ညစာခံပွဲတွေကြောင့် လုပ်တတ်သွားတယ်၊ နောက်တော့ မင်းလည်း အဲဒီလိုပဲ ဖြစ်လာမှာပါ''

''ဆရာ ဘာကိုဆိုလိုတာလဲ ဆရာ၊ သားက''

''ဟုတ်တယ် ကိုသာအောင်၊ ခင်ဗျားသား ဒီလောကထဲရောက်ဖို့ နီးစပ်ပြီလို့ပဲ ပြောရမလား။ ကျွန်တော် ထုတ်လုပ်ရေးနှစ်တိုက်နဲ့ စကားပြောထားတာတော့ရှိတယ်''

''ဗျာ''

သူ အံ့အားသင့်သွားသလို အဖေ မျက်လုံးများလည်း မှော်လင့်





ချက်ရောင်ခြည်များဖြင့် လင်းလက်တောက်ပသွားကာ

''ဘယ် ဘယ်လို စကားပြောခဲ့တာလဲ ဆရာ''

''ခင်ဗျားတို့သားအဖ ဖုန်းအင်တာနက် မကြည့်ကြဘူးလား။ ဖေ့ဘွတ်ခ် မသုံးကြဘူးလား''

''သားက သူဝယ်တဲ့ဖုန်း ကျွန်တော့်ကိုပေးထားတယ်၊ ကျွန်တော်က ဒီရက်ထဲ စိတ်ဓာတ်ကျနေတာနဲ့ ဘာမှမသုံးဖြစ် မကြည့်ဖြစ်ဘူး ဆရာ''

''ကျွန်တော်ရိုက်တဲ့ ဗလာစာအုပ်ကြော်ငြာကို အင်တာနက်ပေါ်တင်လိုက်တယ်လေ၊ သရုပ်ဆောင်မှုတွေကိုပါ ဝေဖန်ပြီး မက်ဆေ့ချ်ပေးနိုင်းတယ်၊ လှိုင်ဘွားအတွက် တုံ့ပြန်မှုကောင်းတယ် ပြောရမှာပဲ''

''ဟုတ်လား ဆရာ''

''အဲဒါနဲ့ လှိုင်ဘွားကို ပို့စ်ပေးနေတဲ့ပုံတွေ ရိုက်ယူထားတာတွေကိုပါ ကျွန်တော် ပြကြည့်လိုက်တာဗျ၊ ကျွန်တော်လည်း အာမခံတယ်ဆိုတော့ စိတ်ဝင်စားကြပါတယ်၊ ဒါပေမဲ့ ဘာအခြေအမြစ်မှမရှိဘူးဆိုရင်တော့ အားငယ်ရောပဲ၊ တစ်တိုက်က second နေရာအရံနေရာလောက်ပေးချင်တယ်၊ ဆရာအာမခံတယ်ဆိုပေမယ့် မင်းသားတင်ပြီး ရင်းနှီးမြှုပ်နှံလောက်အောင်တော့ သူတို့ယုံကြည်မှုမရှိဘူးပေါ့''

''အသစ်နေရာကဆိုတော့ ဒီလိုပဲရှိမှာပေါ့ ဆရာ၊ အခုက ထုတ်လုပ်သူတွေ အရှုံးပေါ်နေတာ ကံကိုယုံပြီး ဘယ်သူလုပ်ရဲမှာလဲ၊ နောက်တစ်တိုက်ကကျတော့ရော ဆရာ''

''အင်း သူက မဆိုးဘူးပြောရမလား။ ကားနှစ်ဆယ်လောက်တော့ စာချုပ်ချုပ်ပြီး လုပ်ကြည့်ချင်တယ်၊ တွဲတက်လို့ကောင်းတဲ့ မင်းသမီးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဈေးကွက်ရှာမှာပေါ့၊ ဒါပေမဲ့ သူတို့ဘာတာဝန်မှမယူနိုင်ဘူး။ ကားရိုက်ရင် ဇာတ်ဝင်ခန်းအတွက် အဝတ်အစားဖိုးလောက်ပဲ ပေးနိုင်မယ်တဲ့၊ ခင်ဗျားတို့ကလည်း အဆင်မပြေတဲ့အခါကျတော့ ကျွန်တော် အကြောင်းမပြန်နိုင်ဘူး ဖြစ်နေတယ်၊ မင်းသားလုပ်တော့မယ်ဆိုရင် ကိုယ်ပိုင်ကားလေး တိုက်ခန်းလေး ကအစ ရှိမှ သိက္ခာရှိရှိလေး တင့်တင့်တယ်တယ်လေး ဖြစ်မှာမဟုတ်လား ဒီလောကအကြောင်း ခင်ဗျားလည်းသိတာပဲ၊ မပြည့်မစုံ ချို့ချို့တဲ့တဲ့နဲ့ဆိုလို့ကတော့ အထင်သေးတဲ့မျက်လုံးနဲ့ ကြည့်ပြီး ရှုတ်ချအပုပ်ချကြမှာ''

ဆရာပြောသည့်စကားတွေအတွက် သားအဖနှစ်ယောက် အကြာကြီးအကြည့်ဆုံသွား၏။ ပြီးမှ အဖေ ဝမ်းသာအားရ ပြုံးလိုက်ပြီး

''ဒီလောက်အခွင့်အရေးရှိမှတော့ သားအတွက် ကျွန်တော် လုပ်ကြည့်ချင်တယ် ဆရာ၊ ကျွန်တော် ဒီဆယ်ပေအိမ်လေးကို ရောင်းလိုက်ရင် သိန်းနှစ်ရာကျော်တော့ ရပါတယ်၊ သားအတွက် သိန်းတစ်ရာဝန်ကျင် ကားလေးတစ်စီးလောက်ဝယ်ပြီး တိုက်ခန်းကို နှစ်ချုပ်နဲ့ငှားလိုက်ရင် ဖြစ်တာပဲ''

''ဟာ အဖေရဲ့ သားတို့မှာပိုင်ဆိုင်မှုဆိုလို့ ဒီအိမ်လေးတစ်ခြမ်းပဲ ရှိပါတယ်၊ မင်းသားလုပ်တာက ဖြစ်မယ်မဖြစ်ဘူး သေချာတာမဟုတ်ဘူး မဖြစ်ရင် သားတို့သားအဖ ဘယ်မှာနေပြီး ဘာလုပ်စားကြမှာလဲ အဖေ''

''သားရယ် ဘုရားထွင်းတဲ့ခံတွင်းပါ၊ သား ဘာမှမဖြစ်လည်း အဖေတို့ထမင်းလည်း ငတ်မသေပါဘူး၊ လမ်းဘေးလည်း ရောက်မသွားပါဘူး။ သားအရွယ်ရှိသေးတာပဲ၊ ဘယ်လိုပဲလုပ်ကိုင်စားစား ဖြစ်ပါတယ် သားရယ်၊ အဖေကတော့ သားကို စွန့်စားကြည့်စေချင်တယ်''

''ဟုတ်သားပဲ လှိုင်ဘွား၊ ဆရာလည်း မင်းကိုလုပ်ကြည့်စေချင်တယ်၊ လူဆိုတာ ကြိုးစားစွန့်စားမကြည့်ဘဲ ဘာဖြစ်လာမယ် ဖြစ်မလာဘူး





ဘယ်လိုလုပ်သိရမှာလဲ၊ ဆရာ မင်းကိုယုံကြည်တယ်၊ မင်းမှာအရည်အချင်း အစွမ်းအစရှိတာဆရာ သိတယ်၊ ဆရာကတော့ မင်းကိုလုပ်ကြည့်စေချင်တယ်ကွာ''

ဆရာကပါ တိုက်တွန်းလာတော့ သူ ဘာပြောရမှန်း မသိတော့ပေ။ သူ့ကိုယ်သူ မယုံကြည်လို့တော့မဟုတ်။ ဒီအနုပညာလောကက မှော်အတတ်ပညာများဖြင့် ပဋ္ဌလက်ဆန်သည်မဟုတ်လား။ အခုမြင် အခုပျောက်။

ဖြစ်ချင်လည်း ဟုန်းခနဲ။ မဖြစ်ဘူးဆိုရင်လည်း အစရှာဖို့တောင် အခက်သား။

''ကျွန်တော် မအောင်မြင်မှာတော့ မစိုးရိမ်ပါဘူး ဆရာ၊ အစစအရာရာ ပြည့်စုံပြီး ကြိုးစားပြီး ကြိုးစားနေတဲ့သူတွေတောင် ဖြစ်ချင်မှဖြစ်တာဆိုတော့ ဒါပေမဲ့ အဖေ့ကိုဒုက္ခတွေပေးမိသလိုဖြစ်မှာတော့ ကြောက်တယ်''

''သားအတွက် အဖေ ဘာမှတာဝန်မကျေရသေးပါဘူး သား။ ပြောရရင် သားအမေအပေါ်လည်း လင့်ဝတ္တရားတွေ ပျက်ကွက်ခဲ့ပါတယ်၊ သားဖြစ်ဖြစ် မဖြစ်ဖြစ် အဖေ အများကြီးမျှော်လင့်မထားပါဘူး သား၊ ဒီအိမ်လေးကို ရောင်းလိုက်ရတာ ဖခင်တာဝန်တစ်စိတ်တစ်ဒေသ ကျေခွင့်ရလိုက်တယ်ဆိုပြီး အဖေ စိတ်ချမ်းသာပါရစေနော် သား''

''ဟုတ်သားပဲ လှိုင်ဘွား မင်းအဖေဆန္ဒကို လိုက်လျောလိုက်ပါကွာ ဆရာလည်း အတတ်နိုင်ဆုံး ကူညီမှာပဲ၊ ဆရာရှိနေတာ မင်း ဘာအားငယ်ရာလိုလဲကွ၊ ကြောက်စရာအကြောင်းလည်း မရှိဘူး။ ဖြစ်မလာရင်လည်း ကိုယ့်လိုလူတွေ ဒုနဲ့ဒေး ရှိစရာမှမရှိတာကွ၊ မဟုတ်ဘူးလား''

သူ ခေါင်းမဲ့ညိတ်လိုက်ရတော့မလား။ ခေါင်းမာနေလို့ မဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



တာကတော့ သေချာသည်။

အဖေက သူ့ကို ဒီလောက်တောင် ဖြစ်စေချင်စိတ်ဆန္ဒတွေ ပြင်းပြနေတာ။

"ကျွန်တော် ကြိုးတော့ ကြိုးစားကြည့်ချင်ပါတယ် ဆရာ၊ ဆရာ့ကိုလည်း အားကိုးပါတယ်၊ တကယ်လို့ ဖြစ်လာခဲ့ရင်လည်း ဆရာ့ကျေးဇူးကို တစ်သက်လုံး မေ့မသွားပါဘူး"

"အေးပါကွာ မင်းမှာ အဲဒီစိတ်ရှိနေရင် ဖြစ်ကိုဖြစ်မှာပါ၊ ဒီလောကမှာ ကျေးဇူးတရားကို နားမလည်တဲ့သူတွေက အများကြီးကွ၊ မအောင်မြင်ခင်သာ ဆရာတစ်ဆူလို ကိုးကွယ်နေတာ၊ အောင်မြင်သွားရင် ဘယ်ချိန်တုန်းက ငါ့ကို ဘယ်လိုဆက်ဆံဖူးတယ်၊ ပေဖြစ်တုန်းက ခံခဲ့ရတာ၊ တူဖြစ်တဲ့အချိန် ပညာပြန်ပေးလိုက်မယ်ဆိုတဲ့သူက ရှိသေးတယ်ကွ"

"အဲဒီလိုလူမျိုးတွေထဲမှာ ကျွန်တော် မပါစေရပါဘူး ဆရာ"

"အေး ကိုသာအောင် သားဖြစ်နေတဲ့အတွက် မင်းကိုယုံကြည်ပါတယ်၊ တစ်ခုပဲရှိတယ်၊ အောင်မြင်မှုအပေါ်မှာ မပျော်မွေ့နဲ့ မသာယာနဲ့ အဲဒါကိုတော့ ဆရာ ကြိုမှာထားချင်တယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ ဆရာ"

မျှော်လင့်ချက်ရောင်ခြည်သမ်းလာသည့်လို့ပဲ ပြောရမလား။ ကံတရားကပဲ မျက်နှာသာပေးတော့မည်လား။ ဘုရားက သူတို့သားအဖအတွက် ကယ်တင်ရှင်တစ်ယောက် လွှတ်ပေးလိုက်တာကတော့ သေချာသည်။ ဖြစ်မဖြစ်ဆိုတာကလည်း ကံတရားမို့။

■ ■ ■



## အခန်း (၁၃)

"နင်အိမ်ရောင်းပြီး အိမ်ပြောင်းတော့မှာပေါ့ ဟုတ်လား လှိုင်ဘွား"

မေးလိုက်သော အသံလေးက အက်သံပေါက်လျက် လှုပ်ခတ်နေသည်။ လှိုင်ဘွားက တစ်အိမ်လုံးကို လှည့်ပတ်ကာ မျက်လုံးဝေ့ကြည့်လိုက်၏။

"အေးဟာ ငါလည်း ဒီအိမ်လေးကို နှမြောပါတယ်၊ ရောင်းလည်း ရောင်းချင်ဘူး။ ဒါပေမဲ့ ဘဝသစ်စကြည့်ဖို့က ဒါလေးကိုရောင်းပြီး ရင်းနှီးမြှုပ်နှံမှဖြစ်မှာမို့ပါ"

"ငါနဲ့လည်း ဝေးပြီပေါ့နော်၊ ငါ့အိမ်မှာ စိတ်ညစ်တဲ့အခါ လာလည်စရာအိမ်လည်း မရှိတော့ဘူး"

"အဲဒီလိုတော့ မပြောပါနဲ့ဟာ၊ အခု ငါ ငှားနေမယ့်တိုက်ခန်းကအတွက် တံခါးမရှိဓားမရှိ အမြဲဖွင့်ထားမှာပါ၊ ငါ ဖုန်းလည်းဝယ်မှာမို့ အမြဲဆက်သွယ်လို့ရတာပဲ၊ တို့တွေ အဆက်အသွယ်ပြတ် မသွားကြ



www.burmeseclassic.com

www.burmeseclassic.com



မှာမှ မဟုတ်တာ သီရိရာ''

''နင်က မင်းသားလုပ်မှာလေ၊ ငါ့ကို ဘယ်သတိရချိန်ရှိပါ့မယ်''

''အဆင်ပြေခြင်း မပြေခြင်းဆိုတာ ကံတရားကြောင့် ပြော မရသေးပါဘူးဟာ၊ ဒီလောကမှာက ကြိုးစားတိုင်းလည်း အရာထင်ချင် ထင်တာ၊ ငါတို့က ဒါရိုက်တာကြီးအားကိုးနဲ့ စမ်းလျှောက်ကြည့်တာပါ ကိုယ်က ဘယ်လောက်ကောင်းကောင်း ဘယ်လောက်ကြိုးစားစား ဝန်း ထဖြစ်တဲ့သူဆိုတာ မရှိဘူး၊ တောင့်ခံနိုင်တဲ့အင်အားရှိမှဖြစ်မှာ၊ ငါ့အတွက် နင့်စကားတွေက အားဖြစ်စေပါတယ်၊ ငါ့ဆီကိုတော့ လာနိုင်အောင် ကြိုးစား ပေးပါဟာ၊ နင် ရုံးပိတ်ရက်တိုင်း ငါမျှော်နေမယ်''

ဒါကိုတော့ သီရိ ခေါင်းညိတ်သည်။ ဘာကြောင့်မှန်းမသိ။ လွမ်း မိသလိုလို ငိုချင်သလိုလိုကြီးပါ။ လှိုင်ဘွားကို သူမအနားက ဘယ်ကို မသွားစေ ဖြစ်နေမိတာလား။ အောင်မြင်သွားရင် မေ့သွားမှာကိုစိုးရိမ်နေတာ လား။ မသေချာသေးတာတွေအတွက် သူမ ဘာလို့ ကြိုခံစားနေမိတာလဲ

''ဟင် သီရိ နင်ငိုနေတာလား''

''ဟင်''

မျက်ရည်က ဘယ်အချိန်ကဘယ်လို ကျလာခဲ့မှန်းမသိ။ လှိုင်ဘွား မေးမှ ရှက်စိတ်နှင့် ကပျာကယာ ပွတ်သပ်သုတ်လိုက်ရသည်။

''ငါ ငိုတာမဟုတ်ပါဘူး မငိုပါဘူး''

''မျက်ရည်တွေကျနေတာ မငိုဘူးတဲ့လား သီရိရယ်၊ နင်လည်း ဟန်ဆောင်တတ်လာပြီပဲ၊ ငါကတော့ အမှန်အတိုင်းပြောနေတာ၊ နင့်ကို သတိရနေမှာ သီရိ၊ ငါတို့ထမင်းအတူချက်စားတာတွေ ငါ့လက်ရာကို နင်





သလို နင့်လက်ရာလည်း ငါ စားဖူးတယ်၊ မညီမညာရပ်ကွက်လမ်းလေး ညတိုင်းနီးပါး ငါတို့လျှောက်ဖူးကြတယ်၊ တစ်ခါတလေ လက်ဖက်ရည် မှာထိုင်ပြီး စကားတွေပြောဖြစ်ကြတယ်၊ တစ်ယောက်အကြောင်းတစ် က် ရင်ဖွင့်ရင်းနဲ့ ရယ်စရာတွေပြောပြီး စိတ်တွေပေါ့ပါးသွားကြတယ်''

''လှိုင်ဘွား အဲဒီအကြောင်းတွေ နင်ဘယ်တော့မှ မမေ့ဘူးလို့ ပေးပါ''

''ဟင် ငါ ကတိပေးရမယ်''

''အင်း ဟုတ်တယ် နင်အောင်မြင်သွားရင် မေ့သွားမှာစိုးလို့''

''အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာ''

''အဲဒီ ကံတရားက နောက်ထားပါ၊ မဖြစ်နိုင်ပါဘူးလို့ တွေးထား မဖြစ်နိုင်ခြင်းရဲ့လမ်းစပဲ၊ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်ကမှ အောင်မြင် လမ်းစတဲ့၊ နင် စိတ်မလျှော့တတ်တာတော့ ငါ သိပါတယ်၊ အောင်မြင် ရင် ငါ့ကိုမေ့မှာလား မမေ့ဘူးလားဆိုတာတော့ ငါ မခန့်မှန်းရဲဘူး''

''ငါ မမေ့ဘူး မမေ့ပါဘူး သီရိ၊ နင်က ငါ့အတွက် သာမန်သူငယ် တစ်ယောက်မှ မဟုတ်တာဟာ၊ ငါ့ရင်ထဲမှာ နင့်အတွက် အချစ်တွေ ပါတယ် ငါ ငါ နင့်ကိုချစ်တယ် သီရိ''

''လှိုင်ဘွား''

အခုမှ လှိုင်ဘွားရဲ့ရင်ထဲက ပွင့်လင်းမှုကို နှလုံးသားဖြင့် နားထောင် သည်။ သူမ လက်ကလေးကို တင်းကျပ်စွာ ဆုပ်ညှစ်လာသော လှိုင်ဘွား ကို သူမ ပြန်၍ ဆုပ်ကိုင်ထားလိုက်သည်။

''ကျေးဇူးတင်ပါတယ် လှိုင်ဘွား၊ နင် ငါ့အနားကထွက်သွားခင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို နင့်ရင်ထဲကချစ်စကားတွေ နားထောင်ခွင့်ပေးခဲ့တဲ့အတွက်ပါ"

"ငါ ဟိုအရင်တည်းက ပြောချင်နေခဲ့တဲ့စကားတွေပါ၊ ဒါပေမဲ့ ငါ့ဘဝက မရေရာ နင့်ဘဝက မရေရာနဲ့ ဆင်းရဲတွင်းထဲ ဆွဲနစ်သလို ဖြစ်မှာစိုးပြီး မပြောရက်ခဲ့ဘူး။ အခုလည်း ငါဘာဖြစ်လာမယ်ဆိုတာ မသေ ချာသေးပါဘူး။ ဒါပေမဲ့ ငါ ငါ နင်နဲ့ခွဲရတော့မယ်ဆိုတော့ မနေနိုင်လွန်းလို့ ပြောလိုက်တာပါ ဒါပေမဲ့ သီရိ"

"ဟင်"

"နင် ငါ့ကို အဖြေမပေးပါနဲ့ဦး"

"ဘာ ဘာဖြစ်လို့လဲ"

"အခုချိန်မှာ ငါ ပြောလိုက်တဲ့စကားက ငါ့မှာ မပြည့်စုံသေးတဲ့ အတွက် နင့်ကို တန်ဖိုးထားရာ ရောက်သေးမှာမဟုတ်ဘူး သီရိ၊ ခွဲရတော့ မှာမို့ ငါ မနေနိုင်လွန်းလို့သာ ပြောလိုက်တာ၊ ငါ ပြည့်စုံတဲ့အချိန်မှသာ အဖြေပြန်ပေးပါ သီရိ"

"ငါက ငွေတွေ ဂုဏ်တွေ မမက်ပါဘူး လှိုင်ဘွား၊ မပြည့်စုံတဲ့ နင့်ကို ငါအရင်ကတည်းက သံယောဇဉ်ရှိခဲ့တာပဲ၊ နင့်တစ်ယောက်တည်းကို သာ အပေါင်းအသင်းလုပ်ခဲ့တာပဲ"

"ငါ သိပါတယ်၊ ငါ နားလည်ပါတယ်၊ ဒါပေမဲ့ အရာရာ ပြည့်စုံ နေမှ အချစ်က တန်ဖိုးတက်တာ၊ ငါ နင့်ကိုချစ်တဲ့တန်ဖိုး မလျော့ချင်လို့ပါ ဟာ"

"လှိုင်ဘွားရယ် ငါ ဘယ်လိုနားလည်ရမှာလဲ"

ချစ်တယ်ပြောပြီးတော့လည်း အဖြေမပေးနဲ့ဦးတဲ့။ ရင်မှာဝေဒနာ





တွေထပ်တိုးဆင့်အောင် လှိုင်ဘွားပဲ လုပ်နိုင်ရက်သည်။

တကယ်ပဲ သူမကို တန်ဖိုးထားလို့လား။ သူမမှာလည်း မြတ်နိုး ရသည်က အသက်ထက်ဆုံးလို့ ဝန်ခံဖို့ အခွင့်အရေးမသာပေ။ ဒါပေမဲ့လည်း လှိုင်ဘွားဆီက အချစ်တစ်ခုကို ပွင့်လင်းစွာသိလိုက်ရသည်မို့ သူမ ကျေနပ် ခဲ့သည်။

"နင်တို့ ဘယ်တော့ ပြောင်းမှာလဲ လှိုင်ဘွား"

"ဈေးဖြတ်ပြီး စရံပေးပြီးသွားပြီ၊ မနက်ဖြန် ငွေလာချေပြီးတာနဲ့ တိုက်ခန်းကိုပြောင်းမှာ၊ ဒီအိမ်ကို စရံသပ်တဲ့နေ့ကပဲ တိုက်ခန်းကို စရံသပ် ထားတာ"

"အေးလေ နင့်အတွက်ကတော့ မြန်လေကောင်းလေပါပဲ၊ ဟိုဘက် မှာ ကြိုးစားဖို့အချိန်ပိုရတယ်၊ ဒါနဲ့ နင် ဘာဟင်းတွေချက်ပြီးပြီလဲ၊ အမှတ် တရအနေနဲ့ ငါ ထမင်းစားသွားချင်လို့"

"ငါလည်း စိတ်ရှုပ်နေတာနဲ့ ဈေးကိုမသွားရသေးဘူးဟ၊ အဖေက သည်း ဒါရိုက်တာကြီးခေါ်လို့ အပြင်သွားနေတာနဲ့ ငါတစ်ယောက်တည်း ချက်မစားတော့ဘူးလို့ တွေးထားတာ၊ နင်စားမယ်ဆို ငါတို့ဈေးအတူသွား ဝယ်ရအောင်လေ၊ ပြီးရင် အတူတူချက်ပြီး အတူတူစားကြတာပေါ့"

"အင်း သွားရအောင်လေ၊ နောက်ဆို ဒီလိုအခွင့်အရေးရှိမှာ မဟုတ်တော့ဘူး"

"နင်ကလည်းဟာ ငါ စိတ်မကောင်းအောင် မပြောပါနဲ့၊ လာပါ ဈေးကိုသွားရအောင်"

နှစ်ယောက်သားရပ်ကွက်ဈေးလေးကို လာခဲ့ကြသည်။ အသား



www.burmeseclassic.com

www.burmeseclassic.com



ငါး ဟင်းသီးဟင်းရွက် လိုအပ်တာတွေစုံအောင် ဝယ်ပြီးချိန်မှာ ဈေးလာသည့် သော မိထွေးနှင့်မျက်နှာချင်းဆိုင်ဆုံလိုက်ရလေ၏။

မိထွေးက နှုတ်ခမ်းတစ်ခုလုံး မဲ့ရွဲ့ကာ မျက်စောင်းပါထိုးပြီး

"အလုပ်ပိတ်ရက် အိမ်အလုပ်တော့ ကူလုပ်ဖို့ မစဉ်းစားဘူး ဒီလိုအလေလိုက်ဖို့တော့ ရတယ်၊ ဖအေကလည်း ဘာမှမပြောဘဲ လွှတ်ထား တော့ ဟုတ်နေကြတာပဲ"

"ဒေါ်လေး ဈေးထဲမှာ စကားပြောမဆင်ခြင်လို့ကတော့ ကျွန်မ သည်းခံနေမှာ မဟုတ်ဘူးနော်"

"အံမယ် ငါက အမှန်တွေပြောနေတာ၊ ညည်းက ဘာကိုသည်း မခံနိုင်ရတာလဲ၊ အလုပ်ပိတ်ရက်တိုင်း အဲဒီကောင်အိမ်သွားတယ်၊ အချိန်မီ အိမ်ပြန်လာတယ်၊ အလုပ်က ပြန်လာတော့လည်း အိမ်မှာ နားပူသည် နားဆူသလို အကြောင်းပြပြီး အဲဒီအိမ်ပဲ သွားနေတာ မဟုတ်ဘူးလား ညည်းတို့ယူသာမယူကြသေးတာ၊ ကင်းမှကင်းကြရဲ့လားဟင်"

"ဒေါ်လေး"

"သီရိ ပြောမနေနဲ့၊ ဈေးထဲမှာလူတွေဝိုင်းအုံကြည့်လာလိမ့်မယ် ဒီမှာ ဖြေရှင်းလို့ပြီးမယ်ကိစ္စမဟုတ်ဘူး၊ အရိပ်အခြေ နားမလည်တဲ့သူ နေရာဒေသမရွေး ပြဿနာရှာဖို့ပဲ စဉ်းစားနေတာ"

"အောင်မာ မင်းဘာပြောတာလဲ"

"လာ သီရိ"

မိထွေးပြောတာ ဂရုစိုက်နားထောင်မနေဘဲ သီရိ လက်ကိုဆွဲကာ ဈေးထဲက ထွက်လာခဲ့သည်။ သီရိ မိထွေးကတော့ မကျေမနပ် ပွစိပွစိ





ပြောကာ ကျန်ခဲ့၏။

"ဟဲ့ ဖယ်ဦးလေ"

ရပ်ကွက်လမ်းထဲရောက်သည်အထိ သူမလက်ကိုဆွဲလာတာ မ လွှတ်သေးတာမို့ သူမ လက်ကလေးကို ဆွဲရုန်းရင်း ပြောလိုက်ရသည်။ အမှတ်တမဲ့ မေ့လျော့ဟန်ရှိသော လှိုင်ဘွားကလည်း ကပျာကယာ လွှတ် လိုက်ပြီး

"ဆောရီးဟာ နင့်ဘွားတော်ကို စိတ်တိုပြီး မေ့သွားလို့ပါ၊ နင် အဲဒီလိုတွေ ငါ့ကြောင့်အပြောခံနေရတာလား၊ ငါက အဲဒီလောက်ကြီး ပြော ခယ်မထင်ဘူး၊ ငါ့ရှေ့မှာတောင် ပေါ်တင်ကြီးဖွဲ့တာပဲ"

"ငါ့အတွက်ကတော့ ရိုးနေပါပြီ၊ ဒီထက် နစ်နာစေတဲ့စကားတွေ တောင် ပြောသေးတာပဲ"

"ငါ နင့်ကို အရမ်းအားနာပါတယ် သီရိရယ်"

"ဘာအားနာရမှာလဲ အချင်းချင်းတွေပဲ၊ တကယ်လို့ အားနာတယ် ဆိုရင်လည်း ငါ့ကိုအမြဲသတိရပေးပါ၊ ငါ မျှော်လင့်တာ အဲဒီလောက်ပါပဲ"

"စိတ်ချပါ သီရိရယ်၊ ငါ နင့်ကိုဘယ်တော့မှ မေ့မသွားပါဘူး"

စကားပြောရင်းနှင့် အိမ်ရောက်လာသည့်အခါမှာ နှစ်ယောက်အတူ ထမင်းဟင်းတွေ ချက်ကြသည်။ ချက်ပြုတ်ပြီးသည့်အခါမှာ ထမင်းအတူစား ကြရင်း ကြည်နူးစရာပျော်စရာအချိန်လေးတွေ အမှတ်တရ ဖန်တီးဖြစ်ကြ၏။ နေညိုချိန်ရောက်တော့ အလွမ်းမျက်ရည်တွေ ဝေ့သီလာကြ၏။

"ငါ ပြန်တော့မယ်ဟယ် လှိုင်ဘွား"

"နင်က အစောကြီးပြန်တော့မလို့လား၊ အဖေ ပြန်လာရင် နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွားဦးလေ''

''နှုတ်ဆက်ရအောင် နောက်ပြန်မတွေ့ရမယ့်သူတွေမှ မဟုတ်တာ နင့်အိမ်ကို ငါလာလို့ရတယ်ဆို''

''အင်း လာလို့ရတယ်လို့ ပြောပြီးပြီပဲ၊ အချိန်မရွေးပါ''

''အဲဒါဆို ငါတို့အိမ်ချင်း ဝေးသွားရုံပဲ၊ လူချင်းစိတ်ချင်းနီးနေရ ဦးမှာ၊ နင်တို့ပြောင်းမယ့်နေ့ကျတော့ ငါလိုက်ပို့ရဦးမလား''

''မပို့ပါနဲ့၊ ပစ္စည်းတွေလည်း အများကြီး သယ်စရာမရှိပါဘူး လိုအပ်တာကို ဟိုမှာပဲ ဝယ်လိုက်မှာ နင်လည်း အလုပ်ပျက်တယ်လေ မဟုတ်ဘူးလား။ ငါ့လိပ်စာပေးထားမှာပဲ၊ အလုပ်ပိတ်ရက်ကျ နင်လာခဲ့ပေါ့''

''အင်းပါ အဲဒီလိုလုပ်ပါ့မယ်၊ ဒါဆို ငါပြန်တော့မယ်၊ မိတွေးနဲ့ ဘာတွေဖြစ်ကြဦးမလဲ မသိဘူး''

''နင့်မောင်လေးက အိမ်ခွဲသွားပြီလား''

''အင်း နှစ်ယောက်စာ မပြောရတော့ ငါ့တစ်ယောက်တည်း အောပြောတော့တာ၊ သူက စကားကိုများများပြောတတ်တဲ့သူလေ''

''နင် စိတ်ပင်ပန်းတိုင်း ငါ့ဆီကိုလာခဲ့ပါ သီရိရယ်နော်''

''အေးပါဟယ် လှိုင်ဘွားရယ်''

''သီရိ''

''ဟင်''

''အိမ်ပြန်လမ်းကို ငါလိုက်ပို့ပါရစေ၊ ဒီလမ်းက နောက်တစ် အတူလျှောက်ရဖို့ မလွယ်တော့ဘူးမဟုတ်လား''

''နင့်သဘောပဲဟယ်''





သီရိရဲ့လိုက်လျောမှုကြောင့် သီရိရဲ့အိမ်ပြန်လမ်းမှာ သူလိုက်ပို့ ဖြစ်ခဲ့သည်။ လွှဲရမ်းနေသော သီရိရဲ့လက်ကလေးကို သူ စိတ်မထိန်းနိုင်စွာ ဆုပ်ကိုင်လိုက်တော့ သီရိ အံ့အားသင့်ကာ သေးဘီဝဲယာကိုကြည့်၏။

''လှိုင်ဘွား ဘာလုပ်တာလဲ၊ သူများတွေမြင်ရင် မိတွေးဆီအကြီး ကြီးရောက်သွားလိမ့်မယ်''

''ဒီလမ်းကို နောက်တစ်ခါလျှောက်ဖို့ဆိုတာလည်း မလွယ်ဘူး။ နင့်လက်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ပြီး ဒီလမ်းမှာ လျှောက်ခွင့်ရချင်ခဲ့တာပါ သီရိ ငါစိတ်ကူးယဉ်ထားခဲ့တာပါ၊ ဒီနေ့တော့ ငါ့ကိုခွင့်လွှတ်ပေး နားလည်ပေး ပါဟာ နော်''

သူမ ဘယ်လိုငြင်းရမှာလဲ။ ငါ့ဆီက အဖြေမတောင်းသေးဘဲနဲ့ ငါ့လက်ကို ဘာလို့ကိုင်တာလဲလို့ မပြောရက်ပေ။ ငြိမ်သက်စွာ လိုက်လျော ပေးလိုက်တာ လှိုင်ဘွား စိတ်ချမ်းသာစေချင်လို့ပါ။

အတူနေချိန်လေးမှာ ပေးဆပ်ခွင့်ရသလောက် ပေးဆပ်လိုက်ချင် သည်။ ဒီထက်ပိုဝေးမသွားအောင်လည်း ဆုတောင်းလိုက်ချင်၏။ ဘယ် လောက်ဝေးဝေး စိတ်ချင်းနီးမည့်အခွင့်အရေးလေးလည်း ရချင်သည်။ လှိုင်ဘွား နှင့်ပတ်သက်ပြီး သူမ လောဘကြီးတတ်နေပြီလား။

ပိုင်ဆိုင်မှုဖြစ်မယ်လို့ တစ်ဖက်သတ် အတ္တတွေမရှိသော်လည်း လွမ်းကျန်ခဲ့ရမည့်အဖြစ်မျိုးတော့ ခံစားနိုင်လိမ့်မည်မထင်ပေ။ အလွမ်းကြီးတွေနဲ့ ငါ့ရင်တွေ တသိမ့်သိမ့်ခါနေတာ အချစ်ကြောင့်ပါပဲ လှိုင်ဘွားရယ်၊ အချစ် တွေကြောင့်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"လမ်းလယ်ခေါင်မှာ လက်ချင်းတွဲချိတ်ပြီး အချစ်နလံထနေကြ [illegible]တာ ကျွန်မ မျက်စိနဲ့ကို မြင်ခဲ့တာ၊ မနက်ကလည်း ဈေးထဲမှာအတူတွဲလို့ ညားခါစလင်မယားလိုပဲ၊ ရှင့်သမီးက ပြောလိုက်ရင် ရိုးရိုးသားသားခင်တာပါ [illegible] သူငယ်ချင်းတွေပါနဲ့"

"မင်းကလည်း သူတို့ကို ဘာလို့ လိုက်ကြည့်နေတာလဲ၊ လူငယ် [illegible] ချင်း အပျိုလူပျိုချင်း ခင်ခင်ချစ်ချစ် ညားညား မင်းနဲ့ဘာဆိုင်လဲ၊ ခင်ပြီးရင် ချစ်မယ်၊ ချစ်ပြီးရင် ညားမယ်၊ ဘာတွေထူးဆန်းနေလို့လဲ"

"ရှင်က အဲဒီလိုတွေးသလား၊ ကျွန်မလည်း သူတို့ကို ရစေချင် [illegible] တာပါပဲ၊ ဟိုအကောင်က အခြေအမြစ်မရှိဘူးဆိုပေမယ့် တန်တဲ့သူနဲ့ရ [illegible] လို့ တွေးခဲ့တာ၊ အခုက ဟိုအကောင်က ရှင့်သမီးကိုယူတော့မှာမဟုတ်ဘူး [illegible] ဒီအတိုင်း ထားခဲ့တော့မှာ"

"ဘာ ဘာဖြစ်လို့လဲ"





"ကြည့်ပါလား ပတ်ဝန်းကျင်လေ့လာမှုမရှိ၊ ဘာတွေဖြစ်နေလဲ ဘာတွေကြားရလဲ နားလည်းမထောင်၊ မနက်စာစားရုံသွား၊ ရုံးကအပြန် အရက်သောက်ဖို့လုပ်၊ မိန်းမကိုကျတော့ စကားများတယ် အတင်းတုပ်တယ် နဲ့ အပြစ်တင်ဖို့လောက်တတ်တာ၊ သူ့သားသမီးတွေပြောတော့လည်း မကြိုက်ဘူး၊ ဖအေဖြစ်ပြီး သားသမီးတွေအတွက် စိုးရိမ်ပူပန်ရမှန်းမှ မသိတာ"

ဒေါ်သန္တာ ပြောနေတာတွေကို ဦးသောင်းစိန် စိတ်မရှည်။ စကားများများပြောတတ်သော မိန်းမယူမိတာလည်း ဝဋ်ကြွေးတစ်ခုပဲဟု အခုမှ ခံစားမိလာသည်။ တကယ်ကို အေးအေးဆေးဆေး နားအေးပါးအေးနေရသည့်ရက်ဆိုတာ မရှိ။

အကြောင်းတစ်ခုမဟုတ်တစ်ခုနှင့်တော့ နားမဒိမ်းကျင့်ခံနေရတာပါပဲ။

"ပေတွေရှည်မနေပါနဲ့၊ ဒီအတိုင်းထားခဲ့တော့မယ်ဆိုတာက မင်း ဘာပြောတာလဲ ရှင်းရှင်းပြော"

"ပြောမှာပါ ဟိုအကောင်က မင်းသားလုပ်မလို့တဲ့၊ အိမ်ကိုတောင် ရောင်းပြီးသွားပြီ၊ မြို့ထဲကို ပြောင်းနေတော့မှာ"

"ဘာ လှိုင်ဘွားက မင်းသားလုပ်မယ်၊ ဒီကောင်အရင်က သူ့ အဖေကို အနုပညာဝါသနာမပါဘူးဆိုပြီး စက်ရုံမှာလုပ်နေတာပါ"

"အဲဒါကြောင့် နားမရှိမျက်စိမရှိဘူးလို့ ပြောတာ၊ သူ့စက်ရုံက ကြော်ငြာမှုပါလို့ အင်တာနက်မှာတောင် ပျံ့နေတာ၊ အဲဒီကနေ အရှုံးထွက်သွားနေမှာပေါ့၊ သူ့ကိုယ်သူ ဖြစ်မယ်ထင်လို့ ဘဝင်မြင့်ပြီး အိမ်တိုင်တောင် ရောင်းပစ်တာနေမှာ၊ မဖြစ်တော့ဘူးဆိုမှ ရပ်ကွက်ထဲနေစရာမရှိ ပြန်လာရ

www.burmeseclassic.com



လိမ့်မယ်ကြည့်နေ့''

"မင်းကကွာ သူများကို ပြောလိုက်ရင် မှိုချိုးမျှစ်ချိုး၊ သူ့အဖေ ဒီလောကထဲကလူပဲ မဖြစ်ဘဲနေမလား"

"သူ့အဖေအကြောင်းလည်း ရှင်မကြားဘူးနဲ့တူတယ်၊ ဇာတ်ဝင် ခန်းထဲမှာ မင်းသမီးကို လိုအပ်တာထက်ပိုပြီး မတော်တရော်တွေလုပ်လို့ မင်းသမီးကပါ ရိုက်ပြီးရိုက်ကွင်းကနေ နှင်ထုတ်လိုက်တာ၊ အခုဘာကား မှ မရိုက်ရဘဲ အိမ်မှာအိပ်တွင်းပုန်းလုပ်နေရတယ်၊ သောက်ကျင့်မှမကောင်းတာ မင်းသမီးကပါးရိုက်လွှတ်တာတောင် နည်းသေး၊ ကျွန်မသာဆို တရားကိုစွဲ ပြီး အရှက်ခွဲထောင်ချပစ်မှာ၊ သားကလည်း ဖအေတူသားဆိုလို့ကတော့ ဒေ ရှင့်သမီးကို ဗိုက်ကြီးနေတာ ကြာလှတော့မယ်၊ ကိုယ့်သမီးကိုယ်လည်း မေးမြန်းကြည့်ဦး၊ ဗိုက်ဘယ်နခါဖျက်ပြီးပြီလဲလို့''

"ဒေါ်လေး"

နားမခံသာလွန်းတော့၍ အိမ်ပေါ်ဝုန်းခနဲ ခုန်တက်ပြီး အော်ဝင် လိုက်သည်။ ထုံးစံအတိုင်းပင်။ ကွယ်ရာမှာ အတွင်းတုပ်နေပြီး လူမြင်လိုက် လို့လည်း အားနာရမှန်းမသိပေ။

"ရှင့်မှာ သားသမီးမမွေးနိုင် သားသမီးမရှိလို့ ကိုယ်ချင်းမစာတတ် လည်း ရှင့်လင်ရဲ့သမီးဖြစ်တဲ့ကျွန်မကို အဖေ့အားနာပြီးတော့ပဲဖြစ်ဖြစ် နည်း နည်းပါးပါး လျှော့ပြောပါတော့လား အခုတော့ ထမင်းကျွေးထားတာ အားမနာ ရှင် အရမ်းလွန်လွန်းတယ် ဒေါ်သန္တာ''

"အောင်မယ် ညည်းက ငါ့ကို နာမည်ခေါ်ပြီး ရိုင်းစိုင်းနေလိုက်တာ ညည်းမိဘတွေက လူကြီးသူမကို အဲဒီလို မိုက်ရိုင်းရတယ်လို့ သင်ထား





သလားဟင်''

"ဒေါ်လေးမိဘတွေကရော ဒေါ်လေးကို အဲဒီလို သူများသားသမီး ဆို မှိုချိုးမျှစ်ချိုးပြော မိုက်မိုက်ရိုင်းရိုင်းပြော၊ လူစိတ်မရှိဘဲ နစ်နစ်နာနာ ပြောလို့ သင်ပေးခဲ့သလား၊ အသက်ကြီးပြီး အသိမကြီးလိုက်တာ၊ လူကြီး ဖြစ်ပြီး အရိုသေခံရအောင် လူလေးစားခံရအောင် မနေတတ်လိုက်တာ၊ အဲ့ဒါပြဖို့တောင် ကောင်းတယ်''

"ကြည့်စမ်း ကိုသောင်းစိန် ရှင့်သမီးမိုက်ရိုင်းနေတာ၊ ရှင်မဆုံးမ တော့ဘူးလားဟင်၊ ရှင်အဲဒီလို ဆုံးမသွန်သင်မှုမရှိလို့ ရှင့်သမီးက ခွေးလောက် နီးနီး မိုက်ရိုင်းနေတာ မိဘတွေက''

"တော်စမ်း သန္တာ၊ မင်းလည်း မိဘတွေဆုံးမသွန်သင်မှုနည်းလို့ ဒီလောက်တောင်ဆိုးဝါးနေတာလား၊ လင်လည်းလေးစားရမှန်းမသိ၊ သား သမီးချင်းကိုယ်ချင်းစာရမှန်းလည်းမသိ၊ သားသမီးမရှိလို့ သားသမီးချင်းကိုယ် ချင်းမစာတောင် မင်းမှာ မောင်တွေ ညီမတွေ ရှိနေတာ နည်းနည်းစာနာ ကြည့်ပါတော့လား၊ ငါ့သမီးကို ဒီလိုတွေ ပြောနေတာ သည်းမခံနိုင်တော့ ဘူး သန္တာ''

"အံမယ် သည်းမခံတော့ ရှင်က ဘာလုပ်ချင်လို့လဲ''

"မင်း အိမ်ပေါ်က ဆင်းသွားတော့''

"ဘာ''

"အဖေ''

သူမတက်က အဖေ ဒီလောက်ထိ ရပ်တည်လိမ့်မည်ဟု မထင်ပါ။ မိထွေးမျက်နှာ ပျက်ယွင်းမည်းတက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ရှင့်သမီးကြောင့် ကျွန်မကို အိမ်ပေါ်က နှင်ချတာပေါ့လေ ဟုတ်လား၊ ကိုသောင်းစိန်"

"ဒီအိမ်မှာနေပြီး ဒီမိသားစုအပေါ်မှာ စေတနာမေတ္တာလည်း မထား နိုင်၊ အကောင်းလည်းမမြင် ကျေးဇူးလည်းမတင်၊ သဟဇာတဖြစ်အောင်လည်း မနေနိုင်မှတော့ မင်းဆင်းသွားတော့ပေါ့ သန္တာ၊ လင်ရယ် မယားရယ်ဆိုပြီး ကိုယ့်ကိုဘာပြောပြော ဘာဆိုဆို သားသမီးတွေကို ဘယ်လိုပဲပြောပြောဆိုဆို သည်းခံလိုက်လျောနေတာ အတိုင်းအတာတွေလွန်ကုန်ပြီ၊ မင်းမောင်တွေ ညီမတွေနဲ့ပဲ သွားနေတော့ သန္တာ"

"အမယ်လေး ပြောရက်တယ် နှင်ချရက်တယ်၊ ငါ့ကိုယူချင်တုန်း ကတော့ ဘာလုပ်ပေးပါမယ်၊ ညာလုပ်ပေးပါမယ်၊ ငမ်းငမ်းတက်ဖြစ်နေပြီး တော့ အခု အပျိုရည်ပျက်ခါမှ ဘာမှသုံးစားမရတဲ့အရွယ်ရောက်မှ အိမ်ပေါ် က နှင်ချသတဲ့ အရပ်ကတို့ရေ၊ တရားရဲ့လား၊ ကိုသောင်းစိန်တို့ လူစိတ်ရှိရဲ့ လား၊ စဉ်းစားကြပါဦး အရပ်ကတို့ရဲ့"

အသံပြုနှင့်ထအော်လိုက်တာမို့ ဦးသောင်းစိန် အတော်လေး စိတ် ပျက်စိတ်ကုန်သွားသည်။ အိမ်ထောင်မကျသေးသည့် ဒေါ်သန္တာနှင့် စတွေ့ တော့ ဒီလိုစရိုက်မျိုး ရှိမည်မထင်မိ။ မောင်နှင့်ညီမကို ရှန်းကန်ကျွေးမွေး စောင့်ရှောက်နေသည်ဆိုတော့ ရိုးသားအေးဆေး နူးညံ့သိမ်မွေ့လောက်သည် ပေါ့။

တကယ်တမ်းတော့ မောင်နှမသုံးယောက်လုံး စရိုက်တွေ၊ မိဘတွေ မရှိကတည်းက အစ်မအကြီးဆုံး ဒေါ်သန္တာက အုပ်ချုပ်မှုမကောင်းခဲ့သည့် အတွက် ဖြစ်ချင်တိုင်းဖြစ်နေကြတာ။





ဘာပဲဖြစ်ဖြစ် ကိုယ့်အိမ်ရောက်လို့ ပြုပြင်တယ်ဆိုလည်း တော် သေး။ ကိုယ်တွေက အစိုးရရုံးဝန်ထမ်းတွေမို့ ရိုးရိုးနှင့်အေးအေးပဲ နေချင်ကြ တာ။ ရတဲ့လစာလေးနှင့် ရောင့်ရဲတင်းတိမ်လောက်ငအောင် စားသောက်ပြီး ဘယ်သူနှင့်မှလည်း ပြဿနာမတက်ချင်။

"မင်းအော်တာရပ်မှာလား မရပ်ဘူးလား သန္တာ၊ ငါ မင်းထက် ဘယ်နှစ်နှီးပါးလောက် အသက်ကြီးတယ်၊ မင်း ငါ့ကို ဘယ်နှစ်ခါလေးလေး စားစား ဆက်ဆံဖူးလဲ၊ အရက်တောင် မြိုင်သောက်လိုက်ချင်သေးတဲ့ မိန်းမ၊ ဒီ အရာရာခွင့်လွှတ်နားလည်ပေးနေတာကို ရောင့်တက်တယ်"

"ရှင်က ကျွန်မအပေါ် ဘယ်လောက်တောင် တော်နေကောင်းနေ ဆိုလဲ၊ ကျွန်မကို စိန်တွေစီထားသလား၊ ရွှေတွေဆင်ထားသလား၊ အဝတ် အစားလေးတောင် လစဉ်မှန်အောင် ဝယ်မပေးနိုင်ဘဲနဲ့ ဘာတွေကြီးကြီး ကျယ်ကျယ် ပြောနေတာလဲ"

"အဲဒါ မင်းတာဝန် အိမ်ထောင်ရှင်မတာဝန်ပဲကွ၊ ပေးတဲ့ငွေကို ခပ်တဲ့ရေ ဆယ်တဲ့ကန်သင်း စုစုဆောင်းဆောင်း သိမ်းသိမ်းဆည်းဆည်း မရှိဘဲနဲ့ မောင်ကို ထောက်ပံ့လိုက် ညီမကိုပေးလိုက်လုပ်နေပြီးတော့"

"သူတို့မှာ မိဘမရှိတော့ဘူးလေ၊ ရှင် သားသမီးချင်းကိုယ်ချင်းမစာ ဘတ်ဘူးလား၊ အရင်ကတည်းက ဈေးထဲမှာဈေးရောင်းပြီး သူတို့ကိုရှာဖွေ ကျွေးမွေးထောက်ပံ့လာတာ၊ အခု အိမ်ထောင်ကျပြီဆိုပြီး သူတို့ကို ဖြစ်ချင် သလိုဖြစ် ပစ်စလက်ခတ်ထားလိုက်ရမှာလား ကိုသောင်းစိန်"

"အေး သူတို့လည်း အိမ်ထောင်ကျ မင်းလည်းအိမ်ထောင်ကျ၊ ကိုယ့်အိမ်ထောင်ကိုပဲ မပျက်စီးအောင် ကြီးပွားတိုးတက်အောင် အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ထိန်းသိမ်းကြမှပေါ့ကွ။ အခုတော့ မင်းက ကိုယ့်ဟာမှကိုယ့်ဟာ ကျန်တာတွေအကောင်းမမြင်ဘဲ ရန်လုပ်နေမှတော့ ဘယ်တော့မှ အဆင်ပြေ မှာ မဟုတ်တော့ဘူး။ အဲဒါကြောင့် မင်းသိပ်ချစ်တဲ့ မင်းညီမနဲ့မောင်ဆီမှာပဲ သွားနေတော့၊ ငါတို့ကို မိသားစုလို သဘောမထားနိုင်မချင်း ပြန်မလာခဲ့နဲ့ သွား''

''အီး အီး''

ဒေါ်သန္တာ ငိုကြီးချက်မအော်ငိုပါလေတော့သည်။ အမြဲတမ်း လိုက်လျောသည်းခံလာသည့် အဖေက ဒီလောက်ထိ ပြောရက်နှင်ချရက်လိမ့်မည် မထင်ဘူးနေမှာပေါ့။ ခြေဆောင့်လျက် အိမ်ခန်းထဲဝင်သွားပြီး ငိုလို့မဆုံးနိုင်။

အိမ်ပေါ်ကနေတော့ ဘယ်တော့မှ ဆင်းမည်မဟုတ်ပါ။ မောင်နှင့် ညီမက အိမ်ထောင်ကျပြီး မိဘတွေထားခဲ့သည့်အိမ်မှာပဲ စုနေကြသည်။ ကလေးတွေအပြိုင်မွေးပြီး အလုပ်လက်ကြောတင်းအောင်လုပ်ချင်သူတွေ မဟုတ်တာမို့ အဆင်မှမပြေကြတာ။

ညီမနှင့်မောင်ကို တစ်လှည့်စီထောက်ပံ့နေတာမို့ ဒီအိမ်မှာလည်း အဆင်မပြေဖြစ်ပြီး အဖေနှင့်သူမကိုပဲ မဲနေတာ။

''အဖေ ဒီလိုပြောလိုက်တာလည်း ကောင်းတော့ကောင်းပါတယ် အဖေ၊ နောက်တစ်ခါဆို သည်းခံတော့မှာမဟုတ်ဘူး။ နှင်ချချင်ချမှာဆိုပြီး သူ ဆင်ခြင်ရင်လည်း ဆင်ခြင်သွားနိုင်တာပေါ့''

''မဆင်ခြင်လည်း သူ့ကံပေါ့၊ အဖေတော့ စိတ်ကုန်လို့ မပေါင်းချင်တော့ဘူး သမီး''

''အဲဒီလိုတော့ မလုပ်ပါနဲ့ အဖေ၊ သူလည်း အဖေ့ကိုအားကိုးပြီး





ဘဝပြောင်းလဲမလား လက်ထပ်ခဲ့တာ''

''သမီးသဘောထားကြီးကြီးနဲ့ ဒီလိုစကားပြောပေးတာ အဖေ ကျေးဇူးတင်ပါတယ် သမီး၊ ဒါပေမဲ့ အဖေ အသက်ကြီးပြီ သမီးရယ်၊ စိတ်ဆင်းရဲပင်ပန်းမှုတွေ မခံချင်ဘူး။ နောက်နှစ်နှစ်လောက်ဆိုရင် ပင်စင်လည်း ရတော့မှာ၊ ဒီကြားထဲမှာ သမီး အိမ်ထောင်ကျမယ်ဆိုရင် ပင်စင်ကရ ငွေကြေးတွေကို လှူတန်းပြီး အေးအေးသာနေလိုက်ချင်တယ်၊ သန္တာ ကိုတော့ အရမ်းကိုစိတ်ကုန်နေပြီ''

''အခုလို ခြိမ်းခြောက်လိုက်တာလည်း သူဆင်ခြင်ရင် ဆင်ခြင်သွား ပေါ့ အဖေ၊ သမီးလည်း ပြောချင်လို့ပြောနေတာ မဟုတ်ပါဘူး၊ မိန်းမသား ချင်း ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ သူပြောတာတွေက''

''အဖေ သိပါတယ် သမီး၊ အဖေလည်း ကိုယ့်ကိုအားကိုးပြီး လက်ထပ်ခဲ့တဲ့ဇနီးမယားတစ်ယောက်ကို နှမသားချင်း စာနာပါတယ်၊ ဒါပေမဲ့ အိမ်တည်းမှာနေပြီး တစ်ယောက်နဲ့တစ်ယောက် နားမလည်ရင် ဘယ်လို အတူတူနေလို့ရမှာလဲ၊ သားသမီးတွေကို ဒီလောက်ပြောဆိုနေတာလည်း တစ်ယောက်အနေနဲ့ မခံစားနိုင်ဘူး။ အဖေက တဏှာစိတ်မွန်ပြီး မိန်းမ ယောက်ကို ရအောင်ယူခဲ့တာ မဟုတ်ပါဘူး။ မသေခင်လေးမှာ အိမ် ထောင်တစ်ခု မိသားစုတစ်ခုနဲ့ သာသာယာယာလေး နေသွားချင်တာပါ၊ နဲ့ သမီးရော မောင်လှိုင်ဘွားနဲ့ လက်ထပ်ဖြစ်မှာလား။ သူက မင်းသားလုပ် တွက် ဒီရပ်ကွက်က ပြောင်းတော့မှာဆို''

''ဟုတ်ကဲ့ ပြောင်းတာတော့ ဒီရက်ထဲပဲ ပြောင်းဖြစ်မှာပါ၊ လက် ထိုကတော့ သမီးတို့ အဲဒီလောက်အဆင့်ထိ မရောက်ကြသေးပါဘူး ''



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းစိန် လေးလေးနက်နက် စဉ်းစားပြီး ခေါင်းညိတ်သည်။ သမီးက ဒီလိုဆိုတော့လည်း ဒီလိုပေါ့။

"အေးလေ သမီးတို့အကြောင်းက သမီးတို့ပိုသိမှာပေါ့၊ အဖေ တော့ သမီးအိမ်ထောင်ရေးကို မစွက်ဖက်ပါဘူး။ သမီးအိမ်ထောင်ဘက် သမီးချစ်တဲ့မြတ်နိုးတဲ့သူဖြစ်ရင် သမီး စိတ်ချမ်းသာမယ်၊ ဒါဆို အဖေကျေနပ် ပြီ"

"ဟုတ်ကဲ့ပါ အဖေ၊ သမီးကို အဲဒီလိုပြောပေးတဲ့အတွက် သမီး ကျေးဇူးတင်ပါတယ်၊ လှိုင်ဘွားနဲ့က သံယောဇဉ်ရှိကြတယ်ဆိုပေမယ့်လည်း လက်ထပ်ဖို့ကိစ္စ ဖြစ်မလာနိုင်သေးလို့ သမီးအတွက် အဖေစိတ်ချနေပါ ဒါပေမဲ့ သူ့ဆီကို သမီးသွားတာလာတာတော့ နားလည်ပေးပါ အဖေ"

"သမီး အမှားမလုပ်ဘူးဆိုတာ အဖေ ယုံကြည်ပါတယ်၊ မောင် လှိုင်ဘွားက လူရမ်းကားတစ်ယောက် အကျင့်စာရိတ္တပျက်စီးနေတဲ့သူတစ် ယောက်မဟုတ်ဘူးဆိုတာလည်း အဖေ သိတယ်၊ အခြေအနေအကြောင်း ကြောင်းကြောင့် အောင်မြင်သွားတဲ့အခါကျမှ သမီးကျန်နေခဲ့ရမယ့်အဖြစ်မျိုး ဆိုရင်တော့"

အဖေ ပြောချင်တာကို သူမနားလည်သည်။ သူမ ခံစားရမှာ အဖေ စိုးရိမ်နေခြင်းဖြစ်၏။ သူမလည်း ရင်ထဲမှာတော့ ပေါ့ပါးမှုမရှိပေ။

ဘာပဲဖြစ်ဖြစ် ဒီနေ့ကတော့ အဖေ့ရဲ့ဖခင်ပီသစွာ ကာကွယ်ပေး တွေအတွက် ရင်ထဲမှာကျေနပ်နေမိသည်။

အရင်က နာကျင်မှုတွေတောင် ရင်ထဲမှာမရှိတော့သလို။

■ ■ ■



## အခန်း (၁၅)

"ကားနှစ်ဆယ်ရိုက်ပေးဖို့အတွက် စာချုပ်တော့ချုပ်မယ်၊ ဒါပေမဲ့ ယ်နှစ်လ ဘယ်နှစ်နှစ်အတွင်းဆိုတာတော့ ပြောလို့မရဘူး။ မင်းသမီးတွေ ခင်းသားအသစ်နဲ့ဆို မရိုက်ချင်ကြဘူး၊ ရိုက်ပေးမယ့်မင်းသမီးနဲ့ ရက်ညှိ ကျွန်တော်တို့အတွက်လည်း မင်းသားသစ်တင်ဖို့ အရှုံးခက်ခဲပါတယ်၊ ရှင်ဗီဒီယိုဆိုတာ ခေတ်ပျက်သလိုဖြစ်နေတာ၊ ပျက်သလိုမဟုတ်ပါဘူး။ ဘ်တိုပျက်နေတာ ခင်ဗျားလည်း သိပါတယ် ကိုမြင့်မိုရ်"

"ဟုတ်ကဲ့ ရုပ်ရှင်ဗီဒီယိုက ပျက်တာမဟုတ်ဘူး၊ လောကသားတွေ ောင်းကြတာမဟုတ်ဘူး၊ အတတ်နိုင်ဆုံး ကြိုးစားနေကြတာပါပဲ၊ ထုတ် ်သူတွေလည်း အရှုံးခံပြီး ထုတ်နေကြတာပါပဲ၊ ပျက်နေတယ်ဆိုတာက ွက်ပျက်နေတာပါ၊ ဈေးကွက်ကို ဖျက်စီးနေတာက ခိုးကူးခွေတွေ ယ်သူသေသေ ငတေမာပြီးရောဆိုတဲ့လူယုတ်မာ လူစိတ်မရှိတဲ့သူတွေပေါ့၊ ို့ကောင်းစားဖို့ စီးပွားဖြစ်ဖို့အတွက်နဲ့ လူအများနဲ့ အနုပညာရှင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



စော်ကားနေတာ၊ ပြောရရင် သူများနာခေါင်းပေါက်နဲ့ အသက်ရှူချင်တဲ့ ... တွေ''

''အမှန်ပဲ ကိုမြင့်မိုရ်၊ အဲဒါကို ကျွန်တော်တို့အချင်းချင်း ညီညွတ် ... ပြီး တိုင်တိုင်ပင်ပင် ညီညီနှိုင်းနှိုင်းနဲ့ ဖမ်းဖို့စီးဖို့လုပ်တော့လည်း ဖော်ပြစ် ... မမိဘူး။ သူတို့မှာလည်း အဖွဲ့အစည်းရှိတယ်၊ ဘယ်လိုပြောမလဲ၊ ကျွန်တော် ... တို့အထဲမှာကိုက သစ္စာဖောက်ရှိနေတော့ ဖမ်းတော့မယ်ဆို သတင်း ... ပေးလိုက်ပြီးသား ဖြစ်နေပြီ၊ လုပ်စားနေတဲ့သူတွေက အများကြီး တစ်ဆိုင် ... နှစ်ဆိုင်ဖမ်းမိရုံနဲ့ ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ ကျွန်တော်တို့တွေ ကြာကြာ ... တောင့်ခံနိုင်ပါ့မလားပဲ''

''ပျောက်ကွယ်သွားတဲ့အထိ ဖြစ်မသွားလောက်ပါဘူး သူ့ဒွေး ... နိုင်ငံတစ်နိုင်ငံမှာ အနုပညာရှိတယ်၊ အနုပညာရှင်တွေရှိတယ်၊ ပံ့ပိုးထုတ်လုပ် ... သူတွေရှိတယ်၊ အားပေးကြည့်ရှုသူတွေရှိတယ်၊ လုံးဝပျက်သုဉ်းသွားတာမျိုး ... မဖြစ်လောက်ပါဘူး''

''မှန်တယ် ဒါပေမဲ့ ရင်းနှီးမြှုပ်နှံတဲ့အပိုင်းမှာ ဘယ်သူက ကြာရှည် ... အရှုံးခံလုပ်နိုင်မှာလဲ၊ အခု နယ်တွေက အရင်အကြွေးလေးတွေရအောင် ... နောက်ကားပို့ပြီး ငွေတောင်းရင် ခိုးကူးခွေအားကိုးနဲ့ မပို့ချင်မပို့နဲ့ ငွေ ... နိုင်သေးဘူး။ ဒီမှာလည်း အခက်အခဲဖြစ်နေတာ ငှားလို့မကောင်းဘူးနဲ့ ... တင်းတင်းဖြစ်နေကြတာ''

''ခက်တာက လုပ်ငန်းရှင်တွေကလည်း ဟိုလူက ဒီလိုလုပ် ... ကောင်းမယ်၊ ဒီလူက ဒီလိုလုပ်ရင်ကောင်းမယ်နဲ့ မညီညွတ်မှုလေးတွေ ... လည်း ရှိနေကြတယ်၊ ကိုယ်လုပ်တာကိုယ်ပြောတာ မှန်တယ်ဆိုတဲ့ ...





... တွေပေါ့၊ တကယ်တမ်းက ကျွန်တော်တို့တွေ ဒီလိုဖြစ်နေတာ အစိုးရ ... လည်း တာဝန်ရှိတယ်လို့ထင်တယ်၊ ဘာလို့လဲဆိုတော့ ခိုးကူးခွေတွေ ... တဲ့နေရာမှာ ရဲတွေဘာတွေ အင်အားပေးဖို့လိုတာပေါ့၊ ပြီးတော့ အဲဒီ ... တွေကို ဥပဒေနဲ့တင်းတင်းကျပ်ကျပ် ကိုင်တွယ်ပေးသင့်တယ်၊ အခုတော့ ... မြေရဲက အဲဒီဆိုင်ရှေ့ရပ်လိုက် ငွေလေးထိုးပေးပြန်သွားလိုက်၊ လမ်း ... ကြောင်းရှိရင် အကြောင်းကြားလိုက်နဲ့ ခိုးကူးခွေရောင်းတဲ့သူကို ရဲက ပြန် ... ညီနေတော့ ကျွန်တော်တို့အတွက် အများကြီးကို နစ်နာပါတယ်''

သူ့ဒွေးနှင့်ဒါရိုက်တာကြီး ပြောနေသည့်စကားတွေကြားရတာ သူ ... တောင်မင်းသားလုပ်ဖို့ စိတ်ဓာတ်ကျလာသည်။ ဒီလောကမှာ ဒီလိုတွေဖြစ် ... နေသည်ဆိုတာ အဖေလည်းပြောပြနေတာပါပဲ။

အခုက ကိုယ်နှင့်အလုပ်လုပ်ဖို့ထက် အခက်အခဲတွေတင်ပြနေတာ ... နားထောင်ရသူလိုကြီးတောင် ဖြစ်လာသည်။ ဒါရိုက်တာကြီးက ဒီအခွင့်အရေး ... ရဖို့တောင် မလွယ်တာမို့ စိတ်ရှည်သည်းခံပြီး လိုက်လျောရမည်ဟု ... တွေးထားသည်။

''ကဲ မင်းဘက်တရော ဘယ်လိုဆန္ဒရှိလဲ၊ ငါတို့က ဒါရိုက်တာကြီး ... ယုံကြည်လို့ မင်းနဲ့အလုပ်လုပ်ကြည့်ဖို့ ဆုံးဖြတ်တာ၊ ဖြစ်သွားရင်တော့ ... ကောင်းတာပေါ့ကွာ၊ ဈေးကွက်ပျက်တယ်လို့သာ ပြောတာ၊ မင်းသားမင်းသမီး ... ရဖို့ တောင်းတောင်းပန်ပန်လုပ်နေရတာ ဈေးကွက်ရတဲ့မင်းသား၊ ... မင်းသမီးကလည်း လက်ချိုးရေလို့တောင် မရချင်ဘူးဆိုတော့ သူတို့ကလည်း ... လောကကြီးပျက်တော့မှာ ဗီဒီယိုလောကကြီးပျက်တော့မှာဆိုရင် ယုံ ... တာဘူးလေ၊ မယုံလို့လည်း ဈေးမလျှော့ဘဲ တင်းနေကြတာပေါ့၊ တချို့



www.burmeseclassic.com

www.burmeseclassic.com



ကျတော့လည်း အခွင့်ရတုန်းလေး ကျူးထားမှ၊ နောက်တကယ် ပျက်သွားရင် နာမည်ကျသွားရင် လုပ်စားလို့ရမှာမဟုတ်ဘူးလို့ တွေးချင်လည်း တွေးနေမှာပဲ၊ တကယ်နစ်နာနေတာတွေက ပရိဂျူဆာတွေပဲ''

''ဒီကလေးကတော့ ကြိုးစားမှုရှိပါတယ် သူဌေး၊ သူ့မှာ အရည်အချင်းနဲ့ပါရမီလေးလည်းပါတယ်၊ သူ့ရဲ့ကြော်ငြာလေးက အင်တာနက်မှာ ပေါက်သွားတာဆိုတော့ ပရိသတ်လက်ခံမှုလည်း ရှိမှာပါ၊ ကျွန်တော့် ကိုယ်တိုင်က အနီးကပ်စောင့်ရှောက်ပြီး ပံ့ပိုးကူညီမှာဆိုတော့ ဒီကလေး အောင်မြင်နိုင်ပါတယ်''

''ဒါက ကံတရားပေါ့ ကိုမြင့်မိုရ်ကြီးရယ်၊ သရုပ်ဆောင်တစ်ယောက်က ကံနဲ့စန်းနဲ့အရေးကြီးတာ၊ ဖြစ်မလားလို့တင်ရင်းစီးပွားပျက်သွားတဲ့ ပရိဂျူဆာတွေ ခင်ဗျားတွေ့ဖူးမှာပေါ့၊ တချို့ကျတော့လည်း ကိုယ်က အနစ်နာခံ အရှုံးခံပြီးတင်လိုက်လို့ အောင်မြင်သွားရင် ကျေးဇူးတရားမသိ ခြေစုံကန်သွားတဲ့သူတွေလည်း ရှိတာပဲ၊ တကယ်ကို ရင်နာဖို့ကောင်းပါတယ်''

''ဒီကလေးအတွက်တော့ ကျွန်တော် အာမခံပါတယ် သူဌေး ဇာတ်လမ်းကောင်းလည်း ရှာပေးပါမယ်၊ ကြိုးစားမှုရှိလို့ ဖြစ်မယ်လည်း ထင်လို့ပါ''

''အေးလေ ဒါရိုက်တာကြီးက ဒီလောက်ဖြစ်စေချင်စိတ် ပြင်းပြနေတော့ တစ်လကိုဘယ်နှစ်ကားရိုက်မယ်၊ တစ်နှစ်ကို ဘယ်နှစ်ကား ရိုက်မယ်ဆိုတာတော့ ကျွန်တော် အာမမခံနိုင်ဘူး၊ ဘာလို့လဲဆိုတော့ သူ့ကို ငွေထုတ်ပြီး ကားရိုက်ဖို့အတွက် ဒီဘက်က ဈေးကွက်ရနေတဲ့ မင်းသားတွေ ရိုက်ပြီး ငွေရှာရဦးမှာ''





''ဟုတ်ကဲ့ပါ သူဌေး၊ ကျွန်တော်တို့ နားလည်ပါတယ်''

''ဟုတ်ပြီ ကားရိုက်ရင်လည်း ကျွန်တော်တို့ဘက်က အဝတ်အစား ဝိုးလောက်ပဲ ပေးနိုင်မှာနော်၊ ကားတစ်ကားရိုက်ရင် ဘယ်လောက်ကုန်ကျစရိတ်များတယ်ဆိုတာ ခင်ဗျားလည်း သိပါတယ်၊ သူ့ကို ပရိသတ်က တစ်ကားနှစ်ကားနဲ့ သိဦးမှာ မဟုတ်ဘူး၊ သူ ဘယ်လောက်ပဲကြိုးစားကြိုးစား စန်းရှိမှလည်း အောင်မြင်မှာ၊ အောင်မြင်ဖို့ဆိုတာလည်း ပရိသတ်လက်ထဲ ကားနှစ်ဆယ်သုံးဆယ် အရှုံးခံပြီး ထည့်ပေးလိုက်မှ ပရိသတ်က အသိအမှတ်ပြုရုံပဲ ရှိဦးမယ်''

''ဟုတ်ပါတယ် အဲဒီအတွက် သူဌေးကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ဘက်က တစ်ခုလောက်တောင်းဆိုပါရစေ သူဌေး''

''ပြောကြည့်ပါ ကိုမြင့်မိုရ်''

''ဟို တခြားတိုက်တွေက သူ့ကိုခေါ်ရင် ရိုက်ခွင့်ပြုပေးဖို့ပါ၊ ကားအရေအတွက် ထွက်တာများရင် လူသိများပြီး မြန်မြန်အောင်မြင်တော့ သူဌေးလည်း မြန်မြန်အဆင်ပြေတာပေါ့''

''ဩော်''

သူနှင့်တိုင်ပင်မထားသည့်ကိစ္စပါ။ ဒါရိုက်တာကြီးက သူ့အတွက် ပြောပေးတာကို နားလည်ပြီး ကျေးဇူးတင်သွားမိသည်။ သူဌေးက မျက်မှောင်ကြုတ်ကာ စဉ်းစားပြီးမှ

''နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်တဲ့ကိစ္စဆိုပေမယ့်လည်း ကျွန်တော်တို့က အနစ်နာခံထားရတာဖြစ်တဲ့အတွက် ဘာပဲလုပ်လုပ် ကျွန်တော်နဲ့ အရင်ဆုံးတိုင်ပင်စေချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ စိတ်ချပါ သူဌေးကိုကျော်ပြီး ကျွန်တော်တို့ ဘာမှ မလုပ်ပါဘူး၊ ဒါလေးလည်း ဖတ်ကြည့်ပါဦး၊ သူ့ကို ပထမဆုံးစရိုက်မယ့် ဇာတ်အတွက်ရေးထားတာပါ၊ မင်းသမီးနဲ့ရက်ညှိလို့ရမယ့်ရက်မှာ ရိုက်လိုက်ရင် ဘယ်လိုလဲ သူဌေး"

"ဖတ်ကြည့်ဦးမယ်လေ၊ ပရိသတ်က ဘယ်လိုဇာတ်မျိုးကို ထိထိမိမိရှိမလဲဆိုတာ ခင်ဗျားတို့ဒါရိုက်တာတွေက ပိုသဘောပေါက်ပါတယ်"

"ဟုတ်ကဲ့ ဒရမ်မာက နာမည်ရတယ်၊ ကောမစ်က ငွေရတယ် နှစ်ခုကိုတွဲလုပ်သွားရင် အဆင်ပြေမှာပါ"

"ဒါဆို သူ့ကို ဒီကြားထဲ ထရိန်နင်ပေးထားပါ၊ ဆင်းနိပေါ်ရောက် မှ ယောင်တောင်တောင်ဖြစ်နေရင် ရှုတင်စရိတ်က နည်းတာမဟုတ်ဘူး သင်ပြရတာ ခက်လို့ ဂျူတီတွေဆက်သွားရင်လည်း ခင်ဗျားပဲတာဝန်ယူရမှာ နော် ကိုမြင့်မိုရ်"

"ဟုတ်ကဲ့ စိတ်ချပါ သူဌေး"

အစစအရာရာ ဒါရိုက်တာကြီးကိုပဲ တာဝန်ခံခိုင်းနေတော့ ဒါရိုက် တာကြီးကို သူ အားနာလာသည်။ သွေးမတော်သားမစပ် ဘာမှမဆိုင်ပါဘဲ ဒီလောက်ထိ သူ့အတွက်လုပ်ပေးနေတာ တကယ်ကို ကျေးဇူးတင်ထိုက်ပေ သည်။

နာမည်မရခင်မှာ အထင်သေးပြီးဆက်ဆံတတ်တဲ့ ပရိုဂျူဆာတွေ ကြောင့် နာမည်ရအောင်မြင်လာချိန်မှာ မင်းသားတွေကလည်း ကိုယ့်အလှည့် ရောက်ပြီဆိုပြီး ပြန်ချိုးကြတာ ဖြစ်မည်။

အခုလည်း သူ သိမ်ငယ်လိုက်သည်မှာ ဒီနေရာမှာတောင် မနေချင်





ဘူး။ အဆင့်ဆင့် လက်မှတ်ထိုး ပြောသမျှ နားထောင်။ အပြီးတစ်ချက် မှာ ပရိုဂျူဆာကြီးရှေ့က ရိုကျိုးစွာထွက်လာရပြီး အပြင်ရောက်တော့ သူ သက်ပြင်းတွေတစ်ဝကြီး မှုတ်ထုတ်ပစ်လိုက်မိသည်။

"မင်း အရမ်းမွန်းကျပ်နေတယ် မဟုတ်လား၊ သိမ်လည်းသိမ်ငယ် နေမှာပေါ့"

"ဟုတ်ကဲ့"

"အဲဒါ မင်းသားသစ်လုပ်တဲ့သူတိုင်း ကြုံတွေ့ရတဲ့ခံစားမှုပဲ၊ ကိုယ့် ကို ကားရိုက်ပေးစေချင်လို့ မျက်နှာချိုသွေးရ ဖားရတာတွေလည်း ရှိသေးတယ်၊ ကိုယ့်တာသာငွေထုတ်မရိုက်နိုင်တဲ့သူတိုင်းရဲ့ နာကျင်မှုပေါ့၊ ဒါပေမဲ့ အောင်မြင် တဲ့အခါကျရင်လည်း ပရိုဂျူဆာတွေက မျက်နှာချိုသွေးပြီး ဖားမှာကို မင်း အရသာရှိရှိ ပြန်ခံစားရမှာပါကွာ"

"ကျွန်တော်က ဆရာ့ကို အားနာတာပါ၊ ကျွန်တော့်အတွက်နဲ့ ဆရာ မျက်နှာငယ်အောက်ကျို့ရတာကို စိတ်ထဲတကယ်မကောင်းဘူး"

"ကိုယ့်ဘက်က ဖြစ်ချင်တာ၊ လိုချင်တာရှိတော့လည်း ဒီလိုပဲပေါ့ ကွာ မင်းကိုဖြစ်စေချင်တယ်ဆိုတာလည်း ကိုသာအောင်ရဲ့သားကို ငါ့ရဲ့တူ အရင်းသားလို သဘောထားမိလို့ပါ၊ ပြီးတော့ ကိုယ်မြေတောင်မြှောက်ပေးလိုက် တဲ့သူတစ်ယောက် အောင်မြင်သွားတာကိုကြည့်ပြီး ငါ ပီတိဖြစ်ချင်တယ်၊ အဲဒီလို ငါလုပ်ပေးခဲ့တဲ့သူတွေလည်း မနည်းပါဘူး၊ တချို့လည်းအောင်မြင် သယ်၊ ဖြစ်သွားကြတယ်၊ တချို့လည်း မဖြစ်ဘူးပဲပြောရမလား၊ ကြိုးစား မှုရှိလို့ လမ်းခုလတ်မှာကျန်ခဲ့တယ်ပြောရမလား၊ အဲဒီထဲမှာ ကိုယ့်အပေါ် သိတတ်တဲ့လူလည်းရှိ၊ မသိတတ်တဲ့သူကျတော့လည်း မသိတတ်ဘူးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ငါကတော့ ဘယ်သူ့အပေါ်မှာ ဘာမျှော်လင့်ချက်မှ မထားဘူး။ အင်တာဗျူးဖြေလို့ သူတို့ရဲ့လက်ဦးဆရာ ကျေးဇူးရှိတဲ့သူက ငါပါလို့ပြောလိုက်ရင် ငါပီတိဖြစ်ပြီး ကျေနပ်နေပြီ"

"ဆရာရယ် ဆရာလိုလူမျိုးကတော့ ရှိမယ်မထင်တော့ပါဘူး။ ကျွန်တော့်အပေါ် အခုလို စေတနာထားပေးတာ ကျေးဇူးတင်ပါတယ်ဆရာ။ ကျွန်တော် ကျေးဇူးကန်းတဲ့သူ မဖြစ်စေရပါဘူး။ ဒါ ကျွန်တော့်ရဲ့ကတိသစ္စာပါ ဆရာ"

"အေးပါကွာ ငါက ဘာမှမမျှော်လင့်ထားတဲ့ကောင်ဆိုတော့ မင်းဘက်က ကတိသစ္စာပျက်ပြီး ကျေးဇူးကန်းလည်း ဘာမှမဖြစ်သွားဘူး။ မင်းသိတတ်လိမ္မာတော့လည်း ပီတိဖြစ်ရတာပေါ့၊ လူ့ဘဝဆိုတာ အမြဲတမ်းတည်မြဲတဲ့အရာတော့ မဟုတ်ဘူးကွ၊ အခုချိန်မှာ ငါ့မှာမင်းဆီက ဘာမှမျှော်လင့်ချက်မထားဘူးဆိုပေမယ့်လည်း တစ်ချိန်ချိန် မင်းက တိုးတက်အောင်မြင်နေပြီး ငါက ကျရှုံးတဲ့အချိန်မျိုး ရှိချင်ရှိလာမှာပဲလေ၊ အဲဒီအချိန်ငါ့ကိုမမေ့မထားဘူးဆိုရင်ပဲ ငါကျေနပ်ပါပြီ၊ မင်းသားဖြစ်ရင် ဘယ်ဒါရိုက်တာနဲ့ရိုက်ချင်တယ်ဆိုတာလေး ပြောပေးရုံပါပဲ"

"ဩော် ဆရာရယ်"

ဆရာ့ရဲ့စိတ်ဓာတ်ကို သူ ပိုရှိုလေးစားသွားခဲ့သည်။ ဘာမျှော်လင့်ချက်မှမရှိဘဲ လူတစ်ယောက်ကို ကိုယ်ကျိုးစွန့်ကူညီဖို့ဆိုတာ လွယ်ကူသည့်ကိစ္စမှမဟုတ်တာ။ သူဆိုရင်တောင် ဒီလိုမျိုးလုပ်နိုင်ပါ့မလား။

■ ■ ■



## အခန်း (၁၆)

"အဆင်ပြေခဲ့ရဲ့လား သား။ အဖေ ရင်တထိတ်ထိတ်နဲ့ စောင့်နေတာ"

အဖေက တိုက်ခန်းတံခါးဝကနေ စောင့်ကြိုနေပြီး မေးသည်။ အဖေရင်ထိတ်စွာ စောင့်နေသည်ဆိုတာလည်း ဟုတ်မှာပါပဲ။

အဖေက သူ့ကိုအများကြီး ဖြစ်စေချင်ပြီး မျှော်လင့်ထားတာ။

"အထဲဝင်ပါ အဖေ၊ ထိုင်ပြီးမှ စကားပြောရအောင်"

အဖေ့လက်ကိုဆွဲကာ ဆိုဖာခုံဆီ ခေါ်လာရသည်။ အိမ်ရောင်းလို့ရသမျှထဲက တိုက်ခန်းကို တစ်နှစ်စာပေးငှားပြီး သိန်းတစ်ရာဝန်းကျင် ဈေးသင့်သော ကားလေးကိုလည်း ဝယ်ထားရသည်။ အိမ်မှာလည်း လူမြင်ကောင်းအောင် ပရိဘောဂပစ္စည်းလေးတွေ ဖြည့်ထားရ၏။

တကယ်တော့ ဒီအသိုက်အဝန်းမှာ ဝင်ဆံ့ဖို့ဆိုတာ မလွယ်ပေ။ အဆင်တန်ဆာအပေါ်ယံ ပကာသနတွေကလည်း အရေးကြီးသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ သား"

"အဆင်ပြေတယ်လို့ပဲ ပြောရမှာပေါ့ အဖေ၊ ကားနှစ်ဆယ်စာချုပ်တော့ ချုပ်ခဲ့တယ်၊ အဝတ်အစားဖိုးလောက်ပဲ ရမယ်တဲ့၊ ဒါပေမဲ့ ဘယ်နှစ်လ ဘယ်နှစ်နှစ် ဘယ်လိုရိုက်မယ်ဆိုတာတော့ မသိဘူး။ တစ်လ ဘယ်နှစ်ကား ရိုက်ပေးပါမယ်ဆိုတာ စာချုပ်ထဲမှာ မပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုလက်ခံပေးတဲ့တိုက်ရှိတာပဲ တော်သေးတာပေါ့ သားရယ်၊ အဲဒါ ဆရာ့ကျေးဇူးပဲ သား"

"ဟုတ်တယ် သားအတွက်နဲ့ အောက်ကျို့ခံပေးနေတာမြင်တော့ ဆရာ့ကို အားနာလိုက်တာအဖေရယ်၊ ဆရာ့မှာသားအတွက်ကြောင့် အာမခံတာဝန်ယူရတာတွေလည်းမနည်းဘူး။ ဆရာက တကယ့်ကို ကျေးဇူးရှင်ပါ အဖေ"

"အေး နောက်ကိုယ်အောင်မြင်သွားလည်း မမေ့ဖို့ အရေးကြီးတယ် သား။ လူတွေက အဆင်ပြေတဲ့အချိန်တွေမှာ ခက်ခဲတဲ့အချိန်တွေကို မေ့သွားတတ်ကြတယ်၊ နာကျင်စရာတွေပဲ အမှတ်ရပြီး ကိုယ့်ဘာသာကြိုးစားရုန်းကန်လို့ ဒီလိုဖြစ်လာတာပါလို့ ထင်တတ်ကြတယ်၊ တခြားလူရဲ့ ကူညီပံ့ပိုးမှုကြောင့်ဆိုတာကို အမှတ်မရတော့ရင် အဲဒါ ကျေးဇူးကန်းတာပဲ သား"

"ဟုတ်ကဲ့ပါ အဖေ၊ သား အဲဒီလိုလူ ဘယ်တော့မှ မဖြစ်စေရပါဘူး"

"အေးပါ အဖေ့သား အဲဒီလိုလူမဟုတ်ဘူးဆိုတာ အဖေယုံပြီးသားပါ၊ ဒါနဲ့ အဖေက သရုပ်ဆောင်ပညာ ဒါရိုက်တာပညာ ဇာတ်ညွှန်းပညာ စာအုပ်တွေ ဝယ်ထားတာရှိတယ်၊ အဲဒါတွေ သားလေ့လာရမယ်၊ ငါလုပ်





တတ်ပါတယ်၊ ငါပြောတတ်ပါတယ် သရုပ်ဆောင်တတ်ပါတယ် ဒါရိုက်တာ နိုင်းတာ မမှားအောင်လုပ်ပြလိုက်ရုံပေါ့ဆိုတာနဲ့ပဲ နေလို့မရဘူး။ ရှေးကလူကြီးတွေ ဘယ်လိုလုပ်ခဲ့တာလဲဆိုတာလည်း လေ့လာရမယ်၊ စာတွေဖတ်ရမယ်၊ အနုပညာနဲ့ပတ်သက်တာ အားလုံးပဲ၊ ဒါပေမဲ့ အခွင့်အရေးမရလို့ ဒီသရုပ်ဆောင်တာတစ်ခုပဲ လုပ်ခဲ့ရတာ"

အဖေကမှ တကယ်ရှုံးသွပ်ခဲ့တာပါလားလို့ တွေးမိသည်။ သူက အခုမှ ဖြစ်မလားစမ်းကြည့်ရုံပဲ ရှိသေး၏။ ဒါတောင် သိမ်ငယ်မိနေတာနှင့် စိတ်ပါလက်ပါ မဟုတ်သေးပေ။ အဖေက ထရပ်ပြီး

"အဖေ ထမင်းဟင်းတွေချက်ထားတယ် သား။ သားဗိုက်ဆာလာရင် ထမင်းပွဲပြင်ပေးရမလား"

"သား မဆာသေးပါဘူး အဖေ၊ ဆရာက စားသောက်ဆိုင်မှာ ကျွေးလိုက်သား။ ပိုက်ဆံရှင်းမယ်ဆိုတာလည်း မရဘူး၊ မင်းတို့လက်ကျန်ငွေက ဒီတိုင်းသုံးဖြုန်းပစ်လို့မရဘူး။ ကြာရှည်အသုံးခံလောက်အောင်လည်း ရှိတာမဟုတ်ဘူး၊ မင်းသားဖြစ်တဲ့အထိ တောင့်ခံလောက်အောင် ရှိတဲ့ပိုက်ဆံမှမဟုတ်တာတဲ့"

"အင်း ဆရာကတော့ တကယ့်စိတ်ရင်းကောင်းတဲ့သူပါ သားရယ်၊ ဒီလောကမှာ အဲဒီလိုလူမျိုး တကယ်ရှားပါတယ်၊ ပါးစပ်ဟပြီး အခွင့်အရေးစောင့်နေတဲ့သူကသာ များတာလေ၊ ဒီဆရာနဲ့တွေ့တာ သား ကံကောင်းတာပဲ"

"ဟုတ်ကဲ့ အဖေ"

"အဖေကတော့ ဘာပဲဖြစ်ဖြစ် သားအတွက် အရမ်းဝမ်းသာတယ်



www.burmeseclassic.com

www.burmeseclassic.com



သား။ ငါ့သားမင်းသားဖြစ်တော့မှာပါလားလို့ တွေးပြီး အဖေ ပီတိတွေဖြစ်နေ မိတယ်၊ ဂုဏ်လည်းယူတယ်၊ သားအမေသီရင်ရော ဘယ်လောက်များ ဝမ်းသာလိုက်မလဲ''

အဖေပြောတော့ သူတောင်မျက်ရည်လည်ချင်သည်။ အမေက သူ့ယောက်ျားအောင်မြင်တဲ့သူတစ်ယောက် မဟုတ်ခဲ့ဘဲနှင့်တောင် ဂုဏ်တွေ ယူနေတာ။ အမေရှိလျှင်တော့ သူ ဘာမှမဖြစ်သေးဘဲနှင့်လည်း ရပ်ကွက်ထဲ လည်ပြောပြီး ဂုဏ်ယူဝံ့ကြွားနေမှာပါပဲ။

''ဟင်''

သူ အတွေးဝင်နေဆဲမှာ ဖုန်းသံမြည်လာတာကြောင့် ဖုန်းကိုင်လိုက် စဉ်မှာ သီရိဖြစ်နေသည့်အတွက် သူရင်ထိတ်ခနဲ ခုန်လျက်ဝမ်းသာသွားမိ သူဝယ်ထားသော ဖုန်းလေးက ပထမဆုံး သီရိဆီက ဖုန်းဝင်လာခြင်းပင်

''ဟယ်လို သီရိ''

''အေး ငါ နင်တို့တိုက်ခန်းပေါ် တက်လာနေပြီ နင်ရှိတယ်မဟုတ် လား''

''အေး ရှိတယ် ရှိတယ် သီရိ၊ နင်အလုပ်ပြန်ဝင်လာတာလား''

''အေး ဟုတ်တယ်၊ နင့်အိမ်ကနေ ထမင်းစားပြီးမှပြန်မှာ''

''အေးပါဟာ ရပါတယ်၊ ငါက သထာပြီးသားပါ၊ အဖေလည်း တယ် လာခဲ့နော် တံခါးဖွင့်ထားမယ်''

''အေး အေး''

ဒီတိုက်ခန်းကို ပထမဆုံးလာခွင့်ရတော့ ညှိသည်ကလည်း သီ ပါပဲ။ တိုက်ခန်းမှာပြောင်းနေပြီးတာနှင့် သီရိကို အရင်ဆုံး လိပ်စာပေးထား





သည်။ ဖုန်းနံပါတ်ကိုလည်း ဖုန်းဝယ်ပြီးပြီးချင်း ပေးထားမိတာဖြစ်၏။

''လှိုင်ဘွား''

''လာ သီရိ၊ လက်ထဲမှာလည်း အိတ်တွေနဲ့ပါလား၊ ဘာတွေ ယ်လာတာလဲဟ''

''ငါ ဒီနေ့လစာထုတ်လို့ နင့်အတွက်အင်္ကျီလေးတွေ ဝယ်လာ တာ၊ တန်ဖိုးမကြီးပေမယ့် နင့်အတွက် အဆင်ပြေမလားလို့ပါ''

''ဘာလို့ ဝယ်လာတာလဲ သီရိရာ၊ နင့်မှာလည်း အဆင်ပြေတာ ဟုတ်ဘဲနဲ့''

''ဘာတွေဝယ်လာတာလဲကွ သမီး သီရိက''

အဖေက အသံကြားပြီး ဝင်မေးလိုက်၍ တိုက်ခန်းတံခါးကို ပြန် တ်ပြီး အဖွေ့ဆီလျှောက်ခဲ့ကြသည်။ သီရိက တစ်ခန်းလုံးကို ဝေ့ဝဲကြည့်၍

''တိုက်ခန်းလေးက ပရိဘောဂပစ္စည်းအပြည့်အစုံလေးနဲ့ ပြင်ဆင် ားတော့ ခမ်းနားသပ်ရပ်သားပဲဟဲ့ ကောင်းလိုက်တာ''

''တစ်လကို နှစ်သိန်းပေးရတယ်၊ တစ်နှစ်စာချုပ်တာ နှစ်ဆယ့် လေးသိန်းတောင် ပေးရတာ နမြောစရာကောင်းလိုက်တာဟာ၊ ကိုယ့်အိမ် လေးမှာနေပြီး အဲဒီနှစ်ဆယ့်လေးသိန်းဆိုရင် တစ်နှစ်ခွဲနှစ်နှစ်နီးပါး ဘာအလုပ် မှလုပ်ဘဲတောင် ထိုင်စားလို့ရတယ်''

''အဲဒီလိုတော့ မတွေးနဲ့ဖေ့၊ လှိုင်ဘွားရယ်၊ နင့်ဘဝတိုးတက်ဖို့ အခြေအနေအချိန်က ပြောင်းလဲပေးတာ၊ အဲဒီလို အခွင့်အရေးရဖို့ အိမ်လေးကို ရောင်းပြီး ရင်းနှီးမြှုပ်နှံလိုက်ရတာလို့ အောက်မေ့ပေါ့''

''ဦးလေးလည်း အဲဒီလို ပြောပြီးသားကိုဖျောင်းဖျနေတာပဲ သမီးရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သားက အဖေ့ကိုညာတာနေတာလေ၊ အဖေအသက်ကြီးလို့ အိုစာမင်း
လိုလာမှ ဒီအိမ်လေးကို ရောင်းလိုက်ရတာဆို တော်သေးတယ်၊ အခု
သားအတွက် လုပ်လိုက်ရတာဆိုတော့ နှမြောလည်း နှမြောတယ်၊ စိတ်လည်း
မကောင်းဘူးတဲ့''

''ဒါကတော့ ဒါကို ရင်းနှီးမြှုပ်နှံလိုက်တဲ့အတွက် အောင်မြင်သွား
မယ်ဆိုရင် ဒီထက်မကတဲ့ ချမ်းသာကြွယ်ဝပြည့်စုံမှုနဲ့ နေရမှာပဲ၊ နင် ရှေ့
ပဲတည့်တည့်ကြည့်ပြီး လျှောက်ပါ လှိုင်ဘွား၊ နောက်ကိုလုံးဝ ပြန်လှည့်
မကြည့်နဲ့၊ နောက်ဆံမတင်းနဲ့၊ နင်အခုချိန်ကနေ ကြိုးစားမှဖြစ်မှာလေ
နောက်မှဆိုရင် အချိန်မရှိတော့ဘူး၊ အခွင့်အရေးရတော့မှာမဟုတ်ဘူး၊ အချိန်
အရွယ်ရှိတုန်းပဲ ကြိုးစားဖို့အခွင့်အရေးဆိုတာ ရှိတာ''

''ဟုတ်တယ် သမီး၊ သမီးပြောတဲ့စကားတွေက သားအတွက်
တန်ဖိုးရှိတယ်နော် သား၊ သားအတွက်ကောင်းဖို့ပြောနေတာ၊ ဖြစ်စေချင်
အောင်မြင်စေချင်လို့ စေတနာထားနေတာ၊ လူတိုင်းပါးစပ်က အဲဒီလိုစကား
မျိုး ထွက်မလာနိုင်ဘူး သား၊ သားကို ကောင်းတာမျှော်လင့်ပြီး အဲဒီစကား
ပြောပေးတဲ့အတွက် သမီးကို ကျေးဇူးတင်တယ်၊ ဒါနဲ့ ကိုသောင်းစိန်ကြီးရော
ကျန်းမာရေးကောင်းရဲ့လား၊ ပင်စင်ရော နားပြီလား သမီး''

သီရိက ခေါင်းလေးရမ်းကာ

''အဖေ့ပင်စင်က နှစ်နှစ်လောက်ကျန်ပါသေးတယ် ဦးလေး၊ ကျန်း
မာရေးကတော့ အဖေက အရက်ကိုတစ်ခါမှ အလွန်အကျွံဆိုတာမျိုးကြီး
မသောက်တဲ့အတွက် ကောင်းတယ်လို့ပဲ ပြောရမယ်ထင်တယ်၊ ဒါပေမဲ့
အသက်အရွယ်ကတော့ စကားပြောတာပေါ့လေ၊ အသေးအမွှားလေးတွေ





ဆတိမေ့ချင်လာတယ်၊ ပြောပြီးသားစကားကိုမေ့ပြီး ထပ်ပြောချင်လာတယ်
လောက်ပါပဲ''

''ခြောက်ဆယ်ကျော်လာရင်တော့ ဒီထက်နည်းနည်း နည်းနည်း
ဆိုးလာမှာပေါ့၊ လူတိုင်းအသက်ကြီးလာရင် အဲဒီလိုလေးတွေ ဖြစ်တတ်လာ
တယ်ဆိုပေမယ့်လည်း အနုပညာသမားတွေကျတော့ စိတ်ကနုပျိုပြီး လတ်
ဆတ်နေတော့ ရောဂါဖြစ်တာနောက်ကျတယ်ပြောရမလားပဲ၊ ရှုတင်ရောက်
သွားရင် ပရိသတ်တွေနဲ့တွေ့ရရင် ကိုယ့်ကိုယ်ကိုယ် လူငယ်လေးတစ်ယောက်
လိုကို ထင်မိတာ''

အဖေ့စကားကြောင့် သူနှင့်သီရိ ရယ်မိကြသည်။ အဖေက ပြော
သလိုလည်း ဟုတ်သည်။ ဝတ်တာစားတာက ခေတ်မီသေသပ်ကာ စတိုင်
ကျသည်။ ရုပ်ရှင်အသိုက်အဝန်းကလို့ ချက်ချင်းသိလောက်အောင်ကို ထင်းခနဲ
ပေါ်လွင်အောင်နေ၏။ ပြောရလျှင် သူတောင် အဖေ့လောက် စတိုင်မကျပါ။

သီရိက သူ့ကိုကြည့်လိုက် အဖေ့ကိုကြည့်လိုက်လုပ်နေပြီး

''ဦးလေးက တကယ်စတိုင်ကျနေသေးတယ်၊ လှိုင်ဘွားကို ဦးလေး
လို စတိုင်ကျကျနေတတ်အောင် သင်ပေးလိုက်ပါဦး ဦးလေးရယ်''

''ဒီလောကထဲရောက်လာရင် သားလည်းနေတတ် စားတတ်သွား
မှာပါ သမီးရယ်၊ ဒါက သင်စရာမလိုအောင်ကို သူတတ်သွားလိမ့်မယ်၊
ဒါနဲ့ သမီးက ဘာတွေဝယ်လာတာလဲ''

''လှိုင်ဘွားအတွက်အင်္ကျီလေးတွေပါ၊ ဒီနေ့ လစာထုတ်လို့ သမီး
ဝတ်နိုင်သလောက်လေး ဝယ်လာတာ၊ လှိုင်ဘွား နင်ဝတ်ကြည့်ပါဦး၊ တော်
တော်သိရအောင်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ သား။ သမီးက စေတနာနဲ့ဝယ်လာတာ၊ လိုအ နေတဲ့အချိန်မှာ တန်ဖိုးနည်းတဲ့အင်္ကျီကလည်း တန်ဖိုးရှိတာပဲ သားရဲ့"

ဦးသာအောင် တိုက်တွန်းတာကြောင့် သီရိ ဝယ်လာသော အ တွေကို လှိုင်ဘွား တစ်ထည်ပြီးတစ်ထည် ဝတ်ကြည့်သည်။ လိုက်ဖက်သော အရောင်အသွေးလေးတွေမို့ တန်ဖိုးနည်းသော်လည်း ကြည့်ကောင်းပါသည်

"လှပါတယ် သီရိရဲ့ ဈေးနည်းတယ်လို့တောင် မထင်ရဘူး လိုက်တယ်မဟုတ်လား"

"နင့်အသားအရည်က စိုပြည်ပြီး ဝင်းဝါနေတော့ ဘာအရော ဖြစ်ဖြစ် လိုက်ပါတယ်၊ နင့်လို မင်းသားလုပ်မယ့်သူကို ဒီလိုဈေးနည်း လေး ဝယ်ပေးရတာ အားနာလိုက်တာဟယ်"

"ဪ သမီးရယ်၊ စေတနာဆိုတာ တန်ဖိုးဖြတ်လို့မရဘူး သ ရဲ့၊ ပြီးတော့ မီးနဲ့မှန်နဲ့ ထိုးလိုက်ရင် မင်းသားမင်းသမီးဝတ်တဲ့အဝတ်အ ကို ပရိသတ်က တန်ဖိုးနည်းတယ်လို့ မထင်ကြတော့ဘူး။ မင်းသားမင်း က တန်ဖိုးကြီးတာမဝတ်ဘူးမဟုတ်ဘူး ဝတ်ကြပါတယ်၊ ဒါပေမဲ့ များ အားဖြင့်တော့ ဈေးမကြီးတဲ့ပိတ်စဖျင်စကို ချုပ်ဝတ်ကြတာပါ၊ သူတို့ လိုက်တော့ ဈေးကြီးတယ်ထင်နေကြတာ၊ သမီးပေးတာ တန်ဖိုးမနည်း ဘူးကွယ်၊ တန်ဖိုးရှိပါတယ်"

"နင်ပေးတဲ့အင်္ကျီတွေကို ငါ ပထမဆုံးရိုက်တဲ့ကားမှာ ဝတ် သီရိ သိလား။ အမြတ်တနိုးပထမဆုံးအမှတ်တရပေါ့ဟာ"

သူပြောလိုက်သည့်စကားအတွက် အဖေက သူ့မျက်နှာကို သည်။ စကားရဲ့အဓိပ္ပာယ်သက်ရောက်မှုအတွက် အဖေ အကဲခတ် ဖြစ်မှာပါ။ ပြီးမှ ထရပ်လိုက်ပြီး





"ကဲ သားကို အင်္ကျီဝယ်ပေးလို့ ဦးလေးက ကျေးဇူးတင်တဲ့အနေနဲ့ သမီးကို ဦးလေးလက်ရာ ထမင်းကျွေးလိုက်မယ်၊ စားသွားနော် သမီး ..."

လှိုင်ဘွားကလည်း မျက်စပစ်ပြကာ

"လာ သီရိ၊ အဖေဟင်းချက်လက်ရာက ငါ့ထက်တောင်ကောင်း တယ်၊ နင် ဆွေမျိုးမေ့သွားမယ်နော် စားသွား"

"အခုတော့ ဆွေမျိုးတွေမေ့လို့ မဖြစ်သေးဘူးဟေ့၊ မိထွေးက မျိုးတွေပြောင်းပြီး ကောင်းကောင်းမွန်မွန် ဆက်ဆံလာလို့"

"ဟုတ်လား။ နင့်မိထွေးနဲ့အဆင်ပြေနေပြီပေါ့"

"အဆင်ပြေနေပြီတော့ မဟုတ်ပါဘူး၊ အဖေက စိတ်တိုတိုနဲ့ လို့ နည်းနည်းအချိုးပြောင်းဆက်ဆံလာရုံပါပဲ"

"ဟင် နင့်အဖေက ဒီလောက်ချစ်တာကို နှင်ချတယ်"

"အသက်ကြီးလာတဲ့အချိန်မှာ အေးအေးချမ်းချမ်း နေချင်တော့ လုပ်နေတာကို စိတ်တိုလာတာပေါ့၊ အဲဒါကြောင့် အဲဒီလို နှင်ချတာနဲ့ ပြောင်းသွားတာ"

အဖေက နင်နဲ့လက်ထပ်စေချင်တဲ့ဆန္ဒ ရှိနေသည်ဆိုတာတော့ မပြောမိပေ။ လှိုင်ဘွားရဲ့ရှေ့တက်လမ်းတွေအတွက် သူမ အနှောင့်အ မဖြစ်စေချင်။ တတ်နိုင်သလောက်ပေးဆပ်ဖြည့်ဆည်းခွင့် ရနေလျှင်ပဲ ကျေနပ်ပါသည်။ ထိုနေ့က မိသားစုထမင်းဝိုင်းသဖွယ် စရင်းနောက်ရင်း ရွှင်စွာ ထမင်းလက်ဆုံ စားဖြစ်ကြသည်။

ဒီအနေအထားလေးကိုပဲ သူမက ကျေနပ်နေကာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"သမီး အိမ်ပြန်တာနောက်ကျတယ်၊ မောင်လှိုင်ဘွားတို့ဆီ ... နေတာလား"

"ဟုတ်ကဲ့ အဖေ၊ သူ့အလုပ်အခြေအနေ မေးကြည့်ချင်လို့"

"အဆင်ပြေသတဲ့လား"

"စာတော့ချုပ်ထားတယ်၊ ကားတော့မရိုက်ရသေးဘူးတဲ့၊ ... နေတုန်း အနေအထားပဲ ရှိပါသေးတယ်၊ အဆင်ပြေမလားဆိုတာ စောင့်ကြည့်ရမှာပေါ့"

"အေးလေ လမ်းကြောင်းတစ်ခုပေါ် ရောက်ဖို့ဆိုတာ ... ဈေးရောင်းဈေးဝယ်လုပ်စားသလောက်တော့ ဘယ်လွယ်ပါ့မလဲ၊ သ... အနေအထားကရော"

"ဒီလိုပါပဲ သူငယ်ချင်းအဆင့်ထက်ပိုပြီး သံယောဇဉ်ရှိရုံလော...





ရှိသေးတယ်၊ တကယ်လို့ သူအောင်မြင်သွားပြီဆိုရင်လည်း တန်းခနဲ ဆက်ထပ်ဆိုတာက မဖြစ်နိုင်သေးဘူးမဟုတ်လား၊ သမီးတို့ ဖြူဖြူစင်စင်နဲ့ပဲ ခြတ်သန်းနေကြပါတယ် ဖေဖေ"

ဦးသောင်းစိန် ခေါင်းညိတ်သည်။ သားသမီးအရွယ်ရောက်လာတော့ လည်း အိမ်ထောင်ချပေးရမှာ မိဘတို့ဝတ္တရားပဲ မဟုတ်လား။ ကိုယ်တောင် သစ်ပင်လဲလို့ တစ်ပင်ထူခဲ့တာဆိုပေမယ့် အိမ်ထောင်နှစ်ဆက်ဖြစ်သွားခဲ့ သည်။ မသေခင် သားသမီးတွေအပေါ် ဖခင်ဝတ္တရားမကျေပွန်မှာတော့ စိုးရိမ်၏။

ကိုယ်ပင်စင်ယူဖို့ဆိုတာလည်း သိပ်လိုတော့တာမဟုတ်။ အလုပ်က အနားယူလျှင် ကျန်းမာရေးပါချို့တဲ့လာမှာမလွဲ။ ကိုယ်ယူလိုက်သည့်မိန်းမက လည်း မိခင်စိတ်မရှိတာမို့ သားသမီးတွေကို အားနာရသည်။ ကိုယ့်အတွက် တောင် ဆေးပေးမီးယူဝတ္တရားကျေမည့်မိန်းမ ဖြစ်လာပါ့မလားမသိ၊ ငွေကုန် လျှင် ခြေစုံကန်ပြေးမည့် မိန်းမ ဖြစ်နေပါက သားသမီးတွေအတွက် ဘာမှ တောင် လုပ်ပေးခွင့်ရလိုက်မှာမဟုတ်။

"အဖေ"

"ပြော် သမီး"

"အဖေ ဘာတွေတွေးနေတာလဲ သမီးအကြောင်းလား၊ သမီး အိမ်ထောင်ရေးနဲ့ပတ်သက်တာဆိုရင်တော့"

"အဲဒီတစ်ခုတည်း မဟုတ်ပါဘူး သမီး၊ အဖေ ပင်စင်နားရင် ထောက်ပံ့ကြေးဆုကြေးနဲ့ သက်ပြည့်ပင်စင်အတွက်ရမှာတွေက သိန်းငါးဆယ်ဝန်းကျင်လောက်တော့ ရှိလိမ့်မယ်၊ အဲဒါ သားနဲ့သမီးကို ခွဲတင်



www.burmeseclassic.com

www.burmeseclassic.com



အောင် အဖေခွဲပေးမယ်၊ ဒီအိမ်ကိုလည်း ရောင်းပြီး အမွေသဘောမျိုးခွဲပေး စဉ်းစားနေတာ၊ အိမ်ထောင်ရက်သားကျသွားကြပြီဆိုရင် တစ်အိမ်တည်း အတူနေလို့မဖြစ်တော့ ဒီလိုပဲ ခွဲဝေယူပြီး ရင်းနှီးစားသောက်ကြ ဝယ်သင့်တာ ဝယ်ကြပေါ့''

''အဲဒီလို မလုပ်ပါနဲ့ အဖေ၊ အဖေ အဲဒီလိုတွေးနေတာတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ သမီးတို့ကို ပညာသင်ပေးခဲ့တာ ဒီအရွယ်ရောက် တဲ့အထိ ကျွေးမွေးစောင့်ရှောက်ခဲ့တာ အဖေ့မှာ မိဘဝတ္တရားတွေကျေနေပါ ပြီ၊ ပင်စင်ကရမယ့်ငွေတွေကို ဘဏ်မှာအပ်ထားပါတယ် အဖေ၊ ဘဏ်တိုး ရမှာလေးနဲ့ ပင်စင်လစာလေးနဲ့ အဖေတို့လင်မယားနှစ်ယောက် ချွေတာစား လိုအပ်တာလေးက သမီးက ထောက်ပံ့ပေးပါမယ်၊ ဘဏ်မှာအပ်တဲ့ငွေကို တော့ တကယ်ကို ကျန်းမာရေးအတွက်လိုအပ်မှ ထုတ်သုံးပေါ့၊ ဒီအိမ်ကို တော့ အဖေမသေမချင်း မရောင်းပါနဲ့၊ အိမ်ငှားနေပြီး အိမ်လစာရှာရတာ လွယ်တာမဟုတ်ဘူး၊ အိမ်ရောင်းပြီး ဘဏ်အပ်ထားခဲ့ရင်တောင် ခဏလေးနဲ့ ကုန်သွားမှာ၊ လုပ်နိုင်ကိုင်နိုင် ရောင်းဝယ်စားမှာ ရင်းနှီးမြှုပ်နှံလိုက်မှာမျိုးဆိုရင် တော့ တစ်မျိုးပေါ့၊ အဖေက အသက်လည်းကြီးပြီ၊ သမီးတို့အတွက်လည်း ပင်ပန်းတကြီးငွေရှာပေးစရာမလိုတော့ပါဘူး အဖေ၊ အဖေတို့လင်မယားအ တွက်ပဲ အိုစာမင်းစာထားပါ''

ဦးသောင်းစိန် သက်ပြင်းတွေချ၍ ခေါင်းရမ်း၏။ အရက်ခွက်တောင် သောက်ချင်စိတ်မရှိတော့သလို စားပွဲပေါ် ပြန်ချလိုက်ပြီး

''အဖေ သန္တာလိုမိန်းမမျိုးနဲ့ အိမ်ထောင်ပြုမိတာ မှားသွားတယ် သမီး''





''ရှင်အဖေ၊ ဟို အိမ်ထဲမှာရှိတယ်မဟုတ်လား၊ ကြားသွားပါဦး မယ်''

''သူမရှိလို့ ဒီစကားတွေ အဖေပြောနေတာပေါ့ သမီးရယ်၊ သူ့ ခင်က မွေးတဲ့ သူ့တူမလေး သွေးလွန်တုပ်ကွေးဖြစ်လို့ ဆေးရုံတင်ထားရ တယ်ဆိုတာနဲ့ အိမ်မှာရှိသမျှငွေယူပြီး ဆေးရုံလိုက်သွားတယ်''

''ဟင် အဲဒါတွေ ယူသွားတော့ တစ်လလုံး စားစရိတ်က ဘယ်လို လုပ်မှာလဲ၊ အဖေ ဒီနေ့ထုတ်တဲ့လစာ အကုန်ယူသွားတာလား''

''ဟုတ်တယ် သမီး၊ သူ့တူမသွေးလွန်တုပ်ကွေးဖြစ်လို့ဆေးရုံတင် ထားရတယ်ဆိုတာလည်း ဟုတ်ချင်မှဟုတ်မှာပါ၊ လစာထုတ်ရက်တိုင်း မောင် နှမ ညီမရောက အကြောင်းအမျိုးမျိုးပြပြီး ငွေလာတောင်းနေတာ အစက အသိမထားမိဘူး၊ အခုတော့ အကြောင်းတွေက ထပ်လာပြီ၊ ဖြစ်ပြီဆို အမြဲလွှတ်လိုက်ရတာနဲ့ သူကိုယ်တိုင် အရေးတကြီးသွားရတာနဲ့၊ အဖေတို့ ကျတော့ ဟင်းကိုဖြစ်သလိုစား အသုံးအဆောင်အဝတ်အစားကအစ မဝယ် ရတာ ဘယ်လောက်တောင် ကြာပြီလဲ၊ ငါးပိရည်လောက်ဟင်းလုပ်ပြီး သူများ ကို ပေးဆပ်နေရတာ''

''အဲဒါတော့လည်း ဟုတ်ပါတယ်၊ အဖေအပ်တဲ့ငွေနဲ့ဆို အိမ်မှာ ပြည့်ပြည့်စုံစုံ ဖြစ်နေသင့်တယ်၊ စိုစိုပြည်ပြည် စားပြီး ပိုတာကိုလှူလို့တန်းလို့ တောင်ရတယ်၊ အဝတ်အစားကအစ ဝယ်ဝတ်လို့ရတယ်''

''ဒီနေ့တော့ အဖေပိုပြီး စိတ်ခါတ်ကျသွားတယ် သမီး''

''ရှင် အဖေ ဘာဖြစ်လို့လဲ''

''အဖေ လစာထုတ်ပြီး ပြန်လာမယ်ဆိုတာသိလို့ သမီးကနေ



www.burmeseclassic.com

www.burmeseclassic.com



အကြွေးစီးတောင်းကြတယ်''

''ရှင် အဖေ့ကို အကြွေးတောင်းတယ် ဘယ်သူတွေကလဲ''

''ဆန်ဆိုင်က ဆန်တစ်အိတ်ဖိုးတဲ့၊ အဝတ်အစားဆိုင်က ကလေးကျောင်းဝတ်စုံတွေနဲ့ ယောက်ျားဝတ်ပုဆိုးတစ်ထည်၊ မိန်းမဝတ်ထဘီတစ်ထည်ဖိုးဆိုပြီး တောင်းကြတာ၊ သူ့မောင်တွေ ညီမတွေနဲ့ တူ တူမတွေအတွက်နေမှာပေါ့။ ယူထားတာ ကျောင်းဖွင့်ချိန်ကတည်းက သုံးလတောင်ရှိသွားပြီတဲ့၊ သူကတော့ လစဉ်အဖေပေးတဲ့ပိုက်ဆံထဲက ဖဲ့ဆပ်သွားမယ်ဆိုတဲ့အစီအစဉ်နဲ့နေမှာပေါ့၊ အခုက သူ့မွေးချင်းတွေအမျိုးမျိုးတောင်းနေတော့ မဆပ်နိုင်တာနဲ့ အဖေ့ဆီတောင်းကြတာ၊ အဖေရှက်လည်းရှက်တယ်၊ အဲဒီလူတွေကိုလည်း မျက်နှာပူလိုက်တာ၊ မျက်နှာဘယ်ထားရမှန်းတောင် မသိဘူး သမီးရယ်''

''အဖေရယ်''

သူမလည်း အဖေ့ကို သနားသွားမိပါသည်။ ဒီအသက်အရွယ်ကြီးမှ အကြွေးတောင်းခံရတာဆိုတော့လည်း အဖေ ရှက်ရှာမှာပေါ့။ မိထွေးကို အဖေနှင်ချဖို့ ပြောပြီးကတည်းက နောင်ကြဉ်ပြီး ဆင်ဆင်ခြင်ခြင်တော့ နေသွားပြီလို့ ထင်ထားတာ။

လက်တွေ့မှာတော့ ထိုအပြစ်တွေလုပ်ထားတာကြောင့် ငြိမ်သွားတာဖြစ်လိမ့်မည်။

''အဖေ အဲဒီအကြွေးရှင်တွေကို ဘယ်လိုပြောခဲ့လဲဟင်''

''ကျွန်တော် သူ့ကိုမေးကြည့်ပါဦးမယ်၊ သူယူထားတာ ကျွန်တော် မသိလို့ပါလို့ ပြောရတာပေါ့''





''အဲဒါနဲ့ အိမ်ပြန်ရောက်တော့''

''သူ့ကိုမေးကြည့်ချိန်တောင် မရပါဘူး၊ အိတ်ထဲက လစာထုတ်လာတဲ့ပိုက်ဆံကို ဆွဲယူပြီး သူ့တူမလေး ဆေးရုံတက်နေလို့ ဆေးရုံကိုလိုက်သွားရမှာတဲ့၊ အိမ်မှာလည်း ဆန်ရော ဆီရော ပြတ်နေလို့ ဘာမှချက်မထားရသေးဘူး၊ ကိုယ့်ဘာသာ ချက်စားကြလို့ မှာပြီး ဖွတ်ထွက်သွားတော့တာပဲ''

''ဟင် ဒါဆို အဖေ ထမင်းမစားရသေးဘူးပေါ့''

အဖေ ခေါင်းညိတ်ပြတော့ အဖေ့အတွက် သူမ စိတ်မကောင်းဖြစ်သွားမိသည်။ သူမကတော့ လှိုင်ဘွားတို့အိမ်က စားလာခဲ့တာပါ။

''အဖေ ထမင်းဆာနေလောက်ရောပေါ့၊ သမီးလမ်းထိပ်ထမင်းဆိုင်ကပဲ သွားဝယ်လိုက်မယ် အဖေ၊ ချက်နေရင်လည်း ဆန်တွေဘာတွေဝယ်နေရဦးမှာ အချိန်မီမှာမဟုတ်တော့ဘူး''

''ဝယ်မနေပါနဲ့တော့ သမီး၊ အဖေ ထမင်းစားချင်စိတ်လည်း မရှိတော့ပါဘူး၊ နောက်မှာခေါက်ဆွဲထုပ်တွေ့တယ် စားချင်မှပဲ သမီးပြုတ်ပေးပါ''

''ဟုတ်ကဲ့ပါ အဖေ၊ ဒါနဲ့ အဲဒီအကြွေးကိစ္စ ဘယ်လိုလုပ်ကြမလဲ''

''အဖေလည်း မပြောတတ်တော့ပါဘူး သမီးရယ်၊ အခုထုတ်လာတဲ့လစာကို ယူမသွားဘူးဆိုရင်တောင် အဲဒီငွေနဲ့ ရှင်းလိုက်လို့ ရသေးတယ်၊ အခုက အဲဒီငွေထဲက ဘယ်လောက်ရော ပြန်ပါလာမှာလဲ၊ ပါမလာရင် အစ်လလုံးစားစရိတ်ရော ဘယ်လိုလုပ်ကြမလဲ၊ အဖေတော့ စိတ်တွေအရမ်းညစ်တယ်၊ ဒီမိန်းမကို ကွာရှင်းဖို့ပဲ ပြောတော့မယ် သမီး၊ ဒီလိုမိန်းမကို ကွာရှင်းလို့ ရပ်ကွက်ကလည်း အဖေ့ကိုအပြစ်ပြောကြမှာ မဟုတ်ပါဘူး''

ဒီတစ်ခါရော သူမ တားသင့်ရဲ့လား။ မိန်းမသားချင်းကိုယ်ချင်းစာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်ထောင်ရေးပြိုကွဲတာမျိုး မဖြစ်စေချင်ပေမယ့် ဒီလိုကိစ္စတွေ ဆက်တိုက် ဖြစ်လာလျှင် အဖေရော သူမရော သူများကိုလုပ်ကျွေးနေရသလိုဖြစ်ပြီး လုံးပါးပါးရပေတော့မည်။

"စဉ်းတော့စဉ်းစားပါဦး အဖေ၊ နောက်ပိုင်းအချိန်တွေမှာ အဖေ့ အတွက်လိုအပ်ဦးမှာမဟုတ်လား"

"အဖေ အများကြီးစဉ်းစားပြီးပြီ သမီး၊ လင့်လုပ်စာကို လင်ကို မသထာဘဲ မွေးချင်းတွေကို ဒီအတိုင်းပဲ ထောက်ပံ့နေရင် အဖေ ငွေမရှာ နိုင်တော့တာနဲ့ အဖေ့ကိုထားခဲ့ဖို့ ဝန်လေးမှာမဟုတ်ဘူး၊ ပင်စင်နားလို့ရမှာ တွေ သူဒီလိုလုပ်ပစ်ရင် အားလုံးအလကားဖြစ်သွားမယ်၊ စီးတဲ့ရေ ဆည်တဲ့ ကန်သင်းမဟုတ်ဘဲ ဝင်သမျှငွေ မြောင်းထဲအကုန်ပို့နေမှတော့ ဒီအိမ်ထောင် ရေးအဆင်ပြေစရာအကြောင်းမရှိတော့ဘူး"

"အဖေရယ် သမီးလည်း ဘယ်လိုပြောရမှန်းမသိတော့ပါဘူး၊ အခု ဟာက ကိုယ့်လုပ်စာကိုယ် ကောင်းကောင်းမစားရဘဲ သူ့မွေးချင်းတွေခဲ ထောက်ပံ့ပေးရသလို ဖြစ်နေတာတော့ မကောင်းဘူး၊ တစ်ခါတစ်ရံဆိုတာ ကတော့ မွေးချင်းသားချင်းထောက်ပံ့တာ အပြစ်ပြောစရာမဟုတ်ပါဘူး"

"အဖေ အဲဒါပြောတာ သမီး၊ အဖေ သူ့ကိုလာအပ်တာ နှစ်သိန်း သုံးသိန်းနီးပါးရှိတယ်၊ ဆန်နဲ့ဆီ သမီးဝယ်ပေးတယ်၊ မီတာခ သမီးဆောင် တယ်၊ သူ အိမ်စရိတ်ဘယ်လောက်သုံးသလဲ၊ ကိုယ်စားရတဲ့အစားအသောက် အတွက် ဈေးဖိုးလောက်တော့ ခန့်မှန်းမိတာပေါ့ သမီး၊ ပိုတာကျန်တာကို သူ့မွေးချင်းတွေထောက်ပံ့နိုင်းပါတယ်၊ အခုကတော့ အတိုင်းအတာတွေလွန် နေပြီ၊ အိမ်မှာကျတော့လည်း အိမ်ပူတယ်၊ အိမ်ဆူတယ်၊ ဒီတစ်ခါတော့





အဖေ့ဘာသာ ဆုံးဖြတ်မယ်၊ သမီးဘာမှဝင်မပါနဲ့ သမီး"

"အဖေမှ ဒီလောက်စိတ်ပြန်နေပြီဆိုရင်တော့ သမီး ဘာမှမပြော တော့ပါဘူး အဖေ၊ အကြွေးကိစ္စကိုတော့ သမီးလက်စွပ်လေးပေါင်ပြီး ဖြေရှင်း လိုက်ပါမယ်၊ မပေးနိုင်ရင် အကြွေးရှင်တွေကို မျက်နှာချင်းဆိုင်ရတိုင်း အဖေ မျက်နှာပူပြီး ရှက်နေရမှာ"

"အင်း အဲဒီကိစ္စလေးတော့ အဖေ့ကိုကူညီပါ သမီး၊ မဟုတ်ရင် အဖေရှက်လို့ သေလိမ့်မယ်၊ နောက်တော့ အဖေ ပြန်ရွေးပေးပါ့မယ်"

"သားအဖချင်း အဲဒီလို မပြောပါနဲ့ အဖေ၊ သမီးလည်း အိမ်အတွက် သုံးသင့်တာသုံးပြီးရင် ငွေပိုငွေလျှံရှိသေးတာပဲ"

"ဘဏ်မှာစုထားတာလည်း မောင်လေး မင်္ဂလာဆောင်အတွက် သုံးလိုက်လို့ ကုန်သွားပြီမဟုတ်လား၊ အားလုံးက အဖေ့တာဝန်တွေပါ၊ သမီးကို အဖေအားနာပါတယ် သမီးရယ်"

အဖေက အရက်သောက်ပေမယ့် အသိတရားရှိတာကြောင့် ဒီလို စကားမျိုးပြောနေခြင်း ဖြစ်သည်။ အဖေ့ကို သူမလေးစားပါသည်။

အဖေသင်ပေးခဲ့သည့်ပညာတွေကြောင့်သာ သူမလည်း တင့်တင့် တယ်တယ် ရပ်တည်နေနိုင်ခြင်း မဟုတ်လား။ အခုလို ပြန်ပေးဆပ်ခွင့်ကြုံ တာပဲ ဝမ်းသာရဦးမည်။

အဖေအိမ်ထောင်ရေးကိစ္စကတော့ အဖေ့ဘာသာပဲ ဆုံးဖြတ်ပါစေ တော့။ အရာရာဟာ ကံတရားအတိုင်းပဲမို့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ရိုက်ကွင်းမှာ သရုပ်ဆောင်နေသော သားကိုကြည့်ကာ ဦးသောင်းစိန် ကျေနပ်အားရ ပီတိတွေဖြစ်နေမိသည်။ သားက ဒါရိုက်တာခိုင်းသမျှ အကုန်လုပ်နိုင်၏။ ငိုတာလွှမ်းတာ မျက်ရည်တုမသုံး။

ရီဟားဖယ် နှစ်ခါထပ်ပြန်မလုပ်ရ။ ဒိုင်ယာလော့ လုံးဝမမေ့။

ဒါရိုက်တာကြီးလည်း သဘောတွေကျနေသည်။ တွဲဖက်သရုပ်ဆောင်ရသည့် မင်းသမီးကလည်း မဆိုးပါဘူးဟု ထောက်ခံ၏။

"ဦးလေး လှိုင်ဘွား အရမ်းတော်တယ်နော်"

"အေး သမီးရဲ့၊ ဦးလေးသား အဲဒီလောက်ထိ တော်မယ်လို့တောင် ထင်မထားဘူး။ သားတကယ်လုပ်နိုင်တာပဲ၊ ဒီအတိုင်းဆို သားအောင်မြင်မှာ သမီး၊ တန်းဝင်မင်းသား ဖြစ်ကိုဖြစ်မှာ"

"ဟုတ်တယ်နော် ဦးလေး၊ လှိုင်ဘွားတကယ်ဖြစ်နိုင်တယ်"

သီရိလည်း အသည်းတယားယား ရင်တခုန်ခုန်ဖြင့် ဝမ်းသာနေ





သည်။ လှိုင်ဘွားဇာတ်ကားရိုက်ပြီဆိုကတည်းက သီရိလည်း အလုပ်ကခွင့်ယူပြီး ရိုက်ကွင်းပေါ်လိုက်ကာ လှိုင်ဘွားလိုအပ်သမျှ ဖြည့်ဆည်းလုပ်ကိုင်ပေးနေခဲ့တာပါ။ ဦးသောင်းစိန်က အခန်းစဉ်တွေအတွက် စီစဉ်ပေးသည်ဆိုသော်လည်း အဝတ်အစားအတွက်က သီရိကိုယ်တိုင် စီစဉ်ပေးရသည်။ တစ်နိုက်ကို လှိုင်ဘွားနှင့်နှစ်ယောက်သွားဝယ်ကြပြီး ဒီအခန်းမှာ ဒါဝတ်၊ ဟိုအခန်းမှာ ဟိုဟာဝတ်၊ အခန်းဆက်တွေအတွက် အဝတ်အစားဆက်ဖို့လည်း သတိထားရ၏။ နာရီ မျက်မှန်ကအစ မကျန်စေရ။

"ဆင်းနိုသုံးဆယ်ပြောင်းမယ်၊ အဆင်သင့်လုပ်ထားပါ"

တစ်ခန်းပြီးသွားတော့ လှိုင်ဘွား အဝတ်အစားလဲဖို့ထွက်လာ၏။

"သား အဆင်ပြေလား အဖေ"

"အဆင်ပြေတယ် အရမ်းကို အဆင်ပြေတယ် သား၊ အဖေတောင် စသရုပ်ဆောင်တော့ အဲဒီလိုတွေ မလုပ်နိုင်လို့ ဇာတ်ပို့ဇာတ်ရံနေရာပဲ ရခဲ့တာ၊ သားကတော့ မင်းသားဖြစ်မှာဖြစ်ပြီးသား"

"ဟုတ်တယ် လှိုင်ဘွားရဲ့ နင်အရမ်းတော်တာပဲ၊ နင့်ကို အဲဒီလို လုပ်တတ်လိမ့်မယ်တောင် ထင်မထားဘူး။ အရင်က နင့်မှာ အဲဒီပညာတွေ ရှိတာ လျှို့ထားတယ်ပေါ့လေ"

"မဟုတ်ပါဘူးဟာ၊ အဖေ့သွေးလည်းပါလာလို့ပါ၊ အရင်ကတည်းက ရုပ်ရှင်ဗီဒီယိုကြည့်ပြီဆိုရင်လည်း သူတို့ ဒီလိုလုပ်တာ ငါဆို ဘယ်လို လုပ်လိုက်မှာဆိုတဲ့စိတ်နဲ့ ကြည့်တာလေ၊ မျက်လုံးမျက်ခုံးနဲ့ နှုတ်ခမ်းမှာ အားထည့်ပြီး သရုပ်ဆောင်ရတာကို ငါ ပိုကြိုက်တယ်"

"ငါတို့ဒွေးကိုကြိုက်ခဲ့တာ အဲဒါပဲပေါ့ဟ၊ ဒွေးက ကျော်တာခန့်တာ

www.burmeseclassic.com



မဟုတ်ဘူး။ ယောက်ျားပီသတဲ့အရပ်အမောင်းလည်းရှိတာမဟုတ်ဘူး။ ဒါပေမဲ့ မျက်လုံးနဲ့နှုတ်ခမ်းကတော့တကယ် ဆွဲဆောင်မှုရှိတာနော်၊ သရုပ်ဆောင်တဲ့ နေရာမှာ အိုဗာမများဘူး။ ပရိသတ်မျက်လုံးထဲမှာ ကြည့်ချင်တဲ့ပုံစံ ထင်ခနဲ ကွက်တိပဲ၊ အခုလူတွေက အိုဗာတွေပဲတွေများနေတော့ ကြည့်ရတာ ကိုးလို့ ကန့်လန့်နဲ့"

"ငါပဲ တော်တယ်ပြောလိုက်တော့"

"အေး ဟုတ်တယ် ဟုတ်တယ်၊ နင်ပဲတော်တယ် နင့်ကိုပဲကြိုက်တယ်"

အူမြူးစွာနှင့်ရယ်သံတွေ ဆူညံသွားသည်။ သီရိက လှိုင်ဘွားအတွက် အဝတ်အစားတွေထုတ်ပေး၊ ဦးသောင်းစိန်က အခန်းစဉ်အတွက် လိုအပ်တာပြော၊ ဒိုင်ယာလော့တွေချ။

နှစ်ယောက်လုံးက လှိုင်ဘွားကိုဖြစ်စေချင်လှသည့်အတွက် အပင်ပန်းခံကာ ပေးဆပ်နေကြသည်။ ဒါရိုက်တာကြီးကလည်း လှိုင်ဘွားကို သေချာဂရုစိုက်ကာ အသေးစိတ်သင်ပြပေး၏။ သင်ပြသလို သေချာလိုက်နိုင်ကာ လုပ်နိုင်သောလှိုင်ဘွားကို ဒါရိုက်တာကြီးလည်း သဘောကျနေသည်။ တစ်ကဒ်ပြီးတိုင်း လက်မလေးထောင်ကာ အိုကေတယ်ဟု အားပေး၏။ ဦးသောင်းစိန်နှင့်သီရိလည်း လှိုင်ဘွားအတွက် လုပ်ပေးရတာ မောရပမ်းရမှန်းပင် မသိကြပါ။

ရှုတင်အဖွဲ့ကလူတွေကတော့ လှိုင်ဘွားအတွက် သီရိ လုပ်ပေးနေတာကို စိတ်ဝင်တစား ဖြစ်နေကြသည်။ မောင်နှမလား ရည်းစားလား သူငယ်ချင်းလား တီးတိုးအတင်းပြောမှုလေးတွေ ရှိကြ၏။





သူတို့ကတော့ ဘာမှကို သတိမထားမိပေ။

ညနေရှုတင်အပြန်ကျတော့လည်း လှိုင်ဘွားရဲ့ကားလေးပေါ်မှာ

"အဖေနဲ့သီရိ ဒီနေ့အရမ်းပင်ပန်းနေကြမှာပဲ၊ အဖေနဲ့သီရိကို သား အရမ်းအားနာပါတယ်"

"ဘာလို့ အားနာရမှာလဲ သားရဲ့၊ အဖေက သားကို ဒီလိုလုပ်ပေးရတာ ဂုဏ်ယူနေတာသားရဲ့၊ ပုဆိုးဘောင်းဘီပဲ ခေါက်ရခေါက်ရ မီးပူပဲတိုက်ပေးရပေးရ၊ အဖေ့သားလေး အခုလို ဖြစ်လာတာကိုပဲ အဖေကကျေနပ်နေတာ၊ သမီးရော အဲဒီလိုပဲ မဟုတ်လား သမီး"

"ဒါပေါ့ ဦးလေးရယ်၊ နင်ပဲ မင်းသားဖြစ်အောင်လုပ် လှိုင်ဘွား။ ငါတို့နောက်ကနေ နင့်အတွက်ဘာပဲလုပ်ပေးရ လုပ်ပေးရ အားလုံးလုပ်ပေးမယ်၊ နင့်ရဲ့အခိုင်းအစေလို့ပဲ သတ်မှတ်မှတ်၊ နင်အောင်မြင်မယ်ဆို ငါတို့ ကတော့ ကျေနပ်တယ်"

အဖေနှင့်သီရိရဲ့ပေးဆပ်မှုတွေအတွက် ဝမ်းသာပီတိမျက်ရည်တွေ တောင် ဝဲမိလေသည်။ ဒါပေမဲ့ အင်တာဗျူးချင်သည့် ဂျာနယ်လစ်တွေ ရောက်လာလျှင် ဒါရိုက်တာကြီးက သီရိကို ခပ်ဝေးဝေးမှာ သွားနေခိုင်းတာ တော့ စိတ်မကောင်းဖြစ်မိသည်။ သီရိကတော့ စိတ်မဆိုးပါ။

ဝေးဝေးမှာနေဆိုလည်း နေလိုက်တာပါပဲ။ ပြီးလျှင် သူ့အတွက် ချာချာသလဲ လုပ်ပေးတတ်သည်။ မျက်နှာချေဖွေးအောင် မိတ်ကပ်နှုတ်ခမ်းနီ အစည်း သီရိပဲ လုပ်ပေးရတာ။

ကိုယ်က မိတ်ကပ်ဆရာ ဒီဖိုင်နာငှားနိုင်သည့်အခြေအနေမှ မဟုတ် တာ။

www.burmeseclassic.com



"သီရိ ဒါဆို နင်အလုပ်က ထွက်ပြီး ငါ့အတွက် ဒီဇိုင်နာလုပ် ပေးပါလား။ ငါ လစာကောင်းကောင်းပေးမှာပေါ့ဟ"

"နင်ပဲ အရမ်းအောင်မြင်အောင်လုပ်ပါဦးဟယ်၊ ငါ့ရဲ့အစိုးရအလုပ် က ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ရတာ မဟုတ်ဘူး။ အခုတော နှစ်ပတ်လည်ခွင့်ယူပြီး နင့်ကိုလိုက်လုပ်ပေးနေတာ"

"အေးပါဟာ ကျေးဇူးတင်ပါတယ်၊ နင်ရော အဖေရော အခု လိုက်လုပ်ပေးလို့ အဆင်ပြေသွားတာ၊ နောက်ကားတွေ ရိုက်ရင် နင်လိုက်လု ပေးလို့ မရတော့ဘူးပေါ့"

"နားလည်မှုခွင့်တို့ ကျန်းမာရေးခွင့်တို့တော့ တင်လို့ရပါတယ် ငါ အခြေအနေကြည့်ပြီး လုပ်ပေးမှာပေါ့ဟယ်၊ နင်တကယ်အောင်မြင်သွာ ပြီဆိုရင်တော့ အလုပ်ထွက်ချင်လည်း ထွက်လိုက်မှာပေါ့၊ နင့်လစာတေ ကောင်းကောင်းပေးရမယ်နော်"

"သမီးရယ် မင်းသားဖြစ်လို့ကတော့ လက်ဖျားငွေသီးပြီလေ၊ အဖေက သား မင်းသားရဲ့ငွေကို သိမ်းလို့တောင် နိုင်မှာမဟုတ်ဘူး။ သာ ဒီဇိုင်နာသာလုပ်ပေး၊ ဦးလေး သမီးကို ငွေအပုံလိုက်ပေးမယ်မှတ်"

"အိုကေ အိုကေ ဦးလေး"

ကားပေါ်မှာ ရယ်သံလေးတွေ ဝေစည်သွားပြန်၏။ တကယ် ပျော်စရာအချိန်လေးတွေပါ။ ဒီထက်အောင်မြင်သွားလျှင် ဒီထက်ပိုပြီး ပျော် စရာကောင်းမှာ။ ထိုအချိန်လေးတွေ အမြန်ဆုံးရောက်လာခဲ့လျှင်တော့

■ ■ ■



## အခန်း (၁၅)

"သန္တာ ရောက်လာသေးတယ် သမီး၊ သူမှားပါတယ် နောက် လုပ်တော့ပါဘူးဆိုပြီး တောင်းပန်တယ်"

"အဖေက ဘာပြန်ပြောလိုက်လဲ"

"အဖေက အိမ်ပေါ်အတက်မခံဘူး၊ ရပ်ကွက်ရုံးမှာ ကွာရှင်းဖို့အ မှာ စာတင်ထားတယ်၊ ရပ်ကွက်ရုံးမှာပဲ စကားပြောမယ်လို့ပဲ ပြောခဲ့တာ၊ ဒါ သူက ငိုယိုပြီးတောင်းပန်တယ်၊ နောက်မဖြစ်စေရပါဘူးတဲ့၊ သူ့ညီမလေး ကောင်လေးကိုလည်း နောက်အဲဒီလို မတောင်းဖို့ပြောခဲ့ပါတယ်ဆိုပြီး ခြေ ထောက်ပြီးကို ပြောတာ"

"အဲဒီလိုဆိုလည်းဖြစ်ပြီးတာတွေ ခွင့်လွှတ်ပြီး သူ့ကိုခဏတော့ စောင့်ကြည့်ပါဦးလား အဖေ"

အဖေ တွေတွေဝေဝေလေး ဖြစ်ပြီး ငြိမ်ကျသွား၏။ သန္တာ



www.burmeseclassic.com

www.burmeseclassic.com



မည်ထင်လို့ ဖနီးမယားအဖြစ် ပေါင်းသင်းနေသည့်မိန်းမပဲ။ တကယ် လင်က ရှာကျွေးနေတာ။ အေးအေးဆေးဆေး အိမ်ထောင်တစ်ခုကို ထိန်းသိမ်း ထားသင့်သည်။ မိန်းမသားဘဝဆိုတာ အားကိုးအားထားရှိမှ ဖြစ်မှာမဟုတ် ပါလား။

အဖေ့ဆီက သက်ပြင်းချသံတွေ ထွက်လာလျက်

"သမီးအမေနဲ့နေခဲ့စဉ်တုန်းက အဖေ စိတ်ချမ်းသာခဲ့ရတယ် သမီး အလုပ်ကပြန်လာရင် စားဖို့သောက်ဖို့က အဆင်သင့်၊ ကလေးနှစ်ယောက် ကို ထိန်းသိမ်းစောင့်ရှောက်ရင်း လင့်အပေါ်ဝတ္တရားလည်းမပျက်ကွက်ခဲ့ စားဖို့သောက်ဖို့ ပြင်ဆင်ပေးတာတစ်မျိုး၊ ညနေပိုင်း အဖေနည်းနည်း သောက်တတ်တာကိုလည်း အပြင်ထွက်သောက်တတ်တဲ့ယောကျ်ားမဟုတ် ဘူး။ မူးပြီးရမ်းတတ်တဲ့ယောကျ်ားမဟုတ်ဘူးလို့ နားလည်မှုပေးပြီး အမြည်း ဖွယ်ဖွယ်ရာရာလေး လုပ်ပေးရှာတယ်၊ ကလေးတွေချော့မြူရင်း စကား မများဘဲ လင်ပြောသမျှ ခေါင်းညိတ်နားထောင်ပေးတယ်၊ ဒါတော့ သင့် တယ်၊ ဒါတော့မဖြစ်သင့်ဘူးလို့ ဖျောင်းဖျနားချတတ်လို့ အဖေ တ အမှားလည်းမလုပ်ဖူးဘူး။ ဒါကြောင့်လည်း တပည့်တပန်းလေးတွေ ကန်တော့ခံထိုက်တဲ့နေရာမှာ နေနေရတာပေါ့ သမီးရယ်"

မိန်းမချင်းယှဉ်တော့ အမေ့ရဲ့ကောင်းကွက်လေးတွေကိုအဖေ လာဟန်တူသည်။ အမေက တကယ်ကို ဖနီးဝတ္တရား မိခင်ဝတ္တရား ခဲ့သည့်သူပါ။

"သမီးလည်း မိထွေးရဲ့မကြင်နာမှုတွေကို ကြုံတွေ့ခံစား အမေ့ကို ပိုပြီး သတိရမိပါတယ် အဖေ၊ ဒါပေမဲ့ အမေ့ကိုပြန်မျှော်လင့်





ည်း မရတော့ဘူးမဟုတ်လား၊ မိထွေးကို မိသားစုအပေါ်ချစ်ခင်နွေးထွေး အောင်ပဲ ဆုတောင်းရုံရှိတော့တာ မဟုတ်လား အဖေ"

"အဖေကတော့ သူမျက်ရည်ခံထိုးတာကို မယုံချင်ဘူး၊ သမီး၊ အခု သူတို့မိသားစု အမွေဆိုင်အိမ်ကလည်း မောင်နဲ့ညီမက သူမသိအောင် သဘောတူပေါင်ထားကြတယ်တဲ့၊ လစဉ်အတိုးမပေးနိုင်တော့မှ သူ သိရတာ၊ ဒီအတိုင်း အတိုးမပေးဘဲနေရင်လည်း အိမ်ကဆုံးရှုံးရတော့မယ်၊ ကြောင့် သူက အဖေ့ကိုပြန်ကပ်တာ၊ အဖေ ပင်စင်ရရင် ပြန်ရွေးမယ် အိမ်ရောင်းပြီး ပြန်ဆပ်မယ်ပြောတာ"

"ဟင် အဲဒါကျတော့ ဖြစ်ပါ့မလား အဖေ၊ ရပြီးမှ ပြန်မဆပ်တော့ ဘယ်လိုလုပ်မလဲ"

BURMESE CLASSIC

"အဲဒါ အဖေစဉ်းစားတာပေါ့ သမီးရယ်၊ အဖေ ဒီငွေရတယ်ဆိုတာ တော်ကို အနှစ်လေးဆယ်နီးပါး အလုပ်အကျွေးပြု ပေးဆပ်ခဲ့လို့လေ၊ ငြင်လုပ်ငန်းကို ကြိုးကြိုးစားစားလုပ်ရင်တောင် ဟိုအရင်ကတည်းက ချမ်း နေပြီ၊ အခု အစိုးရဝန်ထမ်းလုပ်ပြီး ချို့ချို့တဲ့တဲ့နေထိုင်စားသောက်ခဲ့လို့ ထောက်ပံ့ကြေးတွေ စုကြေးတွေဆိုတာ ပင်စင်နားတဲ့အချိန်မှရပြီးရတာ၊ တ်နေသွားရမယ့်သက်တမ်းမှာ ရတဲ့လစာက ထမင်းတောင်နပ်မှန်အောင် ရှိရမှာမဟုတ်ဘူး သမီး၊ အခုခေတ် ကုန်ဈေးနှုန်းနဲ့ ပင်စင်နားပြီဆိုတာနဲ့ ပြုတ်သောက်ရဖို့ပဲ ရှိတယ်၊ သမီးကိုတောင် အစိုးရဝန်ထမ်း အလုပ်သွင်း တာ မှားပြီလားမသိပါဘူး"

"အစိုးရဝန်ထမ်းဆိုတော့ ဂုဏ်သိက္ခာတော့ ရှိတာပေါ့ အဖေရယ်၊ လုပ်လက်မဲ့စာရင်း ရပ်တည်မှုတစ်ခုရှိနေတာ ကောင်းတာပေါ့၊ အပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာဆိုလည်း သူများရဲ့အစေခံဝန်ထမ်းဖြစ်မှာပဲ၊ လစာက အစိုးရဝန်ထမ်းထက် များချင်များနိုင် ရာထူးတိုးချင်တိုးနိုင်ပေမယ့် ဖိအားတွေက အစိုးရဝန်ထမ်းထက် ပိုနိုင်တယ်၊ သမီးကတော့ အစိုးရဝန်ထမ်းဘဝနဲ့ နေရတာပိုပြီး စိတ်ချမ်းသာပါတယ် အဖေ''

''အေးလေ သမီးကျေနပ်တယ်ဆိုရင် အဖေ စိတ်ချမ်းသာပါသေးတယ်၊ ဒါနဲ့ သမီးခွင့်ယူထားတာ အိမ်မှာတစ်ရက်မှမနေဘူးနော်''

''ဟုတ်ကဲ့ အဖေ၊ လှိုင်ဘွားက ကားစရိုက်နေတော့ သူ့ကိုနည်းနည်းပါးပါး ကူညီနေလို့ပါ၊ ဟို သမီးထမင်းဟင်းချက်လိုက်ဦးမယ် အဖေ ထမင်းဟင်းချက်ပြီးတာနဲ့ အဖေအရက်သောက်ပြီးတာ အံကိုက်လောက်ဖြစ်မှာပါ''

''အေးအေးဆေးဆေး ချက်ပါ သမီး၊ ထမင်းက ပေါင်းအိုးနဲ့တည်ပြီး ဟင်းလေးတစ်ခွက်လောက်ချက်မှာပဲ၊ သမီးလည်း ပင်ပန်းလာမှာ တွေးတွေးလုပ်မနေနဲ့၊ အေးလေ သန္တာရှိရင်တော့ ဟင်းမကောင်းလည်း အားက အဆင်သင့်ဖြစ်နေပြီးသားပါ၊ ပြောသာပြောရတာ အိမ်တစ်အိမ်မှာ အိမ်ထောင်ရှင်မတစ်ယောက်ကတော့ လိုအပ်တာပါပဲ၊ အလုပ်သွားချိန် ထမင်းချိုင့်ခူးပြီးသား၊ အဝတ်အစားဆို လျှော်ဖွတ်မီးပူတိုက်ပြီးသားဖြစ်နေဖို့ အလုပ်လည်း လွယ်တာတော့ မဟုတ်ပါဘူး၊ သန္တာသာသိတတ်နားလည်တဲ့သူဖြစ်ရင် ကောင်းမှာပဲကွယ်''

အဖေ့ရဲ့တောင့်တမှုက သူမ အပြည့်အဝ မဖြည့်ဆည်းနိုင်သောကြောင့်လည်း ဖြစ်နိုင်သည်။ သူမက လှိုင်ဘွားအတွက်ပဲ အရာအားလုံး ဖြည့်ဆည်းပေးနေသည့်သူဖြစ်နေခဲ့သည် မဟုတ်လား။





အခုဆို လှိုင်ဘွားအတွက် ရှုတင်ကနေ ပြန်ရောက်တာနှင့် အဝတ်အစားတွေလည်း လျှော်ပေးခဲ့သည်။ အရင်နေ့တွေက လျှော်လှန်းထားသော အဝတ်အစားတွေကို မီးပူတိုက်ပေးခဲ့၏။ နောက်နေ့ဝတ်မည့် အဝတ်အစားတွေကိုလည်း စီစဉ်ပေးထားခဲ့သည်။

ရှုတင်မသွားမီဝတ်ဖို့နှင့် စားဖို့သောက်ဖို့ပါ စီစဉ်ပေးထားခဲ့၏။ အဖေ့အတွက်တော့ အိမ်ရောက်မှ ဘာလုပ်ပေးရမလဲ စဉ်းစားနေတုန်းပဲဖြစ်၏။ လှိုင်ဘွားအတွက် အပြည့်အဝတာဝန်ယူပေးနိုင်ဖို့ဆိုလျှင် မိတွေးရှိနေမှဖြစ်မည်ဆိုတာ သေချာသည်။

''ဒေါ်လေးသန္တာနဲ့ကိစ္စကို ယတိပြတ်မဆုံးဖြတ်ဘဲ စဉ်းတော့စဉ်းစားပါဦး အဖေ၊ သမီးက အလုပ်တစ်ဖက်နဲ့ဆိုတော့ အဖေ့အတွက် အားလုံးအဆင်ပြေအောင် လုပ်မပေးနိုင်တော့ အားနာတယ်''

''အေး အဲဒါကြောင့် မိန်းမဆိုတာ မရှိမကောင်း ရှိမကောင်းလို့ပြောကြတာပဲ၊ ဒီမိသားစုအပေါ်မှာ နားလည်မှုပေးပြီး အေးအေးချမ်းချမ်းနေရင် ဘယ်လောက်ကောင်းမလဲ၊ သူ့မောင်တွေညီမတွေလည်း မထောက်ပံ့နဲ့လို့ အဖေမပြောပါဘူး၊ အိမ်ထောင်ကွဲတွေဖြစ်နေပြီပဲ၊ ထိုက်သင့်သလောက်ပေါ့၊ သူဆိုတာမှိုခိုလို့ရရင် မှိုခိုချင်ကြတာ မေတ္တာပဲ၊ ကိုယ့်အားကိုယ်ကိုးမှဖြစ်မယ်ဆိုတဲ့စိတ်ဝင်လာအောင် လွှတ်ထားလိုက်ရမှာ၊ အခု သားကို အဖေတို့ နောက်ထပ်ဘာမှလုပ်မပေးနိုင်ဘူးပြောလိုက်တော့ သူ့မိသားစုကို ကြိုးကြိုးစားစားလုပ်ကိုင်ကျွေးပြီး ဘာမှလာမတောင်းတော့ဘူးမဟုတ်လား''

''ဒေါ်လေးကိုအဲဒါ နားလည်အောင်ပြောကြည့်ပေါ့ အဖေ၊ ဒီတစ်ခါဆို လုံးဝခွင့်မလွှတ်ဘူးဆိုပြီး ခြိမ်းခြောက်ထားပါ၊ ပြင်းပြင်းထန်ထန် သတိပေး

www.burmeseclassic.com



ထားရင် သူလည်း လုပ်ရဲမှာမဟုတ်ပါဘူး"

"အေးလေ အဲဒီစကားကိုလည်း ရပ်ကွက်ရုံးမှာပဲ အတိအလင်း ပြောထားရမယ်၊ နောက်တစ်ခါဖြစ်လို့ ကွာမယ်ရှင်းမယ်ဆိုရင် ကိုယ့်ဘက်က အလွန်အပြစ်မဟုတ်တော့ဘူးပေါ့"

"ဟုတ်ကဲ့ပါ အမေ၊ ဒီတစ်ခါတော့ အမေက အလျှော့ပေးလိုက် လျှောကြည့်လိုက်ပါ၊ မရဘူးဆိုတော့မှ တစ်မျိုးလုပ်ကြတာပေါ့ အမေ"

"အေးပါ အမေ့အတွက်နဲ့ သမီး စိတ်မချမ်းမသာမဖြစ်ပါနဲ့၊ အမေက မနက်ဆို အမေတို့အလုပ်သွားဖို့အတွက် သမီးထမင်းထချက်ရတယ်၊ ညနေ ကျတော့လည်း ပြန်လာတော့ မနားနိုင်ဘဲ ချက်ရတယ်၊ အမေ့အဝတ်အစား တွေ လျှော်ရမီးပူတိုက်ရနဲ့မို့ သမီးပင်ပန်းတာကိုတွေးပြီး စဉ်းစားကြည့်ရှော မဟုတ်လို့ကတော့ အမေ ရှင်းရှင်းပြတ်ပြတ်ပဲနေချင်တော့တာ သမီး၊ အိမ် ထောင်မှုထိန်းသိမ်းနိုင်ရင်တော့ ဘာပဲပြန်လုပ်ပေးရလုပ်ပေးရပါ၊ သမီးကျတော့ လည်း အလုပ်ကတစ်ဖက်နဲ့ အိမ်အကူငှားဖို့ကျတော့လည်း"

အမေ အများကြီးစဉ်းစားနေတာ။ အိမ်အတွက် စိတ်ပူသလို ခေါ် သန္တာကိုကြောက်နေတာကြောင့်လည်း ဖြစ်မည်၊ သူမကတော့ ဒီထက်လည်း ပိုပြီး မတိုက်တွန်းချင်တော့ပါ။

နောက်တစ်ခါ ဒေါ်သန္တာလာလျှင် လက်ခံသင့် လက်မခံသင့် အမေ့ဘာသာ စဉ်းစားပေလိမ့်မည်။ သူမမှာလည်း လှိုင်ဘွားကိစ္စလေးရှေ့ ရှိနေသည်မို့။

■ ■ ■



## အခန်း (၂၀)

အချိန်ရက်နာရီတွေက ဒီအတိုင်း ရပ်တန့်မနေသော်လည်း လှိုင် ဘွားအတွက်ကတော့ တစ်ကားရိုက်ပြီးတည်းက ဘာမှထူးခြားမလာဘဲ ရပ်တန့်နေသည်ဟု ပြောရတော့မည်။ ဒါရိုက်တာကြီးက ကားဆက်တည်း ဖြတ်ပြီး ပို့ပြီးထားသော်လည်း တစ်ကားတည်းနှင့် ကားဖြန့်ဖို့ဆိုတာ မဖြစ်နိုင်။

ဒီအတိုင်းကြီးရပ်ထားတော့လည်း သူ ဘာဆက်လုပ်ရတော့မလဲ။

"သား"

"ဗျာ. အမေ"

"သား ဘာတွေစဉ်းစားနေတယ်ဆိုတာ အမေသိတယ်၊ ဒီနေ့ ဒါရိုက်တာကြီး အိမ်လာမယ်လို့ပြောထားတာပဲ၊ တစ်ခုခု သတင်းထူးတော့ ပါလာမှာပေါ့သားရဲ့"

"သား စိတ်ဓာတ်တောင်ကျမိတယ် အမေ၊ အခု တစ်ကားရိုက် ပြီးတာ လေးငါးလကျော်နေပြီ၊ နောက်ထပ်လည်း ထပ်မရိုက်ဘူး။ တစ်ကား



www.burmeseclassic.com

www.burmeseclassic.com



တည်းနဲ့ ဖြစ်နိုင်လို့မရတော့လည်း ပရိသတ်က လက်ခံမခံဆိုတာလည်း မ ရဘူး။ ဒီအတိုင်းအချိန်တွေကုန်သွားတော့မှာလား''

''စိတ်တော့ ရှည်ရမှာပေါ့ သားရယ်၊ သူတို့လည်း ဟိုဘက်မှာ ရှာရတာ အဆင်မပြေလို့လို့ ပြောထားတယ်မဟုတ်လား၊ မင်းသားဖြစ် သီချင်းဆန်းပေါ်ဆိုတာထက် ခေတ်ပျက်ခါမှ မင်းသားဖြစ်ဖို့ကြိုးစားတာ တော့ ဒီလောက်တော့ ရှိမှာပေါ့ သားရယ်၊ ကိုယ်တိုင်လည်း ငွေထုတ်မ နိုင်တော့ ကိုယ်ဖြစ်ချင်သလို ဘယ်လိုလုပ်ဖြစ်မှာလဲ''

''ကားမရိုက်ရတာ ထားပါဦး အဖေ၊ သားတို့မှာရှိနေတဲ့ ငွေလေး ကုန်တော့မယ်၊ ဘာဝင်ငွေမှမရှိဘဲ ဒီအတိုင်းထိုင်စားနေရင်းက ငွေပြတ်သွား ရင် သားတို့ဘာလုပ်စားကြမှာလဲ၊ နှစ်ကုန်ရင် သားတို့အိမ်လစာလည်း ပြန်ချုပ်ရဦးမယ်''

''အဖေလည်း စဉ်းစားနေတာပါ သား၊ အခုနောက်ပိုင်း အ အလုပ်ကလည်း သိပ်မကောင်းလို့ပါ၊ အရင်လို အလုပ်ကလေးလုပ်နေ ငွေရေးကြေးရေးက သုံးဖို့ဆွဲဖို့တော့ ရနေဦးမယ်''

''အဲဒါ ဟိုမိန်းမ မေ့မျှုးမာန်ကြောင့်ပေါ့၊ အဖေ့အလုပ်တွေ အ ကို နှစ်နာသွားတာ၊ သူများစားနေတဲ့ ထမင်းလုပ်ကို ပုတ်ချလိုက် အတူတူပဲ''

အမှန်တကယ်လည်း ထိုအတိုင်းဖြစ်နေတာမို့ စကားအတွ တစ်ခါထောက်ခံသလို ခေါင်းပါညိတ်မိသည်။

''အဲဒီလို ဖြစ်သွားတာတော့ အမှန်ပဲ သား၊ အဖေ့အလုပ် အားလုံးနှောင့်နှေးကုန်တယ်၊ နောက်ထပ်အလုပ်မအပ်တာထက် အ





လက်ခံထားပြီးသားအလုပ်တွေပါ ပျက်ကုန်တာက တော်တော်ဆိုးတယ်၊ ကိုယ်နဲ့တွဲလုပ်တဲ့ ဒါရိုက်တာတွေကလည်း မင်းသမီးအရှိန်အဝါကို ကြောက် တာနဲ့ ဆွဲမခေါ်ရဲဘူး၊ အခုက သူ့တိုက်က နာမည်ရလာတော့ ကားရိုက် များလာတယ်၊ သူက ကိုယ်တိုင်မင်းသမီးလုပ်တာဆိုတော့ မင်းသမီးကြေး ပိုက်ဆံမကုန်တော့ တခြားအက်တာကောင်းကောင်း ငှားနိုင်တယ်၊ ဇာတ်ကား တစ်ကား ဇာတ်ပို့ကောင်းမှ ကြွတာလေ၊ အဲဒီအတွက် သူက တစ်ပန်းသာ သွားတယ်၊ သူ့တိုက်ကကားတွေ အောင်မြင်နေတယ်ပေါ့ သား''

''ဘာဖြစ်ဖြစ် အဖေရာ၊ အဖေ့ကို အဲဒီလိုဖြစ်အောင်လုပ်တာတော့ သား မကျေနပ်ဘူး၊ သူ့အလှည့်ကိုယ့်အလှည့်ဆိုတာတော့ ရှိမှာပဲ၊ သား အခုပိုပြီးအောင်မြင်ချင်လာတယ် အဖေ၊ အောင်မြင်တဲ့အခါကျရင် သူနဲ့သား ထိပ်တိုက်တွေ့ရဦးမှာပါ ဒါပေမဲ့''

သား အားငယ်သည့်ပုံစံဖြစ်သွားတာကို ဦးသာအောင် စိတ်မ ကောင်းဖြစ်သွားမိလေသည်။ ငွေကြေးသာတတ်နိုင်လျှင်တော့ သားကိုပံ့အော နိုသာ ပံ့ပိုးပေးလိုက်ချင်ပါသည်။ အခုတော့ မပြည့်စုံသည့် အခြေအနေမှာ အောင်မြင်မှုဆိုတာကို မမျှော်မှန်းနိုင်ဖြစ်နေရသည်။

''ဟို အဖေ တက္ကစီမောင်းဖို့တောင် ပြောထားမိသေးတယ် သား အဖေ့မိတ်ဆွေက ကားရတာနဲ့အကြောင်းကြားလိုက်မယ်တဲ့''

''ဗျာ အ အဖေက တက္ကစီမောင်းမလို့၊ အာ မဟုတ်တာ အဖေ ရာ၊ အဖေက ပရိသတ်သိပြီးသား အနုပညာရှင်တစ်ယောက်ပါ၊ အဆင်မပြေ တာနဲ့ပဲ တက္ကစီမောင်းရမှာလား မလုပ်ပါနဲ့''

''တချို့အဆင်မပြေတဲ့ အနုပညာရှင်တွေလည်း ကြံသလို လုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



စားနေရတာတွေ ရှိတာပဲကွာ၊ တက္ကစီမောင်းတဲ့သူ ဆိုက်ကားနင်းတဲ့သူ ကွမ်းယာရောင်း ထမင်းရောင်းအမျိုးမျိုး ဝမ်းစာအတွက် ရှာဖွေရုန်းကန်နေကြရတာပါပဲ၊ အဖေ့တုန်းက သားက အလုပ်လုပ်ပြီး ပံ့ပိုးဖြည့်ဆည်းပေးခဲ့တယ်၊ အခု သားကို အဖေဖြည့်ဆည်းပေးပါရစေ သားရယ်နော်၊ အဖေနိုင်တဲ့ဝန် ထမ်းရွက်ပါပဲနော် သား''

''မဟုတ်ဘူး မဟုတ်သေးဘူး အဖေရာ၊ အဖေ အဲဒီလိုအလုပ်ထွက်လုပ်မယ်ဆိုရင် သား ဒီအလုပ်မလုပ်တော့ဘူး၊ အဖေပင်ပန်းမှာစိုးလို့ အဖေဆန္ဒရှိလို့ သား ဒီအလုပ်ကိုလုပ်ဖို့ ဆုံးဖြတ်လိုက်တာ၊ အဖေ အဲဒီလို အပင်ပန်းခံရမယ်ဆိုရင် သားအရင်အလုပ်ပဲလုပ်ပြီး အဖေ့ကိုရှာကျွေးတော့မယ်''

''ဩသား''

သားက အဖေ ပင်ပန်းမှာစိုးရိမ်နေသည်။ ဒီလိုမလုပ်ရင် ဝင်ငွေမရှိဘဲ ဘယ်လိုရပ်တည်ကြမလဲ။ သားလေး ဒီလောက်လေးနှင့် ဘာမှမဖြစ်ဘဲ ရပ်တန့်သွားမှာကို စိုးရိမ်မိသည်။ တကယ်ကို အကျပ်အတည်းကြီးပါ။

''သား ဘဲလ်တီးတယ်၊ ဆရာလာပြီထင်တယ် တံခါးဖွင့်လိုက်ပါဦး''

''ဟုတ်ကဲ့ အဖေ''

တံခါးအမြန်သွားဖွင့်လိုက်ပြီး ဆရာ့လက်ထဲက ပါဆယ်အိတ်တွေ အထုပ်တွေကို ကူဆွဲပေးလိုက်၏။

''ဘာတွေဝယ်လာပြန်ပြီလဲ ဆရာရယ်၊ အားနာစရာ''

''မင်းအဖေအတွက်ရော မင်းတို့အိမ်အတွက်ရောပေါ့ကွာ၊ အသား





တွေပါတယ်၊ ရေခဲသေတ္တာထဲထည့်ထား၊ နောက်နေ့တွေကျ ချက်စားလို့ရတာပေါ့''

''အားနာရအောင် ဆရာရယ်၊ ဆရာ့ဆီက အဲဒီလိုတွေလည်း ယူခံပြီး အကူအညီတွေလည်း တောင်းနေရတာ ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်းမသိတော့ပါဘူး''

''ခင်ဗျားနဲ့ကျုပ်ကြားမှာ အဲဒီလိုစကားတွေ မပြောနဲ့ ကိုသာအောင်၊ ခင်ဗျားလည်း ဘာမှမမျှော်လင့်တတ်တဲ့ကောင်၊ ကျွန်တော်လည်း ကိုယ်ကူညီနိုင်သလောက် ကူညီချင်ကူညီမယ်၊ ဘာမှပြန်မျှော်လင့်တတ်တဲ့ကောင်မဟုတ်ဘူး ကဲ ဒီနေ့စကားပြောလာရတာ နည်းနည်း စိတ်ရောလူရောပင်ပန်းလာလို့ သိုင်ဘွား အရက်ပွဲအရင်ပြင်ကွာ''

''ဟုတ်ကဲ့ ဆရာ''

ကပျာကယာ အရက်ပွဲပြင် အမြည်းတွေချပေးလိုက်သည်။ တဘယ်ပင်ပန်းလာလို့ထင်သည်။ ဆရာ့မျက်နှာ ရွှင်ရွှင်ပျပျ မဟုတ်ပါ။

''ဆရာ ပင်ပန်းလာရင် ကျွန်တော် နှိပ်ပေးရမလား၊ ဖက်ကြောတွေချေးပေးရမလား ဆရာ''

''မလိုပါဘူးကွာ ငါတို့က တစ်ခွက်လောက်ဝင်သွားရင် သူ့ဘာသာအဆင်ပြေသွားမှာပါ၊ သောက် ကိုသာအောင် အမြည်းလည်းစား''

''ပြောလို့သာပြောရတာပါ ဆရာဝယ်လာမှပဲ အရက်အကောင်းစားလေးသောက် အမြည်းကောင်းတာလေးစားပြီး လူလူသူသူဖြစ်တော့တယ်၊ ကျွန်တော်နဲ့သား လက်ကျန်ငွေအဆင်မပြေတော့လို့ ချွေတာနေရပြီ ဆရာ ရေ ကျွန်တော် တက္ကစီမောင်းပြီး ငွေရှာထွက်မယ်ဆိုတာလည်း သားက



www.burmeseclassic.com

www.burmeseclassic.com



လက်မခံဘူး''

''ကျွန်တော် သိတယ်၊ ကိုသာအောင်တို့သားဖအဆင်မပြေနိုင်တော့ဘူးဆိုတာ၊ အဲဒါကြောင့်လည်း လှိုင်ဘွားအတွက် အဆင်ပြေနိုင်မယ့်တိုက်တွေကို စုံစမ်းပြီး စကားတွေပြောလာတာ''

''ဗျာ အဆင်ရောပြေလို့လား ဆရာ''

ဆရာ့ မျက်နှာက မသာမယာဖြစ်နေတာမို့ မေးရတာလည်း အင်အားမရှိပေ။ ဆရာက ခေါင်းကိုအသာရမ်း၍ အရက်ခွက်ကို ကောက်မော့၏။ ခဏနေမှ လှိုင်ဘွားမျက်နှာကိုကြည့်ပြီး

''တိုက်တွေ့က မင်းဖြစ်မယ်ဆိုတာ သိတော့သိတယ်ကွ၊ ဒီကောင်လေးဖြစ်နိုင်လောက်တယ်ပေါ့၊ ဒါပေမဲ့ ငွေကြေးရင်းနှီးမြှုပ်နှံ အရှုံးခံရဲလောက်အောင် သတ္တိမရှိကြဘူး။ ပြောရရင် အခု စာချုပ်ချုပ်ထားတဲ့တိုက်လည်း အဲဒီလိုပဲ၊ သူတို့တစ်ကားရိုက်ကြည့်လိုက်တယ်၊ အဆင်ပြေနိုင်တာကို သိတယ် ဒါပေမဲ့ ဆက်မရိုက်နိုင်ဘူး၊ ဈေးကွက်ရပြီးသား မင်းသားတွေနဲ့ ငွေပြန်ရှာနေရတယ်၊ ကားဖြန့်ပြီးတော့လည်း ပြန်ရိုက်ဖို့ ကြိုးပမ်းရ ရိုက်ရင်ရဖို့အတွက် ကြိုပြီး စာချုပ်ထားရ နယ်ကအကြွေးတွေက လည်ပတ်အောင်မရနဲ့ဆိုတော့ လှိုင်ဘွား အောင်မြင်ပြီး ဈေးကွက်ရလာမယ့်အချိန်ကို စောင့်မယ့်သဘောရှိတယ်''

''အဲဒါကျတော့ စာချုပ်ချုပ်ထားပြီး အလကားပေါ့ ဆရာ၊ သားအနည်းဆုံးတစ်ကားလောက် ရိုက်ပေးရင်ကို မဆိုးသေးဘူး။ သူတို့လက်ထဲမှာ သုံးလေးကားလောက်ရှိနေရင် ကားဖြန့်လို့ရပြီ''

''ငွေတွေအကုန်ခံရိုက်ပြီး ကားဖြန့်လည်း ဒီအချိန်ရှုံးမှာပဲ၊ ရင်းနှီး





သမျှထဲက ထက်ဝက်နီးပါး ရှုံးနေမှာဆိုတော့ အဲဒီအပေါ်မှာ အရှုံးခံရိုက်ဖို့ကို ငွေကမရှိတာလေ၊ တခြားတိုက်တွေကလည်း သူများမွေးမြူလို့ ကြီးပြင်းရင်သန်လာမှ ခိုင်းစားဖို့စောင့်နေကြတာ''

''အဲဒီလို အနစ်နာခံမယ့်တိုက်တွေ မရှိမှတော့ သားအတွက်မျှော်လင့်ချက်မဲ့ပြီပေါ့ ဆရာရယ်၊ အခုချိန်မှာ ကိုယ်ကအရှုံးခံထုတ်ရိုက်နိုင်တဲ့အင်အားရှိရင်လည်း တော်သေးတယ်၊ ဘယ်လိုလုပ်ရမလဲ ဆရာရယ်''

အဖေ အရက်တောင်မသောက်နိုင်ဘဲ ငိုသံပါကြီးနှင့်ပြောတော့ သူ စိတ်မကောင်းဖြစ်သွားရသည်။ အရင်က ဒီလောကမှာ ဒီလိုတွေမဟုတ်ပါ။ မင်းသားအသစ်တစ်လက်ကို ငွေကြေးတွေအရှုံးခံ ရင်းနှီးမြှုပ်နှံပြီး မွေးမြူကြသည်။ မြေတောင်မြှောက် ရေလောင်းပေါင်းသင်ပံ့ပိုးကြသည်။ ပြီးမှ အသီးအပွင့်အကျိုးအမြတ်ကို သူများတွေထက်ပိုပြီး စံစားကြရ၏။

အခုနောက်ပိုင်းတော့ ဒီလိုတွေမဟုတ်တော့။ မင်းသားမင်းသမီးတချို့ကလည်း အောင်မြင်လာလျှင် ခြေစုံကန်ထွက်ချင်ကြတာမို့ ဘယ်သူကမှ အနစ်နာမခံချင်ကြတော့။ ဈေးကွက်ရပြီး အောင်မြင်လာတော့မှ အလုအယက် ဟိုတိုက်ဒီတိုက်တွေက ဆယ်ကား၊ ဆယ့်နှစ်ကား စာချုပ်ချုပ်ပြီး ခေါ်ရိုက်ကြသည်။

အောင်မြင်လာပြီဆိုတော့လည်း ငွေက ကိုယ့်နောက်လိုက်လာကာ သိမ်းဆည်းလို့ပင် မနိုင်အောင်ဖြစ်ရသည်။ ဆရာလည်း အဖေ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားပုံရကာ

''စိတ်ဓာတ်တော့မကျပါနဲ့ဦး ကိုသာအောင်၊ တိုက်တစ်တိုက်နဲ့က သဘောပြောခဲ့တာရှိတယ်၊ ဒါပေမဲ့ ခင်ဗျားနဲ့လှိုင်ဘွား လက်ခံ မခံမသိလို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လုပ်ပါမယ်ဆိုတဲ့ ကတိတော့မပေးခဲ့သေးဘူး။ ပြောရရင်တော့ လှိုင်ဘွားအတွက် ဒီတိုက်တစ်တိုက်ပဲမျှော်လင့်ချက်ရှိတော့တယ်''

''ဗျာ ဘယ် ဘယ်တိုက်မလို့လဲ ဆရာ၊ သားအတွက်အခွင့်အရေး မျှော်လင့်ချက်ရှိမယ်ဆိုရင် လုပ်ရမှာပေါ့''

''မင်းသမီး မေမှူးဟန်ရဲ့ထုတ်လုပ်ရေးတိုက်ပဲ''

''ဗျာ''

''ဗျာ ဆရာ''

သားအဖနှစ်ယောက် အကြည့်ချင်းဆုံသွားလျက် မျက်လုံးတွေပ ပြူးကျယ်သွားသည်။ သူ့စိတ်ကတင်းခနဲ ဖြစ်သွားလျက် ခေါင်းကိုပါ ခါလိုက် မိသော်လည်း အဖေက မျှော်လင့်ချက်မျက်ဝန်းများ လင်းလက်နေကာ

''မင်း မင်းသမီးနဲ့က ဘာတွေပြောခဲ့လို့လဲ ဆရာ၊ မင်းသမီး ဘာလုပ်ပေးမှာလဲ၊ ဟို ပြီးတော့ သားက ကျွန်တော့်သားမှန်းရော သိသလား''

''သိတယ် သိတယ်ဆိုတာက ကျွန်တော်ပြောမှတော့ မဟုတ်ဘူး ဘယ်သူ့သား သရုပ်ဆောင်မင်းသားလုပ်နေပြီဆိုတာ အင်တာနက်ကွန်ယက် မှာရော ဂျာနယ်တွေမှာရော ပါနေတော့ သိမှာပေါ့၊ နောက်ဖြစ်နိုင်တဲ့အကြော င်းရှိတာလည်း အားလုံးသိနေကြတယ်၊ အနစ်နာခံတင်ပေးဖို့ပဲ တွန့်ဆုတ် နေကြတာ''

''မင်းသမီးက ကျွန်တော့်သားမှန်းသိရဲ့နဲ့ တင်ပေးမယ်လို့ ပြော တာလား ဆရာ''

''ဟုတ်တယ် ရိုက်ကွင်းမှာ သူနဲ့ကျွန်တော် စကားတွေအများကြီး ပြောဖြစ်တယ်၊ စာချုပ်ချုပ်ထားတဲ့တိုက်နဲ့ ပတ်သက်မှုရှိတာကိုရော





သူက အင်တာနက်မှာတွေ့ကတည်းက စိတ်ဝင်စားနေတာ၊ ရုပ်ကပြင်လိုက် တော့ မင်းသားဖြစ်နိုင်တဲ့ရုပ် ထွက်လာတယ်ပေါ့၊ သူလည်း သမ္မာရှိနေတဲ့ မင်းသမီးပဲဗျာ၊ ခန့်မှန်းမိတာပေါ့၊ အဲဒါ သူတင်ချင်တယ်တဲ့ ဆရာကူညီမလား မေးတယ်''

''လုပ် လုပ်မှာပေါ့ ဆရာ၊ တင်မယ့်သူရှိတာ ကိုယ့်အတွက် အခွင့်အရေးပဲ၊ ကျွန်တော်နဲ့ပတ်သက်ပြီး အာဃာတမရှိတာပဲ ကျေးဇူးတင် ဗျာ''

''အဖေ အဖေက ဘာမှားခဲ့လို့ ကျေးဇူးတင်နေရမှာလဲ၊ သူ့ကြောင့် အဖေ ဒီလိုလူတကာ နှာခေါင်းရှုံ့တာ ခံနေရတာ၊ သားကတော့ ဒီမိန်းမနဲ့ ဆို မလုပ်ချင်ဘူး။ အဖေ ဘာမှမဖြစ်ချင်လည်းနေ သားမလုပ်တော့ဘူး''

သူ ခါးသီးစွာပြောတော့ ဆရာက ခေါင်းခါသည်။

''ကိုယ့်အောင်မြင်မှုတက်လမ်းအတွက် ရလာမယ့်အခွင့်အရေးတွေ ကို လက်လွှတ်ခံမလို့လား။ အဲဒါဆိုရင်တော့ မင်းက ဦးနှောက်မရှိတဲ့လူမိုက်ပဲ လှိုင်ဘွား၊ အခုချိန်မှာ ဘယ်သူ့ကိုမုန်းပါတယ်လို့ အာဃာတနဲ့အငြိုးထား နေလို့မဖြစ်ဘူး။ ကိုယ့်ဘဝတက်လမ်းအောင်မြင်မှုအတွက် ဘယ်သူ့ကိုမဆို အောက်ရိုးတစ်မျှင်လို ယုံကြည်အားကိုးရမှာ၊ တစ်နည်းအားဖြင့် လှေကားထစ် လို တက်သွားနိုင်ဖို့ အသုံးချရမှာ၊ အဲဒီအာဃာတတွေက မင်းအတွက် ဘာမှဖြစ်မလာနိုင်ဘူး လှိုင်ဘွား''

''ဟုတ်တယ် သား၊ မင်းဘာမှမဖြစ်ဘဲ ဘာလုပ်လို့ရမှာလဲ ဘာလို့ မေမှူးမာန်အပေါ် သား အာဃာတရှိမယ်ဆိုရင်တောင် အောင်မြင် တဲ့အချိန်မှ လက်တုံ့ပြန်လက်စားချေလို့ ရမှာပေါ့၊ ဒီလောကကြီးကို ရင်ဆိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေ အမုန်းတွေ အာဃာတတွေကို ဘေးဖယ်ထားမှရမယ်၊ သားက အနုပညာရှင်သရုပ်ဆောင်ကောင်းဖြစ်ချင်တဲ့သူမဟုတ်လား၊ ကိုယ့်ဘဝကိုယ်တောင် စွန့်လွှတ်လိုက်မှ သားဖြစ်ချင်တာဖြစ်ခွင့်ရှိလိမ့်မယ် သား''

သူ ဆက်၍ခေါင်းခါနေမိဆဲ ဖြစ်သည်။ ဒီမိန်းမနှင့်တော့ ဘယ်လို့ကို မဖြစ်နိုင်ပါ။ အဖေ့ကိုယ်ကျင့်သိက္ခာကို စော်ကားခဲ့ပြီး သူ့ကိုပါ လူအများရှေ့မှာ အရှက်ရအောင်မောင်းထုတ်ခဲ့သည့်မိန်းမ။

''မဖြစ်ပါဘူး အဖေ၊ သားကိုအဖေ့သားမှန်းသိရဲ့နဲ့ ဒီကိစ္စလုပ်မယ်ဆိုတာ ဘယ်လိုအကြံအစည်တွေရှိနေမယ်ဆိုတာ မသိရဘူး၊ သူတော်ရဲ့မိန်းမမဟုတ်ဘူးဆိုတာ အဖေရော ဆရာရော သိပါတယ်''

''မှန်တယ် သူတော်ရဲ့မိန်းမမဟုတ်လို့ အမြော်အမြင်ကြီးတဲ့ မိန်းမနဲ့ မင်းနဲ့အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်တာပေါ့ လှိုင်ဘွား၊ သူက တခြားကိုယ်တွေမှာ တခြားမင်းသားတွေနဲ့ ရိုက်နေရတဲ့အတွက် သူ့တိုက်အတွက် မင်းသားမွေးဖို့ ဆုံးဖြတ်လိုက်တာပဲ၊ သူက တစ်ဖက်မှာငွေရှာနိုင်နေတဲ့အတွက် ဒီဘက်မှာ ငွေကြေးရင်းနှီးမြှုပ်နှံရမှာ ဝန်မလေးလို့ မင်းဒီအခွင့်အရေးကိုရတွာ၊ မင်းမလုပ်ရင် မင်းရှုံးတာပဲ လှိုင်ဘွား၊ အဲဒါကို မင်းသိလား''

''အခွင့်အရေးဆိုတာ နှစ်ခါပြန်မရနိုင်ဘူးလို့ အဖေပြောဖူးပါတယ် ရတဲ့အခွင့်အရေးကရော ကိုယ့်အတွက် ဘာဖြစ်လာလဲ၊ ဘာမှဖြစ်မလာဘူး အတွက် နောက်ထပ်အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခံလိုက်ရင် ဒီဘဝဆက်သက်စာသွားပြီ သား၊ သားအများကြီး မစဉ်းစားပါနဲ့၊ သူ့ကိုကိုယ့်ရဲ့လှေကား ထစ်လို သဘောထားပြီး နင်းတက်သွားလို့ရတာပဲ၊ အဲဒါ လက်စားချေခြင်း တစ်မျိုးလို့ အောက်မေ့လိုက်ရင်ကို ကိုယ့်အတွက် အသာချည်းပါသား၊''





''သူက သူ့အတွက်အကျိုးအမြတ်မရနိုင်ဘဲ သားကိုအဆုံးရှုံးခံ အနစ်နာခံပြီး တင်ပေးမှာမို့လား အဖေ၊ သူလည်း တခြားပရိုဂျူဆာတွေလို စိတ်မျိုးပဲ ရှိမှာပါ၊ သူ့အတွက် အကျိုးအမြတ်မကျန်ဘဲ လုပ်မှာတဲ့လား''

''ဆရာ အဲဒါကျတော့''

''လှိုင်ဘွားနဲ့တွေ့ပြီးမှ ညှိနှိုင်းလိမ့်မယ်ထင်တယ်၊ သူ့ဘက်က တောင်းဆိုမှုတွေတော့ အများကြီးရှိနိုင်တယ်၊ ဘယ်သူမှမလုပ်ရဲတဲ့အလုပ်ကို သူလုပ်တာဖြစ်တဲ့အတွက် ကိုယ့်ဘက်ကလည်း ဘာမဆိုလိုက်လျော့ပေးမှ ရသင့်တဲ့အခွင့်အရေးကို ရလိမ့်မယ်''

သူ သက်ပြင်းတွေတော့ လေးလေးပင်ပင် ချလိုက်မိသည်။ ဆုပ်ညည်းသွေး စားလည်းရှုံးအခြေအနေမှာ သူ့ဆန္ဒအတိုင်းတော့ ဘာမှဖြစ်မလာနိုင်တော့ဘူးထင်သည်။ လုပ်ချင်သလိုမဖြစ်လျှင် ဖြစ်သလိုပဲလုပ်လိုက်ရတော့မလား။

''ကျွန်တော် လုပ်သင့်သလား ဆရာ''

ဆရာ့ကို အားကိုးယုံကြည်စွာ ပြန်မေးမိ၏။ ဆရာက ခေါင်းကို ဆတ်ခနဲညိတ်လျက်

''လုပ်သင့်တာပေါ့ လှိုင်ဘွား၊ လုပ်ကိုလုပ်သင့်တယ်၊ တခြားဘာအကြောင်းတရားတွေပဲရှိရှိ ကိုယ့်ဘဝအောင်မြင်တိုးတက်ဖို့အတွက် လုပ်ကိုလုပ်သင့်တဲ့အလုပ်ပဲ၊ ကိုယ့်ဘက်က လိုက်လျော့ပေးရမှာတွေများသလို သူ့ဘက်က ကိုယ်ရမယ့်အခွင့်အရေးတွေကလည်း မနည်းပါဘူး''

''သူ ဘယ်လိုလုပ်မယ်ဆိုတာ ဆရာ့ကိုပြောလိုက်သလား''

''ကားတစ်ရာ စာချုပ်မယ်တဲ့၊ ငါးနှစ်အတွင်းမှာ ပြည့်အောင်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်''

''မျှာ''

''တကယ်ရိုက်မယ်ဖြစ်မယ်ဆိုရင် မင်းနှစ်နှစ်အတွင်းမှာ အောင်မြင် သွားနိုင်တယ်၊ တချုပ်ကြီးနဲ့သူတကယ်လုပ်မှာဆို လုပ်မှာ''

''သူ့တိုက်မှာပဲ ရိုက်ရမှာလား၊ သူက အနုပညာကြေးဘယ် လောက်ပေးမှာလဲ''

''တစ်ကားကိုဆယ့်ငါးသိန်း''

''ကားတစ်ရာလုံးအဲဒီဈေးနဲ့လား၊ အောင်မြင်ရင်လည်း ဒီအတိုင်း ပဲလား''

''ဟုတ်တယ်''

''ဟာ တခြားတိုက်နဲ့လည်းမရိုက်ရဘူး၊ အောင်မြင်ရင်လည်း ဒီ ဈေးအတိုင်းပဲဆိုရင်တော့''

''အပေးအယူအလျှော်အစားဆိုတာ အဲဒါပြောတာပဲ၊ သူ့ဆီကနေ အောင်မြင်လာတဲ့အချိန်မှာ တခြားတိုက်တွေက မင်းကိုခေါ်ရိုက်တော့မယ် အဲဒါ သူက လွှတ်လပ်စွာရိုက်ခွင့်ပေးမှာ၊ ပြီးတော့ အနုပညာကြေးကိုလည်း သူသတ်မှတ်မယ်၊ တခြားကြော်ငြာတွေ စပွန်ဆာတွေလည်း သူရှာပေးမယ် ဒါပေမဲ့ သူက သုံးဆယ်ရာနိုင်နှုန်း အကျိုးအမြတ်ယူမယ်''

''မျှာ''

သူ နားမလည်သလို ကြောင်တောင်တောင်ဖြစ်သွားမိသည်၊ အဖေ က သူ့အနေအထားကို သဘောပေါက်လျက်

''နိုင်ငံခြားကိုသွားပြီးဖြင့်တဲ့ မော်ဒယ်တွေလည်း ဒီအတိုင်းပဲလေ





မှာ သူ့တို့ကိုင်တဲ့အင်ဂျင်ဆီတွေ စပွန်ဆာရှာပေးတယ်၊ အနုပညာလုပ်ငန်း တွေလုပ်ဖို့ ကမ်းလှမ်းပေးတယ်၊ သုံးနှစ်အတွင်းမှာ ရသမျှအကျိုးအမြတ်ထဲက သုံးဆယ်ရာနိုင်နှုန်း သူတို့ယူမယ်ဆိုတာ တချုပ်ထဲမှာ သေချာထည့်ချုပ်ထား တာ နှစ်ဦးသဘောတူဆိုပေမယ့် စည်းကမ်းဖောက်ဖျက်တဲ့သူက နာမည် ပျက်တာပဲ၊ မလုပ်နိုင်ရင် အစကတည်းက မလုပ်ဘဲနေလေ၊ ကိုယ်က ချင်တော့ လုပ်ပါမယ်လို့ အစကက ကတိပေးလက်မှတ်တွေထိုး၊ နောက် တော့ အင်ဂျင်ဆီကအလုပ်တွေ ကမ်းလှမ်းပေးလို့ အောင်မြင်လာတော့ ငွေကြေးထဲက ခွဲမပေးချင်တော့ဘူး၊ မင်းလည်း အဲဒါသေချာစဉ်းစား လုပ်မှာလဲ''

သူ့ရဲ့တွေဝေမှုတွေကို အဖေက စိုးထိတ်စွာနှင့် သူ့ကိုကြည့်နေ ပြီး၊ သူကိုယ်တိုင် ဆုံးဖြတ်ရမည့်ကိစ္စဆိုပေမယ့် အဖေ့ဆန္ဒကလည်း ကြီးနေသည်။

''အဖေရော ဘယ်လိုဖြစ်စေချင်လဲ အဖေ''

''အဖေကတော့ လုပ်စေချင်တာပေါ့ သား၊ နာမည်တစ်လုံးအောင် အတက် ကိုယ့်ဘဝတိုးတက်ဖို့လည်း ရှိသေးတာမဟုတ်လား သား၊ အဖေ တွက် တခြားဘာမျှော်လင့်စရာရှိလို့လဲ၊ သူ့တက်က မမျှတဘူးဆိုတာ ဘဲ ကိုယ့်ဘက်ကပြောင်းလဲသွားမယ့်အရာတွေအတွက်ပဲ ကျေနပ် ''

''မင်းအဖေပြောတာ အမှန်ကန်ဆုံးပဲလို့ပဲ၊ လူ့ဘဝမှာနေရင် ဆက်ဆံရင်းနဲ့ မချစ်သော်လည်းအောင့်ကာနမ်းရတဲ့အမြင်မျိုးတွေ ကြုံတွေ့လာနိုင်သေးတယ်၊ ဒီလောကမှာ ကျင်လည်ဖို့ရင်း မင်း



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းမှိသိလာမှာပါ၊ ဒီဘဝအတိုင်း မနေချင်လို့အပြောင်းအလဲရှာ ဖြစ်ဖို့အတွက် ဘဝတွေကိုတောင် ရင်းရသေးတာကွာ၊ မင်းစိတ်တွေကိုရွေး ချလိုက်ပါ၊ ငါအောင်မြင်တော့မယ်ဆိုတဲ့အတွေးကိုပဲတွေးပြီး ပျော်ပစ်လိုက် အဲဒါဆိုရင် ရင်းနှီးပေးဆပ်ရမှာတွေက နောက်ကိုရောက်ပြီး အလကားဖြစ် သွားလိမ့်မယ်''

"သား ဒီနေ့အောင်ပွဲခံချင်ခံလိုက်ကွာ၊ လာဆရာရှိတုန်း တစ်ခွက် လောက်ချီးယားစ်လိုက်၊ အဖေကတော့ တကယ်ကိုပျော်သွားပြီ''

အဖေနှင့်ဆရာ တကယ်ကို ပျော်သွားကြဟန်တူသည်။ သူ့ကို တစ်ခွက်တိုက်ရင်း စကားပြောနေရုံနှင့် အားမရဘဲ ဒီနေ့ဆိုင်မှာသွားကြ မည်ဟုဆိုကာ ဆရာက အဖေ့ကိုခေါ်သွားသည်။ သူ့အတွက်ဆရာကလည်း အဖေတစ်ယောက်လိုပါပဲ။

သူ့ကိုကောင်းစေချင်သည့်စေတနာများဖြင့် မမောမပန်း အားထုတ် ကြိုးစားနေသည်။ သူ့အတွက် လက်ဦးဆရာတင်မဟုတ် ဖခင်တစ်ယောက် ပါဖြစ်နေပြီမို့။

■ ■ ■



## အခန်း (၂၁)

"နင် ငါ့ကို ဖုန်းဆက်ခေါ်တာ အဲဒီအကြောင်း ကြားချင်လို့ပေါ့လေ"

သီရိက စနောက်ချင်သလို အပျော်မျက်နှာလေးဖြင့် ထေ့ငေါ့သော် လည်း တကယ်ရင်ထဲမှာ မပျော်သော သူ့မျက်နှာကတော့ ခပ်တည်တည် ပင်ဖြစ်နေပေလိမ့်မည်။

"ကြားရအောင်အစတည်းက ငါလုပ်ချင်လို့ လုပ်တဲ့အလုပ်မဟုတ် ဘူး၊ အခုဆို အဲဒီမိန်းမနဲ့လုပ်ရမှာမို့ ပိုပြီးတောင် စိတ်မပါသေးတယ်''

"ဒါပေမဲ့လည်းဟယ် ဟိုတစ်ကားရိုက်ပြီး နင်မြုပ်သွားတာထက်စာ ရင် ဒါအခွင့်အရေးကောင်းပဲလေ၊ ဒီမိန်းမ,မကလို့ ဘယ်လိုလူမျိုးဖြစ်ဖြစ် နင်အားကိုးရာရတော့မှာပဲမဟုတ်လား။ ငါကတော့ ပျော်လိုက်တာဟယ်''

"အေး နင်လည်းပျော်နေ အဖေနဲ့ဆရာလည်း ပျော်လို့ဆိုပြီး ဆိုင်ကိုတစ်ခါသွားသောက်ကြတယ်''

"ဟုတ်လား သူတို့လည်း နင့်အတွက်အရမ်းမျှော်လင့်ထားကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်မှာပေါ့ဟဲ့၊ ဒါနဲ့ နင့်ပါးစပ်အရက်နံ့ထွက်နေသလားလို့"

"ငါ့ကိုပါ တစ်ခွက်တိုက်သွားတာလေ၊ ဆရာရှိတော့ မသောက်ရဲ့လည်းမကောင်းဘူး"

"ဟဲ့ နင်အရက်သမားဖြစ်သွားမယ်နော်၊ ဒီလောကထဲရောက်ရင် ဆေးနဲ့အရက်က ကင်းတာမဟုတ်ဘူး"

"ဘယ်နေရာမှမကင်းပါဘူးဟာ၊ အနုပညာသမားဆိုလို့သာ လူသိမြန်တာပါ"

"အံမယ် အခုတည်းက သူ့စီနီယာတွေဘက်က ကာကွယ်ပေးတတ်နေပြီ"

"အဲဒါတော့ ငါကိုယ်ချင်းစာတယ်ဟ၊ အနုပညာတွေအတွက်က အနေကျဉ်းကျပ်လွန်းပါတယ်၊ ဘယ်နေရာသွားသွား ဘာလုပ်လုပ် မလွတ်လပ်ဘူး၊ အပြစ်လည်းမလွတ်ဘူး၊ နာမည်ကြီးလေ ထိန်းသိမ်းရထိန်းချုပ်ရတာတွေ များလေပဲ၊ အခု ငါဘာကောင်မှမဟုတ်သေးတာတောင် သွားတာလာတာ နေတာထိုင်တာအားလုံး ဆင်ခြင်နေရတယ်၊ ဒါနဲ့ ငါအဆင်ပြေသွားရင် နင်အလုပ်ထွက်လိုက်တော့နော်၊ တစ်ကားဆယ့်ငါးသိန်းလောက်ရမယ်ဆိုလည်း တစ်လနှစ်ကားလောက်ပဲရိုက်ဦး၊ နင့်ကို ဒီဖိုင်နာကြေးကောင်းကောင်းပေးနိုင်ပါပြီ"

"တကယ်လား၊ နင်တကယ်ပြောတာလား လှိုင်ဘွား"

"အေးပေါ့ဟ"

လှိုင်ဘွား အားရပါးရ ခေါင်းညိတ်ပြလိုက်၏။ သူ့အတွက်က သီရိမရှိလို့မဖြစ်ပါ။ အရာအားလုံး ဖြည့်ဆည်းပေးတတ် နားလည်ပေးတတ်





သောသူမို့ သူ့အနားမှာပဲ ရှိစေချင်သည်။

"သီရိ"

"ဟင်"

"ငါအောင်မြင်ရင် ငါ့ကိုအဖြေပေးရမှာနော်"

"ခြေဘ်"

ဟုတ်ကဲ့ပါလို့ မိန်းကလေးတန်မဲ့ အရှက်မဲ့စွာပြောလိုက်ရမှာလား။ အခုအဖြေတောင်းလည်း ပေးမည့်သူမှန်းသိပါလျက်နှင့် လှိုင်ဘွားတို့က အဲဒီလိုဆန့်တငင်ငင်ဖြစ်အောင်လည်း လုပ်တတ်သည်။

"သီရိ ပြောလေဟာ"

"အေးပါဟယ် နင်ကလည်း တကယ်ပဲ"

"ငါတို့ချစ်သူတွေဖြစ်သွားရင် အရမ်းလိုက်ဖက်မှာဟ သိလား။ နင်လည်း ဒီလိုဒီဖိုင်းမဟုတ်တော့ဘူး၊ ငါလည်း ဒီလိုဒီဖိုင်းမဟုတ်တော့ဘူး။ အရမ်းကိုလန်းပြီး ဝတိုင်ကျမှာဆိုတော့ ငါ့ကိုအားပေးမယ့်ပရိသတ်တွေတောင် အားကျသွားလောက်တယ်"

"အေး နင်လည်း စိတ်ကူးယဉ်တတ်လာပြီ၊ ဒါနဲ့ ငါ ဗိုက်ဆာလိုက်တာဟယ်၊ နင့်အိမ်မှာ ဘာရှိလဲ"

"ဟင်းချက်တော့မရှိဘူးဟ၊ ကြက်အူချောင်းတွေရှိတယ်၊ ကြက်အူချောင်းကြော်နဲ့ထမင်းသုပ်နဲ့ စားဖို့လုပ်နေတာ"

"ဒါဆို သုပ်ရအောင်လေ"

"အိုကေ ငါတို့နောက်ဘယ်လောက်ထိ အောင်မြင်သွားသွား ဘယ်လိုအခြေအနေတွေပြောင်းသွားသွား၊ ဒီလိုမျိုးနှစ်ယောက်အတူ အတူး



www.burmeseclassic.com

www.burmeseclassic.com



အသောက်တွေလုပ်စား၊ ရယ်စရာစကားတွေပြောရင်း ပျော်ပျော်ရွှင်ရွှင် နေသွားရအောင်နော်''

''နင်ကပဲပြောရတယ်ရှိသေးတယ်၊ နင်အောင်မြင်သွားရင် ငါပျော်လည်းပျော် ပီတိလည်းဖြစ် ဂုဏ်လည်းယူပါတယ်၊ ဒါပေမဲ့ နင်အောင်မြင်သွားလေ ငါနဲ့ဝေးလေဖြစ်သွားမှာတော့ ငါစိုးရိမ်တယ်''

''အဲဒါကြောင့် အနီးကပ်အတူနေရအောင် ငါ့ရဲ့ဒီဇိုင်နာလုပ်ပေးပါလို့ ငါတောင်းဆိုနေတာပေါ့ဟာ''

''ငါတို့ အဲဒီလောက် နီးနီးကပ်ကပ်နေလို့ ဖြစ်ပါ့မလား လှိုင်ဘွား ငါ နင့်ရှုတင်ကိုလိုက်တုန်းက နင်နဲ့အနီးကပ်နေတာကို နင့်ဆရာက သိ မကြိုက်သလိုပဲနော်၊ ဂျာနယ်လစ်တွေရှိနေရင် ငါ့ကို အဝေးမှာပဲ သွားနေခိုင်းတာ''

''အဲဒါက ဂျာနယ်လစ်တွေတစ်မျိုးထင်ပြီး ပုံကြီးချဲ့ဖွလိုက်မှာ လို့ပါ၊ ငါ ဆရာ့ကိုနားလည်အောင်ပြောထားလိုက်ပါ့မယ်''

''အေးပါ ငါ့ကြောင့် နင်အဆင်မပြေဖြစ်မှာစိုးလို့ပါ''

''မိုင်နာတွေပါကွာ၊ ငါ့အတွက်က နင်ရှိရင် အဆင်ပြေနေတာပဲ''

''အဟင်း''

ဒီစကားလေးတွေအတွက်တော့ ရင်မှာကြည်နူးရသည်။ သူမ စကားပြောရင်းနှင့်ပင် ထမင်းသုပ်စားဖို့ ပြင်ဆင်ကြ၏။ လှိုင်ဘွားက မိ ကလေးတစ်ယောက်လိုပင် အရာအားလုံး အသေးစိတ်လုပ်တတ်လေသည် ထမင်းကိုကျကျနန သေချာသုပ်ပြီးသောအခါ ပန်းကန်အလှလေးနှင့် သူ အတွက် ပြင်ထည့်ပေး၏။ ကြက်အူချောင်းကြော်လေးကိုလည်း လှပစွာထ





ပေးထားသည်။

''လှိုင်ဘွား''

''ဟင် နင်က အရမ်းအပြုစုကောင်းတာပဲ၊ နင့်ကိုရတဲ့မိန်းမတော့ အရမ်းကံကောင်းမှာ''

''အဲဒီမိန်းမက နင်ပဲလေ၊ ငါက ငါတန်ဖိုးထားရတဲ့မိန်းမအတွက်ပဲ အဲဒီလိုလုပ်ပေးမှာ၊ အဲဒီမိန်းမကလည်း ငါ့ဘဝတစ်သက်စာအတွက် နင် တစ်ယောက်တည်းပဲ သိရဲ့''

''နင့်စကားတွေကိုကြွေပြီး ငါ အိမ်ထောင်မပြုနိုင်ချင်တော့ဘူးဟယ်''

''နင့်မိဘတွေပြန်ရောက်ပြီး မွေ့ဖောက်နေပြန်ပြီလား''

''အဟင်း နင်ဘယ်လိုလုပ်သိလဲ''

''နင်အိမ်မပြုနိုင်ချင်တော့ဘူးပြောလာရင် နင့်မိဘတွေကြောင့်ပဲဆိုတာ ငါ သိတာပေါ့၊ အခြေအနေက''

''အစက ငြိမ်နေသလိုလိုနဲ့ အခုတလော သူ့မောင်နဲ့ညီမက ငွေပြန်တောင်းလာတော့ သူ ဘာတွေမွှေချင်ပြန်ပြီလဲ မသိဘူး။ အဖေကတော့ ငါ ဖျောင်းဖျထားလို့ သည်းခံပြီးတော့နေပါတယ်၊ ဒါပေမဲ့ ဒီတစ်ခါမိတွေး ဖယားထလာရင်တော့ အဖေ တစ်ခါတည်း အပြတ်ရှင်းတော့မှာ၊ ဟိုတစ်ခါ တည်းက ရပ်ကွက်ရုံးမှာ အိမ်ထောင်ရှင်မပီသလို့ မပေါင်းချင်ဘူးဆိုတဲ့ အကြောင်း အသိပေးအကြောင်းကြားပြီးသားလေ''

''အေးဟာ ငါတို့ကျရင် အဲဒီလို အိမ်ထောင်ရေးမျိုးမဖြစ်အောင် ကြိုးစားကြမယ်နော်''

''နင်ကလည်း ဒါပဲ''



www.burmeseclassic.com

www.burmeseclassic.com



အဖြေမတောင်းသေးဘူးပြောထားလို့သာ တော်တော့သည်။ စကားတွေက ချစ်သူ့အဆင့်ထက်တောင် စည်းကျော်နေတာ လှိုင်ဘွား သတိမထားမိဘူးထင်၏။ သူမကတော့ သူ ဘာတွေပြောပြော စိတ်မဆိုးရက် စိတ်မကောက်ရက်ပါ။ နှုတ်ခမ်းစူ မျက်စောင်းဝေ့ရုံပဲမို့ လှိုင်ဘွားကလည်း မှုန့်သည်ဟုပဲ ထင်ကာ

"နင်က အဲဒီလိုလေးနေရင်လည်း လှတာပဲဟ၊ ငါတွဲရိုက်ခဲ့တဲ့ မင်းသမီးထက်တောင် ချောသေးတယ်၊ နင် မင်းသမီးလုပ်ရင်လည်း ဖြစ်မှာ မင်းသမီးလုပ်ပါလား သီရိ"

"တော်ပါ ငွေမရှိရင် မင်းသားဖြစ်ဖို့လည်းမလွယ်ဘူး၊ မင်းသမီး ဖြစ်ဖို့လည်း မလွယ်ဘူး။ နောက်ကပံ့ပိုးမယ့်စပွန်ဆာရှိလည်း မိန်းကလေးတွေ က ယောကျ်ားလေးတွေထက် အန္တရာယ်များတယ်"

"နင်ကလည်းဟာ စပွန်ဆာအကြောင်းပဲ ပြောနေတာ"

"ဟဲ့ မေ့မှူးမာန် နင့်ကို မင်းသားတင်မယ်ဆိုတာလည်း စပွန်ဆာ ပဲလေ၊ မင်းသားသစ်တင်တယ်ဆိုတာ အနည်းဆုံး သိန်းထောင်ချီပြီး ရှုံးမှာ သိရဲ့နဲ့ ဘယ်သူက အလကားသက်သက် တင်မှာလဲ၊ နင်ဖြစ်မယ်အောင်မြင် မယ်ဆိုတာလည်း တစ်ထစ်ချ ယုံကြည်လို့ရတာလည်း မဟုတ်ဘူး"

"သူ အကျိုးအမြတ်ရမယ်ဆိုတာ သေချာသိလို့ ရင်းနှီးမြှုပ်နှံတဲ့ သဘောပါဟာ"

"အဲဒီလောက်သေချာနေရင် လုပ်တိုင်းလုပ်စားနေမှာပေါ့၊ နင့်ကို တချုပ်ချုပ်ထားတဲ့တိုက်ကတောင် နင့်ကိုအရှုံးခံပြီး ကားဆက်ရိုက်လို့လား။ မသေချာတာကိုလုပ်ရဲတာတော့ မေ့မှူးမာန်ကိုကျေးဇူးတင်ရမယ်၊ ဘာပဲဖြစ်





ဖြစ် နင်အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်ဟယ်"

"ဆုတောင်းပေးတဲ့အတွက် ကျေးဇူးပဲ သီရိ၊ ငါအောင်မြင်ရင် နင့်ကို ငါ့အနားမှာခေါ်ထားမှာ"

"အဲဒီလိုပြောတဲ့အတွက် ငါကလည်း ကျေးဇူးတင်ပါတယ် လှိုင် ဘွားရယ်"

ရင်ထဲကဆန္ဒကို အတိအလင်း ဝန်ခံလိုက်ခြင်းပါ။ တကယ်လည်း ဒီလိုဆုံးဖြတ်ထားတာကြောင့် ဖြစ်သည်။ အခုချိန်မှာ ကိုယ့်အခြေအနေက မရေရာသေးတာမို့ သီရိဆီက အဖြေမတောင်းသေးတာ။

အောင်မြင်သွားလျှင်တော့ အရမ်းချစ်သော ချစ်သူစုံတွဲတွေအဖြစ် နှင့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မေ့မှူးမာန်ရဲ့အိမ်က ကြီးကျယ်ခမ်းနားလွန်းသည်။ ကားပတ်လမ်း တွေ ရေကူးကန်တွေနှင့် ခြံဝင်းကလည်း အကျယ်ကြီးဖြစ်၏။ သူ့ကား မော်ဒယ်နိမ့်တန်ဖိုးအနိမ့်ဆုံးကားမို့ ဆရာ့ကားနှင့်လိုက်လာပြီး မေ့မှူးမာ အိမ်ပေါ်ထပ်က ဆင်းအလာကို စောင့်နေရတာ နာရီဝက်မျှရှိပြီဖြစ်သည်။

အိမ်အကူမိန်းကလေးကတော့ စကားပြောပြီး ရှုတင်တစ်ခါတည်း သွားမှာမို့ မိတ်ကပ်လိမ်းနေတာကို ခဏလောက်စောင့်ပေးပါတဲ့။ ဒီလိုစောင့် နေရမည်ဆိုလျှင် နာရီကို နောက်ကျမှချိန်းပါတော့လား။

အခုတော့ မနက်ရှစ်နာရီအိမ်ကို အရောက်ခေါ်ထားပြီး သူမ အချိန်တိုင်း မအားလပ်သည့်ပုံစံမျိုး ချိုးနေသည်။ စားပွဲပေါ်မှာ အိမ်အရ မိန်းကလေးလာချပေးထားသော ကော်ဖီခွက်ကို ဆရာရော သူရော သောက်ဖြစ်သေးပါ။ နောက်ထပ် ဆယ့်ငါးမိနစ်မျှ ထပ်စောင့်ပြီးမှ မိတ် ရောင်စုံခြယ်ထားသော မျက်နှာဖြင့် ဒေါက်ဖိနပ်သံပေးလျက် မေ့မှူး အပေါ်ထပ်ကနေ ကြွကြွရွရွ နတ်သမီးတစ်ပါးလို ဆင်းလာခဲ့၏။





သူမနောက်မှာတော့ မန်နေဂျာလို ဘော်ဒီဂတ်လို အခြောက်နှစ် ယောက်က စာချုပ်စာတမ်းဖိုင်တွေကိုင်၍ ပါလာသည်။ မေ့မှူးမာန်က ထိပ် ဆုံးက ဆိုဖာခုံမှာ ဝင်ထိုင်တော့ အခြောက်နှစ်ယောက်က နောက်မှမတ်တပ် ရပ်နေကြ၏။

"ဆရာ စောင့်နေရတာ ကြာသွားပြီလား။ မေ့မှူးက ရှုတင်သွားဖို့ မို့နေတာနဲ့ မိတ်ကပ်လိမ်းနေတာ၊ ဟိုကျမှ အစကနေ လိမ်းနေရင် မပီမှာစိုး လို့လေ၊ မေ့မှူးက ကိုယ့်အတွက်နဲ့အချိန်နောက်ကျတာမျိုး မဖြစ်စေချင်ဘူး။ အိမ်ကနေ ပြင်ဆင်သင့်တာအားလုံး ပြင်ဆင်သွားတယ်၊ ဆရာတွေနဲ့ အဖွဲ့ သားတွေကို လေးစားတဲ့သဘောပါ"

"ကောင်းပါတယ် မင်းသမီး၊ အဲဒီလိုစိတ်ရှိနေလို့လည်း အောင်မြင် တာပေါ့"

"ဟုတ်ကဲ့ ကျေးဇူးပါဆရာ၊ ဒါနဲ့ သူက ဦးသာအောင်သား လှိုင်ဘွားနော်"

"ဟုတ်ပါတယ် မင်းလှိုင်ဘွားပါ"

သူကမဖြေတော့ ဆရာက ဝင်ဖြေပေးသည်။ အခုချိန်ထိ မေ့မှူး မာန်မျက်နှာကိုမော့မကြည့်မိသေးပါ။ ဆရာကတော့ သူ့ကိုသတိပေးသလို ခြေထောက်ချင်းလှမ်းထိ၏။

မေ့မှူးမာန်က သူ့ကိုလှမ်းကြည့်အကဲခတ်လျက်

"အရင်ကနဲ့မတူအောင်တော့ ပုံစံပြောင်းသွားသားပဲ၊ ဦးသာအောင် နဲ့လိုက်လာတုန်းက မင်းသားလုပ်မယ့်သူလို့တောင် မထင်ရဘူး။ တော်တော် လည်းရှာတာနော်"



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ကိစ္စမဟုတ်လို့ မေ့မထားခဲ့ဘူးဆိုတာ သိသာအောင် ပြောနေတာဖြစ်မည်။ သူကတော့ ဘာမှခွန်းတုံ့မပြန်မိပါ။

ကိုယ့်ဘက်က အလျှော့ပေးလိုက်လျှော့ဖို့သာ အပေက အတန်တန် သတိပေးလွှတ်လိုက်တာ မဟုတ်ပါလား။ ဆရာမျက်နှာကိုလည်း ထောက်ပါ။ ဆရာ့ကို မျက်နှာပျက်အောင်လည်း မလုပ်မိစေနဲ့တဲ့။

မေမှူးမာန်က ဆရာဘက်ပြန်လှည့်သွားကာ

"ပြောသင့်တဲ့ကိစ္စတွေ သူ့ကိုအားလုံးပြောပြထားတယ် မဟုတ်လား၊ ဆရာ၊ အဲဒီလောက်ထိ သဘောတူလက်ခံလို့ ရောက်လာတာမဟုတ်လား၊"

"ဟုတ်ပါတယ် မင်းသမီး၊ မင်းသမီးနဲ့ပြောခဲ့သလောက်တော့ ပြောထားပြီးပါပြီ"

"ဒါဆို အလုပ်လုပ်မယ့်ပုံစံနဲ့ စည်းကမ်းချက်တွေပဲ ကျန်တော့တာပေါ့၊ တကယ်လို့ ကုမ္ပဏီစည်းကမ်းချက်တွေ မလိုက်နာနိုင်ရင်တော့ အလုပ်ဖြစ်မှာမဟုတ်ဘူးနော်၊ ငွေကြေးအရှုံးခံပြီး မင်းသားသစ်တင်တယ်ဆိုတာ ကလေးတွေလိုကစားတာမဟုတ်တဲ့အတွက်၊ ပေါ့ပေါ့လေးတွေးထားလို့တော့ မရဘူး"

"ဟုတ်ကဲ့ ဒီကလေးက နားလည်ပါတယ်၊ သူ့အဖေကတစ်ဆင့် ဒီလောကအကြောင်းသိပြီးသားဖြစ်နေတော့ အလုပ်သဘောတွေကိုလည်း သဘောပေါက်ပြီးသားဖြစ်နေပါပြီ"

"မေမှူးက တစ်မက်သတ်ချုပ်ကိုင်ပြီး သူ့ရဲ့အောင်မြင်မှုတွေကို လွှမ်းမိုးထားမှာမဟုတ်ပါဘူး၊ ဒါပေမဲ့ မအောင်မြင်ခင်အထိတော့ မေမှူးရဲ့





လွှမ်းမိုးမှုအောက်မှာပဲ နေရလိမ့်မယ်"

"ဗျာ"

"ဟင်"

စကားရဲ့အဓိပ္ပာယ်သက်ရောက်မှုကို ဆရာရော သူရော နားလည်လိုက်ပေ။ ဘာကိုလွှမ်းမိုးချုပ်ကိုင်ထားဖို့ ပြင်ဆင်ထားတာလဲ။

"မင်းသမီးက ဘယ်လိုစီစဉ်ထားတာလဲ"

"သူ့အကြောင်းကို မေမှူး မန်နေဂျာတွေကတစ်ဆင့် စုံစမ်းနိုင်သလောက် အားလုံးသိရပြီးပါပြီ၊ သူ ဈေးနည်းတဲ့တိုက်ခန်းလေးမှာ ငှားပြီး သူ့အဖေနဲ့နေတယ်၊ အခုလောလောဆယ်က ပရိသတ်တွေကြားမှာ သူ့အဖေ ကာရိုက်တာက မကောင်းဘူးနော်"

"အဲဒါက"

"လှိုင်ဘွား"

ဆရာက ပြေရှင်းဖို့ပြင်လိုက်သော သူ့ကိုချက်ချင်းပင် ဟန့်တား၏ မေမှူးမာန်ကလည်း သဘောပေါက်သည်။

"ပြေရှင်းလို့အဆင်ပြေသွားလည်း အမည်းစက်ဆိုတာ စာလေးနဲ့ ပျောက်မသွားနိုင်ဘူး၊ ပြီးတော့ နာမည်လေးရလာရင် ချန်နယ်မီဒီယာတွေ သတင်းလစ်တွေက အဲဒီတိုက်ခန်းလေးကို အင်တာဗျူးဖို့အတွက် ရောက်လာကြမယ်၊ အဲဒီအချိန်မှာ ဦးသာအောင်ကိုမေးခွန်းထုတ်စရာတွေနဲ့ မင်းရဲ့တက်သစ်မှာ နောင့်နှေးသွားတာမျိုး မဖြစ်စေချင်ဘူး၊ ကိုယ့်ဘက်က အပြောင်းလေးလွှဲသွားရင် သူတို့ဂျာနယ်ချန်နယ် နာမည်ကြီးဖို့အတွက် မှုလိုက်ကြသွားမယ်၊ အဲဒီတော့ မင်းက ငါဝယ်ပေးမယ့်ကွန်ဒိုမှာ ပြောင်းနေရပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ကျ ကျွန်တော်တစ်ယောက်တည်းလား အဖေ့ကို"

"ပြောပြီးပြီလေ၊ မင်းအောင်မြင်ပြီး မင်းအဖေရဲ့ကောလာဟလတွေ ပျောက်သွားတဲ့အထိ မင်းတစ်ယောက်တည်းနေရမှာ၊ မင်းအဖေနဲ့ခွဲနေရတိုက ဘယ်လောက်မှကြာမှာမဟုတ်ပါဘူး၊ လူဆိုတာ အောင်မြင်ကျော်ကြားသွားရင် ကျန်တဲ့အရာတွေက သူ့အလိုလို မှေးမှိန်သွားတတ်ကြတာပဲ။ ပြောသမျှစကားက အမှန်တွေချည်းဖြစ်ကုန်ရော၊ အောင်မြင်လာတာနဲ့အမှုဘာပဲလုပ်လုပ် တင့်တယ်လာတယ်လို့ ပြောတာ"

အဖေ့အပေါ် သူမလုပ်ခဲ့တာက သာကေပဲလို့ ပြောချင်တာများလား။ ဆရာကတော့ သူ့ခြေထောက်ကိုဖိပြီး သတိပေးနေသည်။ သူသိချင်သည့်ကိစ္စကိုတော့ ဆရာကပဲ

"ဟို မင်းသမီးက ကွန်ဒိုဝယ်ပေးမယ်ဆိုတာက ဘယ်လိုမျိုး"

"အဲဒါက မေ့မှူး ဝယ်ထားပြီးသားကွန်ဒို၊ အခုပေါက်ဈေးအတိုင်း သူ့ကိုပေးရမယ့်ငွေထဲက အရစ်ကျနှိမ်သွားမယ်၊ ပြီးတော့ ပရော်ဖက်ရှင်နယ်တစ်ယောက်နဲ့ လိုက်ဖက်မယ့်ကားတစ်စီးကလည်း လိုသေးတယ်"

"အဲဒီကွန်ဒိုမှာ ကျွန်တော်တစ်ယောက်တည်း ဘယ်လိုလုပ်ဖြစ်မှာလဲ၊ အဖေက ကျွန်တော့်ကိစ္စအဝဝကို စီစဉ်ပေးတာ၊ ပြီးတော့"

"မင်းသူငယ်ချင်းလား၊ ကောင်မလေးလား၊ အဲဒီတစ်ယောက်ကိုလည်း အဲဒီကွန်ဒိုအိမ်မှာ အလည်ခေါ်လို့တောင်မရဘူး၊ မင်းရှိမယ့်ရှုတင်မှန်သမျှ သူလာလို့မရဘူး"

"ဗျာ ဒါဆို ကျွန်တော်"

"မင်းအတွက် အဝတ်အစားအသုံးအဆောင်၊ ဇာတ်လမ်းနဲ့ပတ်





သက်တာတွေအတွက် မန်နေဂျာတစ်ယောက် ထားပေးမယ်၊ ကားမောင်းဖို့ အစားသောက်၊ ကျန်းမာရေးအတွက်ကအစ အစစ စီစဉ်ပေးဖို့ ဘော်ဒီဂတ်တစ်ယောက်လည်း ထားပေးမယ်၊ မင်းဟိုကောင်မလေးကို အားကိုးနေရင် ကောလာဟလတွေကို ဖြေရှင်းရင်ဆိုင်နေရတာနဲ့ မင်းအောင်မြင်မှုက နှောင့်နှေးမှာပဲ၊ ငါ ဘယ်လောက်ရောက်အောင်ပို့ပို့ မင်းဘယ်တော့မှ အမြင့်ကိုရောက်မှာမဟုတ်ဘူး၊ ဒီလိုကိစ္စမျိုးကို မင်းဆရာလည်း သိပါလိမ့်မယ်"

"ဟုတ်တယ် လို့င်ဘွား၊ ကောင်မလေးက မင်းသူငယ်ချင်းအရင်းနှီးဆုံးမိတ်ဆွေအဆင့်ပဲဆိုတာ မင်းအဖေပြောလို့ ဆရာလည်းသိပါတယ်၊ ဒါပေမဲ့ ပရိသတ်ကတော့ တပူးပူးတကပ်ကပ်ဖြစ်နေတဲ့မိန်းကလေးကို သူငယ်ချင်းလို့ပြောလည်း ယုံမှာမဟုတ်ဘူး၊ ပရိသတ်ဆိုတာက သူတို့ချစ်တဲ့ အားပေးတဲ့မင်းသားကို မိန်းမမရှိသေးပါဘူး၊ ချစ်သူရည်းစားမရှိသေးပါဘူး၊ ကျွန်တော်က ပရိသတ်ကြီးကို အနုပညာတွေနဲ့ ပေးဆပ်ချင်လို့ အလုပ်တာဝန်တွေနဲ့ မအားလပ်လို့ အချစ်ကို စဉ်းစားချိန်တောင်မရသေးပါဆိုမှ တကယ်ကို အားပေးကြချစ်ကြတာ၊ ဘာဘာညာညာ ကောလာဟလတွေနဲ့ဆိုရင် ဒီမင်းသား ဘာမှတောင်မဖြစ်သေးဘူး၊ မိန်းမရှုပ်တယ် ရည်းစားများတယ်နဲ့ အထင်သေးရှုတ်ချပြီး အားပေးမှာမဟုတ်တော့ဘူး လို့င်ဘွား"

ဆရာကပါ အခုလိုပြောလာတော့ အဖေ့ကိုရော သီရိကိုရော သူ့အနားမှာ မထားရတော့ဘူးဆိုတာ သေချာနေပြီပေါ့။ သူ ထိုနေရာမှာ မနေတော့ဘဲ ခြေလွှတ်လက်လွှတ်သာ ထွက်ပြေးလိုက်ချင်တော့သည်။

အောင်မြင်ဖို့အတွက်နှင့် အချုပ်အနှောင်ခံနေရတာနဲ့ ဘာထူးသေးလဲ။ မလုပ်တော့ပါဘူးလို့ နောက်ဆုတ်ပြန်သွားလျှင်လည်း နောက်ဆုတ်ပြန်သွားလည်း နောက်ဆုတ်အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးဆိုတာ ရှိတော့မည်မထင်။ သူ့ရဲ့တင်းထန်နေသော လက်သီးဆုပ်ကို ဆရာအားနှင့်ဖိညှစ်ဆုပ်ကိုင်လာတာမို့ တဖြည်းဖြည်း ပြေကျသွားခဲ့ရသည်။

"အားလုံး သဘောတူရင် လက်မှတ်ထိုးပါ၊ အားလုံးကို ကျေနပ်လို့ လက်ခံပြီးပြီဆိုရင် ဆရာက သူ့ကို ပေါက်မြောက်အောင်မြင်စေမယ့် ပရိသတ်အသိအမှတ်ပြုအားပေးမယ့်ဇာတ်ကားတွေ စရိုက်ဖို့စီစဉ်ပါ၊ တစ်လကို အနည်းဆုံး နှစ်ကားရိုက်မယ်၊ အက်တာကြီးတွေခေါ်သုံးပါ၊ ငွေရေးကြေးရေး အတွက် အားမနာနဲ့၊ သူမြန်မြန်ဖြစ်သွားဖို့ပဲ အရေးကြီးတယ်"

"စိတ်ချပါ မင်းသမီး၊ မင်းသမီးမျှော်လင့်ထားတဲ့အချိန်ထက် ပိုစောပြီး အောင်မြင်စေရပါမယ်၊ မင်းသမီးကတော့ မေ့မျှူးတစ်ယောက်တည်း မဟုတ်ဘဲ ဈေးကွက်ရအောင်မြင်နေတဲ့ မင်းသမီးအစုံနဲ့ တွဲရိုက်မှ စုံလိမ့်မယ်၊ ဇာတ်လမ်းလည်း အစုံရိုက်လိုက်မယ်ဆိုရင် ကာရိုက်တာအစုံမှာ သရုပ်ဆောင်ရတဲ့အတွက် သူ့ အားသန်တဲ့လိုင်းတစ်လိုင်းလည်း တွေ့သွားမှာပါ"

"အခုခေတ်မှာတော့ လိုင်းတစ်လိုင်းတည်းသွားလို့ အဆင်မပြေဘူး၊ လိုင်းစုံမှာ ကျရာဇာတ်ရုပ် သရုပ်ဆောင်နိုင်မှ ငွေကြေးအရရော အနုပညာအရရော အောင်မြင်မှာ၊ သူ့ကိုအပြင်မှာလည်း လေ့ကျင့်ပေးထားပါ ဆရာ၊ ဖြစ်လောက်ပါတယ်ဆိုပြီး လွှတ်ထားတာမျိုးတော့ မဖြစ်စေချင်ဘူး ကိုယ့်လူမို့ဆိုပြီးလည်း မညှာစေချင်ဘူး၊ မေ့မျှူးက ဆရာ့ကိုယုံကြည်ပြီး အလုပ်လုပ်လိုက်တယ်ဆိုတာ ဆရာသိပါတယ်"

"ဟုတ်ကဲ့ပါ မင်းသမီး၊ လှိုင်ဘွားအတွက် အစစအရာရာ စိတ်ချပါ"

"ဒါဆို စာချုပ်ပါစည်းကမ်းတွေ သူ့ကိုသေချာဖတ်ခိုင်းလိုက်ပါ။





ပြီးရင်လက်မှတ်ထိုးဖို့ လုပ်ရမယ်၊ စည်းကမ်းဖောက်ဖျက်တာနဲ့ အဲဒီနေရာမှာပဲ အားလုံးရုပ်တန့်သွားမယ်ဆိုတာ သိထားပါ၊ လက်ခံလို့ လက်မှတ်ထိုးပြီးပြီ ဆိုရင်တော့ အခုချိန်ကစပြီး မေ့မျှူး ကြော်ငြာတွေ မဂ္ဂဇင်းမျက်နှာဖုံး ဂျာနယ် တွေမှာပါအောင် ကြိုးစားတော့မယ်၊ မေ့မျှူးမာန်တင်လိုက်တဲ့ မင်းသားက အခြားမင်းသားတွေထက် မြန်မြန်ပေါက်စေရမယ်"

ကြားရသမျှတွေကတော့ အားရှိစရာကြီးပါ။ သူများတွေဆိုရင်တော့ အခုန်လောက်အောင် ဝမ်းသာကြမလားမသိပေ။

သူကတော့ အဖေနှင့်သီရိကို သူ့အနားမှာမထားရတော့ဘူးဆိုတာ နဲ့တင် ရင်မှာနာနာကျင်ကျင် ထိထိရှရှ ခံစားရသည်။ သူ အောင်မြင်ဖို့အတွက် အဖေနှင့်သီရိကိုပါ ဖယ်ထုတ်မှဖြစ်မှာလား။

အဖေနှင့်သီရိ သိလျှင် ဘယ်လောက်တောင် စိတ်မကောင်းဖြစ်သွားကြမလဲ။ ရင်ထဲမှာ ဆို့တက်လှိုက်မောလို့နေသည်။ လက်မှတ်ထိုးနေသော လက်များက တဆတ်ဆတ်တုန်ယင်နေပြီး နှလုံးအိမ်ထဲမှာ သွေးများ သို့စီးကျနေသည်ဟု ခံစားရသည်။

အောင်မြင်မှုကို ဘဝနှင့်ရင်းရသည်ဆိုတာ ဒါမျိုးလား။

သီရိရေ ငါ နင်နဲ့မခွဲနိုင်ဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ကလင် ကလင်"

"လှိုင်ဘွားရေ လှိုင်ဘွား"

လှိုင်ဘွားတို့တိုက်ခန်းတံခါးကို ဘဲလ်တီးရင်း နာမည်ပါအော်ခေါ်လိုက်သည်။ အခုရက်ထဲမှာ လှိုင်ဘွားဖုန်းမဆက်တာကြောင့် အလုပ်ရှုပ်နေသည်ထင်ပြီး သူမလည်း ဖုန်းမဆက်မိပေ။ သူမကြောင့် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ။

ဒီနေ့တော့ သူမအလုပ်ပိတ်ရက်ဖြစ်တာကြောင့် လှိုင်ဘွားတို့အိမ်မှာ ထမင်းဟင်းအတူ ချက်စားဖို့အတွက် သူမဈေးကနေ ဟင်းချက်စရာတွေဝင်ဝယ်လာခဲ့သည်။ ဒီလိုအလေ့အထလေးက သူမနှင့်လှိုင်ဘွားအတွက်ပျော်ရွှင်ကြည်နူးစရာပဲမဟုတ်ပါလား။

"သမီး လာလေ"

"ဩော် ဦးလေးရှိနေတာလား။ အတော်ပဲပေါ့ သမီးတို့အတူချက်





စားလို့ရအောင် သမီးဈေးဝင်ဝယ်လာခဲ့တယ် ဦးလေးရဲ့၊ လှိုင်ဘွားအတွက် အကျီနှစ်ထည်လည်း ဝယ်ခဲ့သေးတယ်"

"ထိုင်ပါဦး သမီး"

ဦးသာအောင်က မျက်နှာမကောင်းစွာနှင့် ထိုင်ခိုင်းနေတာမို့ လက်ထဲက ဆွဲလာသမျှ စားပွဲပေါ်မှာ ချထားလိုက်ပြီး ဆိုဖာခုံမှာဝင်ထိုင်ရသည်။ လှိုင်ဘွားအရိပ်အရောင်ကတော့ မမြင်ရပေ။

"လှိုင်ဘွားရော ဦးလေး"

"သားက ဒီမှာမနေတော့ဘူး သမီး"

"ရှင် ဒီလိုမနေတော့ဘူး။ ဘာဖြစ်လို့လဲ၊ ဘယ်မှာသွားနေတာလဲ ဦးလေး"

"မေမှူးမာန် ဝယ်ပေးတဲ့ကွန်ဒိုမှာ"

"ကွန်ဒိုမှာ သူတစ်ယောက်တည်းလား။ ဦးလေးက လိုက်မသွားဘူးလား"

"ဦးလေးလိုက်သွားလို့ မရဘူး။ မေမှူးမာန်က ဦးလေးနဲ့အတူနေလို့မဖြစ်သေးဘူးလို့ ပြောတယ်"

"ရှင် ဘာလို့မဖြစ်ရမှာလဲ၊ သားအဖချင်းကို သူအဲဒီလိုပြောပိုင်ခွင့်မရှိတာ"

"သူဖွထားတဲ့သတင်းကြောင့် အားလုံးက ဦးလေးကာရိုက်တာမကောင်းဘူး သိထားကြတော့ သားနာမည်ကို ထိခိုက်မှာစိုးလို့တဲ့၊ ပရိသတ်တွေ မေ့လောက်တဲ့အချိန်၊ သားအောင်မြင်လာတဲ့အချိန်မှ အတူနေဖို့ရမယ့်သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အာ အဲဒါတော့ မေမှုံးမာန် မတရားတာပဲ၊ အဲဒီလိုကြီးတော့ မလုပ်သင့်ပါဘူး လှိုင်ဘွားကိစ္စတွေကို ဦးလေးက တာဝန်ယူဖြေရှင်းမှ လှိုင်ဘွားအလုပ်ကောင်းကောင်းလုပ်လို့ရမှာပေါ့၊ ဇာတ်ကိစ္စ အဝတ်အစားကိစ္စ အားလုံး ဦးလေးစီစဉ်ပေးရမှာ"

"အဲဒါတွေအားလုံး သူ့လူတွေနဲ့ပဲ အားလုံး စီစဉ်ထားတယ် သူ့ရဲ့စာချုပ်စည်းမျဉ်းစည်းကမ်းထဲ သမီးတောင် သားနဲ့မပတ်သက်ဖို့ပါတယ်"

"ရှင်"

သူမ အံ့သြသွားရသည်။ သူမနှင့်ပတ်သက်မှုကိုပါ မေမှုံးမာန်က သိနေခဲ့သည်လား။ သိသည်ပဲထားပါဦး။ ဟန့်တားပိုင်ခွင့် ဘာကြောင့်ရှိရတာလဲ။

"ဟို သမီးကို လှိုင်ဘွားနား မနေစေချင်ရတာလည်း သမီးက လှိုင်ဘွားလိုအပ်တာ ကူညီပေးရုံပါပဲ၊ လှိုင်ဘွားက သူအောင်မြင်ရင်တောင် သူ့ဘေးမှာ ဒီဖိုင်နာတစ်ယောက်လို ရှိနေစေချင်တာ"

"ဦးလေးလည်း အစက သားဆန္ဒရှိတာကို သဘောတူပါတယ် သမီးက အသေးစိတ်လိုက်လုပ်ပေးထားဖူးတာရှိတော့ သားအားကိုးမှာပေါ့ ဒါပေမဲ့ ဒီလောကက ရှုပ်တယ် သမီး၊ ရှင်းအောင်နေရင်းနဲ့ကို ရှုပ်လာတတ်တာ၊ အခုလည်း သမီးက သူငယ်ချင်းဆိုလည်း ကောလာဟလက ရှုံ့ကားလာပြီး သားတက်လမ်းအတွက် အဟန့်အတားဖြစ်မှာစိုးလို့တဲ့၊ မအောင်မြင်ခင်အထိ သားအနားကို ဦးလေးရော သမီးရော ကပ်လို့ရမှာမဟုတ်တော့ဘူး"

"အဲဒါကတော့ ဒီလောက်ထိ မလုပ်သင့်ဘူး၊ အဓိပ္ပာယ်မရှိဘူးလို့ထင်တယ် ဦးလေးရယ်၊ အောင်မြင်မှုအတွက် လူနှစ်ယောက်ရဲ့ခင်မင်မှုကို





ကန့်ကွက်လို့ရသလား။ သားအဖသံယောဇဉ်ကို ဖြတ်တောက်ပစ်လို့ရသလား။ ဒါနဲ့ ဒီအကြောင်းတွေကို လှိုင်ဘွားက ဘာလို့ဘာတစ်ခုမှတောင် မပြောတာလဲ၊ အသိမပေးတာလဲ"

"သား မပြောရက်အသိမပေးရက်ဖြစ်နေတာ သမီး၊ ဖုန်းတောင် မဆက်ရက်လို့ မဆက်ဘူးထင်တယ်ဟုတ်လား သမီး"

"ဟုတ်တယ် သူဖုန်းမဆက်လို့ အလုပ်ရှုပ်နေတယ်ပဲထင်တာ၊ စာချုပ်ပြီးသွားလို့ ဇာတ်ကားရိုက်ဖို့ပါ တစ်ခါတည်း စီစဉ်နေသလားလို့ပေါ့၊ ဒါပေမဲ့ ဆန်းဒေးဆိုရင်တော့ အိမ်မှာ ဘယ်လိုပဲဖြစ်ဖြစ် ရှိနေမှာပဲဆိုပြီး လာလိုက်တာပါ၊ ဒါပေမဲ့ နောက်ဆို"

နှင်းသီရိ ငိုသံစွက်သွားခဲ့သည်။ ဒီအခြေအနေလောက်နှင့် ခွဲခွာရမည်ဟု မထင်ပါ။ လှိုင်ဘွားအဖေလည်း ရင်နာနေလိမ့်မည်ပေါ့။

"ဦးလေး ဒီကိစ္စက လှိုင်ဘွားသဘောဆန္ဒနဲ့ လက်ခံလိုက်တာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး ဦးလေးရဲ့တိုက်တွန်းမှုပါ၊ ဆရာရဲ့စေတနာတွေပါ၊ သားအောင်မြင်မှုဖြစ်မယ်လေ၊ ဒီအတိုင်းဆိုရင် သားရဲ့ရှေ့တက်လမ်းအတွက် တင်မပြောနဲ့ ဦးလေးလို့စားဝတ်နေရေးပါ ခက်ခဲတော့မယ့်အခြေအနေ ဖြစ်နေပြီ၊ သားအောင်မြင်ဖို့ ဦးလေးရဲ့နှလုံးသားကိုပါ စတေးသင့်ရင် စတေးရမှာပေါ့ သမီးရယ်၊ သား သားမရှိတော့ ဦး ဦးလေးဘယ်လိုမှကို မနေတတ်ဘူး။ သားကိုပဲလွမ်းနေတယ်၊ သား သားရဲ့အရိပ်အရောင်တွေပဲ မြင်ယောင်နေတယ် သမီးရယ်"

ဦးသာအောင် စိတ်မထိန်းနိုင်ဘဲ အသံထွက်ကာ ငိုချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မရှိဘဲ အိမ်မှာပဲ နေရတာကြောင့် သားကိုပို၍ သတိရမိသည်။ သားအိမ်ပြောင်းသွားသည့်နေ့ကလည်း သားအဖနှစ်ယောက် ဖက်ကာ ငိုမိကြသေး၏။

"ဦးလေး မငိုပါနဲ့၊ ဦးလေးငိုတော့ သမီးလည်း ငိုချင်တယ်"

ပြောရင်းနှင့် သူမလည်း မျက်ရည်တွေကျလာခဲ့သည်။ လှိုင်ဘွားနှင့်စနောက်စကားတွေပြောရင်း မိသားစုအကြောင်းတွေ ရင်ဖွင့်ရင်း အရေချက်ပြုတ်စားသောက်ကြသည့်အဖြစ်တွေကို မြင်ယောင်ကာ အလွမ်းစိတ်တွေ ပိုလာခဲ့သည်။

"သမီး"

ဦးသာအောင်က သီရိပန်းလေးကို လှမ်းပုတ်ကာ နှစ်သိမ့်၏။

"သမီးလည်း သားကို သံယောဇဉ်ရှိတာ ဦးလေးသိပါတယ် ဒါပေမဲ့ သားရဲ့အောင်မြင်မှုတွေအတွက် ဦးလေးတို့ဒီလိုပဲ သံယောဇဉ်တွေ မေတ္တာတွေကို စတေးလိုက်ရတယ်လို့ပဲ အောက်မေ့ပါ၊ သားလည်း သူ့ထက် ယောက်တည်းနေတတ်မှာမဟုတ်ဘူး။ ဒါပေမဲ့ သမီးက သံယောဇဉ်တွေနဲ့ နောက်ကြောင်းပြန်လှည့်လာအောင်တော့ မလုပ်လိုက်ပါနဲ့"

"ဦးလေး ဘာကိုဆိုလိုတာလဲ"

"သားလည်း သမီးကို သတိရနေမယ်ဆိုတာ ဦးလေး သိတယ် သမီး၊ ဒီအဖေနဲ့ရော သမီးနဲ့ရော အတူအနီးကပ် ဆိုးတိုင်ပင်ကောင်းတိုင်ပင် နေခဲ့ကြတာဆိုတော့ သားတစ်ယောက်တည်းနေတတ်မှာမဟုတ်ဘူး။ အသားကျန်တယ်လို့ခံစားလာရရင် သမီးက နောက်ဆံကင်းစေမယ့်စကားလုံးတွေ ပြောထွက်သွားခဲ့ရင် သားပြန်ပြေးလာလိမ့်မယ်၊ အဲဒါကြောင့် သားကို စိတ်





ဖြတ်တဲ့စကားမျိုးလည်း မဟုတ်ဘဲ သားအလုပ်ကောင်းကောင်းလုပ်နိုင်အောင် အားပေးပေးပါ သမီး။ ဦးလေးမေတ္တာရပ်ခံ တောင်းပန်တာပါ"

"ဦးလေးပြောတာ သမီးပေါက်ပါပြီ ဦးလေး၊ ဒီအချိန်က စိတ်ဆန္ဒတွေကိုဦးစားပေးနေရမယ့်အချိန်မှ မဟုတ်တာ၊ လှိုင်ဘွားပရော်ဖက်ရှင်နယ်တစ်ယောက်လို အောင်မြင်ဖို့က အဓိကပဲမဟုတ်လား။ လှိုင် လှိုင်ဘွားအတွက် အောင်မြင်ပါစေလို့ ဆုတောင်းပေးနေပါမယ်၊ ဟို ဦး ဦးလေးက ဒီမှာတစ်ယောက်တည်း ဘယ်လောက်ကြာကြာနေမှာလဲဟင်"

ဦးသာအောင် ပြက္ခဒိန်ကို လှမ်းကြည့်ပြီးမှ

"စာချုပ်ပြည့်ဖို့ဆို သုံးလလောက်တော့ နေရဦးမှာပေါ့၊ ဒီကြားထဲမှာ သားအဆင်မပြေသေးဘူးဆိုရင်တော့ ဈေးသက်သာတဲ့အိမ်ကို ပြောင်းငှားနေရမှာပေါ့ သမီးရယ်၊ သားက ကွန်ဒိုအခန်းဖိုးတွေ၊ ကားအသစ်လဲတာတဲ့တန်ဖိုးတွေကို သူ့အနုပညာကြေးထဲက အနှိမ်ခံရဦးမှာဆိုတော့ ဦးလေးအတွက် သားကိုတာဝန်မကြီးစေချင်ဘူး။ ဖြစ်နိုင်ရင် ဦးလေးက ပံ့ပိုးဖြည့်ဆည်းပေးချင်တာပါ၊ ဒီအနုပညာအလုပ်ကိုလုပ်ခဲ့တဲ့အတွက် သားနဲ့သားအမေအပေါ် ဦးလေးတာဝန်မကျေခဲ့တာတွေ အများကြီးပဲ"

"အဲဒီလို မတွေးပါနဲ့ ဦးလေး၊ မေတ္တာတွေပေး နွေးထွေးမှုတွေပေးခဲ့ရင်လည်း တာဝန်တစ်ဝက်ကျေနေတာပါပဲ၊ သမီးအဖေလည်း မိထွေးမကောင်းမှုန်း သိလာပြီး သမီးတို့ဘက်က ရပ်တည်ကာကွယ်ပေးတာ မိထွေးအပေါ် တင်းတင်းပြတ်ပြတ် ဆက်ဆံလာတာတွေဟာ မိဘတာဝန်တွေကျေပေးနေတာလို့ သမီးအောက်မေ့တယ်"

"အေးပေါ့ကွယ်၊ သမီးက သမီးလိမ္မာလေးပါ၊ အားလုံးအပေါ်

www.burmeseclassic.com



နားလည်ပေးတတ်တယ်၊ တကယ်ကို သားနဲ့မဝေးကွာစေချင်ပါဘူး ဒါပေမဲ့

'''သမီး နားလည်ပါတယ် ဦးလေး။ စိတ်ထဲမကောင်းဖြစ်မနေပါနဲ့ ဒါပေမဲ့ လှိုင်ဘွား အဆင်မပြေမှာတော့ စိုးရိမ်တယ်''

''သားကိုတော့ ဦးလေး နားလည်အောင် ပြောထားပါတယ်၊ အောင်မြင်မှုကိုရယူဖို့ဆိုရင် စွန့်လွှတ်ရတာတွေလည်း ရှိမှာပဲ၊ ဒီလောကထဲမှာ သားအဆင်ပြေအောင်နေတတ်အောင်နေပါ၊ သားအောင်မြင်မှ လုပ်ချင်တာတွေလုပ်လို့ရမှာလို့မှာလိုက်တယ်၊ ကြာရင်တော့ သားနေသားကျသွားမှာပါ''

ဟုတ်မှာပါပဲလို့ စိတ်ကဖြေတွေးရသည်။ ကြာရင်မေ့ရောမေ့သွားနိုင်မလား။ အလွမ်းစိတ်တွေပိုကာ မျက်ရည်က ထပ်ဝဲလာပြန်သည်။ ထိုနေ့က လှိုင်ဘွားနဲ့အတူမဟုတ်သော်လည်း လှိုင်ဘွားအဖေအတွက် ဟင်းတွေချက်ပေးခဲ့၏။ အတူရှိနေသယောင် စိတ်ကထင်ယောင်မြင်ယောင်ရင်း တကယ်မရှိတာသေချာတော့ မျက်ရည်တွေက အလိမ့်လိမ့်။

နင် အဆင်ပြေပါစေ လှိုင်ဘွားရယ်။

■ ■ ■



## အခန်း (၂၄)

''ဘာ ဘာပြောတယ် အဖေ၊ ဒေါ်လေးသန္တာက အိမ်ဂရန်ယူပေါင်ဖို့လုပ်တယ်''

''ဟုတ်တယ် သမီး၊ အဖေအပြင်ကပြန်လာတော့ အိမ်ဂရန်ကိုင်ပြီး အိမ်ထဲကထွက်လာတာ တန်းခနဲမိတာ၊ သူခိုးလူမိသွားတဲ့ပုံစံဖြစ်သွားလို့ အဖေက ဘာလဲလို့တောင်းတာကိုမပေးဘူး၊ အဲဒါနဲ့ အဖေလည်း သူ့ကိုတွန်းထိုးပြီး ဆွဲလုလိုက်တော့ အိမ်ဂရန်ဖြစ်နေတယ်၊ အဖေ အဝတ်အစားဗီရိုထဲမှာ သေတ္တာအသေးလေးနဲ့ သော့ခတ်ပြီး သေချာထည့်ထားတာကို ဘယ်လိုများ ယူလာလဲမသိဘူး။ အဲဒါကို ခတ်တဲ့သော့က အဖေ့ခါးကြားမှာ အမြဲတမ်းချိတ်ထားတာ၊ ကြည့်လိုက်တော့ အဲဒီသော့တစ်ချောင်းက ပြုတ်နေတယ်၊ အဲဒါ အိမ်တွင်းသူခိုးပဲ''

''အခု ဒေါ်လေးသန္တာ ဘယ်ရောက်သွားလဲ အဖေ''

''ရပ်ကွက်ရုံးမှာတစ်ခါတည်း ခေါ်ရှင်းတာလေ၊ အပေါင်ခံမယ့်မစိန်



www.burmeseclassic.com

www.burmeseclassic.com



ကလည်းလာပြီး အစစ်ခံတယ်၊ ကျွန်မကိုအိမ်ဂရန်ပေါင်ချင်တယ်ပြောနေ တစ်ပါတ်လောက်ရှိပြီတဲ့၊ ကိုသောင်းစိန်အိမ်ဂရန် ကိုသောင်းစိန်ရောသိ လားဆိုတော့ အိမ်ထောင်ခွဲသွားတဲ့သူ့သား အဆင်မပြေလို့ ငွေထုတ်ပေး မှာ၊ အဲဒါကြောင့် ပေါင်ချင်တာ၊ လူသိရင်လည်း ရှက်လို့ ကျွန်မကို တိတ် တိတ်လေးပေါင်ခိုင်းတာပါလို့ သန္တာက ပြောတယ်ပေါ့၊ အဲဒါကြောင့် အဲဒါ လည်း ယူခဲ့လေဆိုပြီး ပြောမိတာပါလို့ မစိန်ကပြောတယ်၊ ဒီမိန်းမကြောင့် ရပ်ကွက်ထဲမှာတော်တော်အရှက်ကွဲတာ''

ဒေါ်သန္တာလုပ်ပဲ လုပ်ရက်လွန်းသည်။ အဖေ ဒီလောက်ခွင့်လွှတ် သည်းခံပေးနေပါလျက် အဖေပြောသလို ဘာကြောင့်များ အတင့်ရဲပြီး အိမ် တွင်းသူခိုးလုပ်ရတာပါလဲ။

''ဒေါ်သန္တာက ဘာကြောင့်အဲဒီလောက်တောင် ပိုက်ဆံလိုနေတာ လဲ အဖေ''

''သူ့မောင် ထောင်အချုပ်ကျတော့မှာမို့တဲ့၊ ဆောက်လုပ်ရေးဆိုဒ် ထဲ အလုပ်ဝင်လုပ်တာ ညစောင့်နဲ့ပေါင်းပြီး ပစ္စည်းတွေခိုးထုတ်တာမိသွား တာနေမှာပေါ့၊ လက်ပူးလက်ကြပ်မိတာဆိုတော့ ငြင်းလို့လည်းမရဘူး။ ပစ္စည်း တန်ဖိုးကလည်း တော်တော်များတော့ သိန်းနှစ်ဆယ်လောက် အာမခံကြေး ပေးရမယ်၊ မစိန်ဆီကို သိန်းသုံးဆယ်နဲ့တောင် အိမ်ဂရန်ပေါင်မယ်ပြောထား တာ၊ တော်တော်ကို မိုက်တွင်းနက်တဲ့မိန်းမ''

''အခု ရုံးမှာရှင်းတော့''

''သူက သူတို့အိမ်ကိုရောင်းပြီး ပြန်ရွေးဖို့လုပ်ထားတာပါ၊ အိမ်က အခုလောလောဆယ် ရောင်းမထွက်သေးလို့ အပေါင်ခံတဲ့သူကလည်း အိမ်





အို ဈေးဖြတ်မယူသေးလို့ အဖေတို့အိမ်ဂရန်ကို ခဏလှည့်ပေါင်တာပါ ခွင့် လွှတ်ပါဆိုပြီးတောင်းပန်သေးတယ်၊ တော်ပြီလေ အဖေကတော့ စိတ်ကုန် သွားပြီ ကိုယ့်အတွက်ကောင်းကျိုးမပေးတဲ့မိန်းမကို ဘာလို့သည်းခံပြီး ပေါင်း သင်းနေရမလဲ''

''ဒေါ်လေးသန္တာက အရမ်းတော့ဆိုးသွားပြီ၊ အိမ်ထောင်ကွဲမောင် တွေကိစ္စ အဲဒီလောက်လိုက်လုပ်ပေးစရာလား။ သူ့မိုက်ပြစ်နဲ့သူနေပစေပေါ့၊ ဒီတစ်ခါ အမှားလုပ်ရင် အိမ်ထောင်ရေးပြိုကွဲမယ်ဆိုတာလည်း သိနေရဲ့နဲ့ အရမ်းကို မိုက်တာပဲ''

သူမ စိတ်မကောင်းသလိုတော့ ပြောမိသေးသည်။ အတူနေကြာ လာတော့ ကောင်းကောင်းမကောင်းကောင်း သံယောဇဉ်တော့ ဖြစ်မိသည် မဟုတ်လား။

အဖေလည်း စိတ်မကောင်းသလိုဖြစ်ပေမယ့် မျက်နှာကတော့ တင်းထန်နေသည်။

''အဖေရုံးမှာပဲ အပြတ်ရှင်းလိုက်တော့တယ် သမီး၊ သူ့အဝတ် အစား သူ့ပစ္စည်းတွေလည်း တစ်ခါတည်းပေးလိုက်ပြီ၊ လူကြီးကလည်း အဖေ အရင်တစ်ခါ အသိပေးအကြောင်းကြားထားတာရှိတော့ တစ်ခါတည်း ကွာရှင်းဖို့လုပ်ပေးလိုက်တယ်၊ သူက ကွာရှင်းစာချုပ်မှာ လက်မှတ်မထိုးနိုင် ဘူး။ ထိုးရမယ်ဆိုရင်လည်း နစ်နာကြေးပေးရမယ်ဆိုပြီး တင်းခံနေသေးတာ၊ အဲဒါ လူကြီးက နစ်နာကြေးလိုချင်ရင် အပြစ်မရှိအောင်နေရတယ်၊ ခင်ဗျားမှာ ဦးသောင်းစိန်နဲ့ရတဲ့ ကလေးလည်းရှိတာမဟုတ်ဘူး။ ဦးသောင်းစိန် ဘယ်လို ကောင်းတယ်၊ ခင်ဗျားဘယ်လိုမကောင်းဘူးဆိုတာသိနေတဲ့အတွက် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့က နစ်နာကြေးအတွက် စိစဉ်မပေးနိုင်ဘူးလို့ ပြောလွှတ်လိုက်တယ်"

"အဲဒီလိုကျတော့ ကောင်းပါ့မလား အဖေ၊ ကွာရှင်းခံရတဲ့မိန်းမတာ နစ်နာကြေးဆိုတာတော့ ရသင့်တာပေါ့၊ ဥပဒေဆိုတာလည်း ရှိသေးတာပဲ"

"ဒါက သူ့လက်ထက်မှာ တိုးပွားလာတဲ့ပစ္စည်းဥစ္စာ၊ ငွေကြေးပရိဘောဂ အဲဒါတွေရှိမှ ခွဲဝေပေးလို့ရမှာပေါ့ သမီး၊ အခုဟာက သမီးအခြေရှိတုန်းကပစ္စည်းဥစ္စာကလွဲပြီး သူ့အိမ်ထောင်သက်တစ်လျှောက် ဘာတွေတိုးပွားလာတာရှိလို့လဲ၊ ဆုတ်ယုတ်သွားတာပဲရှိတယ်မဟုတ်လား သမီးစိတ်မကောင်းဖြစ်မနေပါနဲ့၊ သူ့ထိုက်နဲ့သူ့ကံပေါ့ သမီးရယ်၊ သမီးလည်းအိမ်ထောင်ပြုတဲ့အခါ အဲဒါကို အဓိကထားပြီး စဉ်းစား၊ သူစိမ်းတစ်ယောက်နဲ့အိမ်ထောင်ပြုလိုက်တယ်ဆိုပေမယ့် သူ့မိသားစုကို ကိုယ့်မိသားစုလိုသဘောထားနိုင်ရမယ်၊ ကိုယ့်အိမ်ထောင်ရေးသာယာအောင် ခိုင်မြဲအောင်လုပ်နိုင်ရမယ်၊ ငါ့မွေးချင်း ငါ့မိသားစုဆိုတဲ့အတ္တကို ပယ်နိုင်ရမယ်၊ အိမ်ထောင်ပြုလိုက်ပြီး တခြားမိသားစုဝင်ဖြစ်သွားပြီဆိုတာနဲ့ ကိုယ့်ရဲ့တစ်ဝမ်းတည်းဖွားတဲ့မိသားစုတွေဟာ ဒုတိယနေရာရောက်သွားပြီ၊ ကိုယ့်မှာအဆင်ပြေလို့ထောက်ပံ့ကျွေးမွေးပြုစုစောင့်ရှောက်တာကတစ်မျိုးပေါ့၊ ဒါလည်း လင်ကကြည်ဖြူအောင် ကိုယ်ကသိမ်းသွင်းနိုင်ရမယ်၊ လင်မကြည်ဖြူဘဲ ပေးတာကမ်းတာထောက်ပံ့တာ ခိုးဝှက်ပြီးလုပ်တာမျိုး ဘယ်တော့မှ မလုပ်ရဘူး၊ အဲဒါသမီးမြဲမြဲမှတ်ထား"

အဖေကတော့ သူမ အိမ်ထောင်ရေးအကြောင်း ခဏခဏ ပြောလေသည်။ သူမမှာတော့ တရားဝင်အချစ်ဆိုတာတောင် မရှိသေးပါ။ လှိုင်ဘွားနှင့်ပတ်သက်ပြီး *မျှော်လင့်ချက်က လုံးပါးပါးရတော့မည့်အခြေအနေ





ဖြစ်သည်။

"ဟို သမီးတစ်ခုလောက် ပြောလို့ရမလား အဖေ"

"ပြောပါ သမီး၊ ဘာများပြောချင်လို့လဲ"

"ဟို လှိုင်ဘွားအဖေကိစ္စပါ"

"ကိုသာအောင်က ဘာဖြစ်လို့လဲ သမီး"

"လှိုင်ဘွားက မင်းသားဖြစ်ဖို့ ကုမ္ပဏီက စိစဉ်ပေးတဲ့ကွန်ဒိုမှာသွားနေရတယ် အဖေ၊ ဦးလေးက သူတို့ငှားနေတဲ့တိုက်ခန်းမှာ ကျန်ခဲ့တယ်၊ လှိုင်ဘွားလည်း ရှုန်းကန်နေရဆဲမို့ သူ့အဖေနေတဲ့တိုက်ခန်းကို ထပ်စာချုပ်နိုင်ဖို့ မလွယ်ဘူး၊ အဲဒါကြောင့် အဖေ အနေမခက်ဘူးဆိုရင် အိမ်မှာခေါ်ထားချင်လို့ပါ အဖေ"

သမီးမျက်နှာကို ဦးသောင်းစိန် သေချာကြည့်ကာ အကဲခတ်လိုက်မိသည်။ သမီးက သူမ ဘာဖြစ်ချင်သည်ဆိုတာ တစ်ခါမှ တောင်းဆိုဖူးတာမရှိပါ။ အခု လှိုင်ဘွားနှင့်ပတ်သက်ပြီး သမီး လုပ်ပေးချင်သည့်ဆန္ဒတွေ ရှိနေသည်လား။

"ကိုသာအောင် ဒုက္ခရောက်နေတယ်ဆိုရင်တော့ သမီးခေါ်ချင်လည်း ခေါ်ထားလေ၊ အဖေတို့အတွက်လည်း ဒုက္ခများစရာမှ မရှိတာ၊ သူ့အလုပ်မရှိလည်း အိမ်မှာ အိမ်စောင့်တောင်ရသေးတာပဲ"

"သမီးလည်း အဲဒီလိုတွေးမိလို့ပါ အဖေ၊ အိမ်စားစရိတ်ကို သမီးထာဝန်ယူပါမယ်၊ အဖေရတဲ့လစာကို ဘဏ်မှာထည့်ပြီး အဖေအိုစာမင်းစုထားလိုက်ပါ"

"သမီးလစာလေးနဲ့ ဘယ်လောက်မှာလဲ သမီး၊ အဖေက ပင်စင်



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိဦးမှာပါ၊ သမီးကို အဖေလစာအကုန်အပ်မယ်၊ သမီးက စီမံပြီးကြည့်သာလုပ်၊ အဖေ့အတွက်က တခြားဘာမှကုန်စရာလည်းမရှိဘူး၊ အိမ်တွင်းသုံးအိမ်ထောင်ဖြုန်းမရှိတဲ့အတွက် အဆင်ပြေလာမှာပါ သမီးရယ်''

''ဒေါ်သန္တာအပေါ်ရော အဖေ တကယ်စိတ်ပြတ်ရဲ့လားဟင် တကယ်လို့''

''မပြတ်လည်း ပြတ်ရမှာလဲ သမီး၊ သူ့ဆီက အဖေ အများကြီး မျှော်လင့်မထားပါဘူး၊ အိမ်ထောင်မှုထိန်းသိမ်းနိုင်ဖို့နဲ့ မိသားစုအပေါ် နားလည်ပေးဖို့ပါပဲ၊ စီးတဲ့ရေဆယ်တဲ့ကန်သင်း၊ ဝင်တဲ့ငွေကိုသာတန်ဖိုးထားတတ်မယ်ဆိုရင် ဒီလောက်မပြည့်မစုံဖြစ်စရာအကြောင်းလည်း မရှိဘူး၊ အခုဟာက သူ့သွေးသား မောင်နှမတွေအတွက်ပဲ အတ္တကြီးနေတော့ ကြားထဲကနေ အဖေတို့က ဒုက္ခခံရင် ကိုယ်ပဲဒုက္ခများရုံရှိမှာပေါ့ သမီးရယ်''

''မောင်တွေညီမတွေ နှိပ်စက်တာနဲ့ ဒေါ်သန္တာ သနားတော့သနားပါတယ် အဖေ၊ သွေးသားဆိုတော့ ပြတ်လို့လည်းမရဘူးမဟုတ်လား၊ သူတို့တွေသာမရှိရင် ဒေါ်သန္တာလည်း သမီးတို့အပေါ် ကောင်းချင်ကောင်းမှာပါ၊ မိသားစုနဲ့ပတ်သက်တော့ မတတ်သာတဲ့အခြေအနေတွေကြောင့် သမီးတို့အပေါ် မတရားမှုတွေလုပ်နေသလို ဖြစ်နေတဲ့သဘောပါပဲ''

''အပြစ်တွေမများခင်က အဖေလည်း အဲဒီလိုပဲ တွေးခဲ့ပါတယ်၊ သူ့မွေးချင်းသူချစ်မှာပေါ့၊ သူ့မွေးချင်းသူထောက်ပံ့ချင်မှာပေါ့ ပေးကမ်းချင်မှာပေါ့၊ ဒီလောက်လေးတော့ ဘာမှမဖြစ်ပါဘူး၊ ကုသိုလ်တောင်ရပါသေးတယ် ထားလိုက်ပါ ပေးလိုက်ပါနဲ့ စေတနာတွေထားပေးခဲ့တာပဲ၊ ဘာပြောပြောဆိုဆို သူ့အကျင့်ပါလေ၊ ရှိပါစေတော့နဲ့ နားလည်မှုတွေလည်း ပေးခဲ့တယ်၊ အဲဒီ





ဆိုက်လျှောမှုတွေကပဲ သူ့ကိုလောဘတွေဖြစ်စေခဲ့သလား မသိတော့ပါဘူး၊ အခုတော့ အခုလိုပြတ်ပြတ်သားသား ဖြစ်သွားတာ အဖေ့စိတ်ထဲ တကယ်ချသွားတယ်၊ တကယ်ပြောတာပါ သမီး၊ အဖေ ရင်ထဲမွန်းကျပ်မှုတွေ ရှိတော့ဘဲကို ပေါ့သွားတာ''

အဖေ့စိတ်ထဲတကယ်ပေါ့ပါးသွားပါစေလို့ပဲ ဆုတောင်းမိသည်။ အဖေ့မျက်နှာလေးကတော့ ကြည်လင်လို့ပါ။ ဒေါ်သန္တာမရှိဘူးဆိုမှတော့ အဖေ့ကို သူမပဲ ပိုဂရုစိုက်ပေးရတော့မှာပေါ့။

လှိုင်ဘွားရေ ငါရင်ဖွင့်ဖို့ နင်မရှိတော့ ဘယ်လိုလုပ်ရမှာလဲ။ စိတ်ခြောက်ခြားစေတဲ့ရင်နင့်မှုတွေနဲ့ နေခွင့်မရတော့ ပိုပြီးလွမ်းမိတယ်။ နင်ရောငါ့ကို သတိရချိန်မှ ရပါ့မလား။ ငါကတော့ အချိန်တိုင်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

အချိန်နာရီနေ့ရက်တွေကို မြန်မြန်ကုန်ဆုံးပါစေဟု ဆုတောင်းရင်း အသက်ရှင်နေရတာ ပင်ပန်းလှသည်။ အချိန်တိုင်း စောင့်ကြည့်ခံနေရသည့် ဘဝနှင့် သူရှင်သန်နေရတာ အဓိပ္ပာယ်မှ ရှိပါရဲ့လား။

သူ့အနားမှာ မန်နေဂျာတစ်ယောက် ဘော်ဒီဂတ်တစ်ယောက်။ မနက်အိပ်ရာထချိန် ရေချိုးအဝတ်အစားလဲချိန်၊ စားချိန်သောက်ချိန် ရှုတင်သွားချိန်၊ အိမ်ပြန်လာချိန်၊ နားချိန်၊ ညအိပ်ရာဝင်ချိန်၊ အချိန်တွေအား လုံးက စာအုပ်ထဲမှာ အချိန်ဇယားကြီးနှင့်။

သူ့ရဲ့နေ့တစ္ဆဝ ဝေယျာဝစ္စကိစ္စတွေ အများကြီးကို စနစ်တကျ လုပ်ပေးနေကြသည်ဆိုပေမယ့် သူ ဘယ်သူ့ကိုမှ စိတ်တိုင်းမကျပါ။ သူနေ သော ကွန်ဒိုမှာ ဆရာတစ်ယောက်သာ လာခွင့်ရှိပြီး မေ့မှူးမာန်ကတော့ တစ်ခါတစ်ရံ ရောက်လာတတ်သည်။

ဒီအတောအတွင်း မီဒီယာပေါင်းစုံက အင်တာဗျူးလာမေးကြတာ





…လို ဟိုပွဲဒီပွဲတက်ရတာတွေနှင့် ကားရိုက်လည်း မနားရပေ။ မေ့မှူးမာန် …ဆက်သွယ်ပေးမှုကြောင့် ကြော်ငြာတွေရိုက်ရ၊ ဗွီစီဒီတွေမှာ သရုပ်ဆောင် …ရ၊ မဂ္ဂဇင်းဂျာနယ်တွေအတွက် အလှဓာတ်ပုံရိုက်ပေးရနှင့် ကြာတော့ …တ စက်ရုပ်တစ်ရုပ်လို ဖြစ်လာခဲ့သည်။

"ဒီလိုအခွင့်အရေးတွေရလာဖို့ မေ့မှူးမာန် အရမ်းကိုကြိုးစားထား …ာ လိုင်ဘွား၊ သူ့အရှိန်အဝါကြောင့် မင်းနေရာကောင်းတွေ မြန်မြန်ရနေ …ာ၊ သူ့စည်းကမ်းအောက် မင်းနေပေးလို့လည်း မင်းကိုအခွင့်အရေးကောင်း …တွေ့ရအောင် ပံ့ပိုးနေတာပဲ၊ မင်းလိမ္မာပါးနပ်ဖို့ပဲ လိုတယ်၊ မင်းအဖေကို …မ်းလို့ သူငယ်ချင်းကောင်မလေးကိုလွမ်းလို့ သတိရလို့ဆိုပြီး အရွဲ့တိုက်ဖို့ …လျှော့လိုက်ဖို့တော့ မစဉ်းစားနဲ့၊ နောက်ကြောင်းကို ချက်ချင်းပြန်ရောက် …သွားမှာ၊ ဒီနေရာလောက်နဲ့ပဲ ကျေနပ်ပြီး နောက်ပြန်လှည့်မယ်ဆိုရင်တော့ …င်းသဘောပဲ"

ဆရာက ချော့ကာတစ်မျိုး၊ ခြောက်ကာတစ်မျိုး၊ သိမ်းသွင်းလိုက် …နှိမ်ချုပ်လိုက်ဖြင့် သူ့ကိုအမြဲတမ်း စောင့်ကြည့်ကာ သတိပေးနေသည်။ …နှမ်းကျုပ်မှုတွေဖြင့် တစ်ခါတစ်ရံ စိတ်ပျက်စိတ်ကုန်ကာ ဒီအလုပ်ကြီးကို …ုပ်ချင်တော့သော်လည်း အဖေနှင့်သီရိ မျှော်လင့်နေသော အောင်မြင်မှု …တာကြီးက လက်တစ်ကမ်းမှာပဲရှိတော့တာမို့ မနည်းအားတင်းထားရသည်။

ဒီနေ့တော့ သူ ဘယ်လိုမှမနေနိုင်တော့။ ဒီနေ့ရိုက်ခဲ့ရတာကလည်း …န်အချစ်ဇာတ်လမ်းလေးမို့ တစ်နေ့လုံး သီရိကို သတိရနေခဲ့သည်။ အတူ …က်ပြုတ်စားသောက်ပြီး စနောက်ပျော်ရွှင်ခဲ့ရတာလေးတွေကို ပြန်မြင်ယောင် …မိတာကြောင့် အလုပ်လုပ်ရတာတောင် စိတ်မပါပေ။ ဒါပေမဲ့ အောင်မြင်မှု



www.burmeseclassic.com

www.burmeseclassic.com



အဖေနှင့်သီရိနှင့်အတူနေလို့ရမှာမို့ သူ့ စိတ်နှစ်ကာ ကြိုးစားခဲ့ရသည်။ တစ်သ လုံးဝေးရဖို့တော့ မဖြစ်နိုင်ဘူးမဟုတ်လား။ မြန်မြန်နီးဖို့ မြန်မြန်ပဲကြိုးစားရမှာ ပေါ့။

"ဟယ် ဟယ်လို သီ သီရိ"

"လှိုင် လှိုင်ဘွားလားဟင်"

ဖုန်းနံပါတ်က အသစ်မို့ သီရိ အသံကိုဖမ်းမိသော်လည်း မယုံမရဲ လေးမေးလိုက်တာဖြစ်မည်။ သူ့အရင်ဖုန်းက ဘယ်သူနှင့်မှ ဆက်သွယ်လို့ မရအောင်ဆိုပြီး မေမှူးမာန် သိမ်းထားခဲ့တာဖြစ်သည်။ အလုပ်ကိစ္စပြောစရာ ရှိလျှင် မန်နေဂျာနှင့်ဘော်ဒီဂတ်ဆီကသာ တစ်ဆင့်ဆက်သွယ်ရ၏။

သီရိ အသံလေးကိုကြားတော့ သူ့ မျက်ရည်တွေ ချက်ချင်းဝဲတက် ကာ အသံတွေတုန်ယင်လာသည်။

"သီ သီရိ ငါ ငါလှိုင်ဘွားပါဟာ"

"လှိုင်ဘွား လှိုင်ဘွား ငါ ငါနင့်ကို အရမ်းသတိရနေတာ"

"ငါလည်း သတိရနေတာ လွမ်းနေတာပါ သီရိရယ်၊ အဲဒါကြောင့် ငါ မနေနိုင်ဘဲ ဖုန်းဆက်လိုက်တာ"

"အရင်ကတော့ ဘာလို့ဖုန်းမဆက်တာလဲ၊ အလုပ်တွေဘယ် လောက်များများ ငါးမိနစ်လောက် ဖုန်းပြောဖို့တော့ နင့်မှာအချိန်ရမှာပါ၊ ငါက နင့်အလုပ်တွေရှုပ်နေလို့ မဆက်တာနေမှာဆိုပြီး ငါကစပြီး ဆက်လိုက် ရင် နင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ မဆက်ဘဲနေခဲ့ပေမယ့် ဟိုတလော ကတော့ မနေနိုင်လွန်းလို့ နင်အလုပ်နားချိန် ညဘက်ကြီးဆက်လိုက်သေး တယ်၊ ဖုန်းက စက်ပိတ်ထားတယ်ချည်းပြနေတာ၊ ငါနဲ့တောင် ဖုန်းမပြော





ချင်လို့လားလို့၊ ငါ အရမ်းဝမ်းနည်းနေခဲ့တာ လှိုင်ဘွား"

"မဟုတ်ပါဘူးဟာ၊ ငါ့ဖုန်းက စကတည်းက ဘယ်သူနဲ့မှ ဆက် သွယ်လို့မရအောင် အလုပ်ကိုပဲ အာရုံစိုက်လုပ်အောင်ဆိုပြီး မေမှူးမာန်သိမ်း ထားတာပါ"

"ဟင် မေမှူးမာန်က အဲဒီလောက်တောင် နင့်ကိုချုပ်ကိုင်ထားတာ လား၊ အဲဒီလောက်ကြီး တင်းကျပ်လွန်းတာတော့ လွန်တာပေါ့၊ နင် သံတိုင် တွေနောက်မရောက်ရုံပဲရှိတော့တယ်၊ အကျယ်ချုပ်သဘောကြီးပါလား လှိုင် ဘွားရယ်၊ ဒါနဲ့ အခုလွတ်လပ်ခွင့်ပေးလိုက်လို့ ဖုန်းကိုင်ခွင့်ရတာလား"

"မဟုတ်ပါဘူး၊ ဒီဖုန်းက ဖုန်းရောင်းပွဲ ပရိုမိုးရှင်းမှာ ကြော်ငြာရိုက် ပေးထားလို့ လက်ဆောင်ရတာ၊ အဲဒါ အဖေ့ဖုန်းနံပါတ်နဲ့ နင့်ဖုန်းနံပါတ်ကို ငါ အလွတ်ရနေလို့ တော်သေးတာပေါ့ဟာ၊ မဟုတ်ရင် ဖုန်းရှိနေရင်တောင် ဆက်လို့ရမှာမဟုတ်ဘူး"

"လှိုင်ဘွားရယ်"

ဒီလောက်တောင် ကျဉ်းထဲကျပ်ထဲနေရတာပါလားလို့ စိတ်မ ကောင်းဖြစ်သွားရသည်။ အစကတော့ လှိုင်ဘွားနေနိုင်ရက်လိုက်တာ၊ ဒီ လောကထဲရောက်သွားတော့လည်း ပျော်သွားပြီး မေ့နိုင်ပြီပေါ့လို့ ထင်နေခဲ့ တာ။

"လှိုင်ဘွား နင် အဆင်ရောပြေရဲ့လား၊ ကြော်ငြာတွေတော့ ကြည့်နေရပြီး ဇာတ်ကားတွေက ထွက်မလာသေးဘူးနော်"

"ရိုက်တာတော့ တော်တော်များများ ရိုက်ပြီးသွားပြီ၊ ဇာတ်ကား တွေစုနေတယ်ပြောတာပဲ၊ နောက်အပတ်ကစပြီး တစ်ပတ်တစ်ကား ဖြန့်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့၊ ကားကဆက်တိုက်ဖြန့်မှ ကာရိုက်တာပေါင်းစုံကြည့်ရပြီး ပရိသတ်က လက်ခံမယ်တဲ့၊ ဆရာနဲ့မေ့မှူးမာန်တိုင်ပင်ပြီး လုပ်နေတာပဲ''

''နင်အောင်မြင်မှာပါ၊ ကြော်ငြာနဲ့တင်ပေါက်နေပြီ၊ မဂ္ဂဇင်းတွေ ဂျာနယ်တွေလည်းပါနေပြီဆို နင့်အဖေက ပြောတယ်၊ ငါကတော့ အလုပ် ဆင်းနေရတဲ့အချိန်ကများလို့ မဖတ်ဖြစ်ဘူး၊ ဒါပေမဲ့''

နင့်အမေအိမ်ပြောင်းလာလို့ ယူလာရင် ဖတ်ဖြစ်မှာလို့ ပြောတော့မှာကို မနည်းပြန်ထိန်းလိုက်ရသည်။ သူ့အဖေ အဆင်မပြေတာကြောင်း ခေါ်ထားမှာကို လှိုင်ဘွား မသိစေချင်ပါ။ စိတ်မကောင်းဖြစ်ပြီး ပြန်ပြောမှာကို မလိုလားပေ။

''လှိုင်ဘွား ဟိုလေ''

''အေး ပြော သီရိ''

''နင် စားရသောက်ရ နေရထိုင်ရ အဆင်ပြေရဲ့လားဟင်''

''စားသောက်နေထိုင်မှုအားလုံးက အချိန်ဖယားနဲ့ပါ၊ သီရိရယ် ငါနေတဲ့ကွန်ဒိုမှာ မေ့မှူးမာန်က မန်နေဂျာတစ်ယောက် ဘော်ဒီဂတ်တစ် ယောက်ထားပေးတယ်၊ သူတို့ကပဲ ဇာတ်လမ်းကိုစွ ငါ့ရဲ့စားသောက်နေထိုင်မှု ကိုစွ၊ အဝတ်အစားအသုံးအဆောင်၊ ပြောရရင် ရေအိမ်ဘယ်နှခါ လက်ထရိန်ဘယ်နှခါသွားတယ်ကအစ စောင့်ကြည့်ပြီး ကျန်းမာရေးပါတာ ယူ ကြတယ်''

''ဟင်း မင်းသားတစ်ယောက်ဖြစ်ဖို့ အဲဒီလောက်တောင် ထိန်း လား''

''မသိဘူးလေ၊ ငါလည်း သာမန်လောက်ပဲတွေးထားခဲ့တာ အခု





တော့ အစားအသောက်ဆိုလည်း ကိုယ်စားချင်တာစားလို့ မရဘူး၊ စားချင် သလောက် မစားရဘူး၊ အိပ်ရာဝင်ချိန် အိပ်ရာထချိန်ကလည်း ကိုယ့်သဘော ဆန္ဒအတိုင်းမဟုတ်ဘူး၊ လူက စက်ရုပ်အတိုင်း ရိုမုတ်နဲ့ခိုင်းတဲ့အတိုင်း လုပ် နေရသလိုပဲ၊ ငါ အရမ်းစိတ်ပျက်ငြီးငွေ့မိတယ် သီရိ၊ တစ်ခါတလေ နင်နဲ့ အဖေ့အနားကို ပြန်ပြေးလာချင်တယ်''

မွန်းကျပ်မှုတွေအတွက် ကိုယ်ချင်းစာမိသွားသော်လည်း သူမ ကပျာကယာပင် လှိုင်ဘွားကို ဖြေသိမ့်ဖို့ ကြိုးစားလိုက်ရသည်။

''ဟင့်အင်း လှိုင်ဘွား နင် အဲဒီလိုလုပ်လို့ မရဘူး၊ နင်က သာမန် လူတစ်ယောက်မဟုတ်တော့ဘူး၊ အနုပညာရှင်၊ ပရော်ဖက်ရှင်နယ်တစ် ယောက်ဖြစ်ဖို့ ကြိုးစားနေတဲ့လူ၊ အရာရာကို ထိန်းချုပ်ထိန်းသိမ်းနိုင်ရမယ်၊ ဘောင်တစ်ခုတည်းမှာနေတတ်ရမယ်၊ မနေတတ်လည်း ကျင့်ယူရမှာပေါ့ လှိုင်ဘွားရယ်၊ နင်အောင်မြင်မှုဆိုတာကို ရယူချင်တဲ့အတွက် အများကြီး စွန့်လွှတ်ရတာမျိုးလည်း ရှိနိုင်တာပဲလေ''

''နင်က အဲဒီစကားတွေပြောနေတော့ ငါ့ကို သတိမရလို့လား သီရိ၊ ငါကတော့ ငါတို့နှစ်ယောက် အတူချက်ပြုတ်စားခဲ့ကြတာတွေ နင့် အိမ်ကို ပြန်တဲ့လမ်းလေးမှာ အတူလမ်းလျှောက်ခဲ့ကြတာတွေ အားလုံးကို သတိရပြီး လွမ်းနေခဲ့တယ်၊ အဲဒီလွမ်းတဲ့အချိန် နင့်မျက်နှာလေးကို ပြေးပြီး တွေ့ချင်လာတယ်၊ အောင်မြင်ဖို့ဆိုတာတွေ ပရော်ဖက်ရှင်နယ်ဖြစ်ဖို့ဆိုတာ တွေ အဝေးကိုလွှင့်ပစ်ချင်လာတယ်၊ ငါဘာကောင်မှမဟုတ်ဘဲ နင့်အနား က တစ်ခါတစ်ရံ နင့်လက်ကလေးကို ဆုပ်ကိုင်ခွင့်ရတဲ့လှိုင်ဘွားအဖြစ်နဲ့ နေချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်ဘွားရယ်"

ငါက နင့်ထက်ပိုပါတယ်ဟု မပြောချင်။ လှိုင်ဘွားအားဆွေး စိတ်ကုန်သွားတာမျိုးမဖြစ်စေချင်လို့ပါ။ ရည်မှန်းချက်တွေက လမ်းခုလတ်မှာ တင် ရပ်တန့်သွားလို့မဖြစ်ဘူးမဟုတ်လား။ ဝဲလာသော မျက်ရည်တွေကို သုတ်လိုက်ပြီး

"လှိုင်ဘွား နင် မရေရာတဲ့ဘဝမျိုးမှာ မနေချင်ဘူးဆို၊ မပြည့်စုံတဲ့ ဘဝမှာ နင် ငါ့ကိုချစ်တယ်ဆိုတဲ့စကားတောင် ဖွင့်မပြောရက်ခဲ့ဘူးမဟုတ် လား၊ လွတ်လပ်ပေမယ့် မပြည့်စုံတဲ့ဘဝမှာလည်း ရင်ထဲကခံစားချက်ကို တောင် ဖွင့်မပြောနိုင်တဲ့အခြေအနေတွေရှိခဲ့တာပဲဟယ်၊ ဘဝဆိုတာ ဘယ် နေရာမှာမှ ဆန္ဒနဲ့တစ်ထပ်တည်း မကျတတ်ကြပါဘူး၊ နင်အခုရောက်နေတဲ့ ဘဝမှာ မပျော်မွေ့လို့ ရုန်းထွက်လိုက်ရင် အရင်ဘဝ အရင်အခြေအနေကို ပြန်ရောက်သွားရုံပဲရှိမှာပေါ့၊ ဖြစ်ချင်တိုင်းဖြစ်ရတဲ့ဘဝဆိုတာမျိုး ရှိလို့လား၊ လူတွေအားလုံး ကိုယ်နဲ့ထိုက်တန်တဲ့ဘဝတွေမှာ အားလုံးရုန်းကန်နေရတာ တွေချည်းပါပဲ"

"ငါမသိလို့မဟုတ်ပါဘူး သီရိရယ်၊ ငါ ဘယ်လိုနေရမယ် နေသင့် တယ်ဆိုတာ ငါ့ကိုယ်ငါ သိပါတယ်၊ ဆရာက အမြဲတမ်း အနီးကပ်သတိပေး နေလို့ ငါ့ကိုယ်ငါ အရှမ်းလည်း ထိန်းချုပ်ပါတယ်၊ ဒါပေမဲ့ တစ်ခါတလေ အမေနဲ့နင့်ကို လွမ်းလို့ ငါ ငါဘယ်လိုမှ မနေတတ်ဘူးဟာ၊ ငါ အရမ်းလွမ်း တယ်"

"ငါနဲ့နင့်အမေလည်း နင့်ကိုအရမ်းလွမ်းကြတာပါပဲ လှိုင်ဘွား ဒါပေမဲ့ နင့်အောင်မြင်မှုတွေအတွက် ငါတို့နင့်ကို ရင်နာနာနဲ့စွန့်လွှတ်နေရတာ





ပါ၊ အဲဒါကို နင် နားလည်ရင် ပိုပြီးကြိုးစားပါ လှိုင်ဘွားရယ်နော်၊ ငါတို့နဲ့ နီးနီးနေချင်ရင် နင်မြန်မြန်ကြိုးစားမှဖြစ်မယ်၊ ငါပြောတာ သဘောပေါက်တယ် မဟုတ်လားဟင်"

"သဘောပေါက်ပါတယ် နားလည်ပါတယ် သီရိရယ်၊ ဟင် တံခါး ခေါက်နေပြီ၊ ငါ့အခန်းမီးလင်းနေတာကို မီးပိတ်ပြီး အိပ်ဖို့လာပြောရင်းနဲ့ နွားနို့လာပို့တာ၊ ဒါပဲနော် သီရိ၊ နောက်နေ့အချိန်ရမှ ငါဖုန်းထပ်ဆက်မယ်၊ နင်နဲ့စကားပြောနေတာကြာသွားလို့ အမေနဲ့ဖုန်းပြောဖို့တောင် အချိန်မရတော့ ဘူး၊ နင်ကြိုဆက်ထားလိုက်ပါဟာ၊ အမေ့ဆီကို ငါ ဖုန်းဆက်မယ်လို့နော်"

"အေးပါ အော်သံတွေတောင် ကြားနေရပြီ၊ ဒါပဲနော် လှိုင်ဘွား နင် အစစအရာရာ အားလုံးအဆင်ပြေပါစေ"

"အေး အေး ဂွတ်နိုက် သီရိ"

လှိုင်ဘွား ဖွတ်အမြန်ပင် ဖုန်းချသွားသည်။ လှိုင်ဘွားအစား အသက်ရှူလို့မဝလောက်အောင်ပင် မွန်းကြပ်သွားမိ၏။ အချိန်ဇယားကြီးနှင့် ဘောင်ထဲမှာ လှိုင်ဘွား ဘယ်လိုလုပ်နေနိုင်မှာလဲ။

အနုပညာသမားဆိုပေမယ့် အဲဒီလောက်အထိ တင်းကျပ်ခံရဖို့ လိုအပ်လို့လား။ မေ့မှူးမာန်ကိုမျက်လုံးထဲမြင်ယောင်ကာ အလိုလိုမုန်းတီးမိ သွားလေသည်။ ဘာကြောင့် လှိုင်ဘွားကို ဒီလောက်တောင် ချုပ်ချယ်ကန့် သတ်ပိုင်စိုးထားရတာလဲ။ ဘာအတွက်လဲ၊ ဘာကြောင့်လဲ။

နင်ဘယ်လောက်တောင် ပင်ပန်းနေပြီလဲ လှိုင်ဘွားရယ်။

ရင်ထဲက တမ်းတကာ ညည်းညူမိရင်း သူမကိုလွမ်းသည်ဆိုသည့် အတွက် ကျေနပ်ကြည်နူးနေမိသည်၊ နင့်နှုတ်ဖျားက လွမ်းတယ်ဆိုတဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



လေး ကြားရတာ ငါ့အတွက် အလွမ်းနေ့ရက်တွေ ဆက်နေဦးမယ်ဆိုရင်တော့ ကျေကျေနပ်နပ် လွမ်းနေရဦးမှာပါ လှိုင်ဘွား။

ငါလေ နင့်အတွက် အချစ်တွေစုဆောင်းရင်း ဘယ်အချိန်ထိပဲဖြစ်ဖြစ် စောင့်နေပါ့မယ်။

■ ■ ■



## အခန်း (၂၆)

"လှိုင်ဘွား စောင့်နေတာ ကြာပြီလား"

"ဟုတ်ကဲ့"

အရွဲ့တိုက်ချင်လာသလို တုံးတိပဲဖြေလိုက်မိသည်။ သူ့ဖာတ်ကား ဒီနေ့ဖြန့်မှာမို့ မေမျှုးမာန်ရဲ့ထုတ်လုပ်ရေးတိုက်ရှိသော သုံးဆယ့်ခြောက်လမ်းကို အတူသွားကြရန် သူမအိမ်ကို သူရောက်လာရခြင်းဖြစ်သည်။

အခွေများကို မေမျှုးမာန်နှင့် သူ လက်မှတ်ထိုးကာ ရောင်းချပြီး ကံစမ်းမဲလည်းဖောက်ပေးမည့်အစီအစဉ်ရှိသည့်အတွက် မနေ့က ကြိုဖြတ်အင်အားကလည်း မနည်းလှပေ။

တိုက်မန်နေဂျာများက အခြေအနေကောင်းသည်၊ ကြော်ငြာ‌ဝင် တင်ပေါက်နေတာမို့ ဈေးကွက်မရသေးသော မင်းသားသစ်ထဲမှာ အချိုးရေ အများကြီးရောင်းရသော စံချိန်တောင် ချိုးနိုင်သည်ဟု သတင်းပေးခဲ့သည်။ မေမျှုးမာန်ကတော့ ပျော်နေ၏။ သူလည်း မပျော်ဘဲရှိပါ့မလား။

www.burmeseclassic.com



ဒါပေမဲ့ သူ့ကို အချိန်စောချိန်းပြီး သူမ အလှပြင်တာကို စောင့်နိုင်းတာတော့ စိတ်မရှည်ပေ။

"ဆရာတောင် ရောက်နေလောက်ပြီ"

သူ ခပ်ဆတ်ဆတ် ထပ်ပြောတော့ မေ့မှူးမာန်က ပြုံး၍.

"ဆရာလည်း မင်းအတွက် စိတ်လှုပ်ရှားပြီး စောရောက်နေမှာ သေချာတာပေါ့။ မင်းဇာတ်ကားကို ကံစမ်းမဲပရိုမိုးရှင်းကြောင့် အခွေအဝယ်များတာလား။ ဇာတ်ကိုကြိုက်လို့လား။ မင်းသရုပ်ဆောင်တာကြိုက်လို့ အားပေးမှာလား။ ဒီနေ့က လက်တွေ့သိရမယ့်နေ့ပဲ။ အကောင်းဆုံးကားကို ပထမဆုံးဖြန့်တယ်ဆိုပေမယ့် နောက်ကားတွေလည်း မင်းသရုပ်ဆောင်တာမဆိုးဘူးဆိုတာပါတော့ လက်ခံပါတယ်၊ ငါက အဲဒီလို ကြိုးစားမှုရှိမှ ကြိုက်တာ"

ချီးကျူးတာကို ကျေနပ်လက်ခံမိသော်လည်း အဖေနှင့်ပတ်သတ်ပြီး မေ့မှူးမာန်အပေါ် အမုန်းအမျက်မပြေနိုင်တာကြောင့် သူခပ်တင်းတင်းသာ နေမိသည်။ အဖေနှင့်သီရိကို သူနှင့်ခွဲထားတာလည်း မကျေနပ်နိုင်ပါ။ ဖုန်းမပြောရ မဆက်ဆံရ၊ သူအောင်မြင်ဖို့က ဒီလောက်ထိ ပြင်းထန်စွာ ကန့်ကွက်ဖို့ လိုအပ်လို့လား။

"ကဲ သွားမယ်၊ အားလုံးအဆင်သင့်ဖြစ်ပြီလား ကိုတိုး"

"ဟုတ်ကဲ့ အဆင်သင့်ဖြစ်ပါပြီ မင်းသမီး"

"သွားစို့ လှိုင်ဘွား"

သူ့ကားကို မေ့မှူးမာန်အိမ်မှာထားခဲ့ပြီး မေ့မှူးမာန်ကားနှင့် လိုက်ခဲ့ရသည်။ လမ်းရောက်တော့ ထုတ်လုပ်ရေးတိုက်မှာ အရင်ရောက်နှင့်နေသော မန်နေဂျာဆီက ပရိသတ်တွေအရမ်းတိုးခွေ့နေ၍ လမ်းရှင်းထားရသည်





ဟု အကြောင်းကြားလာသည်။ မေ့မှူးမာန်မျက်နှာက ကျေနပ်အားရစွာ ပြုံးနေ၏။

"မင်းသားနဲ့မင်းသမီးနဲ့ဝင်ဖို့ လမ်းလေးနည်းနည်း ဖယ်ပေးကြပါ၊ ခဏလေးပါ ခင်ဗျာ ခဏလေးပါ၊ ပြီးရင် ဒီကားကိုရိုက်တဲ့ ဒါရိုက်တာရော မင်းသား မင်းသမီးရော လက်မှတ်ထိုးပေးမှာပါ"

"အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ အားပေးတာကိုလည်း ခံသာပါတယ်၊ ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ကံစမ်းမဲတွေကို မင်းသားကိုယ်တိုင် နာမည်ခေါ်ပြီး ဖောက်ပေးပါလိမ့်မယ်၊ လမ်းလေးသာ ခဏလောက်ဖယ်ပေးကြပါ ခင်ဗျာ'

"မေ့မှူး မေ့မှူး"

"လှိုင်ဘွား လှိုင်ဘွား"

အော်ဟစ်အားပေးသံများက လမ်းတစ်ခုလုံး အုတ်အော်သောင်းတင်း ပွက်လောညံနေသည်။ လှိုင်ဘွားနှင့်မေ့မှူးမာန် နာမည်တွေအော်၍ နီးစပ်ရာလူများက တိုးဝှေ့၍ လက်ဆွဲနှုတ်ဆက်ကြ ဓာတ်ပုံတွေရိုက်ကြသည်။ သတင်းသမားတွေကလည်း ဓာတ်ပုံတဖျပ်ဖျပ် မလွတ်တမ်းရိုက်၏။

သူ့အတွက် စိတ်အလှုပ်ရှားရဆုံး အပျော်ရွှင်ရဆုံးနေ့တစ်နေ့ ဖြစ်သည်။ သူ့နာမည်ကို အော်ပြီး အားပေးခံရမည်ဟု သူ စိတ်ကူးပင်မယဉ်ဘူးပါ။

"အခြေအနေကတော့ အရမ်းကို အိုဗာဖြစ်လောက်အောင်ပေါက်သွားပြီ မင်းသမီး၊ လှိုင်ဘွား အရမ်းကံကောင်းတယ်၊ မင်းသမီးကတင်တဲ့ မင်းသားဆိုပြီး စိတ်ဝင်စားတာလည်း ပါတယ်၊ လှိုင်ဘွား သရုပ်ဆောင်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြိုက်ကြတယ်၊ ကျွန်တော်တော့ တော်တော်လေးကို ကျေနပ်ဝမ်းသာမိတယ်''

''ဆရာ့ရဲ့ကြိုးစားမှုတွေကြောင့်လည်း ပါပါတယ် ဆရာ၊ နာမည်ကြီးဒါရိုက်တာတစ်ယောက်ရဲ့ပံ့ပိုးမှုတွေရှိတယ်ဆိုတာလည်း ပရိသတ်တွေက သိနေတယ်၊ ကံကောင်းချင်တော့လည်း ပန်းထမ်းတင်သလိုဖြစ်သွားတာပေါ့ ဆရာရယ်၊ လှိုင်ဘွားက ဒီကျေးဇူးတွေ မမေ့ဖို့လိုတယ်နော်''

မေ့မှူးမာန် စကားကြောင့် သူက ဆရာ့ကိုဦးညွှတ်ကာ အရိုအသေပြုလိုက်မိသည်။

''ကျွန်တော် မမေ့ပါဘူး ဆရာ၊ ကျွန်တော် ကျေးဇူးကန်းတဲ့သူ မဖြစ်စေရပါဘူး၊ ကျွန်တော့်ဘဝနဲ့ရင်းပြီး တိုင်တည်သစ္စာပြုပါတယ်''

''အဲဒါ မေ့မှူးက မင်းအတွက် အဓိကကျတဲ့ ကျေးဇူးရှင်ပဲ လှိုင်ဘွား၊ မင်းကို ဒီနေရာရောက်အောင် မေ့မှူးက သူ့အရှိန်အဝါနဲ့ ဆွဲတင်ပေးခဲ့တာ၊ ကြော်ငြာတွေရိုက်ရတယ်၊ ဓာတ်ပုံတွေရိုက် မီဒီယာတွေကနေဖွင့် အင်တာနက်ပေါ်သတင်းတွေတင်၊ အဲဒါတွေတင်မဟုတ်ဘဲ မင်းကို သီချင်းဆိုဖို့ကအစ စီစဉ်နေပြီ''

''ဗျာ''

''သရုပ်ဆောင်တွေ သီချင်းဆိုလို့ ပိုပေါက်သွားတာတွေ ရှိတယ်မဟုတ်လား၊ အဆိုတော်တွေလည်း သရုပ်ဆောင်လုပ်နေကြတာ၊ အဲဒီဝင်ငွေကလည်း တစ်ခါတလေ ဓာတ်ကားရိုက်တာထက်တောင် ဝင်ငွေကောင်းသေးတယ်၊ မင်းသီချင်းဆိုတာရော ဝါသနာပါတယ်မဟုတ်လား''

''ဟုတ်ကဲ့ ပါပါတယ်ဆရာ''





''အေး မပါလည်း ကိုယ့်အောင်မြင်မှုအသုံးချပြီး လုပ်သင့်တာလုပ်ရမှာပဲကွ၊ ဒါ အခွင့်အရေးပဲလေ၊ မအောင်မြင်ရင် ငွေကလိုက်လေပြေးလေ၊ အောင်မြင်လာရင်တော့ ငွေက ကိုယ်မလိုချင်တော့ပါဘူးလို့ ထွက်ပြေးရင်တောင် ကိုယ့်နောက်လိုက်လာမှာပဲ''

ဆရာ ပြောနေတာလည်း ကျေနပ်စရာပါ။ အခုကိုယ့်ရဲ့ဝင်ငွေမှန်သမျှ မေ့မှူးက ချုပ်ကိုင်ထားသည်ဆိုပေမယ့် စာရင်းဇယားနှင့်အားလုံးကို သေချာလုပ်ထားသည်ဟု ပြောသည်။

ကွန်ဒိုအခန်းကိစ္စ ကားကိစ္စ တခြားကုန်ကျစရိတ်များအားလုံးနှင့်သူမရသင့်သည်ကအစ နောက်မှရှင်းတမ်းလုပ်ပေးမည်ဆိုတော့ သူက ဘာကိုထောင်းဆိုလို့ရမှာလဲ၊ အဖေ့အတွက် အထောက်အပံ့မလုပ်ရသည့်အတွက်တော့ သူ စိတ်မကောင်းပေ။

''မင်းသား လက်မှတ်လေး''

''ဩော် ဟုတ်ကဲ့ ကျေးဇူးပါခင်ဗျာ''

''နောက်လည်းအားပေးမယ်နော်၊ မင်းသားကားတွေ ဆက်တိုက်ရိုက်ပါ''

''ဟုတ်ကဲ့ပါခင်ဗျ၊ ကျေးဇူးပါ အားပေးပါနော်''

''မင်းသားက အပြင်မှာတောင် ပိုချောသလိုပဲ၊ ကျွန်မတို့အခွေဆိုင်ကို မင်းသားဓာတ်ကားတွေကြော်ငြာပါကတည်းက မထွက်သေးဘူးလားလို့ လာမေးနေကြတာ၊ မင်းသားက နာမည်ကြီးဦးမှာ''

''နာမည်ကြီးသွားရင် မာနတော့ ကြီးမသွားနဲ့နော်၊ ကျုပ်တို့က ခေါင်းကြီးသွားရင် အားမပေးတော့ဘူး''

www.burmeseclassic.com



"မင်းသမီး မေ့မှူးမာန်နဲ့က မောင်နှမလား။ မိသားစုလား။ ချစ်သူတွေလား"

"ချစ်သူတွေဆိုရင်တော့ လိုက်ဖက်တယ်ဗျို့ မင်းသားကချောချော မင်းသမီးကချောချောနဲ့"

"သမီးတို့ကတော့ မင်းသားကို လူပျို့လေးအတိုင်း အားပေးချင်သေးတယ်နော်၊ မင်းသမီးကိုလည်း ချစ်ပါတယ်၊ ဒါပေမဲ့ လက်တော့မထပ်ကြပါနဲ့ဦး၊ နှစ်ယောက်လုံး ဒီအတိုင်းလေးနေပြီး ကြိုးစားရင်ကောင်းမှာပဲ"

"ငါတို့ကတော့ ရှင်းရှင်းပဲ၊ မင်းသမီးကိုကြိုက်လို့ မင်းသားကို အားပေးတာပေါ့၊ ကိုယ်ကြိုက်တဲ့မင်းသမီးက တင်တာဆိုတော့ အားပေးရမှာပေါ့"

အားလုံးက တိုးခွေ့လက်မှတ်ထိုး ခွဲဝယ်ရင်း တစ်ယောက်တစ်ပေါက်ပြောသွားကြသည်။ ဘာပဲဖြစ်ဖြစ် ပရိသတ်ဆီက တိုက်ရိုက်ကြားရသော စကားတွေပဲမဟုတ်ပါလား။ လှိုင်ဘွားကို သပ်သပ်အားပေးသူရှိသလို မေ့မှူးမာန်ကြောင့် စိတ်ဝင်စားကာ အားပေးသူလည်း ရှိ၏။

ထိုနေ့က အချပ်ရေတက်ကာ မှန်းထားသည်ထက် ရောင်းအားအရမ်းကောင်းခဲ့တာမို့ အခွေကကူးလို့ပင်မနိုင်အောင် ဖြစ်ခဲ့ရသည်။ ရုပ်ရှင်အစည်းအရုံးကို ဆင်ဆာကဒ်အပြေးသွားဝယ်၊ ခွေကူးသူကကူး၊ ရောင်းသူကရောင်းဖြင့် ဝန်ထမ်းတွေလည်း တစ်ယောက်မှမနားရပေ။

လှိုင်ဘွား လျှောက်ရမည့်လမ်းက ဖြောင့်ဖြူးနေပြီဆိုတာတော့

■ ■ ■



## အခန်း (၂၇)

"လှိုင်ဘွား တော်လိုက်တာ၊ သရုပ်ဆောင်ကောင်းလိုက်တာ၊ ဦးလေး လှိုင်ဘွားအရမ်းတော်တယ်၊ မီးစားတယ်သိလား။ အရမ်းချောတာပဲ ကြောင့်ကို ဒီလောက်တော်မယ် ထင်မထားဘူး။ တကယ်ပဲဟယ် လှိုင်ဘွား တို့ကတော့"

"သမီးရယ် ဇာတ်ကားကိုသေချာမကြည့်ရဘူး သမီးအသံချည်းပဲ ကိုသာအောင်က သူ့သားကားကိုကြည့်ပြီး မျက်ရည်ကျနေတာ သမီးမသိဘူးလား"

"ဟင်"

သူမက စကြည့်ကတည်းက ရင်တွေခုန်ပြီး ဝမ်းသာအားရ ပါးစပ်က တရစပ်ပြောကာ ထခုန်မတတ်ဖြစ်နေသော်လည်း ဦးသောင်းစိန်ကတော့ သချာအနီးကပ် တစိမ့်စိမ့်ကြည့်ရင်း မျက်ရည်တွေကျနေသည်။

ဘာတွေများ စိတ်မကောင်းဖြစ်နေရတာပါလဲ။

"ဦးလေး ဦးလေး ဘာလို့ ငိုနေတာလဲဟင်၊ လှိုင်ဘွားကို သတိရ



www.burmeseclassic.com

www.burmeseclassic.com



လို့လားဟင်''

ဦးသာအောင် မဖြေနိုင်သေး။ တီဗွီမှန်သားပြင်ထဲက သားရဲ့ သရုပ်ဆောင်မှုတွေကို ကျေနပ်အားရ ပီတိတွေဖြစ်ပြီး မျက်ရည်တွေကျလာခဲ့တာ။ သားအောင်မြင်သွားပြီ၊ သား တကယ်ကို အောင်မြင်သွားခဲ့ပြီ။ ဒီအဒေ မျှော်လင့်ထားတဲ့ဆန္ဒတွေ ပြည့်ပြီ။

''အီး အီး''

အသံထွက်၍တောင် ငိုချလိုက်တာမို့ သီရိ လန့်ဖျပ်သွားကာ

''ဦး ဦးလေး ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ''

''ဝမ်းသာလို့ပါ ဦးလေး ဝမ်းသာလို့ပါ သမီးရယ်၊ သားလေး အောင်မြင်သွားပြီ သမီး၊ ဒီဇာတ်ကားက ပေါက်သွားလို့ ဦးလေးတို့ ဒီနေ ငှားကြည့်လို့ရတာမဟုတ်လား။ အင်တာနက်မှာလည်း သားကိုချီးကျူးစကား တွေရေးကြတယ်၊ သားလုပ်နိုင်တာ သရုပ်ဆောင်နိုင်တာကို ဂုဏ်ယူနေကြ တယ်၊ ကားကို သေချာကြည့်လိုက်တော့လည်း သား တကယ်ကြိုးစားထား တယ်ဆိုတာ သိရတယ်၊ ဒီအဖေမလုပ်နိုင်ခဲ့တာကိုတောင် သား လုပ်နိုင် သွားပြီ''

''ထင်ထားတာထက်တောင် လှိုင်ဘွား အောင်မြင်သွားပြီဆိုတာ သမီးလည်းသိပါတယ်၊ ဒါပေမဲ့ ဒီလောက်နဲ့အတူနေလို့တော့ မဖြစ်သေးဘူး ထင်တယ်''

''ကွန်ဒိုဖိုးနဲ့ကားဖိုးက နည်းတာမဟုတ်ဘူး။ ဒီကြားထဲ သား အတွက် လိုအပ်တာလည်း ပံ့ပိုးနေရမှာဆိုတော့ သားနဲ့အတူနေရဖို့ မျှော် လင့်ချက်မရှိသေးပါဘူး သမီးရယ်၊ ဆရာကပြောတော့ ကွန်ဒို





ကားဖိုး ကြောင့် ခင်ဗျားတို့သားအဖ ခွဲနေရတာမဟုတ်ဘူး။ ခင်ဗျားနဲ့မေ့မှူးက ဖြူ သသနာဖြစ်ဖူးတယ်၊ မေ့မှူးက ခင်ဗျားသားကို မင်းသားတင်တယ်၊ ပရိသတ် တွေရော မီဒီယာတွေရော ကောလာဟလတွေနဲ့ ရှုပ်ထွေးမသွားစေချင်လို့ပါ တဲ့၊ အခုချိန်က မေ့မှူးမာန်က အောင်မြင်နေတဲ့အချိန်ဆိုတော့ သူ ဘာလုပ် လုပ် ပရိသတ်က အကောင်းမြင်ကြတယ်၊ စိတ်ဝင်စားကြတယ်၊ ဘယ်သူ့ကို တူညီလိုက်တယ် ပံ့ပိုးလိုက်တယ်ဆို ပရဟိတစိတ်ရှိတယ်ဆိုပြီး ချီးကျူးချင် ဂုဏ်ပြုချင်နေကြတာ၊ လှိုင်ဘွားဘယ်လောက်တော်တော် မေ့မှူးမာန်အရှိန် အဝါကြောင့်မဟုတ်ရင် မအောင်မြင်နိုင်ဘူးတဲ့၊ ဆရာပြောတာလည်း ဟုတ် တာပါပဲ''

''မေ့မှူးမာန်က ဦးလေးကိုတော့ ဒီလောကမှာ လုပ်စားလို့မရ တော့အောင် ကာရိုက်တာ ပျက်တဲ့လူဖြစ်အောင် အကျယ်တဝင့်အပုပ်ချခဲ့ ပြီး လှိုင်ဘွားကိုတော့ ဒီလောကထဲမှာ အောင်မြင်အောင် ဘာကြောင့်လုပ် ပေးတာလဲ၊ ပေါ်ပြူလာဖြစ်ချင်တာလား ဘာလဲ''

''ဦးလေးလည်း နားမလည်နိုင်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဦးလေးကတော့ မေ့မှူးမာန်ကို ကျေးဇူးတင်တယ်၊ သူ့ကြောင့်သာမဟုတ်ရင် သားဒီလမ်း ကြောင်းပေါ် ဒီလိုအောင်မြင်မှုတွေနဲ့ ရပ်တည်နိုင်မှာမဟုတ်ဘူး။ အခု သား အတွက် စိတ်ချရပြီလို့တောင် ပြောလို့ရတယ်။

''သမီးတို့အိမ်ကို ဦးလေးရောက်နေတာ လှိုင်ဘွား မသိဘူးမဟုတ် လားဟင်၊ ဦးလေး မပြောရသေးဘူးမဟုတ်လား''

ဦးသာအောင် ခေါင်းညိတ်၏။ ပါးပြင်ပေါ်က မျက်ရည်တွေသုတ် ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မပြောရက်ပါဘူး သမီး၊ သားဘယ်လောက်တောင် ရင်နာသွားမလဲ၊ သူက ကွန်ဒိုခန်းကြီးမှာ အိပ်နဲ့နေ၊ အိပ်ခံကားအကောင်းစားကြီးကိုစီး တန်ဖိုးကြီးအကောင်းစားအစားအသောက်တွေ စားသောက်နေတဲ့အချိန်မှာ သူ့အဖေက ဒီလိုမျိုး သူများအိမ်မှာ ခိုကပ်နေရတဲ့ဘဝမျိုးဆိုရင် သားအပြော ပြန်လာမှာ ဦးလေး သိတယ်၊ သူ့ဆရာနဲ့ မေ့မှုုးမာန်ကိုလည်း အရမ်းကို စိတ်နာသွားလိမ့်မယ်"

"ဆရာကတော့ ဦးလေး အိမ်ပြောင်းတာ သိတယ်မဟုတ်လား"

"အိမ်ပြောင်းမယ့်နေ့က ဆရာ ရောက်လာတယ်၊ ပစ္စည်းတွေထုပ်ပိုးသိမ်းဆည်းနေတာတွေ့တော့ ငြင်းလို့မရတော့ဘူးပေါ့၊ ဆရာက တိုက်ခန်းတစ်ခုချုပ်ဖို့ သူထုတ်ပေးမယ်ပြောပါတယ်၊ နောက်မှ သားဆီက တောင်းလည်း ရတာပဲ၊ ခင်ဗျား အဲဒီလိုကြီး သူများအိမ်သွားခိုကပ်မနေပါနဲ့၊ ကျွန်တော်လည်း စိတ်မကောင်းရဘူးတဲ့၊ ဦးလေးက တစ်ယောက်တည်းနေရတဲ့ သားကို ပိုလွမ်းပြီး ကျန်းမာရေးကအစ ထိခိုက်လာလို့ သားသူငယ်ချင်း ကောင်မလေးအိမ်မှာ မိသားစုလို သွားနေမှာမို့ စိတ်မပူပါနဲ့လို့ ပြောလိုက်တယ်"

"ဆရာကတော့ သဘောကောင်းပါတယ်၊ မိတ်ဆွေကောင်း ဆရာသမားကောင်း ပီသတယ်လို့ပြောရမယ်၊ လူတစ်ယောက်ကို ပခုံးထင်းတင် မြေတောင်မြှောက်ပေးချင်တဲ့စေတနာစိတ်မျိုး ရှိဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ၊ လှိုင်ဘွားက ကံကောင်းချင်လို့ပဲ ဒီလိုလူမျိုးတွေနဲ့ ဆုံရတာ ထင်တယ်၊ ဒါပေမဲ့ လှိုင်ဘွားလည်း အရမ်းကိုမွန်းကျပ်နေရှာတာ၊ သနားတော့ သနားပါတယ် ဦးလေးရယ်"





"အနုပညာသမားတွေရဲ့နောက်ကွယ်မှာ ဒီလိုမျိုး ပဋိပက္ခတွေ အခက်အခဲတွေ အဆင်မပြေမှုတွေ အကြောင်းကြောင်းတွေရှိတတ်တယ်ဆိုတာတော့ ပရိသတ်တွေက မသိကြဘူး။ သူတို့က မင်းသား မင်းသမီးရဲ့ ဖက်ရှင်တွေ အလှတွေ သရုပ်ဆောင်မှုတွေကိုပဲ ခံစားတာ၊ နောက်ကွယ်က မျက်ရည်တွေကိုမြင်ရင်တော့ သူတို့လည်း သနားကြ၊ မျက်ရည်ကျကြမယ် ထင်ပါတယ်"

"အင်း ကျွန်တော်တောင် ကိုသာအောင်တို့သားအဖကိုကြည့်ပြီး ရင်နာမိတယ်ဗျ။ အရင်ကတော့ သရုပ်ဆောင်မင်းသား မင်းသမီး အနုပညာသမားတွေဘဝက သာသာယာယာ အဆင်ပြေပြေပဲလို့ ထင်ခဲ့တာ၊ အောင်မြင်မှုဆိုတာလည်း တော်ရင်တတ်ရင် လွယ်လွယ်ပဲရတယ်လို့ မှတ်ထင်နေမိတာ၊ အခုတော့လည်း နေရာတိုင်းမှာ အခက်အခဲ အဆင်မပြေမှုနဲ့ ပဋိပက္ခတွေဆိုတာ ရှိနေတတ်တာပဲ"

စကားတွေနားထောင်ပြီး ဦးသောင်းစိန်လည်း စိတ်မကောင်းသလို ဝင်ပြောသည်။ အိမ်ကို ဦးသာအောင် ရောက်လာတာ ဦးသောင်းစိန်က မငြိုငြင်ပါ။ အစားအသောက် အနေအထိုင်ကအစ အားမနာအောင်ပြောထားသည်။ ညနေဆိုလည်း အရက်အတူသောက်လို့ရအောင် စီစဉ်ပေး၏။

ဦးသာအောင်ကလည်း အလိုက်သိသည်၊ ဦးသောင်းစိန်က အရက်အများကြီးမသောက်တတ်သူမို့ သူကလည်းလျှော့သောက်၏။ အနည်းအကျဉ်းသောက်ပြီး စကားစမြည်ပြောဖော်ရနေတာကို ကျေးဇူးတွေတင်နေသည်။

နှင်းသီရိကလည်း ဖခင်တစ်ယောက်လို ဂရုစိုက်တာကြောင့် အနေ



www.burmeseclassic.com

www.burmeseclassic.com



အထိုင် မကျဉ်းကျပ် စိတ်မပင်ပန်းရဘဲ မိသားစုသဖွယ် ကြည်နူးစရာကောင်း နေခဲ့သည်။ အခု ဦးသာအောင်က သက်ပြင်းတွေချပြီး

"ဒီလိုအခြေအနေမှာ ကိုသောင်းစိန်တို့သားအဖကို ကျေးဇူးတင် ပါတယ်ဗျာ၊ တကယ်ကို မိသားစုလိုလည်း အောက်မေ့မိပါတယ်၊ သားနဲ့ အတူနေဖြစ်တဲ့အခါကျရင် အဲဒီကျေးဇူးတွေ ကျွန်တော် ဆပ်ဖြစ်အောင်ဆပ် ပါ့မယ်ဗျာ"

"ဒီလူနဲ့ဒီလူ ဒီလိုစကားတွေပြောစရာလားဗျာ၊ လှိုင်ဘွားနဲ့သမီး ရဲ့သံယောဇဉ်ကို ခင်ဗျားလည်း သိနေတာပဲ၊ သမီးဆန္ဒကြောင့် လက်ခံထား တယ်ဆိုပေမယ့်လည်း အသက်ကြီးလာရင် စကားပြောဖော်လည်း လိုတာပဲ ဗျ၊ ကျွန်တော်ကတော့ ခင်ဗျားရောက်လာတာကို ကျေးဇူးတွေတင်နေတာပါ၊ သမီးဆိုတာလည်း သူ့အလုပ်နဲ့သူရှုပ်နေတာလေ၊ အိမ်သူမ မရှိတော့ ရုံးက ပြန်လာရင် သမီးမှာ ချက်တာပြုတ်တာ လျှော်တာဖွပ်တာနဲ့ အားတယ်ဆို တာမရှိဘူး။ သားအဖနှစ်ယောက်စားရင်းသောက်ရင်း စကားပြောရတာ ကျွန် တော့်အတွက် ရောဂါဖြစ်ချိန်တောင် မရတော့ပါဘူး၊ ဘာကိုမှလည်း သတိ ရချိန်မရဘူး၊ အသက်ကြီးလာတဲ့သူတွေအတွက် အဲဒါ ဘယ်လောက်ကောင်း ထားလဲ"

"ဟုတ်တယ်ဗျာ အဲဒါတော့ ကျွန်တော် ထောက်ခံတယ်၊ ကျွန် တော်လည်း သားမရှိဘဲ တိုက်ခန်းမှာ တစ်ယောက်တည်းနေရတဲ့အချိန်တွေ က အရမ်းကိုအထီးကျန်သလို ခံစားရပြီး၊ ဟိုဟာဖြစ်ချင်သလိုလို ဒီဟာဖြစ် ချင်သလိုလိုနဲ့ ရောဂါက အမျိုးမျိုးဝင်လာတာ၊ အခုတော့ သားကိုလွမ်းတဲ့ စိတ် သတိရတဲ့စိတ်တွေနည်းနည်းသက်သာသွားတယ်၊ အခု သားရဲ့အောင်





မြင်မှုတွေမြင်ရတော့ သားကိုစွန့်လွှတ်ထားရကျိုးနပ်တယ်လို့လည်း ထင်မိ တယ်၊ ကျွန်တော်မမှားဘူးမဟုတ်လား ကိုသောင်းစိန်"

သူမှန်ကြောင်း တော်ကြောင်း သိစေချင်၍ ဦးသာအောင်က ဦး သောင်းစိန်ကို ထောက်ခံခိုင်းနေ၏။ ဦးသောင်းစိန်က ဦးသာအောင် စိတ် သက်သာစေရန် ခေါင်းညိတ်ထောက်ခံလိုက်ပြီး

"မိဘတစ်ယောက်အနေနဲ့ ခင်ဗျားလုပ်သင့်လုပ်ထိုက်တာ လုပ်တာ ပေါ့ဗျာ၊ သားသမီးဘဝကောင်းစားစေချင်ရင် ရင်အုပ်မကွာ ထားသင့် ထား စွန့်လွှတ်သင့်ရင် စွန့်လွှတ်၊ ပေးဆပ်သင့်ရင်ပေးဆပ် အနစ်နာခံသင့် ခံ ဒါမှလည်း မိဘပီသတော့မှာပေါ့၊ ကျွန်တော် သန္တာကို စွန့်လွှတ်လိုက် တာ သားနဲ့သမီးအတွက် ဖခင်ကောင်းပီသချင်တာတစ်ခုလည်း ပါတယ် ကိုသာအောင်၊ သားသမီးတွေကို နစ်နစ်နာနာပြောနေတာ မခံချင်ဘူး၊ မိခင် တစ်ယောက်လို ဆက်ဆံမပေးနိုင်တဲ့အတွက် သူ့အပေါ်ကျွန်တော် မပေးဆပ် နိုင်တော့ဘူး။ မိသားစုအပေါ်မှာ အနစ်နာခံချင်စိတ်မရှိတာ ကျွန်တော်က ဘာလို့ သည်းခံပြီး ပေါင်းသင်းနေစရာလိုသလဲ"

"ခင်ဗျားလည်း ဖခင်ကောင်းပီသတာပါပဲ ကိုသောင်းစိန်၊ ရပ်ကွက် ထဲမှာလည်း ရိုးဂုဏ်နဲ့နေခဲ့တယ်၊ ခင်ဗျားကိုကျွန်တော် တကယ်လေးစား ပါတယ်၊ ပြီးတော့ သားအပေါ်ထားတဲ့ သမီးရဲ့သံယောဇဉ်ကိုလည်း လေးစား ပါတယ်၊ တော်တန်ရုံမိန်းကလေးက သားရဲ့ကောင်းကျိုးကိုမျှော်ကိုးပြီး စွန့် လွှတ်မှာတဲ့လား၊ ကျွန်တော်ကတော့ သားအောင်မြင်ပြီး အတူနေခွင့်ရတဲ့ နေ့ကျရင် သမီးနဲ့လက်ထပ်ပေးဖို့ ဆုံးဖြတ်ထားတယ် ကိုသောင်းစိန်၊ ခင်ဗျား ခွင့်ပြုပေးပါ၊ လက်ခံသဘောတူပေးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးသာအောင်က သူမရှေ့မှာ အဖေ့ကို ထိုသို့ပြော[illegible] မျက်နှာပူသွားမိလေသည်။ အဖေကတော့ ခပ်ပြုံးပြုံးပင်။

"ဒီစကားက ပြောစရာလိုသေးလားဗျာ၊ လှိုင်ဘွားမဖြစ်ခင်တည်[illegible] က သမီးနဲ့သံယောဇဉ်ရှိတာ သိပြီး ကျွန်တော်ခွင့်ပြုထားတာပါ၊ မြည်[illegible] ချမ်းသာမှ အောင်မြင်မှုဆိုတဲ့စိတ်မျိုး ကျွန်တော့်မှာ မရှိပါဘူး"

"အဲဒါကိုတော့ ယုံပါတယ်၊ ဒေါ်သန္တာက ဘယ်လောက်[illegible] မျှစ်ချိုး ပြောပြော သားဘက်က ကာကွယ်ပေးခဲ့တယ်ဆိုတာလည်း ကျွ[illegible] တော်သိတယ်၊ ကျွန်တော် ကာရိုက်တာနဲ့ပတ်သက်ပြီး အင်တာနက်[illegible] ဘယ်လိုပုံ့ပုံ့ လူတွေဘယ်လိုထင်ထင် ကျွန်တော့်ကိုအမြင်မမှား အထ[illegible] မသေးဘဲ လက်ခံပေးတာကို ကျွန်တော် ကျေးဇူးတင်မဆုံးဖြစ်နေတာ[illegible]

"ဒါက စဉ်းစားချင့်ချိန်တတ်တဲ့လူမျိုးက ကောလာလဟာနဲ့ဝေ[illegible] တွေကို မယုံပါဘူး။ ကိုယ့်ဘာသာ သတိနဲ့အသိနဲ့တွေးပြီးမှ ယုံရမှာပေ[illegible] ဒါတောင် လူကိုရော မှုကိုရောကြည့်ရဦးမယ်၊ အမှားဆိုတာ ကိုယ်ကမ[illegible] လွန်ဘဲလည်းမှားတတ်ကြတာမျိုးရှိတယ်မဟုတ်လား၊ အခု ဒိုင်တီခေတ်[illegible] မြန်လွန်းလို့ လူတစ်ယောက် ဒုက္ခရောက်မယ်ဆိုလည်း ခဏလေး၊ အော[illegible] ချင်တယ်ဆိုလည်း ခဏလေး၊ အရမ်းကိုကြောက်စရာကောင်းတယ်"

"အဲဒါတော့ ဟုတ်တယ် ဦးလေး၊ အခု လှိုင်ဘွား အောင်မြင်[illegible] မြန်တယ်ဆိုတာလည်း အဲဒီအင်တာနက်ကြောင့်ပဲ၊ သူ့ကောင်းကြောင်း[illegible] ကြောင်း ဒါရိုက်တာအပေါ် ဘယ်လိုနာခံမှုရှိကြောင်း၊ ရှုတင်ကိုအချိန်နဲ့[illegible] တာ၊ အဖွဲ့သားတွေအပေါ် စည်းလုံးချစ်ခင်တာ၊ စီနီယာသရုပ်ဆောင်[illegible] အပေါ် လေးစားတတ်တာ၊ အဲဒီအကြောင်းတွေက နေ့တိုင်းသတင်း[illegible]





ဆောင်းပါးလို နေ့တိုင်းတက်နေတာ"

"အဲဒါ တစ်ဦးတစ်ယောက်က သားကိုအောင်မြင်စေချင်လို့ ဟိုက ဒီက ချီးကျူးသလိုရေးတင်ပေးနေတာရော မဖြစ်နိုင်ဘူးလား သမီး"

"အင်း ဟုတ်နိုင်တယ်နော် ဖြစ်နိုင်တယ်"

အားလုံး စဉ်းစားခန်းဝင်ပြီး ဖြစ်နိုင်ချေရှိတာကို တွေးလိုက်မိကြသည်။ တစ်စုံတစ်ယောက်က လှိုင်ဘွားကို အောင်မြင်စေချင်နေတာတော့ သေချာနေ၏။ ဘယ်သူလဲဆိုတာကတော့ မသိကြပေ။

ဒါဟာ ဘယ်လိုရည်ရွယ်ချက်နှင့်လဲဆိုတာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကဲ ကောင်းတယ် လှိုင်ဘွား၊ လုံးဝ ဒရမ်မာပဲ၊ နောက်တစ်ဆင့်ဆက်ရိုက်မယ်၊ မျက်ရည်အတုသုံးဦးမလား"

"မသုံးဘူးဆရာ၊ ဒီအတိုင်းပဲရိုက်မယ်၊ ဆရာလိုချင်တဲ့ပုံစံသာပြောပါ"

"အိုကေ မင်းအဖေက မင်းကို ကြိုးစားရှန်းကန်အပင်ပန်းခံပြီး မြို့ကတက္ကသိုလ်ကိုပို့လိုက်တယ်၊ မင်းကလည်း အဖေ့ကျေးဇူးတွေကို ပြန်ဆပ်မယ်ဆိုတဲ့စိတ်နဲ့ ပညာသွားသင်တယ်၊ တက္ကသိုလ်တက်ရင်းနဲ့ မင်းချစ်သူရတယ်၊ ချစ်သူရတော့လည်းတာပတ်တာနဲ့ ပိုက်ဆံကုန်တော့ စာအုပ်ဖိုးဘာဖိုး နဲ့ အဖေ့ဆီကို ပိုက်ဆံတွေခဏခဏတောင်းတယ်၊ အဖေကငါ့သားလေး ပညာတွေအရမ်းကြိုးစားနေတာဆိုပြီး နေပူမရှောင်မိုးရွာမရှောင် အလုပ်တွေလုပ် ငွေပို့ရင်း ရောဂါရလာတယ်၊ ရွာကိုလာတဲ့ဘုန်းကြီးက





သူ့ကျောင်းမှာ တည်းပြီး မြို့မှာဆေးကုပေါ့၊ သားနဲ့တွေ့ရတာပေါ့ဆိုပြီး ခေါ်သွားတယ်၊ သားကိုပိုက်ဆံလည်းပေးချင်တာနဲ့ စုဆောင်းထားတဲ့ ပိုက်ဆံလေးနဲ့ မင်းအဖေ မြို့ကိုလိုက်လာတယ်၊ မြို့ကိုရောက်တော့ သားကိုလာတွေ့တယ်၊ မင်းက အဖေကိုမြင်ပေမယ့် ဘေးမှာချစ်သူပါလာတော့ ပေစုတ်စုတ်တောသားကြီး အဖေကို ချစ်သူအထင်သေးမှာစိုးလို့ မမြင်ချင်ယောင်ဆောင်လိုက်တယ်၊ မင်းအဖေက သူ့သားမမြင်ချင်ယောင်ဆောင်တာကို သိသွားပြီး ရင်နာနာနဲ့ ဆေးမကုတော့ဘဲ တောကိုပြန်သွားတယ် တောကိုရောက်တော့"

"ခ ခဏလေး ဆရာ၊ အဖေကိုအဲဒီလောက် အနစ်နာမခိုင်းဘဲ သားဆိုးသားမိုက် ကျွန်တော့်ကိုလမ်းလယ်ခေါင်မှာ ထိုးကြိတ်ပြီး အပြစ်ပေးခိုင်းလို့ မရဘူးလား။ ကျွန်တော် ဒီလောက်မိုက်ရိုင်းနေတာ အဖေပေးတဲ့အပြစ်ကို ခံသင့်တာပေါ့"

"ဟင်"

ဒါရိုက်တာကြီး စိတ်ထိခိုက်သွားရသည်။ ဇာတ်သဘောအရဆိုဆိုမယ့် အဖေကိုချစ်သော လှိုင်ဘွားက သူ့အဖေအရမ်းအနစ်နာခံပေးဆပ်ရတာကို မလိုလားပေ။ တကယ်လို့ အပြင်က အဖေက သားကိုအောင်မြင်စေချင်တဲ့စိတ်နှင့် သူများအိမ်မှာခိုကပ်နေရသည်ဆိုတာသိလျှင် ဘယ်လောက်များ နာကျင်စွာခံစားသွားရမည်လဲ။

"ဆရာ"

"ဪ အေး မင်းပြောသလိုလုပ်လိုက်ရင် ဘယ်ဒရမ်မာချစ်ခဲ့တော့မှာလဲကွ၊ ဇာတ်ကိုလှည့်လိုက်သလိုလည်း ဖြစ်သွားမယ်၊ မင်းအဖေသာကယ် အနစ်နာခံ ပေးဆပ်တာကိုသိပြီး ပညာတွေသင်ပြီးတဲ့နေ့ အဖေ့ကိုတွေ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြန်ဆပ်မယ်ဆိုတဲ့စိတ်ကလည်း ပျောက်မသွားဘူး၊ အဖေ့ကိုမမြင်ချင် ယောင်ဆောင်လိုက်တယ်ဆိုတာကလည်း ချစ်သူမိန်းကလေးအဖေကို အထင် သေးမှာကို စိုးရိမ်တာ၊ မင်းကို အထင်သေးမှာကို ကြောက်တာမဟုတ်ဘူး နော်၊ အဖေကိုချစ်တဲ့စိတ်နဲ့ တောသားကြီးအဖေကို အထင်သေးမှာစိုးရိမ်တာ သက်သက်ပဲ၊ အဲဒီမှာ မင်းရဲ့ခံစားချက်မျက်နှာကို သေချာရိုက်မယ်''

''ဟုတ်ကဲ့ပါ ဆရာ''

''အေး အဲဒီမှာ အဖေတည်းတဲ့ကျောင်းကိုလိုက်သွားပြီး အဖော် မေးတော့ မင်းအဖေက ရောဂါဖြစ်လို့ ဆေးကုဖို့မြို့ကိုလိုက်လာတာ၊ အခု ဆေးမကုဘဲ ရွာကိုပြန်သွားပြီလို့ ပြောလွှတ်မယ်၊ မင်းအရမ်းနောင်တ ကြေကွဲရမယ်၊ နာကျင်ခံစားရမယ်၊ ကိုယ့်ကိုယ်ကိုယ် မကျေနပ်တဲ့စိတ်နဲ့ အံကြိတ်ပြီး မျက်ရည်တွေပိုးပိုးပေါက်ပေါက် ကျရမယ်၊ ပြောတာမှတ်မိလား ဒိုင်ယာလော့ခ်တွေ ကျက်ထားလား။ မင်းမျက်ရည်အတုမသုံးဘူးဆိုလို့ မျက်စိ ထဲမြင်ပြီး မျက်ရည်ထွက်လာအောင် ဝမ်းနည်းအောင်ပြောပြနေတာ''

''ဟုတ်ကဲ့ အခုတောင် အဖေ့ကိုသတိရပြီး ကျွန်တော်ငိုချင်နေ ပါပြီ ဆရာ''

ဒီတစ်ခါ ဝမ်းနည်းသံပါပေါက်လာတာမို့ ဒါရိုက်တာကြီး ပိုပြီး စိတ်မကောင်းဖြစ်သွားရလေသည်။ လှိုင်ဘွားက အတော်အသင့် အောင်မြင် လာပြီဖြစ်နိုင်လောက်ပြီဆိုသော်လည်း ရုပ်ပါတန်းဝင် မင်းသားတစ်ယောက် တော့ မဟုတ်သေးပါ။ နောက်ထပ်ကားတွေဖြန့်ပြီး ပရိသတ်က အသည်း လောက်အောင် အသိအမှတ်ပြုမှ ရုပ်ပါတန်းဝင် မင်းသားတစ်လက်ဖြစ်လာ ပေလိမ့်မည်။ ထိုကာလအတိုင်းအတာထိရောက်မှသာ တာဝန်ကျေပြီ





တော့တ်ပါလား။ အဲခုအနေအထား တက်လွယ်ကျလွယ်သည့်အခြေအနေပါ။ ရုတ်မြစ်နိုင်မှာပါမှ အောင်မြင်မှုဆိုတာကို လှိုင်ဘွား မက်မောတွယ်တာ ဘတ်လာပါမှ လှိုင်ဘွားဆက်ပြီး ကြိုးစားချင်စိတ်ရှိလာမှာ ဖြစ်သည်။

''အဖေ အဖေ''

''ကဒ်''

လှိုင်ဘွား သရုပ်ဆောင်မှုများက ဝမ်းနည်းကြေကွဲလိုက်မောနေခဲ့ တာမို့ ကိုယ်ပါနစ်မြောပြီး ကဒ်အော်ဖို့တောင်မေ့နေရသည်။ နေရာကမထ နိုင်သေးသော လှိုင်ဘွားကို သွားပြီး ဆွဲထူလိုက်ရ၏။

''သား လှိုင်ဘွား၊ မင်းခဏနားလိုက်ဦး''

မင်းသားအတွက် နားနေခန်းထိခေါ်လာရသည်။

''သား ထိုင် မျက်ရည်တွေသုတ်၊ အမောဖြေလိုက်ဦး''

''ဆ ဆရာ ကျွန်တော် အဖေ့ကိုသတိရတယ်''

''အေးပါကွာ သားအဖေမေတ္တာတွေ ရိုက်နေတော့ မင်းပိုသတိရ မှာပေါ့၊ မင်းအဖေလည်း သတိရနေမှာပါ''

''ကျွန်တော် အဖေ့ဆီအလည်သွားချင်တယ်၊ အဖေ့ကိုသွားတွေ့ ချင်တယ် ဆရာ''

''မ မဖြစ်ဘူး ဟို မရဘူးလေကွာ၊ မင်းအဖေရဲ့ကောလာဟလ တွေငြိမ်မှ ပရိသတ်တွေက မေ့လော့က်သွားမှဖြစ်မှာပေါ့၊ သူတို့ သရုပ်ဆောင် တာကို အရင်တည်းက ပရိသတ်တွေက အမုန်းစိတ်ကြည့်ကြတာမဟုတ်လား လူကြမ်းဆိုတဲ့လူမျိုးကို အပြင်မှာလည်း ကြမ်းကြမ်းတမ်းတမ်း နေလိမ့်မယ်၊ ယုတ်ယုတ်မာမာစိတ်တွေ မွေးလိမ့်မယ်လို့ ထင်နေကြတာ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက မေ့မှူးမာန်ကြောင့်သာမဟုတ်ရင် အဖေ ဒီလောကမှာ လုပ်စားလို့မရအောင်နာမည်ပျက်မသွားနိုင်ပါဘူး ဆရာ"

"အဲဒါတော့ ဟုတ်ပါတယ်၊ သူသာ မင်းသားတစ်ယောက် လူကြီး လူကောင်းနေရာတွေ သရုပ်ဆောင်ရတဲ့သူတစ်ယောက်ဆိုရင် ဒီကောသ ဟာလဟာ ဒီလောက်ထိ ကျယ်ပြန့်မှာလည်းမဟုတ်ဘူး။ ယုံကြမှာလည်း မဟုတ်ဘူး၊ အခုက မင်းအဖေကလူကြမ်းသရုပ်ဆောင်ဖြစ်နေတဲ့အတွက် အမုန်းစိတ်အခံနဲ့ ပိုပြီးရွံမုန်းသွားကြတာပဲ"

"ကျွန်တော် မေ့မှူးမာန်ကို အရမ်းမုန်းတယ် ဆရာ"

"အခု သူက မင်းရဲ့ကျေးဇူးရှင်လေ၊ မင်းကိုဒီလိုဖြစ်အောင် သူ လုပ်ပေးနေတာ"

"မဟုတ်ဘူး။ သူ့အကျိုးစီးပွားအတွက် ကျွန်တော့်ကိုချုပ်ကိုင်ထား တာ၊ လွှမ်းမိုးထားတာ၊ အကျယ်ချုပ်ချထားတာ၊ အဖေနဲ့ခွဲခိုင်းတယ်၊ သိန်း မပတ်သက်ရဘူး။ စားတာသောက်တာနေတာထိုင်တာ အားလုံး လွတ်လပ်မှု မရှိဘူး။ ဖုန်းပြောခွင့်တောင် မရှိတဲ့ဘဝက ဘာလဲ ဆရာ"

"လေသံတွေ မပြင်းထန်ပါနဲ့ဦး လှိုင်ဘွား။ မင်းအောင်မြင်မှုဆိုတာ ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားနိုင်ဖို့က လိုပါသေးတယ်၊ မင်းအဖေနဲ့ခွဲနေရ မင်းကောင်မလေးနဲ့ မပတ်သက်ရလို့ မင်းရင်နာနေလား၊ အဲဒါတွေက မင်း အောင်မြင်ဖို့အတွက် ရင်းနေရတာလို့ မင်းအောက်မေ့စမ်းပါ၊ မင်းက လိမ္မာ ပြီး နားလည်တဲ့သူပါ၊ အခုချိန်မှာ မင်းကိုဆရာအများကြီးရှင်းမပြချင်သေးဘူး ဆရာ့ကိုလေးစားရင် ဆရာ့ကိုချစ်ခင်ရင် မင်းဒီထက်ပိုကြိုးစားပါဦး၊ စိတ်ဓာတ် ကို တည်ငြိမ်အောင် လုပ်ပါဦး၊ ဒီထက်ရင့်ကျက်ပါဦး လှိုင်ဘွား"





လှိုင်ဘွား ငြိမ်သက်သွားရသည်။ ဒါပေမဲ့ ပါးပြင်ပေါ်မှာ မျက်ရည် စီးကြောင်းတွေ လိမ့်ဆင်းကျလာ၏။

"အဖေ့ကို ကျွန်တော် ဘာမှမထောက်ပံ့ရဘူး ဆရာ၊ အဖေ့တိုက် ခန်းအတွက် စာချုပ်ကို ဆရာချုပ်ပေးထားတာဆို"

"ဟင် အေး အေးဟုတ်တယ်၊ နောက်ဆို မင်းက သူဌေးဖြစ်မယ့် တောင်ပဲ၊ မင်းဆီက ငါပြန်တောင်းမှာပေါ့ကွ"

"အဖေ စားဝတ်နေရေး အဆင်ပြေရဲ့လား မသိဘူး၊ ကျွန်တော့် လက်ထဲမှာ ငွေမကိုင်ရတော့ ဘယ်လိုထောက်ပံ့ပေးရမှန်း မသိဘူး ဆရာ"

"ဆရာလည်း သူလိုအပ်တာကို မေးနေတာပါ၊ သူက အဆင်ပြေ တယ်ပြောတော့ အနည်းအကျဉ်းလောက်ပဲ ဖွတ်ပေးခဲ့ရတယ်"

"အဖေအလုပ်တွေ ပြန်လုပ်နေရတယ်ဆိုတာရော တကယ်လား ဆရာ၊ အဖေ့ကိုတိုက်တွေက ခေါ်ရိုက်ချင်တာရော ဟုတ်လို့လား"

"အချင်းချင်းက နားလည်မှုနဲ့ ရိုက်နေတာပါ၊ မင်းအဖေအတွက် စိတ်မပူပါနဲ့ကွာ ဆရာလည်းရှိနေတာပဲ၊ အခုက မင်းတန်းဝင်မင်းသားဖြစ်ဖို့ နည်းနည်းပဲလိုတော့တယ်၊ တခြားတိုက်တွေက မင်းကိုတင်ပြီး ရိုက်ချင်လို့ မေ့မှူးမာန်ဆီမှာ ကမ်းလှမ်းနေကြပြီ၊ မေ့မှူးမာန်က ဘယ်တိုက်က ဘယ်လို အခြေအနေဆိုတာ စိစစ်ပြီးရွေးချယ်နေတယ်၊ ကမ်းလှမ်းသမျှ လက်ခံရင် လည်း ပေါ့သွားစိုးလို့ အခုက သိန်းသုံးဆယ်ပေးတဲ့တိုက်ရှိသလို သိန်းလေး ဆယ်ပေးတဲ့တိုက်လည်းရှိတယ်၊ ရုပ်ရှင်ကားကြီးအတွက် သိန်းခြောက်ဆယ် ငါးဆယ်ပေးတဲ့သူလည်း ရှိတယ်"

"ဒါဆို ကျွန်တော် ကွန်ဒိုဖိုးနဲ့ကားဖိုး မြန်မြန်ကျေတော့မှာပေါ့နော်



www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ မြန်မြန်ကျေရင် အဖေတို့နဲ့အတူတူနေရတော့မှာပေါ့''

လှိုင်ဘွားကြည့်ကာ ဒါရိုက်တာကြီး သက်ပြင်းချမိသွားလေသည်။ လှိုင်ဘွားမှာ ဒီစိတ်ရှိနေသရွေ့ အောင်မြင်ဖို့ နှောင့်နှေးပေလိမ့်ဦးမည်။

''မင်းကိုယ်မင်း ဒီလောက်ပဲ မျှော်မှန်းထားသလား လှိုင်ဘွား၊ မေ့မှူးမာန်ကတော့ မင်းကိုဒီထက်မက စူပါတန်းဝင်မင်းသားဖြစ်တဲ့အထိ မျှော်လင့်ထားတာ၊ အဲဒါကြောင့် ကမ်းလှမ်းလာတဲ့ထုတ်လုပ်ရေးတိုက်တိုင်းကို လက်မခံသေးဘူး။ သူတို့ကတော့ အခုမင်းဈေးကွက်အရပဲပေးတာပေါ့၊ မေ့မှူးမာန်ကကျတော့ မင်းဒီဈေးကွက်လေးနဲ့ တစ်တိုက်ကိုဆယ်ကား ကားနှစ်ဆယ်စာချုပ်လိုက်ရင် ဦးကျိုးသွားမှာစိုးလို့ သူချင့်ချိန်နေတာ၊ သူ့ဘက်က အရှုံးခံအနစ်နာခံပြီး ဇာတ်လမ်းကောင်းနဲ့ရိုက်လိုက်လို့ မင်းဒီထက်ပေါက်သွားမယ်ဆိုရင် ဈေးကွက်က စူပါတန်းဝင်ဈေးကွက်ဖြစ်သွားမယ်၊ ဗွီဒီယိုဆိုရင် သိန်းရှစ်ဆယ်သိန်းတစ်ရာ၊ ရုပ်ရှင်ကားကြီးဆိုရင် သိန်းတစ်ရာ ငါးဆယ် သိန်းနှစ်ရာရမှာ''

''ဟင်''

မေ့မှူးမာန်ပေးတာက အဝတ်အစားဖိုးတောင် မရှိသည့် ဆယ့်ငါး သိန်း။ ဒါတောင် သုံးနှစ်အတွင်း ကားတစ်ရာရိုက်ပေးရမှာ။ အနုပညာကြေး က ဒီလောက်တောင် ကွာဟသလား။

ဒီလိုအကျိုးအမြတ်ကြီးကြီးမားမား ရနိုင်တာကြောင့် မေ့မှူးမာန် သူ့ကို အရှုံးခံ အနစ်နာခံကာ တင်ခဲ့တာဖြစ်မည်။ ဘယ်လောက်တောင် ကောက်ကျစ်ပြီး လည်လိုက်သည့်မိန်းမပါလဲ။ သူ နှုတ်ခမ်းအစုံမဲ့ကျသွားခဲ့ပြီ

''မေ့မှူးမာန်က ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တာပဲ၊ ဒီအကျိုးအမြင်





တွေ ဒီလောက်ရမယ်ဆိုတာသိလို့ ကျွန်တော့်ကို ဒီလောက်ထိချုပ်ကိုင်ပြီး ထိန်းထားခဲ့တာ၊ အဖေတို့နဲ့နေရင် အဖေတို့က ဒါမျိုးတွေကို ထိန်းချုပ်လိုက် ရင် အကျိုးအမြတ်တွေလည်း သူရတော့မှာမဟုတ်ဘူးလေ အဲဒါကြောင့်''

''မင်းလွဲနေပြီ လှိုင်ဘွား''

''ဘာကိုလွဲတာလဲ ဆရာ၊ သူ ကျွန်တော့်ကို ပေးတဲ့ဆယ့်ငါးသိန်း အဝတ်အစားပဲရှိတယ်၊ အခုထိ ကွန်ဒိုဖိုးနဲ့ကားဖိုးထဲကို ဘယ်လောက်မှ သိပ်မဝင်သေးဘူး၊ တခြားက သူအလုပ်လက်ခံပြီး ရှာပေးတဲ့ငွေတွေကလည်း သူသုံးဆယ်ရာခိုင်နှုန်းဖြတ်ပြီး ယူနေတာနဲ့ အဲဒီငွေကရော ဘယ်လောက်ဝင် ဦးမှာလဲ၊ အခု တခြားက ကမ်းလှမ်းလာတဲ့အလုပ်တွေကို လက်မခံသေးဘဲ အချိန်ဆွဲနေဦးမယ်ဆို ကျွန်တော် သူ့ကိုဘယ်အချိန်အတိုင်းအတာလောက်ထိ အလုပ်အကျွေးပြုရဦးမှာလဲ ဆရာ''

''မင်းအမြင်ရော အသိရော ကျဉ်းလိုက်တာ လှိုင်ဘွား။ မင်းအဖေ ခင်းကောင်မလေးနဲ့အတူ မနေရလို့ မပတ်သက်ရလို့ မင်းသဘောထားသေး သိမ်နေတယ်၊ ငါနားလည်ပါတယ် ဒါပေမဲ့ သူတို့နဲ့နေရင် မင်းဒီလိုတွေဖြစ်လာ မှာမဟုတ်ဘူးလေ၊ မင်းပထမစာချုပ်ချုပ်တဲ့တိုက်ကရော မင်းကိုဘယ်လောက် ထိဖြစ်အောင်လုပ်ပေးနိုင်လို့လဲ၊ အခုမင်းနဲ့ရိုက်ထားတဲ့တစ်ကားကို မေ့မှူးမာန် အရှုံးခံပြီးထုတ်မှ အောင်မြင်လာလို့ သူတို့ဖြန့်လိုက်တာ အမြတ်ရလို့ဆိုပြီး မေ့မှူးမာန်ဆီကို ကမ်းလှမ်းတယ်၊ သူက ပထမဆုံးစာချုပ်ချုပ်ပြီးတင်ပေးဖူး တဲ့လူပါဆိုပြီး ဈေးအနည်းဆုံးနဲ့ကမ်းလှမ်းတာ အဲဒီလိုအခွင့်အရေးသမားတွေ အနာမခံဘဲ အသာစံချင်တဲ့သူတွေကျတော့ မင်း ကျေးဇူးမကန်းတော့ဘူး လား''



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ"

"ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်တတ်မှ မင်းဂုဏ်သိက္ခာရှိတဲ့လူတစ်ယောက်ဖြစ်မှာ လိုင်ဘွား။ ဆရာကမင်းကို အောင်မြင်တဲ့သူတစ်ယောက်အဖြစ် မြင်ချင်တဲ့အတွက် မေမှူးမာန်ကိုအကောင်းမြင်လွန်းတယ်။ မင်းထင်ချင်ရင်လည်း ထင်နိုင်ပါတယ်၊ ဒါပေမဲ့ အနုပညာလောကမှာလည်း ဒီလိုမျိုးပံ့ပိုးပေးမယ့်သူဆိုတာလည်း ရှားတယ်လေ၊ အကောင်းဆုံးဖြစ်ချင်ရင် အဆိုးဆုံးကိစ္စတွေကိုလည်း ခံနိုင်ရည်ရှိမှဖြစ်မယ်၊ အောက်ဆုံးကိုပြန်ပြုတ်ကျမသွားအောင် ဆရာတို့ မင်းကိုထိန်းချုပ်ထားရဦးမှာပဲ လိုင်ဘွား"

ဆရာ့စကားတွေက သူ့အတွက် အကောင်းဆုံးဖြစ်စေချင်သည့် စေတနာတွေဖြစ်ပါလိမ့်မည်။ ဒါပေမဲ့ အခုချိန်ထိ အဖေနှင့်သီရိနှင့်အတူနေခွင့်မရသေးတာတော့ သူ မကျေနပ်နိုင်ပါ။ ရင်ထဲမှာ နာနာကျင်ကျင်ခံစားရလျက် မေမှူးမာန်အပေါ် အမုန်းစိတ်တွေသာ ဝင်နေမိသည်။

သူ့ဘဝကို ဘာကြောင့်အထီးကျန်အောင် လုပ်ရတာလဲ၊ ဒီလူတွေ သူ့အနားမှာရှိတော့ ဘာတွေဆုံးရှုံးနစ်နာသွားမှာမို့လဲ။

တကယ်တမ်းက အဖေ့ဘဝကို နာမည်ဆိုးနှင့်ဂုဏ်သိက္ခာကျအောင်လုပ်ခဲ့သူက မေမှူးမာန်ပါ။ အခုချိန်ထိတောင် အဖေ့နာမည်အစက်ဆယ်ဖို့အခွင့်အရေးတောင်မရသေး။

ဒါတောင် သူမက သူ့ရဲ့ကျေးဇူးရှင်ဖြစ်ချင်သေးသည်။ သူ ပိုင်ဆိုင်ရမည့်အရာတွေထဲက တစ်ဝက်နီးပါး ခွဲယူထားတာ ကျေးဇူးရှင်တဲ့လား။

သူကတော့ ဒီလိုမိန်းမမျိုးကိုလုံးဝ။

■ ■ ■



## အခန်း (၂၉)

"ဟယ်လို အ အဖေ"

"သား"

သားအဖ မေတ္တာဖွဲ့ဇာတ်လမ်းကို ရိုက်လာခဲ့ရသည့်အတွက် သူ ဘယ်လိုမှ မနေနိုင်တော့ဘဲ ရှုတင်ကနေ အိမ်ကိုပြန်ရောက်သည့်အခါမှာ ယက်ထရိန်ထဲဝင်၍ အဖေ့ကို ဖုန်းခေါ်လိုက်သည်။

အဖေ့အသံတွေလည်း သူ့ကိုလွမ်းဆွတ်စွာ တုန်ယင်နေသည်။

"အ အဖေ နေကောင်းလားဟင်"

"ကောင်း ကောင်းတယ်သား။ သားလေးရော ကျန်းမာရေးကောင်းရဲ့လား"

"ကောင်းပါတယ် အဖေ၊ အဖေ အဆင်ပြေရဲ့လားဟင်"

"ပြေတယ်သား၊ ပြေတယ် အဖေ့အတွက် ဘာမှမပူနဲ့၊ အဖေက သားလေးအောင်မြင်လာလို့ အဖေက ပီတိတွေနဲ့တောင် အားရှိနေတာ



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့၊ သားဒီထက်ပိုကြိုးစား ဒီထက်အောင်မြင်အောင်လုပ်ဦးနော် သား"

"သား ဒီလောက်နဲ့ရပ်လိုက်ချင်ပြီ အဖေ၊ အဖေနဲ့လည်း အတူမနေ ရဘူး။ သီရိနဲ့လည်း မတွေ့ရဘူး။ အဖေ့ကိုထောက်ပံ့ပေးကမ်းချင်တာလည်း အဆင်မပြေဘူး။ ကိုယ့်ငွေတောင် ကိုယ်ကိုင်မသုံးရဘဲ သားလုပ်နေတာတွေ က ဘာအဓိပ္ပာယ်ရှိမှာလဲ အဖေ"

"ဒါအချိန်မကျသေးလို့ပါ သားရယ်၊ ဒီလမ်းကြောင်းပေါ်ရောက်တာ သားဘယ်လောက်ကြာသေးလို့လဲ၊ သူများတွေဆို ငါးနှစ်ဆယ်နှစ်အောက်ခြေ ကနေစရင်းရတာတွေတောင် ရှိတယ် သား။ ကိုယ့်ငွေနဲ့ကိုယ် အရှုံးခံ ရင်းနှီးမြှုပ် နှံတာတောင် ဘာမှဖြစ်မလာတာတွေ အများကြီးပဲ၊ အဖေ ဒီလောကထဲ နေလာတာကြာပြီ၊ ဒီလိုနေရာရောက်ဖို့ အများကြီးပေးဆပ်ရတာ သား"

"ဒါပေမဲ့ အဖေရယ် သားအဖေ့ကိုလွမ်းတယ်၊ သီရိကိုလည်း သတိရတယ်၊ မပြည့်စုံတဲ့အချိန်တွေက အတူရှိနေတဲ့ဘဝလေးကို ပြန်သွား ချင်တယ် အဖေ"

"သားရယ်"

"လှိုင်ဘွားရယ်"

စပီကာဖွင့် ဦးသာအောင်ပြောနေတာမို့ လှိုင်ဘွားရဲ့နာကျင်မှုတွေ ကို စာနာကာ သီရိပါမျက်ရည်ဝဲလာခဲ့သည်။ ဦးသာအောင်က ပါးပြင်ပေါ် မျက်ရည်တွေစီးကျနေသော်လည်း ငိုရှိုက်သံမပါအောင် စိတ်ကိုထိန်းပြီး

"သားရယ် ဒါဟာ လောကခံရဲ့အတွေ့တွေလို့ သဘောထားလိုက် ပါ၊ သေကွဲကွဲရတာထက်စာရင် ဘဝအတွက် ရှင်ကွဲကွဲနေရတာ ဖြေသာ တယ် သားရယ်၊ အဖေတို့တစ်သက်လုံး ဝေးနေကြရမှာမှမဟုတ်တာ သား





ကြိုးစားလို့ဒီထက်မြန်အောင် အဖေတို့အတူနေဖို့ နီးစပ်လေပေါ့ သားရယ်၊ အဖေပြောတာ နားလည်လား သား"

"နားလည်ပါတယ် အဖေ၊ တစ်ခါတလေတော့လည်း အားလုံးကို စွန့်လွှတ်ပြီး အဖေ့ဆီကို ပြေးလာလိုက်ချင်တယ်၊ သီရိနဲ့ထမင်းတွေအတူ စားပြီး စကားတွေပြောချင်တယ်၊ အဲဒီဆန္ဒတွေ အလုပ်ပင်ပန်းတဲ့အခါ တိုင်း စိတ်တွေမွန်းကျပ်ရတဲ့အခါတိုင်း ဘယ်လိုမှကို ထိန်းလို့မရဘူး အဖေ"

"ဒါပေမဲ့ ဒီအနုပညာအလုပ်ကိုတော့ သား ခင်တွယ်နေပြီ၊ ပရိ သတ်တွေကိုလည်း ချစ်နေပြီမဟုတ်လား သား။ သားအလုပ်ကောင်းကောင်း လုပ်နိုင်နေတာပဲ"

"အဲဒါတော့ ဟုတ်ပါတယ် အဖေ၊ ပရိသတ်တွေရဲ့အားပေးမှုက တော့ သားကိုအားဖြစ်စေပါတယ်၊ ပရိသတ်တွေကြောင့်ပဲ သား အားတင်း ထားနိုင်တာ၊ အားပေးတဲ့ပရိသတ်တွေကို သား ဘယ်လိုအကောင်းဆုံးပေး ဆပ်ရမလဲ၊ ကာရိုက်တာမျိုးစုံ ဘယ်လိုသရုပ်ဆောင်ပြရမလဲဆိုတဲ့စိတ်တွေ ဝင်လာမိတယ်"

"ဒါ သား အောင်မြင်မယ့်အဓိကအချက်ပဲ၊ ကိုယ့်ကို ထမင်းကျွေး တဲ့ပရိသတ်အပေါ် စေတနာမှန်နဲ့ပေးဆပ်ချင်စိတ် တကယ်ရှိရင် ပရိသတ် တွေကလည်း သားကို မေတ္တာမှန်နဲ့ အားပေးလာကြမှာပဲ၊ ပရိသတ်က အားပေးလို့ သားရဲ့ကျေးဇူးရှင် ထမင်းရှင်ဆိုပေမယ့် နောက်ထပ်အဓိကကျတဲ့ ကျေးဇူးရှင်ကတော့ သားကို ဇာတ်ကားတွေထုတ်ရိုက်ပေးတဲ့ ပရိုဂျူဆာပဲ သား။ အခုခေတ် မင်းသားမင်းသမီးတွေ ဒါရိုက်တာတွေက ပရိုဂျူဆာတွေကို ကျေးဇူးတင်ရမှန်း သိပ်မသိကြဘူး။ သူတို့ကို အင်တာဗျူးမေးပြီဆိုရင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ဘယ်ပရိဂျူဆာက ဇာတ်ကလေးကောင်းလို့ ကျွန်တော့်ကိုခေါ်အပ် တယ်၊ ဘယ်မင်းသမီး မင်းသားနဲ့ရိုက်ရက်ရလို့ ဇာတ်လမ်းကောင်းရှာ လို့ ရိုက်လိုက်တာ၊ ထုတ်လုပ်သူသူဌေးတွေက ငှားလိုက်လို့ ရိုက်ရပေမ အဲဒီထုတ်လုပ်သူ သူဌေးပရိဂျူဆာတွေက ကျွန်တော်တို့ရဲ့ထမင်းရှင် ကျေ ရှင်တွေပါလို့ ဘယ်တော့မှ မပြောကြဘူး''

''အဖေ သားကတော့''

''သားလည်း အပြောမကြီးနဲ့ဦး၊ ပရိသတ်ကို ကျေးဇူးတင်သ ပရိဂျူဆာကိုလည်း ကျေးဇူးတင်တတ်ရမယ် သား၊ ဆီပေးလို့ဆန်ရ ကိုယ်နဲ့ရိုက်လို့ သူတို့အမြတ်ရတာ၊ ငါတို့သာ ကားကိုပေါက်အောင်ရိုက်မ နိုင်ရင် ငါတို့ကိုငှားမှာမဟုတ်ဘူး၊ ဘာကျေးဇူးတင်စရာလိုလဲဆိုတဲ့စိတ် အင်တာဗျူးမေးရင်တောင် ကျေးဇူးတင်ကြောင်း ထည့်မပြောမိတာမျိုး မ ပါစေနဲ့''

သားစိတ်ထဲရှိနေတာတွေသိလို့ အဖေ ဒီစကားပြောနေတာ သည်ကိုတော့ သားကိုပြောမပြချင်တော့ပါ။ ဆရာကတစ်ဆင့် သားခံစား တွေ သိနေခဲ့ရသည်ပဲမဟုတ်လား။

သားကိုကျေးဇူးရှင်ကို ပြစ်မှားသည့်သူတော့ မဖြစ်စေချင်ပါ။ သာ ငြိမ်ကျသွားသည့်အခါမှာ

''သားကိုအင်တာဗျူးတဲ့အခါတိုင်း ကိုယ့်ကိုခေါ်ရိုက်တဲ့ရုပ်ရှ ဗီဒီယိုထုတ်လုပ်ရေးတိုက်တွေရဲ့ နာမည်ကိုကျေးဇူးတင်ကြောင်း သူတို့ ကျွန်တော်နဲ့လိုက်ဖက်တဲ့ဇာတ်ကလေးတွေကို ရွေးချယ်ပြီးရိုက်တာတော် အကြောင်း၊ ဆက်ဆံရေး ပြေပြစ်တယ်ဆိုတဲ့အကြောင်း ပြောဖို့မမေ့





ရိဂျူဆာတွေလည်း အနုပညာကိုချစ်တဲ့စိတ်ရှိလို့ ဒီနေ့ထိ တောင့်ခံပြီး တည်နေကြတာပါ၊ အဖေတို့ဇာတ်ပို့ဇာတ်ရံတွေကို ပို့ပေးရတဲ့ငွေကသာ ဖြစ်စလောက်အနည်းအကျဉ်းလေးဆိုပေမယ့် မင်းသား မင်းသမီးကြေးက ဝင့်လွန်းတော့ ခိုးကူးခွေဒဏ်ကိုခံနေရတဲ့အချိန်မှာ လက်လျှော့နောက်ဆုတ် သွားတဲ့ ပရိဂျူဆာတွေမှ အများကြီးပဲ၊ ဒါကို ဒီလောကကြီးဆက်ရပ်ဖို့ ကျွန်တော် အနုပညာသမားတွေ ညီညွတ်မှုဖြစ်မယ်၊ စည်းလုံးမှုဖြစ်မယ်လို့ ဟော်နေတဲ့ မင်းသားမင်းသမီးတွေ ဒါရိုက်တာတွေက ပရိဂျူဆာဆက်အလုပ် လုပ်ရအောင် အနုပညာကြေးကိုညှိ၊ ဈေးကိုလျှော့ပေးလိုက်ရင် ဘယ်လောက် ကောင်းမလဲ၊ မင်းသားတွေက ငါတို့မအောင်မြင်ခင်က အောက်ကျခဲ့တယ်၊ ခေါ်ရိုက်မယ့်သူတောင်မရှိဘူး၊ ငါတို့အောင်မြင်လို့ အခွင့်အရေးရတဲ့အချိန်မှာ အလောက်ယူရမှာပဲ၊ ငါနဲ့ရိုက်တာ သူတို့မြတ်လို့လုပ်တာ မမြတ်ရင်လုပ်ပါ့ သားဆိုတဲ့အတွေးနဲ့ တင်းနေကြတော့ ခက်တာပေါ့ သား''

''ဟုတ် ဟုတ်ကဲ့ အဖေ၊ သားနားလည်ပါပြီ၊ အဖေလည်း ဒီ သာကအကြောင်း ဒီလောက်နားလည်နေတာ သားနဲ့အတူနေရင်လည်း သားကိုစွတွေမှန်သမျှ အဖေစီမံပေးနိုင်မှာပါ၊ ဘာလို့များ သားကို မေ့မျူးမာန်က ဒီလောက်တောင် ချုပ်ကိုင်ထားချင်ရတာလဲ မသိဘူး၊ ဒါပေမဲ့ သား အောင် မြင်အောင်လုပ်ပါဦးမယ် အဖေ၊ သား သတိရတဲ့အခါ အဖေ့ဆီ ဖုန်းဆက် မယ်နော်''

''အေး အေးပါ သား၊ သားကျန်းမာရေးကောင်းအောင်နေပြီး အနုပညာအလုပ်ကိုပဲ အာရုံစိုက်ပါ၊ အဖေ့အတွက် မပူနဲ့၊ အဖေ့ကိုကူညီ မယ့်သူတွေ အများကြီးရှိတယ်နော် သား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဟိုလေ အဖေ့ဆီကို သီရိမလာဘူးလား၊ သီရိနဲ့မတွေ့ဘူးလား အဖေ"

"ဪ လာ လာတယ် သား၊ အဖေနဲ့တွေ့ကြပါတယ်"

"သီရိတို့အဆင်ပြေလားဟင်၊ ဒေါ်သန္တာနဲ့ရော ဘယ်လိုဖြစ်သွားပြီလဲ၊ သီရိသူ့မိထွေးနဲ့ပတ်သက်ပြီး စိတ်ညစ်လို့ အိမ်ရှိလာတဲ့အခါ သူ့ရင်ဖွင့်တဲ့စကားတွေ နားထောင်ပေးလိုက်ပါ အဖေ၊ ပြီးတော့ သူ့ကိုဟင်းကောင်းကောင်းလေး ချက်ကျွေးလိုက်ပါ၊ သူစိတ်ပျော်ရွှင်စေမယ့်စကားတွေလည်း ပြောပေးလိုက်ပါနော် အဖေ"

"အေးပါ သားရယ်၊ အေးပါ သားရယ်"

ဦးသာအောင် စိတ်ကိုမထိန်းနိုင်ဘဲ ငိုချလိုက်မိသည်။ သား၏လွမ်းဆွတ်မှုတွေက ဒီအဖေရဲ့ရင်တွေကိုပါ နာကျင်စေ၏။ ခဏနေတော့ သားဘက်က ငိုရှိုက်သံလိုကြားရပြီး ဖုန်းချသွားသည်။

"ဦးလေး"

ငိုနေသော ဦးသာအောင် လက်ထဲက ဖုန်းကို စားပွဲပေါ်ချပေး၍ ဦးသာအောင်လက်ကိုဆုပ်ကိုင်ကာ သီရိလည်း မျက်ရည်ကျလာခဲ့သည်။

"သမီးတို့ကို လှိုင်ဘွား တကယ်သတိရပြီး လွမ်းနေတာထင်တယ်နော်"

"ဟုတ်တယ် ဟုတ်တယ် သမီး၊ သားငိုသံကိုကြားတော့ ဦးလေးမခံစားနိုင်ဘူးကွယ်၊ ဟုတ်တယ် သမီး၊ သားငိုသံကိုကြားတော့ ဦးလေးမခံစားနိုင်ဘူးကွယ်၊ သားပြောနေတဲ့စကားသံတွေကြားရတာ ရင်ဘတ်ထဲကတောင် အောင့်လာတယ်၊ ဘာကြောင့်များ ဒီလိုတွေဖြစ်ရတာလဲ၊ ရင်နာ





ကောင်းလိုက်တာ သမီးရယ်"

"အဲဒါ မေ့မျှုးမာန်မကောင်းလို့ပေါ့ မတရားလို့ပေါ့ ဦးလေး၊ သူ ဒီလောက်ထိ လှိုင်ဘွားအပေါ် တင်းကျပ်ချုပ်ကိုင်မထားသင့်ဘူး၊ အဖေနဲ့တွေ့တာ သူငယ်ချင်းနဲ့တွေ့တာ လှိုင်ဘွားလမ်းမှားပေါ်ရောက်သွားမှာမို့လား နာမည်ကျသွားစေမယ့်ကိစ္စမို့လို့လား"

"အဲဒါကတော့ ဒီလိုရှိတယ် သမီး၊ အခုခေတ်မှာက မော်ဒယ်သင်တန်းကျောင်းတွေ မစွတာ မစ္စစ်မော်ဒယ်အေဂျင်စီတွေဟာ နိုင်ငံတကာအဆင့်မီအောင် ပြုစုပျိုးထောင် လေ့ကျင့်ပေးကြရတဲ့အတွက် သူတို့ရဲ့လွှမ်းမိုးမှုအောက်မှာပဲ ရှိစေတယ်၊ သွားတာလာတာနေတာထိုင်တာအားလုံး အမှားအယွင်းအစွန်းအထင်း မရှိအောင် ဂရုစိုက်ကြတယ်၊ ဒါဟာ ဖြစ်စေချင်အောင်မြင်စေချင်တဲ့စေတနာပါသလို သူတို့အေဂျင်စီတွေက ဘယ်လိုအရည်အချင်းအစွမ်းအစရှိပါတယ်ဆိုတာ ပြိုင်ဆိုင်ရင်လည်းနိုင်မှ သူတို့နာမည်ကြီးမှာမဟုတ်လား၊ မေ့မျှုးမာန်လည်း သားကို သူစင်တင်တဲ့မင်းသား ဘယ်လောက်ထိအောင်မြင်ပါတယ်၊ ဘယ်လောက်ထိ အောင်မြင်အောင် သူစွမ်းဆောင်နိုင်ပါတယ်ဆိုတာ ပြချင်မှာပေါ့ သမီးရယ်"

သီရိ ခေါင်းကိုခါရမ်းမိသည်။ အနုပညာရှင်နှင့်ပတ်သက်ပြီး ဉာဏ်မမီဘူးပြောပြော ဒီလောက်ထိ နားမလည်ပါ။ လှိုင်ဘွားကို ဒီထက်အောင်မြင်စေချင်သော်လည်း မွန်းကျပ်မှုတွေကလည်း လွတ်မြောက်စေချင်သည်။

"လှိုင်ဘွား အရမ်းပင်ပန်းနေပြီ ဦးလေး"

"ခဏပါ သမီးရယ်၊ သား ပင်ပန်းလည်း ခဏပါ၊ နောင်ကျရင် အဲဒီပင်ပန်းမှုတွေက သားရဲ့အောင်မြင်မှုတွေပဲ ဖြစ်လာလိမ့်မယ်၊ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



အရ နိုင်ငံရေးအရ အနုပညာအရ အောင်မြင်ကျော်ကြားနေတဲ့လူတွေ အားလုံး မပင်ပန်းခဲ့ဘူး၊ မနာကျင်ခဲ့ဘူးဆိုတာ မရှိဘူး သမီး၊ ပေးဆပ်မှုဆိုတာတွေ ရှိခဲ့လို့ ပိုင်ဆိုင်မှုဆိုတာ ရှိလာကြတာ၊ ဘဝဆိုတာ အနစ်နာခံမှုဆိုတာ မရှိဘဲ အသာစံရတဲ့အခြေအနေကို ဖန်တီးမပေးဘူး သမီး''

''ဦးလေးလည်း လှိုင်ဘွားကိုလွမ်းတဲ့စိတ်နဲ့ နာကျင်နေတာပဲ မဟုတ်လား၊ လှိုင်ဘွားလည်း အောင်မြင်သင့်သလောက် အောင်မြင်နေပြီ ဦးလေးနဲ့အတူနေပြီး ပံ့ပိုးရင်လည်း လှိုင်ဘွား ဒီထက်အောင်မြင်နိုင်ပါတယ်၊ စိတ်ပင်ပန်းရင် သူ အလုပ်ကောင်းကောင်းလုပ်နိုင်မှာမဟုတ်ဘူး''

''မဟုတ်ဘူး သမီး၊ နာကြည်းမှုနဲ့ သူ ကြိုးစားမှ အောင်မြင်မှာ၊ ဦးလေးတို့ကိုလွမ်းတဲ့စိတ်ကို သူ့ပရိသတ်တွေကိုချစ်တဲ့စိတ်က အနိုင်ယူသွားလိမ့်မယ်၊ ပရိသတ်တွေက သူ့အပေါ် လွှမ်းမိုးသွားလို့ သူကောင်းကောင်း သရုပ်ဆောင်နိုင်နေတာပေါ့ သမီးရယ်၊ လူဆိုတာ လွမ်းတာ သတိရတာ နာကျင်ရတာတွေတော့ ရှိမှာပေါ့၊ ဒါပေမဲ့ အနုပညာသမားဆိုတာ ပရိသတ် ရှေ့ရောက်သွားရင်တော့ ပျော်ရွှင်သွားတတ်ကြတာပဲ၊ ရင်ထဲမှာ မျက်ရည်တွေဘယ်လောက်ရှိရှိ ကိုယ့်ပရိသတ်တွေကို ပြုံးပြဖို့တော့ မမေ့ကြဘူး ဒါကြောင့်လည်း အနုပညာသမားတွေရဲ့အပူသောကကို ပရိသတ်တွေ မသိကြတာပဲလေ''

''ကဲပါ ကိုသာအောင်ရယ် ခင်များလည်း သားဆီက ဖုန်းလာလိုက်တာနဲ့ အရက်သောက်ဖို့တောင်မေ့နေပြီမဟုတ်လား၊ သမီးလည်း အမြည်းသွားလုပ်၊ စိတ်မကောင်းစရာတွေမပြောနဲ့တော့''





''ဟုတ်ကဲ့ အဖေ''

ဦးသောင်းစိန် စကားဝင်ဖြတ်မှ ပြတ်သွားတော့မည်။ နှင်းသီရိက တပျာကယာ နောက်ဖက်ဝင်သွားပြီး အမြည်းပန်းကန်တွေယူလျက် ဖန်ခွက်တွေပါ ချပေးသည်။ ဦးသောင်းစိန်က ဦးသာအောင်အတွက် အရက်ထည့်ပေးပြီး

''သောက်လိုက်ဗျာ၊ စိတ်ပင်ပန်းသမျှတွေပြေလိုက်၊ မပြေနိုင်စရာတော့ မရှိပါဘူး သားသမီးကောင်းစားနေတာ မုဒိတာပွားနိုင်ရမှာပေါ့ မဟုတ်ဘူးလား ကိုသာအောင်''

''ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်သားအတွက် ကျွန်တော်ဂုဏ်ယူပါတယ်၊ မေ့မျှုံးမာန်ကိုလည်း ဘာတွေဖြစ်နေ ဖြစ်နေ ကျွန်တော် ကျေးဇူး တင်တယ်၊ သားကို သူ့လိုမျိုးဖြစ်အောင် လုပ်မပေးနိုင်ဘူးလေ''

''ဒါပေါ့ ကိုသာအောင်၊ အကျိုးအမြတ်ကြောင့် လုပ်ပေးတယ်ပြော ချြာ၊ လူတစ်ယောက်ဘဝ အောင်မြင်အောင်လုပ်ပေးဖို့ ခင်ဗျားလည်းမတတ်နိုင်ဘူး၊ ကျွန်တော်လည်းမတတ်နိုင်ဘူး၊ လူတိုင်းတတ်နိုင်တဲ့အလုပ်လည်း မဟုတ်ဘူး၊ ကျေးဇူးတင်သင့်တဲ့လူကို ကျေးဇူးတင်ပြီး ကျေးဇူးမကန်းမိအောင် သည်း နေရမှာပေါ့၊ အဲဒါကိုတော့ လှိုင်ဘွားကို သတိပေးပါ ကိုသာအောင်၊ သူ့မှာက အဖေ့အပေါ်လုပ်ထားတယ်ဆိုပြီး မေ့မျှုံးမာန်ကို အမုန်းစိတ်တွေ ရှိနေတယ်''

''ဟုတ်တယ် သားမှာ အဲဒီစိတ်အခံလေး ရှိနေတဲ့အတွက် ကျွန်တော်လည်း စိုးရိမ်နေတာ၊ အောင်မြင်ဖို့အတွက် ချုပ်ကိုင်ထားတာတွေကို လည်း အပြစ်လို့ထင်နေတယ်၊ ကျေးဇူးကန်းမိတဲ့အဖြစ်မျိုးတော့ မဖြစ်စေချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျာ''

''ကဲပါ အခုချိန်မှာ အဲဒါတွေ ခဏမေ့ထားလိုက်ပါဗျာ၊ သောက်ခဲ့ကိုသာအောင် အမြည်းလည်းစား၊ ပြီးရင် အိပ်ပျော်အောင်အိပ်၊ အသက်တကြီးလာတော့ စိတ်ဆင်းရဲမှုဒဏ်တွေ မခံနိုင်တော့ဘူး၊ ကျန်းမာရေးထိခိုက်နေဦးမယ်''

''ဟုတ်ကဲ့ ကျေးဇူးပါပဲ ကိုသောင်းစိန်၊ ကျွန်တော့်ကို ဂရုစိုက်ပေးတဲ့ကျေးဇူးကို မမေ့ပါဘူးဗျာ၊ ခင်ဗျားတို့သားအဖနှစ်ယောက်နဲ့သာ မဟုတ်ရင် ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်မလဲဆိုတာ မတွေးရဲဘူး သားကိုလွမ်းတဲ့သတိရတဲ့စိတ်တွေ မထိန်းချုပ်နိုင်ဘဲ သောက်ချင်သလိုသောက် မူးချင်သလိုမူး ဖြစ်ချင်သလိုတွေဖြစ်နေမှာ''

''အရက်ဆိုတာ သောက်တတ်ရင်ဆေး မသောက်တတ်ရင်ဘေးဗျ၊ ဆေးဖြစ်ဝါးဖြစ် တစ်ပက်နှစ်ပက်လောက်သောက်တာ ဘာမှမဖြစ်ပေမယ့် များသွားရင်တော့ အန္တရာယ်ရှိတယ်၊ အသည်းတို့ နှလုံးတို့ အစာအိမ်တို့ အဆုတ်တို့ကို သွားထိတာပေါ့၊ ဘာပဲဖြစ်ဖြစ် သတိနဲ့နေတာ စားတာသောက်တာ အကောင်းဆုံးပါပဲ''

''ကျွန်တော်လည်း သိပါပြီဗျာ၊ အခု သမီးသီရိရှေ့မှာ သောက်ရတာကို ရှက်နေပါပြီ''

ဒီလိုပြောတော့ သီရိ အားနာသွားရသည်၊ အမြည်းပန်းကန်လေးတွေ ရှေ့တိုးပေးကာ

''အဲဒီလို မပြောပါနဲ့ ဦးလေး၊ သမီးက ဦးလေးကို ကိုယ့်အဖေတစ်ယောက်လိုပဲအောက်မေ့ပြီး ပြုစုတာပါ၊ အဖေတောင် ဒေါ်သန္တာရှိတုန်းက





လောက် မသောက်တော့ဘူး၊ ကျန်းမာရေးကို ပိုဂရုစိုက်တတ်တဲ့သဘောပေါ့၊ ဦးလေးလည်း သမီးတစ်ယောက်လို သဘောထားပြီး မျက်နှာမပူပါနဲ့၊ ဒီလောက်ကတော့ ယောကျာ်းလေးတိုင်း လုပ်တတ်ကြပါတယ်၊ သမီးနားလည်ပါတယ် ဦးလေး''

''အေးပါ သမီးရယ်၊ ကျေးဇူးတင်ပါတယ်''

တကယ်ကို ကျေးဇူးတင်မိခြင်းဖြစ်သည်။ အခုချိန်ထိ သီရိတို့သားအဖကိုယ့်ကို မငြိုငြင်ကြသေးပါ။ စားသောက်နေထိုင်မှုအားလုံး သေချာဂရုစိုက်ပြုစုကြသည်။ ဒါဟာ သားနှင့်ပတ်သက်ပြီး မျှော်လင့်ချက်တစ်စုံတစ်ရာပါလို့ မဟုတ်ဘဲ စေတနာသက်သက်ကြောင့်ဆိုတာ သိနေရသည့်အတွက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

နာကြည်းမှုတွေနှင့် သူ ကြိုးစားသည်။ မခံချင်စိတ်များနှင့် အချိန်တွေကို ဖြတ်သန်းလိုက်၏။ အစောင့်အရှောက်တွေနှင့် ကွန်ထရိုးပေးခံထားရသော စက်ရုပ်ဘဝမှာ ရင်ထဲမှာ ဒိုကြွေးမှုတွေ ရှိနေသော်လည်း ပရိသတ်တွေကိုတော့ ကျေးဇူးတင်သောစေတနာအစစ်အမှန်နှင့် ပြုံးရယ်ပြတတ်ခဲ့သည်။

အခုဆို ဖာတ်ကားကြော်ငြာ အမ်တီဗွီရိုက်ရတာ၊ ဆေးကုမ္ပဏီအလှကုမ္ပဏီ ဟန်းဆက်ကုမ္ပဏီတွေရဲ့ သံတမန်အဖြစ် ဆောင်ရွက်ရတာ၊ သီချင်းသွင်းရသည့်ကိစ္စများဖြင့် သူ့မှာနေ့ရောညရော မအားလပ်ရဘဲ အိပ်ချိန်အနည်းငယ်သာ ရှိခဲ့သည်။ တခြားရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးတိုက်တွေနှင့် ကားနှစ်ဆယ်သုံးဆယ်စာ ချုပ်ချုပ်ထားတာတွေကိုလည်း ရိုက်ရက်ညှိပြီး ရိုက်ပေးရသေး၏။

မေ့မှူးမာန်က သူရသမျှငွေတွေကို ထိန်းချုပ်ထားသလို လုပ်ရမည့်





အလုပ်တွေကိုလည်း အချိန်ဇယားနှင့် အမှားအယွင်းမရှိအောင် အဆင့်ဆင့်ချုပ်ကိုင်ထားသည်။ များပြားလှသော အလုပ်တာဝန်တွေထဲ နစ်မြောလျက် အဖေနှင့်သီရိကို သတိရချိန်မရအောင် သူ ပင်ပန်းတကြီး ကြိုးစားနေခဲ့ရသည်။ သူနှင့်မေ့မှူးမာန်အကြောင်းတွေကလည်း အင်တာနက်ပေါ် ဂျာနယ်စာမျက်နှာတွေပေါ်မှာ ဟိုလိုလို ဒီလိုလို သတင်းတွေပြန့်လျက် အားလုံးရဲ့စိတ်ဝင်စားခြင်းကို ခံနေရသည်။

သူ့ရဲ့အင်တာဗျူးစာမျက်နှာများမှာတော့ ရိုးသားစွာအလုပ်လုပ်နေခြင်းဟု ဝန်ခံထားသော်လည်း မေ့မှူးမာန်ကတော့ ဘာကိုမှ အတိအကျဝန်ခံထားခြင်းမရှိပေမယ့် သူနှင့်ပတ်သက်မှုကို ရိုးသားပါသည်ဟု မဖြေရှင်းဘဲ ဝေ့လည်ကြောင်ပတ် မရိုးမရွဖြစ်အောင် ဖြေထားလေသည်။ ဒါဘာကြောင့်လဲ ပရိသတ်အာရုံစိုက်အောင် သတိထားအောင် ဂျာနယ်တွေ စောင်ရေတက်အောင်တမင်လုပ်နေခြင်းလား။ အောင်မြင်နေသော သူမနှင့် ကားရိုက်များပြီး သူမ စင်တင်ပေးထားသောကြောင့် အားလုံးကတော့ ဘာလိုလိုညာလိုလို ထင်ကြေးတွေပေးနေကြသည်။

တခြားအရာတွေကိုတောင် လူတွေစိတ်မဝင်စားကြတော့ဘူးထင်၏။ အဖေ့အကြောင်းတောင် လူတွေ မေ့နေကြပြီထင်သည်။ သူ့ကိုမေ့မှူးမာန်တင်သောမင်းသားဟုသာ သိကြတော့ဟန်တူ၏။

"ဒီကိစ္စက မင်းသားသိသွားရင် ပေါက်ကွဲတော့မှာ မင်းသမီး၊ အခု ဒီနှစ်အတွင်းမှာ မင်းသားက လျှမ်းလျှမ်းတောက် အောင်မြင်လာပြီ ဒီအချိန်မှာ သူ့အဖေက သူများအိမ်မှာခိုကပ်နေတုန်းပဲဆိုတာ မဖြစ်သင့်တော့ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အောင်မြင်မှုတွေက ငြိမ်းသွားပြီ၊ ရှေ့လျှောက် ဒီအတိုင်းပဲ အောင်မြင်သွားလိမ့်မယ်လို့ ဆရာ ယုံကြည်သလား"

"ဒါကတော့"

"သူ မရင့်ကျက်သေးဘူး။ မတည်ငြိမ်သေးဘူး ဆရာ၊ ဒီအောင်မြင်မှုကို သူ ထိန်းမထားနိုင်သေးဘူး။ ပြီးတော့ သူ့အမေကိစ္စ ပရိသတ်တွေ မေ့သွားလောက်ပြီလို့ ထင်နေလား။ နောက်ပြီး သူ့မှာချစ်သူရှိတယ်ဆိုတာ ပရိသတ်တွေလက်ခံပေးနိုင်မလား။ သူ့ကိုပရိသတ်တွေက အခုမှ ချစ်ခင်တုန်း လက်ခံတုန်းပဲ ရှိပါသေးတယ်၊ အပြစ်လုပ်ခဲ့ရင် ခွင့်လွှတ်နိုင်တဲ့အထိတော့ လက်ခံပေးကြသေးမှာမဟုတ်ဘူး။ ပြောရရင် သူအောင်မြင်လာတာ သက်တမ်းနုသေးတယ် ဆရာ"

"ဟုတ်ပါတယ် အဲဒါကို ဆရာလက်ခံတယ်၊ မေ့မှူးရဲ့ပံ့ပိုးမှုကြောင့်သာ ဒီလောက်မြန်မြန်အောင်မြင်လာတာ၊ အောင်မြင်မှုအရှိန်က မြန်သလို ဖြစ်လာတဲ့အချိန်က တိုတောင်းလွန်းတယ်၊ ပံ့ပိုးမှုအားကောင်းတဲ့အပေါ်မှာ ကိုယ့်ကြောင့်မဟုတ်ဘူးဆိုပြီး ယုံကြည်မှုရှိရင်ကောင်းတာပေါ့၊ ငါမလုပ်ရင် မဖြစ်ပါဘူးကွာဆိုတဲ့စိတ်နဲ့ဆိုရင်တော့ အရှိန်အဟုန်တွေအားလုံး တန့်ပြီး ချက်ချင်းပြန်ကျသွားနိုင်တယ်"

"ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသွားရင်တော့ အဲဒီလိုဖြစ်နိုင်တာပေါ့လေ၊ မေ့မှူးတုန်းကလည်း ကြိုးစားခဲ့ရတာပဲ၊ ပံ့ပိုးမယ့်သူမရှိတော့ ပိုပြီးတော့တောင် ပင်ပန်းခဲ့သေးတယ်၊ ဒီနေရာရောက်ဖို့ ပေးဆပ်ခဲ့ရတာတွေလည်း အများကြီးပဲ၊ ဆယ့်ရှစ်နှစ်သမီးဘဝက ဒီလောကထဲဝင်ခဲ့တာ၊ ယောင်လည်လည်နဲ့ဘာမှဖြစ်မလာဘဲ ဒုက္ခတွေခံခဲ့ရတာ၊ ဆယ်နှစ်လောက်ကြာ





တယ်၊ အသက်နှစ်ဆယ့်ရှစ်လောက်မှ ကိုယ့်ကိုပရိသတ်တွေ စသိလာတာ၊ အဲဒီကနေ ရှန်းကန်လာခဲ့လိုက်တာ သုံးဆယ်ကျော်မှာ ကိုယ့်ရဲ့ကြိုးစားမှုတွေ အရာထင်လာတယ်၊ မထင်မှတ်တဲ့ ရုပ်ရှင်ကားကြီးက အကယ်ဒမီ ရပြီး အဲဒီအချိန်ကနေ အခုထိအောင်မြင်လာတယ်ပြောရမလား။ ဒါပေမဲ့ ဒီအောင်မြင်မှုကို ဆက်ထိန်းဖို့က ပိုပြီးခက်သွားပြန်ရော၊ အသက်အရွယ်ရင့်ရော်မှုမရှိအောင် အစားအသောက် အနေအထိုင်ကအစ ဆင်ခြင်ရတယ်၊ ပရိသတ်တွေက အနုပညာသမားတွေဆီက အတုခိုးမမှားရအောင် ကိုယ့်ကိုချစ်တဲ့သူတွေ မုန်းမသွားအောင် မေ့မှူး အသည်းနှစ်အောင်ချစ်ခဲ့ရတဲ့ချစ်သူကို စွန့်လွှတ်ခဲ့ရတယ်"

"အခု သူက"

"မေ့မှူးကို စိတ်နာပြီး ဂျပန်မှာအိမ်ထောင်ကျပြီး ကလေးတွေဆောင်ရနေပြီထင်ပါတယ်၊ အခုချိန်ထိ ချစ်နေတုန်း လွမ်းနေတုန်းပဲရှိနေသေးတယ်ဆိုပေမယ့် ဒီအနုပညာကိုပိုချစ်တဲ့အတွက် ရင်နာနာခံပြီး ချစ်သူကိုစွန့်လွှတ်ခဲ့တာ"

အတွင်းရေးကို သိလိုက်ရတော့ မေ့မှူးကို ဒါရိုက်တာကြီး စာနာသွားလေသည်။ အနုပညာသမားတိုင်းမှာ ပေးဆပ်မှုဆိုတာတော့ ရှိကြတာချည်းပါပဲ။ ဒါပေမဲ့ ပရိသတ်တွေကို ရယ်မောအောင် ပျော်ရွှင်အောင် ခံစားရအောင် ဖြေဖျော်မက်ဆေ့ချ်တွေပေးနေရင်းနဲ့ ကိုယ့်ဘဝကိုမေ့ထားကြရတာကိုပဲ အနုပညာတိုင်း ကျေနပ်နေခဲ့ကြသည်။

"လိုင်ဘွား အဲဒီအသိနဲ့ နားလည်မှုရှိရင်တော့ ကောင်းမှာပဲ"

"သူ ဒီလောက်ထိ နေနိုင်တာလည်း တော်တယ်ပြောရမှာပါပဲ



www.burmeseclassic.com

ဆရာ၊ သူ့ရင်ထဲမှာ ဘာတွေရှိရှိ သူ ဒီလောက်ထိ အောင်မြင်လာအောင် မေ့မှူးကတော့ ကျေနပ်တယ်၊ မေ့မှူး ပျိုးထောင်လိုက်တဲ့ကြယ်ပွင့်လေး လင်းလက်နေတာ ဘယ်လောက်ပီတိဖြစ်ဖို့ကောင်းလဲ”

“သူကတော့ မေ့မှူး သူ့အဖေအပေါ်လုပ်ခဲ့တာ၊ သူ့အပေါ် ချုပ်ကိုင်ထားတာတွေကို ကျေနပ်မယ်မထင်ဘူး”

“မေ့မှူး သိပါတယ်၊ ဒါပေမဲ့ သူတစ်နေ့တော့ နားလည်သွားမှာပါ”

“သူနားလည်လာတဲ့နေ့အထိ စောင့်မယ်ဆိုရင် ကြာလိမ့်မယ်ထင်တယ်၊ မေ့မှူး ရှင်းပြသင့်တာကို ရှင်းပြလိုက်ပါတော့လား”

“မကျေမနပ်ဖြစ်နေတဲ့သူ့ကို အခုနေရှင်းပြလိုက်လို့ရော အဆင်ပြေသွားမှာလား ဆရာ၊ ပဋိပက္ခပဲ ပိုကြီးလာမှာမဟုတ်လား”

“သူ့ဘက်က ဒီလောက်အဆင်ပြေနေပြီး သူ့အဖေက သူများအိမ်မှာ မှီခိုနေတယ်ဆိုတာသိရင် မေ့မှူးကို ပိုမုန်းသွားမလားလို့ပါ”

“မေ့မှူးက အစတည်းက လှိုင်ဘွားရဲ့အချစ်ခံရတဲ့သူမှမဟုတ်တာ သူမုန်းချင်လည်း မုန်းပါစေ ဆရာ၊ သူက မေ့မှူးမျှော်မှန်းထားတဲ့ပန်းတိုင်ကို မရောက်သေးဘူး”

“ဩော် မေ့မှူးရယ်၊ ဘယ်လောက်ထိအောင်များ မျှော်လင့်ထားလို့လဲ”

မေ့မှူးမာန် ပြန်မဖြေဘဲ ပြုံးရုံသာ ပြုံးနေသည်။ မေ့မှူးမာန်ရဲ့စိတ်ကို ဒါရိုက်တာကြီးလည်း နားမလည်နိုင်တော့။

လှိုင်ဘွားကို ဘာကြောင့်များ ဒီလောက်ကြီးထိ မျှော်လင့်ထားသလဲဆိုတာ။

■ ■ ■



## အခန်း (၃၁)

“ဖြုန်း ခွမ်း ခွမ်း”

“မစားဘူးကွာ၊ မသောက်ဘူးကွာ၊ ဒါတွေလုံးဝ မမြင်ချင်ဘူး”

“မင်း မင်းသား”

“မင်းသား ဘာဖြစ်တာလဲ”

စားပွဲပေါ်မှာရှိသမျှ နွားနို့ခွက်တွေ သစ်သီးပန်းကန်တွေအားလုံး လက်နှင့်တွန်းထုတ်ချလိုက်၍ အောက်ကိုအားလုံးကျကွဲပြန့်ကျဲကုန်သည်။ မန်နေဂျာကိုစိုးနှင့် ဘော်ဒီဂတ်ထွန်းသူတို့ အပြေးအလွှား ရောက်လာပြီး ...န့်ဖျပ်နေကြ၏။ မင်းသားဆီမှာ ဒီလိုကြမ်းတမ်းသော အမူအရာတစ်ခါမှ မတွေ့ဘူးပါ။ ဘာကြောင့် မင်းသား ဒီလိုလုပ်သည်ဆိုတာလည်း နားမလည်ပြီ။ အခုတလော မင်းသားအနည်းငယ် ကိုယ်ခန္ဓာပြည့်တင်းလာ၍ ညနေခြောက်နာရီကျော်လျှင် ထမင်းမကျွေးရ ခေါက်ဆွဲမကျွေးရဆိုပြီး မေ့မှူးမာန်မှာထားတာမို့ ဆာလျှင်စားလို့ရအောင် နေ့တိုင်း နွားနို့နှင့်သစ်သီးတွေ

www.burmeseclassic.com



ပဲပြင်ဆင်ပေးနေကျပင်။

ခါတိုင်းတော့ သူ့ကိုယ်သူသိပြီး အဆင်ပြေပြေ ဝိတ်လျှော့နေပေမဲ့ ဒီနေ့ရှုတင်က ပြန်လာပြီးတည်းက မျက်နှာမကြည်မသာနှင့် အခုလို ပေါက်ကွဲတဲ့အထိ ဖြစ်သွားခဲ့ရတာ။

"ဟို မင်းသား၊ ဒါတွေ မစားချင်လို့လား။ မင်းသား ဝိတ်လျှော့ဖို့ ဖြစ်မယ်လေ၊ ဝိတ်တက်ရင် ပရိသတ်တွေက အသက်ကြီးတယ် ဘီယာ သောက်တယ်ထင်သွားဦးမယ်"

"ဘာဖြစ်ဖြစ်ကွာ အဲဒါတွေ မမြင်ချင်ဘူး"

"ဒါမစားရင် ဘာစားချင်လို့လဲ၊ ဝိတ်တက်မယ့်အစားအစာတွေ တော့ စားလို့မဖြစ်ဘူး။ တော်ကြာ မေ့မှူးမာန်က ကျွန်တော်တို့ကိုပဲ ပြဿနာ ရှာခံရမှာ"

"ဟိုဟာအရည်တစ်ခုခု သောက်ပါလား၊ သစ်သီးဖျော်ရည်လုပ် ပေးရမလားဟင်"

"ငါ့ကို ဟိုဟာစားပါ၊ ဒီဟာသောက်ပါ လာအမိန့်ပေးမနေနဲ့ မင်းတို့ မင်းသမီးက စောင့်ကြည့်ခိုင်းတိုင်း စောင့်ကြည့်မနေနဲ့၊ ငါ့အနားမှာ လည်း တောက်တဲ့လိုကပ်မနေကြနဲ့ သွားကြ၊ ငါ ဒီနေ့လုပ်ချင်ရာလုပ်မှာ သောက်ချင်ရာသောက်မှာ စားချင်ရာစားမှာ"

"မင်းသား ဘယ်လိုဖြစ်နေတာလဲ၊ အဲဒီလိုလုပ်လို့ မရဘူးလေ မင်းသား အဲဒီလိုလုပ်ရင် မေ့မှူးမာန်က ကျွန်တော်တို့ကို အလုပ်ဖြုတ်ပစ်လိမ့် မှာပေါ့"

"မင်းတို့ကို အလုပ်ဖြုတ်တော့ရော ငါနဲ့ဘာဆိုင်လဲ၊ ငါ့ထိုမှာ





တုတ်တာ၊ ဘာမှလာပြောမနေနဲ့၊ သွားစမ်းကွာ သွားကြစမ်းကွာ"

"ဗြုန်း ဝုန်း ဒုန်း"

"ဟာ မင်းသား"

"မဖြစ်တော့ဘူး"

စားပွဲခုံတွေ ထိုင်ခုံတွေကိုပါ ကန်ကျောက်ထိုးကြိတ်နေတာမို့ ကိုမိုး ဆ အပြင်ကိုထွက်သွားကာ မေ့မှူးမာန်ဆီ ဖုန်းဆက်ပြီးလှမ်းခေါ်လိုက်သည်။ ထွန်းသူက လှိုင်ဘွားကိုဆွဲဖက်ကာ တားနေရ၏။ သွေးထွက်သံယိုဒဏ်ရာ အနာတရဖြစ်လျှင် မေ့မှူးမာန်က ပြဿနာရှာခံရမည်။

"ငါ ဒီမှာ မနေချင်ဘူး။ ငါ့အဖေဆီသွားမယ်၊ ငါ မနေတော့ဘူး။ ဖယ်စမ်းကွာ"

"မင်းသား စိတ်ထိန်းပါဗျာ၊ အရက်လည်းသောက်ထားတာ တုတ်ဘဲနဲ့ ဘာလို့ရမ်းနေတာလဲ"

"မင်း ငါ့ကိုဆရာလာမလုပ်နဲ့၊ မေ့မှူးမာန်ကိုပြောလိုက်၊ ငါ ဒီအိမ် မှာ မနေတော့ဘူး"

"ဟာ မင်းသား။ ဒုက္ခပါပဲဗျာ"

အခန်းထဲပြေးဝင်ကာ အဝတ်အစားတွေ ထုတ်ယူနေတာမို့ ထွန်းသူ မှာ အဝတ်အစားတွေကိုပြေးဆွဲရုပြန်သည်။ လှိုင်ဘွားက ထွန်းသူကို တွန်း ပြီး အဝတ်အစားတွေမယူတော့ဘဲ အပြင်ဘက်ထွက်သွားသည်။

အပြင်ထွက်ရမည့်တံခါးပေါက်နားရောက်တော့ ဖုန်းဆက်ပြီး မေ့မှူး မာန်အလာကို တံခါးဖွင့်ပြီးစောင့်နေသည့် ကိုမိုးက လှိုင်ဘွားကို ဖမ်းဆွဲထား သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသွား မလုပ်ပါနဲ့ဗျာ၊ ဒီနေ့ မင်းသွားဘာဖြစ်လာတာလဲ ရှုတင်သိမ်းပြီး ကားပေါ်မှာကတည်းက မင်းသား မကြည်ဖြစ်နေတာ၊ လူ စားခံလာရသလားမသိဘူး၊ ဆရာပင့်မှုဖြစ်တော့မယ်ထင်တယ်"

"ဟိတ်ကောင် ငါ့ကိုဘာပြောတာလဲ ခွပ်"

"အား သေပါပြီ"

ဆွဲရုန်းနေသည့်ကြားမှ ကိုစိုးကို ခွပ်ခနဲ ထိုးပစ်လိုက်သည်။ ကို ယိုင်လဲသွားချိန်မှာ တံခါးကိုဆွဲဖွင့်လိုက်တော့

"ဘာဖြစ်နေတာလဲ လှိုင်ဘွား"

"ဟာင် မေ့မှူးမာန်"

"မင်းအထဲပြန်ဝင်စမ်း လှိုင်ဘွား"

"ဟာင် မေ့မှူးမာန်"

"မင်းအထဲပြန်ဝင်စမ်း လှိုင်ဘွား"

မေ့မှူးမာန်က တံခါးကို လော့ခ်ကျအောင်ဆောင့်ပိတ်လိုက်ပြီး လှိုင်ဘွားရဲ့ရင်ဘတ်ကိုပါ တွန်းလိုက်သည်။

"မင်းဘာဖြစ်လို့လဲ ဘာဖြစ်ချင်နေတာလဲ"

"ညနေက ခင်ဗျားနဲ့ဆရာ ပြောနေတဲ့စကားတွေ ကျွန်တော် အကုန်ကြားတယ်၊ ကျွန်တော့်အဖေက သူများအိမ်မှာ မှီခိုကပ်ရပ်နေရတာ ခင်ဗျားမလွှန်လွန်းဘူးလား မေ့မှူးမာန်၊ ကျွန်တော်က တိုက်နဲ့ကားနဲ့ ပစ္စည်းတွေနဲ့နေပြီး ကျွန်တော့်အဖေက သူများအိမ်မှာမှီခိုကပ်ရပ်ပြီးနေ သတဲ့လား၊ ကျွန်တော်က ဘာမှမဟုတ်သေးတဲ့ကောင် ငွေမရှာနိုင်သေး ကောင်မို့ အဖေ့ကိုဒီလိုမျက်နှာလွှဲခဲ့ပစ်၊ ပစ်စလက်ခတ်ထားတယ်ဆိုရင်





ထားပါတော့၊ ခင်ဗျား ကျွန်တော့်ကိုတစ်ကားကို ဆယ့်ငါးသိန်းပေးမယ်လို့ ပြောတယ်၊ တစ်ကားရိုက်တိုင်းအဝတ်အစား အသုံးအဆောင်ဖိုးကုန်သွား သလားဆိုတာလည်း မသိရဘူး၊ တခြားအလုပ်လက်ခံထားတဲ့သူတွေဆီက ရတဲ့ငွေတွေလည်း ခင်ဗျားသုံးဆယ်ရာခိုင်နှုန်းဖြတ်ယူပြီး ပိုတာလည်း ကျွန် တော်မမြင်ရ မသိရဘူး၊ အခု တခြားတိုက်တွေက ရုပ်ရှင်ဗီဒီယိုကားတွေ သက်ခံထားတာ သိန်းလေးငါးရာ တစ်ထောင်၊ ဒီထက်မကတဲ့ငွေတွေရော ဘယ်မှာလဲ၊ ကိုယ်အလုပ်လုပ်ပြီး ကိုယ်မကိုင်ရတဲ့ငွေတွေ"

"လှိုင်ဘွား"

"ဒီလောက်များတဲ့ငွေတွေထဲက အဖေ့အတွက် ခင်ဗျားထောက်ပံ့ ပေးသင့်တာပေါ့ဗျာ၊ အခု အခုတော့ အဖေက သူများအိမ်မှာ"

"သူများအိမ်မှာမဟုတ်ဘူး မင်းကောင်မလေးအိမ်မှာ မင်းက မင်း အဖေကို ထောက်ပံ့စေချင်တာလား၊ တိုက်ခန်းနေရာထပ်ငှားပေးစေချင်တာ လား၊ သူတစ်ယောက်တည်းနေပြီး သောက်စားမူးယစ် ကျန်းမာရေးမကောင်း ဖြစ်ရင် မင်းဘယ်လိုလုပ်မလဲ၊ မင်းအဖေနဲ့မင်း သွားနေမှာမဟုတ်လား၊ အမြဲ တမ်းမဟုတ်တောင် မင်းခဏခဏတော့ သွားဖြစ်နေမှာ"

"ဒါကတော့ ကိုယ့်အဖေပဲ သွားရမှာပေါ့"

"ငါက အဲဒီလိုမဖြစ်စေချင်လို့လေ၊ မင်းအဖေဆီကို မင်းသွားလို့ မရရတာ"

"ခင်ဗျား ခင်ဗျားတော်တော် အကြွင်နာတရားမဲ့တယ်"

"မင်းထင်ချင်သလိုထင်နိုင်တယ်လှိုင်ဘွား၊ ဒါတွေအားလုံးက ငါ မင်းအတွက်လုပ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ ကျွန်တော့်အတွက်လို့ ကျွန်တော်ရတဲ့ငွေနဲ့ ကျွန်တော့် အဖေကိုတောင် မထောက်ပံ့နိုင်ခဲ့ဘူး။ အဲဒီငွေတွေထဲက ကျွန်တော် အဖေ့ ကို ပေးကမ်းထောက်ပံ့ပေးခဲ့ရင်တော်သေးတယ်၊ အခု အဲဒီငွေတွေအားလုံး ခင်ဗျားဘာလုပ်ပစ်လိုက်လဲ ပြော ပြောလေ"

လှိုင်ဘွားကို စိတ်ကုန်သလို ကြည့်ကာ မေ့မျှူးမာန် ခေါင်းတညိတ်ညိတ်ဖြစ်သွားခဲ့သည်။

"မင်း ငွေအကြောင်းပဲပြောတယ်၊ အဲဒီငွေတွေက မင်းရဲ့အောင်မြင်မှုမဟုတ်ဘူး လှိုင်ဘွား၊ ငွေကြောင့် မင်းပျက်စီးသွားမှာစိုးလို့ ငါထိန်းထားခဲ့တာ"

"တော်စမ်းပါ အခု အဲဒီငွေမရှိလို့ ကျွန်တော်က အသုံးမကျတဲ့ ကောင်ဖြစ်သွားပြီ၊ ကျွန်တော်က ဒီလိုစည်းစိမ်ချမ်းသာတွေနဲ့နေပြီး အဖော သူများအိမ်မှာ မှီခိုကပ်ရပ်စားသောက်နေရတယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် တော့ ငွေတွေအများကြီး ရှာနိုင်နေပြီလို့ထင်တာပဲ၊ ခင်ဗျားရဲ့ချုပ်ကိုင်မှုအောက် မှာ ခင်ဗျားရဲ့လွှမ်းမိုးမှုအောက်မှာ ကျွန်တော်က ဘာမှအသုံးမကျ အစွမ်းအစ မရှိတဲ့ကောင်ပဲ၊ ခင်ဗျား ကျွန်တော့်အဖေဘဝကိုလည်း ဘာမှလုပ်ကိုင်စား လို့မရအောင် ဖျက်ဆီးပစ်တယ်၊ အခု ကျွန်တော့်ဘဝကိုရော ဘယ်လိုလုပ် ချင်လို့လဲ၊ ဘယ်လိုဖန်တီးပစ်ချင်လို့လဲ၊ အခုခင်ဗျားကို တော်လှန်လိုက်တဲ့ အတွက် ခင်ဗျားစကားကို မနာခံတော့တဲ့အတွက် ကျွန်တော့်ကို အမြင်ဆုံး ကနေ ကန်ချဖို့ စဉ်းစားနေပြီမဟုတ်လား။ ဟုတ်တယ်မဟုတ်လားမေ့မျှူးမာန်"

ပြင်းထန်သော စွပ်စွဲမှုမေးခွန်းတွေအတွက် မေ့မျှူးမာန် စိတ်မ ကောင်း ဖြစ်သွားရသည်။ မိမိမှာ ဒီလိုရည်ရွယ်ချက်တွေမရှိဘူးဆိုတာ မင်း





သာ သိသည်။ လှိုင်ဘွားကို ဒီလိုလုပ်ပေးခြင်းဟာ ပေးဆပ်ခြင်းသက်သက် ပါပဲ။

"အခု မင်းဘာဖြစ်ချင်နေတာလဲ လှိုင်ဘွား ပြောပါ"

"ကျွန်တော် ခင်ဗျား ချုပ်ကိုင်မှုအောက်မှာ လွှမ်းမိုးမှုအောက်မှာ မနေနိုင်တော့ဘူး။ ဘယ်အချိန်ထိ ဒီစည်းကမ်းတွေအောက်မှာ မွန်းကျပ်မှုတွေ အောက်မှာ နေရဦးမှာလဲ၊ ကျွန်တော့်ကိုဒီလောက်ထိ ချုပ်ကိုင်လွှမ်းမိုးထိန်း ချုပ်ထားတာ အားမရသေးဘူးလား"

"ကောင်းပြီ မင်းဖြစ်ချင်တဲ့အတိုင်း မင်းနေချင်တဲ့အတိုင်း ဖြစ်ရ နေရစေပါမယ်၊ ဒါပေမဲ့ မင်းတစ်ခုမှတ်ထားရမှာက အနုပညာသမားဆိုတာ သာမန်လူတွေလိုမဟုတ်ဘူးဆိုတာပဲ၊ အနုပညာသမားဆိုတာ အမှားတွေနဲ့ နေလို့မရဘူး။ အပြစ်တွေများလို့မဟုတ်ဘူး။ ပြည်သူပရိသတ်တွေအတွက် နေထိုင်စားသောက လူမှုဆက်ဆံရေးကအစ စံပြဖြစ်နေရမယ်၊ သူတို့အားကျ လေးစားအောင် နေတတ်ရမယ်၊ ဘယ်သူမဆို သူတို့ချစ်ခင်တဲ့သူရဲ့အကျင့် စရိုက် အပြုအမူတွေကို အတုခိုးတတ်ကြတာပဲ၊ သူတို့ကျွေးတဲ့ထမင်းကို စားနေတဲ့သူက သူတို့အကျိုးကျေးဇူးကို ပြန်ပြုတတ်မှ အနုပညာရှင်ကောင်း ခေါ်တယ်"

"ကျွန်တော် အခုချိန်ထိ ပရိသတ်ကိုစော်ကားပြီး မနေထိုင်ဖူး ဘူး မေ့မျှူးမာန်၊ ခင်ဗျားသိသလောက်တော့ ကျွန်တော့်အဖေလည်း ပြော ထားတဲ့အတွက်ကျွန်တော်လည်း သိတယ်၊ ကျွန်တော့်အဖေက ပရိသတ် တွေကိုခင်ဗျားထက်ပိုချစ်တတ်တယ်၊ အနုပညာကို ပိုမြတ်နိုးတယ်"

"ဟုတ်ပါတယ် မင်းအဖေက လူတော်ပါ၊ အနုပညာလောကကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖျက်စီးပျောက်ကွယ် မသွားသရွေ့ အနုပညာတွေနဲ့အတူ ရှင်သန်သွားသင့်တဲ့သူပဲ''

''အဲဒီလိုလူရဲ့ဘဝကို ခင်ဗျားပဲ ဖျက်စီးပစ်ခဲ့တာ မေ့မှုူးမာန်။ အဖေ့ရဲ့တန်ဖိုးရှိတဲ့အချိန်ကို ခင်ဗျားရဲ့အတ္တတစ်ခုနဲ့ ငါးမျှားပစ်ခဲ့တာ၊ အနုပညာကို ဒီလောက်ချစ်မြတ်နိုးတန်ဖိုးထားတဲ့အဖေ့ကိုမှဗျာ ခင်ဗျား''

အံကြိတ်ကာ ပြောသော လှိုင်ဘွားစကားတွေအတွက် ရင်ထဲမှာ နင့်နေအောင်ခံစားရ၏။ ဝေ့ဝဲလာသော မျက်ရည်စတို့ကို မျက်တောင်ဖျားတို့ဖြင့် ပုတ်ခတ်ထုတ်ပစ်လိုက်ပြီး

''မင်းအဖေနဲ့ပတ်သက်ပြီး မင်းရင်ထဲမှာ အဲဒီနာကြည်းချက်တွေရှိနေလိမ့်မယ်ဆိုတာ ငါသိတယ်၊ လူဆိုတာ အဲဒီလိုနာကြည်းချက်တွေနဲ့ ကြိုးစားမှ ပိုပြီးအောင်မြင်တာ၊ မင်းအောင်မြင်နေပါပြီ၊ မင်းရဲ့ရုပ်ရှင်ကားတွေဟာ အကယ်ဒမီဇကာတင်စာရင်းထဲမှာ ပါနေပြီ၊ တစ်ကားမဟုတ်တစ်ကားနဲ့ မင်း အကယ်ဒမီရကိုရမှာ၊ ကော်ဇောနီလျှောက်လမ်းထက်မှာ လျှောက်ပြီး စင်မြင့်ပေါ်မှာဆုတက်ယူတဲ့မင်းရဲ့ပုံကို မင်းအဖေ မြင်တွေ့ရတော့မှာပါ လှိုင်ဘွား''

''အဲဒီလိုဖြစ်အောင် ကျွန်တော် ကြိုးစားခဲ့တာပဲ''

''ဟုတ်ပါတယ်၊ ကြိုးစားတယ် အရှမ်းကိုကြိုးစားပါတယ်၊ တော်တန်ရုံအနုပညာရှင်တွေ မလုပ်နိုင်တဲ့အလုပ်ကို မင်းလုပ်နိုင်ခဲ့တယ်၊ အဖေ့ကို ပစ်ပယ်ထားရတယ်၊ ချစ်သူကိုစွန့်လွှတ်ထားရတယ်၊ ငါတို့ကလည်း ငါ့ရဲ့ တွေအရမ်းနာခဲ့တာ၊ ဒီလောကမှာ ဒီလိုတွေဖြစ်ချင်လွန်းလို့ နယ်မှာရှိတဲ့ မိဘတွေနေမကောင်းတာ ပြန်မပြုစုနိုင်ဘူး၊ သေတာကိုလည်း မသိပြီး နိုင်ခဲ့ဘူး၊ ချစ်သူကိုစွန့်လွှတ်ခဲ့ရလို့ အခုချိန်ထိ အသည်းကွဲဝေဒနာကို ခံစာ





နေရတုန်းရှိသေးတယ်၊ အဲဒီချစ်သူကိုသာ လက်ထပ်ခဲ့ရင် ငါ ဒီထက်စောစော ဒီထက်မက စည်းစိမ်ချမ်းသာပြည့်စုံမှုတွေနဲ့နေရမယ်၊ ဒါပေမဲ့ ငါက အရာအားလုံးထက် ဒီအနုပညာကိုရူးသွပ်ချစ်ခင်တွယ်တာခဲ့တာ၊ ဒါကြောင့် ဒီလိုနေရာမှာ အောင်မြင်မှုတွေနဲ့ ရပ်တည်နေနိုင်ခဲ့တာပါပဲ၊ အနုပညာက ငါ့အပေါ်ပြန်ပြီး သစ္စာရှိတယ် ပေးဆပ်တယ်ပဲပြောရမလား''

ပုံပြင်တစ်ပုဒ်အလား ပြောပြနေသော မေ့မှုူးမာန်ရဲ့စကားတွေကို သူ နားမဝင်ပေ။ အဖေ့အဖြစ်ကိုသာ တွေးသနားနေမိပြီး သူ ငွေရှာပေးနေပါလျက် အဖေ့ကိုဥပေက္ခာပြုရက်သော မေ့မှုူးမာန်ကိုသာ အရင်ကထက်ပိုပြီး မုန်းတီးနာကြည်းနေမိသည်။ မျက်နှာကိုမကြည့်ချင်လောက်အောင် စက်ဆုပ်ရွံရှာနေမိ၏။ သီရိတို့က ဂရုစိုက်သည်ဆိုဦး၊ သူများအိမ်မှာနေရသည့်အတွက် အဖေ ဘယ်လောက်တောင် သိမ်ငယ်နေရှာမလဲ။ ပြီးတော့ မေ့မှုူးမာန် ပြောသနာရှာထား၍ အဖေ့ကို ကိုယ်ကျင့်တရားမကောင်းသူ ကာရိုက်တာ ဖျက်ယွင်းသူဟု လူတွေက အထင်သေးနေကြတာ။

ဝါသနာပါလွန်းသော မြတ်နိုးလွန်းသော အနုပညာအလုပ်ကို မလုပ်ရတော့၍ အဖေ ရောဂါဝေဒနာတွေတောင် ရနေလောက်သည်။ မမြင်တွယ်ရာက သူ့ကိုစိတ်ချမ်းသာစေချင်၍သာ အဆင်ပြေပါသည်ဟုပြောနေခြင်းဖြစ်နိုင်၏။ အဖေ့ကိုသနားစိတ်နှင့် သူ ဘယ်လိုနေရမှန်းပင် မသိတော့ပေ။

''လှိုင်ဘွား မင်း ငါပြောတာတွေ သဘောပေါက်နားလည်ရဲ့လား''

''ခင်ဗျား ဘာမှမပြောပါနဲ့တော့ဗျာ၊ ကျွန်တော် အခုချိန်မှာ အဖေ့ရဲ့နာကျင်မှုတွေ ရှက်ရွံ့မှုတွေ၊ လူတွေကိုမြင်တိုင်း မျက်နှာချင်းမဆိုင်ရဲသလို သိမ်ငယ်နေရတဲ့အဖြစ်ကိုပဲ သနားနေမိတယ်၊ ဒီလိုအောင်မြင်နေတဲ့မင်းသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့အဖေက ဘာလို့ ဒီလိုနေနေရမှာလဲ၊ ခင်ဗျားမှာ ကိုယ်ချင်းစာစိတ်မရှိဘူး၊ စာနာစိတ်မရှိဘူး။ အဖေ့ကိုခင်ဗျား မိဘနေရာကနေ တွေးမြင်ယောင်ကြည့်စမ်းပါ၊ အပြင်လောကကလူဆိုရင် ကိစ္စမရှိပေမယ့် အနုပညာလောကကလူကို ခင်ဗျားပစ်ချလိုက်တာက ဘာမှလုပ်စားလို့မရတော့ဘူး ပရိသတ်ကျေးမှ ထမင်းစားရတဲ့လူတွေဗျ၊ ဒီလူတွေ အကြည့်ညိုပျက် ရွံရှာသွားပြီဆိုမှတော့ ဘာလုပ်စားလို့ရတော့မှာလဲ၊ ခင်ဗျားပြောတော့ အနုပညာကို ချစ်တယ် မြတ်နိုးတယ်ဆို၊ အနုပညာရှင်တွေကိုရော ခင်ဗျားချစ်ရမှန်းလေးစားရမှန်းမသိဘူးလား၊ ဒီလူကို ဒါဒီလိုပြောလိုက်ရင် ဘယ်လိုဖြစ်သွားမယ်ဆိုတာရော ခင်ဗျားမတွေးမိဘူးလား၊ အနုပညာသမားအချင်းချင်း ခင်ဗျားကိုယ်ချင်းစာတတ်ဖို့တော့ ကောင်းပါတယ် မေ့မှူးမာန်''

''အေး ငါမှားခဲ့ပါတယ်၊ ငါ သိပ်ကိုမှားခဲ့မှန်း နောက်မှနောင်တတွေနဲ့သိလိုက်ရတယ်၊ သိလိုက်တဲ့အချိန်မှာ မင်းအဖေဂုဏ်သိက္ခာကို ပြန်ဆယ်ပေးဖို့က အရမ်းနောက်ကျသွားတယ်၊ အဲဒါကြောင့် သူ့ရဲ့သားဖြစ်တဲ့ မင်းရဲ့ဘဝကို ငါဒီလိုဖြစ်အောင် လုပ်ပေးခဲ့တာပဲ''

''ဟွန်း အံ့သြဖို့ကောင်းလိုက်တာ မေ့မှူးမာန်၊ ခင်ဗျားအကျိုးအမြတ်မရှိဘဲ ကျွန်တော်လိုကောင်ကို မြှောက်မပေးပါဘူး၊ အဖေ့ဘဝကိုတောင် နင်းခြေခဲ့သေးတာ၊ ကျွန်တော့်ကိုလည်း ခင်ဗျားကြိုးကိုင်ခြယ်လှယ်သလိုမရရင် မြောင်းထဲပြန်ရောက်အောင် လုပ်ပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေ ရှိနေခဲ့မှာပေါ့၊ ခင်ဗျားလုပ်ချင်သလိုလုပ်ပါ၊ ကျွန်တော် ■ကြောက်တော့ဘူး။ အမြင့်ကနေ ပြုတ်ကျသွားရင် ကျွန်တော် အရင်နေရာပြန်ရောက်သွားရုံထက်မရှိပါဘူး၊ အဲဒီဘဝကမှ အေးချမ်းသေးတယ် အဖေ့





အတူတူနေရတယ်၊ လုပ်ကိုင်ကျွေးခွင့်ပြုစုခွင့်ရသေးတယ်၊ ချစ်သူနဲ့ပျော်စရာအချိန်တွေ ဖန်တီးခွင့်ရှိတယ်၊ ငွေဆိုတာကို ခင်ဗျားတို့လိုလူမျိုးတွေပဲ ကြိုက်တာ၊ ကျွန်တော်ကတော့ မကြိုက်ဘူး မေတ္တာတွေနဲ့ပဲ အေးအေးချမ်းချမ်းနေချင်တာ''

''အနုပညာအောင်မြင်မှုတွေနဲ့ရော မင်းလဲနိုင်သလား လိုင်ဘွား၊ ဒီအနုပညာအလုပ်တွေမလုပ်တော့ဘဲ ပရိသတ်တွေကိုမချစ်တော့ဘဲ မင်းချစ်သူမင်းအဖေနဲ့ သွားနေနိုင်သလား''

''ဟင်''

ဒီမေးခွန်းကတော့ မြေဖို့တော်တော်ခက်သွားခဲ့ပြီ ဖြစ်သည်။ သူဒီအနုပညာအလုပ်ကို နံမင်မြတ်နိုးလာခဲ့သလို ပရိသတ်တွေလည်း ချစ်ခင်မြတ်နိုးလာခဲ့ပြီဖြစ်သည်။ ပရိသတ်တွေရဲ့အားပေးမှုက သူ့ဘဝ သူ့ဂုဏ်သိက္ခာပါ။ ပရိသတ်တွေကြောင့် နာကျင်မှုတွေက အားဖြစ်စေခဲ့ပြီး သူဒီနေရာရောက်အောင် ကြိုးစားလာနိုင်ခဲ့ခြင်းပင်။

''ကျွန်တော့်အဖေလည်း အနုပညာသမားတစ်ယောက်ပါ မေ့မှူးမာန် အနုပညာကို ခင်ဗျားထက်တောင်ပိုချစ်တယ်လို့ ထင်မိတယ်၊ အဲဒီလိုအဖေနဲ့အတူနေပြီး အနုပညာအလုပ်တွေလုပ်မယ်ဆိုရင်လည်း ခင်ဗျားသာနင်းချဖို့စိတ်ကူးမရှိရင် ကျွန်တော်အောင်မြင်အောင်လုပ်နိုင်မှာပါ၊ ကျွန်တော်အဖေ့ကို မစွန့်ပစ်သလို အနုပညာကိုလည်း မစွန့်ပစ်ဘူး။ ပရိသတ်တွေကိုချစ်ခင်မြတ်နိုး ဒီထက်ပိုကြိုးစားပြရင်းနဲ့ ချစ်သူကိုလည်း လက်တွဲမဖြုတ်ဘူး။ အဖေ ချစ်သူ ပရိသတ်နဲ့ အနုပညာက ကျွန်တော့်အတွက် တစ်ခေတ်တည်းတစ်သားတည်း ကျွန်တော့်ရဲ့အသည်းအသက်ပါ၊ သူတို့အားလုံးကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် အတူတူချစ်တယ်''

''မင်းတော်လိုက်တာ လှိုင်ဘွား၊ မင်းက ငါ့ထက်ချစ်တတ်တယ်၊ မင်းကံကောင်းလိုက်တာ၊ အားလုံးကို မင်းတစ်ပြိုင်နက်ထဲ ရမှာပါ၊ မင်း အားလုံးကို ပိုင်ဆိုင်ရမှာပါ၊ ငါသွားတော့မယ် လှိုင်ဘွား၊ မင်းလုပ်ချင်ရာလုပ် လို့ရနေလို့ ရအောင်ငါအားလုံး စီစဉ်ပေးမယ်၊ မင်းဆန္ဒတွေပြည့်ဝရအောင် လို့ပေါ့ကွာ''

မေမှူးမာန် သူ့ရှေ့ကနေ ထွက်သွားသည်။ သူ ကြောင်တောင် တောင်နှင့် ကျန်ရစ်ခဲ့၏။

သူ့ဆန္ဒတွေပြည့်ဝရမည်ဆိုတာ မေမှူးမာန် ဘာတွေပြောသွား တာလဲ။

တကယ် သူ့ဆန္ဒတွေပြည့်ဝဖို့ဆိုလျှင်။

■ ■ ■



အခန်း (၃၂)

''တီ တီ''

အိမ်ရှေ့က ကားဟွန်းသံကြောင့် ဦးသာအောင်၊ ဦးသောင်းစိန်နှင့် နှင်းသီရိတို့ သုံးဦးလုံး ဆက်တီခုံတွေပေါ်မှာ ထိုင်နေရင်းက ခေါင်းထောင် တာ လှည့်ကြည့်မိကြသည်။

''သား''

''ဟင် လှိုင်ဘွား''

''မောင်လှိုင်ဘွားပါလား''

ကသုတ်ကယက် လှိုင်ဘွားအိမ်ထဲပြေးဝင်လာတာ တွေ့လိုက်ရ၍ အားလုံး အံ့ဩတကြီး ဖြစ်သွားကြသည်။

''သား''

''အဖေ''

လှိုင်ဘွားက သူ့အဖေကို ဖွတ်အတင်းပြေးဝင်ဖက်သည်။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းခွာကာ သူ့အဖေမျက်နှာကိုကြည့်လိုက် တင်းတင်းကျပ်ကျပ်ပြန်ဖက်လိုက်ဖြင့် လှိုင်ဘွားရဲ့လွမ်းဆွတ်မှုက မြင်ရသူ စိတ်မချမ်းမြေ့စရာကောင်းလှသည်။

"အ အဖေက သူများအိမ်မှာ လာစားနေရတာလား အဖေ သား သားဒီလိုမှန်းမသိခဲ့လို့ပါ အဖေရယ်၊ စောစောကသာသိခဲ့ရင် အဖေ့ကို သား ဒီအတိုင်း ပစ်မထားပါဘူး။ အဖေ ဘယ်လောက်တောင် အားငယ်နေလိုက်မလဲ သိမ်ငယ်နေလိုက်မလဲ"

"သား သား ဘာတွေပြောနေတာလဲ၊ အဖေကတခြားသူစိမ်းအိမ်မှာ သွားနေတာမဟုတ်ဘူးလေ၊ သားရဲ့သမီး သီရိက အဖေတစ်ယောက်တည်းနေရင် ကျန်းမာရေးအတွက် စိတ်မချလို့ အိမ်မှာခေါ်လာတာပါ"

"ငွေရေးကြေးရေးလည်း သုံးစွဲစရာမရှိဘူးမဟုတ်လား အဖေ ဒါတွေသားကို ဘာလို့မပြောပြခဲ့တာလဲ၊ ဆရာက တိုက်ခန်းစာချုပ်ပေးထားလို့ တိုက်ခန်းမှာပဲနေတာဆို၊ အလုပ်တွေလည်း ပြန်လုပ်ရလို့ ငွေရေးကြေးရေးလည်း အဆင်ပြေတယ်ဆိုပြီး ဆရာက အဲဒီလိုပြောခဲ့လို့ သား သားဘာမှ မသိခဲ့ရလို့ပါ"

"အဲဒါက ဆရာ့ကို အဖေပြော့ခိုင်းတာပါ၊ သားကိုစိတ်ချမ်းသာစေချင်တယ်၊ အဖေ့အတွက် စိတ်မပင်ပန်းရဘဲ အလုပ်တွေကောင်းကောင်း လုပ်စေချင်တယ်၊ ဒါမှ သားအောင်မြင်မှာလေ"

"ဒါပေမဲ့ အဖေ၊ အဖေက ဒီလိုကြီးနေနေရတာ သား ဘယ်လိုလုပ် စိတ်ချမ်းသာမှာလဲ"

"အဖေ ဒီမှာနေတာ သားဘယ်လိုလုပ်သိသွားတာလဲ"





"ဆရာနဲ့မေ့မှူးမာန်ပြောတာကို သား ကြားလိုက်ရတာ အဖေ အခု မေ့မှူးမာန်နဲ့ သား စကားများပြဿနာတက်ပြီး သူ ပြန်သွားတာနဲ့ အဖေ့ဆီလာခဲ့တာ"

"ဘာ မေ့မှူးမာန်နဲ့ ပြဿနာတက်ခဲ့တယ် ဟုတ်လား သား"

မင်းလှိုင်ဘွား ခေါင်းညိတ်ပြတော့ ဦးသာအောင်မျက်နှာ နီမြန်းတာ ဒေါသဖြစ်သွားသည်။ သီရိလည်း မျက်နှာလေး ပျက်လျက် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဘယ် ဘယ်လို ပြဿနာတွေဖြစ်ခဲ့တာလဲ လှိုင်ဘွား"

"အဖေ့ကို ဒီလိုပစ်စလက်ခတ်လုပ်ရပါ့မလားလို့ ငါပေါက်ကွဲခဲ့တာပေါ့ဟာ၊ ငါရှာပေးနေတဲ့ငွေတွေ နည်းတာမဟုတ်ဘူး၊ ရသမျှငွေတွေ အားလုံး သူပဲချုပ်ကိုင်ထားတာ၊ နေတာထိုင်တာစားတာသောက်တာ အားလုံး အဆင်သင့်ပြည့်လျှံပိုလျှံအောင် ထားပေးမယ်၊ ငါ့လက်ထဲမှာ ငွေသုံးစရာတစ်ပြားမှ ပေးမထားဘူး"

"ဟင်"

"အဲဒီလို ငါ သုံးဖို့ပေးမယ်ဆိုရင်တောင် ငါ အဖေ့ကိုလာမေးမိမှာပေါ့ အခုတော့ ငါ့ကိုလည်းမပေး အဖေ့ကိုလည်းမထောက်ပံ့ဘဲ အဲဒီငွေတွေ အားလုံး သူ ဘာလုပ်ပစ်လဲ၊ သူ ဘာလုပ်ထားတာလဲ၊ ငါဘာမှမသိရဘူး၊ ဒီ မနည်းမနောငွေတွေထဲက အဖေ့ကိုပြည့်ပြည့်စုံစုံလေးနေထိုင်လို့ရအောင် ထောက်ပံ့ပေးခဲ့မယ်ဆိုရင်တောင် ငါ ဖြေသာသေးတယ်"

"ဒါလည်း သူ အကြောင်းရှိလို့နေမှာပေါ့ သား၊ ဆရာက ပြောပါတယ်၊ သားရတဲ့ပိုက်ဆံတွေကို မေ့မှူးမာန်က စည်းစနစ်ကျကျ သိမ်းဆည်း



www.burmeseclassic.com

www.burmeseclassic.com



ထားတာတဲ့၊ တိုက်ခန်းကိုလည်း ဆရာစာချုပ်ပေးမယ်၊ လိုတဲ့ငွေလည်း ဆရာ့ဆီကယူသုံး၊ နောက်မှ လိုင်ဘွားဆီက ပြန်တောင်းလို့ရတယ်လို့ ဆရာ ကပြောတယ်၊ အဖေက လက်မခံခဲ့တာ သား၊ အဲဒီတိုက်ခန်းမှာ အဲဒီငွေတွေ သုံးဖြုန်းပြီး အဖေတစ်ယောက်တည်း နေရင်၊ အဖေ သားကို လွမ်းပြီးသေမယ်၊ မူးရူးသောက်စားပြီး ရောဂါတွေရမယ်၊ အဲဒါကြောင့် အဖေလက်မခံခဲ့တာ၊ သီရိကလည်း ဒီကိုခေါ်လာတယ်ဆိုတာ ဘာမျှော်ကိုးနဲ့မှမဟုတ်ဘူး သား၊ ဒေါ်သန္တာမရှိတော့တဲ့အတွက် အိမ်အလုပ်တွေလုပ်နေရလို့ သူ အဖေ့ကို ခဏခဏလာမစောင့်ရှောက်နိုင်ဘူး၊ အဲဒါကြောင့် အနီးကပ်ပြုစုစောင့်ရှောက်လို့ရအောင် သူ့အဖေအတွက်လည်း စကားပြောဖော်ရအောင် ခေါ်လာတာပါ၊ သမီး သီရိတို့နဲ့နေရတာ အဖေ့မှာဘာမှ သိမ်ငယ်အားငယ်စရာမရှိဘူး သား၊ သားရဲ့ဓာတ်ကားလေးတွေအတူကြည့်လိုက် ကြော်ငြာတွေကြည့်လိုက်နဲ့ အဖေတို့မှာ ဂုဏ်ယူပြီးပျော်နေခဲ့ရတာ၊ သားအခု မေမှူးမာန်နဲ့ပြဿနာတက်ခဲ့တာ အရမ်းကိုမှားတယ်၊ သားရဲ့တက်လမ်းတွေအတွက် အဟန့်အတားဖြစ်သွားရင် ဘယ်လိုလုပ်မလဲ သား''

သူ တွေဝေမှုလေးတော့ ဖြစ်သွားခဲ့သည်။ မေမှူးမာန်က သူ့ဘဝအတက်အကျအတွက် ဖန်တီးနိုင်လောက်အောင် ပြဿနာရှာနိုင်သူမဟုတ်ပါလား။

အဖေ့ဘဝကိုတောင် ပျက်စီးယိုယွင်းအောင်လုပ်နိုင်သူမို့ သူ့ဘဝကို ဒီလိုဖြစ်အောင် မလုပ်ဘူးလို့မပြောနိုင်ပေ။ ဒါပေမဲ့ သူခေါင်းခါလိုက်ကာ

''သား သူ့ဘာလုပ်လုပ် မကြောက်တော့ဘူး အဖေ၊ သူ့မှာ အောင်မြင်မှုအင်အားရှိနေသလို သားမှာလည်း ရှိနေပါပြီ၊ သူ ဒီတစ်ခါလုပ်





မယ်ဆိုရင် သား ဒီအတိုင်းငြိမ်နေတော့မှာ မဟုတ်ဘူး။ အင်တာဗျူးတွေ ဆုံမြန်ခန်းတွေလုပ်ပြီး သူ့လုပ်ရပ်တွေအတွက် တစ်နိုင်ငံလုံးသိအောင် သား ဖော်လုပ်မယ်၊ အဖေနာမည်ပျက်သလို သူလည်း ပျက်စေရမယ်၊ အဖေဂုဏ် သိက္ခာကျသလို သူလည်း ကျစေရမယ်''

''သား အဲဒါဆိုရင် သားကျေးဇူးကန်းရာရောက်မှာပေါ့၊ သား ရူးသွားမှာပေါ့သား။ သား အခုလိုအောင်မြင်တာ သူ့ကြောင့်လေ၊ ဗီဒီယို ဆော ကြော်ငြာလောကမှာရော သီချင်းဘက်မှာရော အောင်မြင်နေသလို ရုပ်ရှင်ကားတွေလည်း အကယ်ဒမီတစ်ကြိုပေးခံနေရပြီ၊ ရုပ်ရှင်ကားတွေ အများကြီးရိုက်ထားလို့ တစ်ကားမဟုတ်တစ်ကား အကယ်ဒမီရမယ်ဆိုတာ လည်း သေချာနေပြီ၊ အဲဒါတွေအားလုံးဟာ သူ့ကြောင့်ပဲ၊ မေမှူးမာန်ဟာ အဖေ့အပေါ်ဘယ်လိုပဲလုပ်ခဲ့လုပ်ခဲ့ သားပြစ်မှားစော်ကားသင့်တဲ့သူမဟုတ်ဘူး သား''

''သား ဘယ်လောက်ပဲ အောင်မြင်အောင်မြင် အဖေ့ကိုပြန်စောင့် ရှောက်နိုင်တဲ့အကျိုးကျေးဇူးတောင် ပြန်မခံစားရသေးပါဘူး အဖေ၊ သားက အကြောင်းတွေကို မီဒီယာတွေကိုလည်းပြောပြမှာပါ၊ လူကိုချုပ်ကိုင်ရုံမဟုတ် ဘဲ ငွေတွေကိုလည်း ချုပ်ကိုင်ထားတယ်၊ ဒီငွေတွေအားလုံး သူ့အကျိုးစီးပွား အတွက်ပဲ သုံးလိုက်မယ်ဆိုရင် သားကတော့ သည်းမခံဘူး''

''မေမှူးမာန် အဲဒီလိုမလုပ်လောက်ပါဘူး သား၊ အဖေတို့ဘက်မှာ ဆရာတစ်ယောက်လုံး ရှိနေသေးတာပဲ၊ တကယ်လို့ မေမှူးမာန်မတရားဘူး ဆိုရင် ဆရာကလည်း လက်ခံမှာမဟုတ်ပါဘူး''

''အဲဒီကိစ္စက နောက်မှရှင်းရမှာပါ အဖေ၊ အခု အဖေ သားနဲ့ လိုက်ခဲ့ပါ၊ သီရိတို့ကိုလည်း အရမ်းအားနာဖို့ကောင်းပါတယ်''

www.burmeseclassic.com



ဦးသာအောင် ခေါင်းခါလိုက်ကာ

"အဖေ မလိုက်ဘူး သား၊ သီရိတို့က အားနာရမယ့်သူတွေ မဟုတ်ဘူးဆိုတာ သားလည်းသိပါတယ်၊ သားကိုမေမျိုးမာန်နဲ့ပြဿနာမဖြစ် စေချင်ဘူး၊ အဆင်ပြေစေချင်တယ် သားရယ်၊ သားဒီလောက်အခြေအနေ ရောက်လာပြီဆိုပြီး မာန်မတက်စေချင်ဘူး၊ ငွေရေးကြေးရေးကိစ္စတွေကို သား မေ့ထားလိုက်ပါ၊ သူ့မှာဘယ်လိုရည်ရွယ်ချက်မျိုးရှိနေရှိနေ သားနောက် ထပ်အလုပ်တွေအများကြီး ဆက်လုပ်လို့ရဖို့က အရေးကြီးတယ်"

"အဖေဒီလိုတော့ မနေပါနဲ့ အဖေ၊ အဖေအဆင်မပြေရင် သား ဘယ်လိုလုပ်စိတ်ချမ်းသာမှာလဲ"

"အဖေ ဘာလို့အဆင်မပြေရမှာလဲ၊ ဒီမှာနေရတာ အရမ်းကို အဆင်ပြေတယ်၊ သားအခုလို ဖွတ်လုပ်ရင်သာ သီရိတို့သားအဖကို အရမ်း အားနာစရာကောင်းမှာ၊ သားက အောက်ခြေလွတ်ပြီး မပြည့်စုံတဲ့သူတို့ သားအဖဆီမှာထားခဲ့ရမှာစိုးရိမ်နေသလိုကြီး ဖြစ်မနေဘူးလား သား"

အဖေ့စကားကြောင့် သီရိတို့သားအဖကို အားနာစွာကြည့်လိုက် မိပြီး

"အဲဒီလို မဟုတ်ပါဘူး အဖေ၊ သီရိနဲ့ဦးလေးကို အဖေ့ကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်မှာစိုးပြီး အားနာလို့ပါ၊ သားလည်းအဖေ့အပေါ် တာဝန်မကျေ သလိုဖြစ်တယ်လေ အဲဒါကြောင့်"

"အဲဒါတွေက အရေးမကြီးဘူး သား၊ အခု အရေးကြီးနေတာက သားအောင်မြင်နေဖို့ သားအဆင်ပြေနေဖို့ပဲ၊ မေမျိုးမာန်နဲ့ပြဿနာမဖြစ်ပါစေ နဲ့၊ သူက လူတစ်ယောက်ဘဝကို သေစေရှင်စေတတ်နိုင်နေတဲ့အချိန်ပဲ အဖေ့ဘဝကိုတောင် သတ်နိုင်တဲ့သူဟာ သားဘဝကိုလည်း သတ်ပစ်နိုင်





တယ်ဆိုတာ သားမမေ့ပါနဲ့"

"မေမျိုးမာန်ကို အဖေ စိတ်မနာဘူးလားဟင်"

"အတုံ့အလှည့်တွေပြန်လာမှာစိုးလို့ အဖေ စိတ်မနာပါဘူး သား၊ အဖေက အရင်ဘဝက သူ့ကိုဘာလုပ်ခဲ့မိလို့ အငြိုးကြီးသွားခဲ့တာလဲမှ မသိတာ၊ ဒါပေမဲ့ အခုအဖေ သူ့ကိုအရမ်းကျေးဇူးတင်တယ် သား၊ သားဘဝ ကို ဒီလိုဖြစ်အောင်လုပ်ပေးတဲ့အတွက် ကျေးဇူးပြန်ဆပ်ခွင့်ရပါရစေလို့ ဆု တောင်းတယ်၊ ကဲ ပြန်ပါတော့ သား၊ ညလည်းမှောင်နေပါပြီ၊ သားရောက် လာတာ ဒီပတ်ဝန်းကျင်က သိသွားရင် အကျယ်တဝင့်ဖြစ်သွားဦးမယ်"

"ဟုတ်ကဲ့ပါ အဖေ၊ အဖေ့ကိုကန်တော့ပါရစေ၊ ဦးလေးကိုလည်း ကန်တော့ပါရစေ"

လှိုင်ဘွားက မျက်ရည်ဝဲစွာနှင့် ဦးသောင်းစိန်နှင့်ဦးသာအောင်ကို ထိုင်ပြီး ကန်တော့သည်။ ဦးသာအောင်လည်း ဝမ်းနည်းနေတာကြောင့် ဆုပေးဖို့မေ့ကာ မျက်ရည်သုတ်နေ၏။ လှိုင်ဘွားက မတ်တပ်ထရပ်ကာ နှင်းသီရိဘက်လှည့်ပြီး

"အဖေ့ကိုကူညီပေးတာ ကျေးဇူးတင်ပါတယ်ဟာ၊ ဦးလေးနဲ့နှင့်ကို အခုချိန်မှာ ဒီစကားကလွဲပြီး ကျေးဇူးပြန်မဆပ်နိုင်သေးဘူး ဖြစ်နေတယ်၊ ဒါပေမဲ့ သိပ်မကြာခင်မှာ ကျေးဇူးပြန်ဆပ်နိုင်မှာပါ"

"အဲဒီကျေးဇူးဆိုတဲ့စကားက သူစိမ်းဆန်ပါတယ် လှိုင်ဘွား၊ နှင့် အိမ်မှာလည်း ငါ ဒီလိုပဲ စားသောက်နေထိုင်လာခဲ့တာပါ၊ ငါက ဦးလေးကို ကျေးဇူးပြန်ပြုတာပါ၊ ငါတို့အတွက် ဒုက္ခလည်းမကြီး အပမ်းလည်းမကြီးပါ ဘူး၊ နင်သာ နင့်ဘဝတိုးတက်အောင်မြင်အောင် ကောင်းကောင်းကြိုးစား လုပ်ပါ"

www.burmeseclassic.com



"အေးပါ ငါ့အတွက် စိတ်မပူပါနဲ့၊ ငါလည်း အလွမ်းတွေနာကျင်မှုတွေနဲ့ နေသားကျသလို ဖြစ်နေပါပြီ၊ ငါပဲ့ရောက်ရင် ဖုန်းဆက်လိုက်ဦးမယ် သီရိ"

လူကြီးတွေရှေ့မှာ မပြောသင့်သည့်စကားတွေ ထိန်းချုပ်နေရသည့်အတွက် အားလုံးကို နှုတ်ဆက်ကာ ပြန်လာပြီး ကွန်ဒိုအခန်းကို ရောက်မှ သီရိဆီဖုန်းပြန်ခေါ်လိုက်သည်။ အရွဲ့တိုက်သည်ပဲထင်ထင် မန်နေဂျာကိုရော ဘော်ဒီဂတ် ထွန်းသူတို့ကို ဂရုမစိုက်ဘဲ သူတို့ရှေ့မှာတင် ဖုန်းခေါ်လိုက်ခြင်းဖြစ်၏။ ဒီနေ့ကစပြီး မေ့မှူးမာန်ကို ကြောက်ရွံ့ပြီးမနေနိုင်တော့။

"သီရိ ငါ နင့်ကိုချစ်တယ်၊ နင့်ဆီက အဖြေကိုလည်း ငါအခုချင်တယ်၊ ငါ့အဖေကိုဂရုစိုက်ထားလို့မဟုတ်ဘူးနော်၊ ငါ ဟိုအရင်တည်းက ပြောထားပြီးသားစကားပါ၊ ဟင် ငါ့ကိုချစ်တယ်မဟုတ်လား"

"ငါ့ပါးစပ်က ဖွင့်မပြောလည်း နင်သိပြီးသားဖြစ်မှာပါ လှိုင်ဘွားရယ်"

"နင့်ပါးစပ်က တရားဝင်အတိအလင်းပြောတဲ့အသံကို ကြားချင်လို့ပါ၊ ဒါမှ ငါ ဒီနေ့အိပ်လို့ရမှာ၊ ဖြေပါဟာ ငါကြားချင်လို့ပါ"

"အေးပါဟယ် ငါ နင့်ကိုချစ်ပါတယ် ချစ်ပါတယ် လှိုင်ဘွား"

"အခုလိုအချိန်မှာ ဖြေပေးတဲ့အတွက် ကျေးဇူးပဲ သီရိ ငွတ်နိုက်နော်"

သီရိဆီက ချစ်စကားကြားပြီးမှ သူ့ရင်ထဲ နည်းနည်းပေါ့သွားသလိုရှိသည်။ ဒီတစ်ည အိပ်ပျော်ဖို့တော့။

■ ■ ■



အခန်း (၃၃)

"ဒီမှာ ဂျာနယ်ပါ မင်းသား"

"ထားခဲ့"

သူ အရွဲ့တိုက်ကာ မေ့မှူးမာန်နှင့်ရိုက်ရမည့် ရှုတင်ကို မသွားဘဲ အိမ်မှာပဲနေနေလိုက်သည်။ အိမ်မှာအိပ်လိုက်စားလိုက် တီဗွီကြည့်လိုက် ဂျာနယ်ဖတ်လိုက်ဖြင့် သူနေချင်သလိုနေတာကို ကိုစိုးနှင့်ထွန်းသူလည်း ဘာမှမပြောရဲ။

သူ့အနားမှာအရင်လို နီးနီးကပ်ကပ် ပြုစုစောင့်ရှောက်ပြီးလည်းမနေရဲဘဲ ခပ်လှမ်းလှမ်းမှာနေသာသလိုနေကြသည်။

"ကျွန်မ လှိုင်ဘွားကို မင်းသားတင်ပေးခဲ့တာ ဘာမျှော်လင့်ချက်မှမဟုတ်ပါဘူး"

"ဟင်"

ရိုမှတ်ကိုယူကာ တီဗွီကြည့်လိုက်စဉ်မှာပဲ ချန်နယ်လိုင်းတစ်လိုင်းက



www.burmeseclassic.com

www.burmeseclassic.com



မေ့မှုံးမာန်ရဲ့အင်တာဗျူးအစီအစဉ်ဖြစ်နေခဲ့သည်။ သူ့နာမည်ပါလာတာနှင့် စိတ်ဝင်တစားနှင့်အသံကိုချဲ့ကာ အာရုံစိုက်ကြည့်လိုက်၏။

"သူ့အဖေအပေါ် အမှားလုပ်ခဲ့မိတာလေးရှိတဲ့အတွက် ပြန်ပေးဆပ်တဲ့သဘောပါ၊ အဲဒီအချိန်က အကယ်ဒမီက နှစ်ခုမြောက်ရထားတဲ့အချိန် အရမ်းလည်းအောင်မြင်နေတဲ့အချိန်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် မာန်တက်နေတယ်ပဲပြောရမလား၊ စဉ်းစားချင့်ချိန်မှုနည်းသွားတယ်ပဲပြောရမလား မသိတော့ပါဘူး။ ကိုယ့်စကားတစ်ခွန်းက အဲဒီလောက်ထိ လူတစ်ယောက်ကို ထိခိုက် သွားလိမ့်မယ်လို့ တကယ်မထင်မိတာပါ၊ ကျွန်မကို ဒါရိုက်တာ ဆရာမြင့်မိုရ်ထွဋ် သတိပေးတဲ့အချိန်မှ ကျွန်မလုပ်လိုက်တာ ဒီလိုဖြစ်သွားပါ လားလို့ အသိဝင်သွားခဲ့ပါတယ်"

"အဲဒီအချိန်က မင်းသမီးကို မတော်တရော်ပုံစံမျိုးလုပ်လို့ ပါးရိုက် မိလိုက်တာပါဆိုပြီး ဝန်ခံထားတဲ့သတင်းတွေ ဂျာနယ်တွေတောင် ပါလာခဲ့ တယ်နော်"

"ဟုတ်ကဲ့ အဲဒါ ကျွန်မသတင်းစာရှင်းလင်းပွဲလုပ်တာမဟုတ်ပါဘူး ဂျာနယ်က အင်တာဗျူးတဲ့အတွက် ဖြေလိုက်တာပါ"

"ဒါဆို ဦးသာအောင် တကယ် တမင်တကာလုပ်ခဲ့တာ မဟုတ် ဘူးပေါ့"

"မဟုတ်ပါဘူး ဦးသာအောင်က အရမ်းကိုရိုးသားတဲ့လူပါ၊ ကျွန်မ တို့အနုပညာသမားတွေဟာ နီးနီးကပ်ကပ် လက်ပွန်းတတီး သရုပ်ဆောင်ကြ ရင်းနဲ့ အမှတ်တမဲ့ အထိအတွေ့ဆိုတာမျိုးတွေရှိတတ်ပေမယ့် မရိုးသားစိတ် လုံးဝမရှိကြပါဘူး။ သားအမိ သားအဖ မောင်နှမသားချင်းစိတ်တွေနဲ့ပဲ အလုပ်





လုပ်ကြတာပါ၊ အဲဒီနေ့ကလည်း ဦးသာအောင် ရိုးသားပါတယ်၊ သူနဲ့တွဲရိုက် ခဲ့တဲ့ကားတွေလည်း မနည်းပါဘူး၊ သူတစ်ခါမှမရိုးမသားစိတ်ထားခဲ့ဖူးပါဘူး အဲဒီနေ့က ကျွန်မကသာ စိတ်မကြည်လို့ ပြဿနာရှာခဲ့မိတာပါ"

"အဲဒီလို ဝန်ခံလိုက်တာ၊ မင်းသမီးဘက်က ရိုးသားတာပဲဆို့ အားလုံးက လက်ခံပေမယ့် ဦးသာအောင်ကတော့ အများကြီးကိုနစ်နာသွား ခဲ့ရတယ်၊ အဲဒီအတွက် ဦးသာအောင်ကို မင်းသမီး ဘာတွေများ ပြန်လျော် ပေးခဲ့ပါသလဲ"

"ဦးသာအောင်နစ်နာခဲ့ရတဲ့အတွက် သူ့သားဖြစ်တဲ့ မင်းလှိုင်ဘွား ကို ကျွန်မ ပေးဆပ်ခဲ့ပါတယ်၊ ဒီနေ့ မင်းလှိုင်ဘွား ဒီလိုဖြစ်လာအောင် အောင်မြင်လာအောင် ကျွန်မပြုစုပျိုးထောင်ခဲ့ပါတယ်"

"မင်းလှိုင်ဘွားကရော မင်းသမီးရဲ့အဲဒီစိတ်ကိုသိရဲ့လား"

"မသိပါဘူး သူကျွန်မကို အခုထိမုန်းနေမှာပါ၊ ဘာလို့လဲဆိုတော့ သူ့အဖေကိုဒီလိုဖြစ်အောင်လုပ်ခဲ့ပြီး သူ့ကိုလည်းကျွန်မက ကြိုးကိုင်ခြယ်လှယ် နေတယ်ထင်နေလို့ပါ၊ ဒါပေမဲ့ ကျွန်မ စိတ်မဆိုးပါဘူး။ ကျွန်မမျှော်လင့်ထား သလို သူအောင်မြင်လာတဲ့အတွက်ပဲ ကျွန်မ အရမ်းကျေနပ်နေပါပြီ"

"ဦးသာအောင်အနေနဲ့ရော မင်းသမီးဒီလိုလုပ်ခဲ့တာကို ဘယ်လို တုံ့ပြန်ခဲ့ပါသေးလဲ"

"ဘာမှမတုံ့ပြန်ခဲ့ဘူး၊ ဘယ်လိုလူမျိုးမဆို အဲဒီလိုမဟုတ်မမှန် စော်ကားခံရရင် မခံချင်စိတ် ခံပြင်းစိတ်နဲ့လက်တုံ့ပြန်တာ အဲဒီလိုမျိုးတွေ ရှိတတ်ပေမယ့် ဦးသာအောင်က အဲဒီလိုမဟုတ်ခဲ့ဘူး။ သူ့မှာမေတ္တာစိတ် ပဲရှိတယ်၊ အဲဒါကြောင့် အဲဒီတစ်ကြိမ်က အမှားဟာ ကျွန်မရဲ့အမှားကြီးလို့



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံပါတယ်၊ ဦးသာအောင်ကိုလည်း ကျွန်မ ဒီနေရာကနေ ရှိုးဦးတင်တောင်းပန်ပါတယ်၊ ဦးသာအောင်ကိုချစ်ခင်ကြပါ အားပေးကြပါ၊ သူ့သားဖြစ်တဲ့မင်းလှိုင်ဘွားကိုလည်း ချစ်ခင်အားပေးကြပါ၊ သူတို့သားအဖနှစ်ယောက်လုံးဟာ အရမ်းကို ရိုးသားဖြောင့်မတ်ကြပြီး အနုပညာကိုတကယ်တန်ဖိုးထားပြီး ချစ်ခင်မြတ်နိုးစိတ်ရှိတာကြောင့် ပရိသတ်ကြီးကလည်း သူတို့ကိုချစ်ခင်ပေးကြပါ၊ ရိုးသားတဲ့သူတွေဟာ တန်ဖိုးအရှိဆုံးပါပဲ''

''ဟင်''

မေ့မှူးမာန်က ဒီလိုစကားတွေပြောသွားတာ ဒီလိုတောင်းပန်မှုတွေလုပ်သွားတာ ဒီလိုတွေဝန်ခံသွားတာ။ သူ အံ့သြလွန်းစွာနှင့် ထရပ်လိုက်သည်။ သူ ရှုတင်မလာတာ စိတ်မဆိုးဘဲ သတင်းစာရှင်းလင်းပွဲပုံစံမျိုး အင်တာဗျူးဖြေနေခဲ့တာလား။ ဂျာနယ်ကို ကောက်ဖတ်လိုက်တော့ အဖေ့ကို တောင်းပန်ကြောင်း အနုပညာအလုပ်တွေပြန်လုပ်လို့ရတော့မည်ဖြစ်ကြောင်း ခေါင်းကြီးပိုင်းက ပါလာခဲ့သည်။ ဒါဆို သူ့အပေါ်ချုပ်ကိုင်လွှမ်းမိုးမှုတွေဟာ သူ့ကိုတကယ်အောင်မြင်စေချင်သည့်စေတနာနှင့်ပေါ့။ အမှားတစ်ခုကို ဝန်ခံခြင်းအားဖြင့် သူမနာမည်ထိခိုက်မှာရော မကြောက်ဘူးလား။ လူတစ်ယောက်အပေါ် ဘဝပျက်လောက်အောင် စော်ကားမှုတစ်ခုမို့ သူမနာမည်ထိခိုက်မှာ မစိုးရိမ်ဘူးပေါ့။

''ဆရာ ဆရာရှုတင်ကဘယ်မှာလဲဟင်၊ ကျွန်တော် အခုလာခဲ့မယ် ဆရာ''

မေ့မှူးမာန်ဆီကိုတော့ ဖုန်းမဆက်ရဲ၊ ဆရာ့ဆီကိုဖုန်းခေါ်ကာ မေးလိုက်သည်။ သူအခု သွားမှဖြစ်မှာမို့ပါ။ မေ့မှူးမာန် ဝန်ခံသွားပြီဆိုလျှင်





သူ့ဘက်ကမှားခဲ့လျှင်လည်း တောင်းပန်သင့်ရင်တောင်းပန်ရမည်မဟုတ်လား။

ဆရာ သက်ပြင်းတွေချသလို အသက်ရှူသံတွေပြင်းလွန်း

''ငါ ရှုတင်မှာမဟုတ်ဘူး၊ မေ့မှူးမာန် မင်းစိတ်မပါမချင်း ရှုတင်ကို ဘရိတ်ထားပါဆိုလို့ ငါတို့ ရှုတင်နားထားတာ၊ ငါ အခုမင်းအဖေရှိတဲ့ ခြံကောင်မလေးအိမ်ကို ရောက်နေတယ်၊ မင်းအဖေကို ရှင်းပြဖို့ရယ် တောင်းပန်ဖို့ရယ်၊ ပြီးတော့ မင်းအတွက်ပိုင်ဆိုင်မှုစာချုပ်စာတမ်းနဲ့ ဘဏ်စာအုပ်တွေ လာပို့နိုင်းတာ''

''ကျ ကျွန်တော် လာခဲ့မယ်ဆရာ၊ အခုလာခဲ့ပါ့မယ်''

သူ အမြန်ဆုံးပင် သီရိတို့အိမ်ကို ကားမောင်း၍ ထွက်လာကြသည်။ ကိုစိုးနှင့်ထွန်းသူကတော့ သူတို့မင်းသမီး မေ့မှူးမာန်ရဲ့အင်တာဗျူးကို ဆက်ကြည့်ကာ ကျန်ခဲ့ကြ၏။ မေ့မှူးမာန်က ထိန်းချုပ်စေခိုင်းခြင်းမရှိတော့သည့်အတွက် သူ့ကိုအမေးအမြန်းမထူကြတော့တာ ဖြစ်မည်။

''ဆရာ အဖေ သီရိ ဦး ဦးလေး''

အားလုံး တစ်နေရာတည်းမှာ လူစုံတက်စုံတွေ့လိုက်၍ အပြစ်ရှိသူ တစ်ယောက်လို မဝံ့မရဲလေးဖြစ်သွားရသည်။

''လာထိုင် သား။ ဆရာပြောတာတွေ လာနားထောင် သားရေ မေ့မှူးမာန်အပေါ် အရမ်းကိုအမှားတွေများသွားပြီ''

''ဗျာ သား သားက ဘာတွေမှားလို့လဲ''

''ဒီမှာ မင်းရတဲ့အနုပညာကြေးတွေထဲက သုံးဆယ်ရာခိုင်နှုန်း ဖြတ်ယူမယ်လို့ ပြောထားပေမယ့် သူတစ်ပြားမှ မယူဘဲ အကုန်[illegible]တွေနဲ့လုပ်ထားတယ်၊ အဲဒီငွေတွေထဲကမှ မင်းအတွက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



လုံးချင်းတိုက်ဝယ်ထားတယ်၊ ပြိုင်ကားတစ်စီးလည်း ဝယ်ပေးထားတယ်၊ ဒီကားက နည်းနည်းကြာနေလို့ မော်ဒယ်အောက်သွားပြီ၊ မင်းအဖေကို ပေးစီးလို့ရတယ်တဲ့"

"ဗျာ"

"ကိုးမိုင်ကအိမ်မှာ ပရိဘောဂတွေလည်း ဝယ်ထည့်ထားတယ်"

"ကွန် ကွန်ဒိုအခန်းကရော"

"အဲဒါလည်း မင်းပိုင်သွားပြီ၊ မင်းရတဲ့ငွေတွေက နည်းတာမဟုတ်ဘူး။ ငွေတွေအလဟဿဖြစ်သွားမှာစိုးလို့ ပြင်ဦးလွင်မှာလည်း မြေကွက်တွေ ဝယ်ပေးထားတယ်၊ အားလုံးမင်းနာမည်နဲ့ချည်းပဲ၊ ဒီမှာဘဏ်စာအုပ် ပိုတဲ့ ငွေတွေအားလုံး ဒီထဲမှာရှိတယ်"

"သူ သူ အဲဒီလိုတွေလုပ်ထားတာလား"

"ဟုတ်တယ် မင်းက အထင်လွဲပြီး အကန်တွေချည်း စွတ်တင်နေတယ်၊ ဒါတွေလုပ်ထားတယ်ဆိုတာတော့ ငါလည်းမသိပါဘူး၊ ကိုသာအောင်ရဲ့ကိစ္စ ဆရာနဲ့ပြောဖြစ်တော့ သူအရမ်းနောင်တရသွားတယ်၊ ဒါပေမဲ့ အဲဒီအချိန်ဖြစ်တဲ့လတ်တလောမှာ သူ ဖြေရှင်းပေးလိုက်ရင် သူ့နာမည်ထိခိုက်မှာစိုးလို့မလုပ်ရဲဘဲ၊ မင်းကို မင်းသားဖြစ်အောင်တင်ပေးမယ်ဆိုပြီး ဆုံးဖြတ်လိုက်တာ၊ သူ မင်းကိုချုပ်ကိုင်တယ် လွှမ်းမိုးထားတယ်၊ ထိန်းချုပ်ထားတယ်ဆိုတာလည်း တကယ်ဖြစ်စေချင်တဲ့စေတနာကြောင့်ပါ၊ အနုပညာသမားဆိုတာ အဲဒီလိုစည်းတွေကမ်းတွေ ထိန်းချုပ်မှုတွေနဲ့မနေရင် အောင်မြင်မှုကို မြန်မြန်မရနိုင်ဘူး၊ အခု သူ့ရဲ့အင်တာဗျူးတွေ မင်းဖတ်ကြည့်ပြီးပြီလား"

လှိုင်ဘွား ခေါင်းတဆတ်ဆတ် ညိတ်ဖြစ်သွားကာ





"ကျွန်တော် ကြည့်ပြီးဖတ်ပြီးလို့ လာခဲ့တာပါ ဆရာ၊ ကျွန်တော့်ရဲ့ အထင်လွဲမှုတွေ အမှားတွေအတွက် မေမှူးကို ကျွန်တော်တောင်းပန်ချင်လို့ပါ"

"မေမှူးမှ ဒီမှာမရှိတော့တာ"

"ဗျာ သူ သူ ဘယ်ကိုထွက်သွားတာလဲ"

"အင်တာဗျူးကိစ္စတွေပြီးကတည်းက ဘန်ကောက်ကိုအနားယူဖို့ ထွက်သွားတယ်၊ မင်းနဲ့ရိုက်ဖို့ ကားတွေရော တခြားလက်ခံထားတဲ့ကားတွေရော၊ ရက်အကန့်အသတ်မရှိ ရွှေ့လိုက်တယ်၊ မင်းနဲ့ပတ်သက်ပြီး စိတ်တွေလည်း တော်တော်ပင်ပန်းခဲ့တယ်ထင်ပါတယ်၊ ငွေရေးကြေးရေးကိစ္စတွေ မင်းပြောလိုက်တာတွေအတွက်လည်း စိတ်မကောင်းဖြစ်မှာပေါ့၊ ဒါပေမဲ့ အင်တာဗျူးဖြေတဲ့အထဲမှာတော့ ကိုသာအောင်သိက္ခာကို ပြန်ဆယ်ပေးလိုက်တယ်၊ မင်းကိုချစ်ခင်အားပေးဖို့ တိုက်တွန်းတယ်၊ သူတာဝန်ကျေသွားခဲ့ပြီ လှိုင်ဘွား"

"ကျွန်တော် မှားသွားပါတယ် ဆရာ၊ သူ့စေတနာတွေကို ကျွန်တော် စော်ကားမိသွားပါတယ်၊ အဲဒီအတွက် ကျွန်တော်သူ့ကို တောင်းပန်မှာပါ၊ ကျွန်တော် လုပ်ပေးနိုင်သလောက် ပြန်လုပ်ပေးမယ်၊ ကျေးဇူးမသိတတ်တဲ့ကောင် ကျေးဇူးကန်းတဲ့ကောင် မဟုတ်ဘူးဆိုတာ ကျွန်တော်သက်သေပြပါမယ်"

"အေးလေ သူကလည်း အစတည်းက အလုံးစုံ ရှင်းပြခဲ့တာမှ မဟုတ်တာ၊ မင်းမှားတယ်ဆိုရင်လည်း မသိလို့မှားတာပဲ၊ မင်းဘက်က ခံစားချက်ကိုလည်း သိနေတော့ မင်းကိုလည်း အပြစ်တော့မပြောချင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မှားမှန်းသိပြီး တောင်းပန်ပါမယ်ဆိုတဲ့စကားကိုလည်း ကျေနပ်တယ်၊ မေ့မှုမာန်လို ထိပ်ဆုံးမှာအောင်မြင်နေတဲ့မင်းသမီးကတောင် တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံးသိအောင် အမှားကိုဝန်ခံပြီးတောင်းပန်ခဲ့တာဆိုတော့ ဒါယဉ်ကျေးမှုရှိတယ်၊ အမှားကိုတာဝန်ယူတယ်လို့ပြောရမယ်၊ အခုမင်းလည်း အောင်မြင်နေပြီ၊ မင်းအဖေလည်း သူချစ်တဲ့အနုပညာအလုပ်တွေ ပြန်လုပ်ခွင့်ရပြီ''

''ဟုတ်ကဲ့ပါ ဆရာ၊ အဲဒါကြောင့် မေ့မှုမာန်ကို အရမ်းကိုကျေးဇူးတင်နေတာပါ''

''ဒါဆို နောက်တစ်ခုအရေးကြီးတာပဲ ပြောစရာရှိတော့တာပေါ့၊ လူလည်းစုံနေတာဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောကြရအောင်''

ဆရာက သီရိနှင့် သူမအဖေကို အားနာသလိုလှည့်ကြည့်လျက်

''သမီးနဲ့လှိုင်ဘွား ချစ်သူတွေဖြစ်နေကြပြီ၊ မိဘတွေလည်း သဘောတူလက်ခံမှုလေးတွေ ရှိနေတယ်ဆိုတာလည်း နားလည်ပါတယ်၊ ဒါပေမဲ့ လက်ထပ်ဖို့ကိုတော့ နှစ်ဖက်လုံး မလောစေချင်ဘူး''

''ဆရာ''

''အနုပညာသမားတွေပေးဆပ်ရတဲ့အထဲမှာ ဒါလည်းပါတယ် လှိုင်ဘွား၊ ပရိသတ်တွေက မင်းကိုအခုမှ ချစ်ခင်လက်ခံတုန်း အားပေးတုန်းရှိသေးတယ်၊ မင်းရဲ့အနုပညာသက်တမ်းကလည်း မရင့်သေးဘူးဆိုတော့ လက်ထပ်ခြင်းကြောင့်အောင်မြင်မှုတွေ အဟန့်အတားဖြစ်မသွားစေချင်ဘူး၊ အရှိန်အဟုန်ကောင်းလာမှ ဒီကိစ္စကို စဉ်းစားပါလို့ ဆရာကမေတ္တာရပ်ခံတာပါ''

''သမီး ဆရာ့စကားကို လက်ခံပါတယ် ဆရာ၊ သမီးကြောင့်





လှိုင်ဘွားရဲ့တက်လမ်းတွေ အဟန့်အတားဖြစ်မသွားစေချင်ပါဘူး၊ ခွဲနေရတဲ့အချိန်တွေအကြာကြီးမှာ ဒီလိုနီးစပ်လာတာပဲ စိတ်ချမ်းသာကျေနပ်ရမှာပါ၊ ဘယ်သူမှမသိအောင် သူ့နောက်ကွယ်ကနေ ပံ့ပိုးခွင့်ရနေရင်ပဲ ကျေနပ်ပါပြီ''

''ကောင်းလိုက်တာ သမီးရယ်၊ အဲဒါ သမီးက လှိုင်ဘွားကို တကယ်ချစ်လို့ ဒီလိုစေတနာမျိုးထားနိုင်တာပဲ၊ ကဲ လှိုင်ဘွား မင်းကြားတယ်နော်''

ဆရာက သူ့ကိုမေးငေါ့ကာ ပြော၏။ သူက သီရိအဖေကို အားနာသလိုကြည့်လိုက်ပြီး

''ဦးလေး ကျွန်တော့်ကိုနားလည်ပေးပါနော်၊ အခြေအနေပေးတာနဲ့ သီရိကို တင့်တောင့်တင့်တယ် ကျွန်တော် လက်ထပ်မှာပါ''

''အေးပါကွာ ဦးလေး နားလည်ပါတယ်၊ မင်းအဖေနဲ့အတူနေရင် အနုပညာရှင်တွေရဲ့ဘဝကို ဦးလေး တော်တော်လေးကို နားလည်နေပါပြီ၊ ပရိသတ်တွေ သဘောတူညီမှုရှိလာတဲ့ထိ စောင့်ကြပေါ့ကွာ''

''သမီးနဲ့သား ချစ်ချစ်ခင်ခင်တော့ နေလို့ရပါတယ်၊ သားကို ပံ့ပိုးမြှင့်စောင့်ရှောက်ပေးမယ့်မိန်းကလေးဆိုရင် ပရိသတ်တွေကလည်း သဘောတူမှာပါ သမီး၊ ပါရမီဖြည့်ဘက်ကောင်းလို့ လက်ခံလာအောင် သမီးက ကြိုးစားပေးပါကွယ်၊ သမီးကို ဦးလေးကျေးဇူးအများကြီးတင်ပါတယ်''

''ဟုတ်ကဲ့ပါ ဦးလေး၊ အနုပညာရှင်ကိုချစ်မိမှတော့ သမီး သဘောအားကြီးကြီး ပါရမီဖြည့်ရတော့မှာပေါ့''

သီရိစကားကြောင့် သူ့ရင်မှာ နွေးခနဲဖြစ်သွားရလေသည်။ အရာခပ်သိမ်းသည် နားလည်မှုတွေဖြင့် အေးချမ်းစွာ အပြုံးပန်းများပွင့်လန်းလာ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ လောဘဒေါသ အာဃာတများ ချုပ်ငြိမ်းသွားသောအခါ အငြင်းပွားမှုများဖြင့် လှပသော အနုပညာ အဖြစ် ပြောင်းလဲသွားခဲ့၏။

နောက် သိပ်မကြာခင်ကာလအတွင်းမှာ အကယ်ဒမီမင်းလှိုင်ဘွား အဖြစ် အောင်မြင်သွားခဲ့ပြီး ထိုပွဲကြီးမှ မေမှူးမာန်ကိုကျေးဇူးတင်ကြောင်း သူ့ရဲ့ကျေးဇူးရှင်အစစ်ဖြစ်ကြောင်း ထိုကျေးဇူးတွေကို တစ်သက်လုံး မမေ့ကြောင်း ပြောကြားသွားလေသည်။ နောက်မှာမကြာမီမှာတော့ မင်းလှိုင်ဘွားနှင့်နှင်းသီရိတို့ရဲ့လက်ထပ်မင်္ဂလာပွဲမှာ မေမှူးမာန်က သတို့သမီးအရံလုပ်ပေးပြီး ဂုဏ်ပြုပေးခဲ့သည်။

ထို့ကြောင့် ဤအရာသည် လှပသောအနုပညာ ဖြစ်သွားခဲ့လေသည်။

အားလုံးအတွက်
နတ်သမီး

www.burmeseclassic.com